www.burmeseclassic.com

# ဗိုးကျော့

## ဟေမန္တ၏အလှဖျက်နွေ
နှင့်
## လက်ရွေးစင်မဂ္ဂဇင်းဝတ္ထုရှည်များ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

တာမူခွင့်ပြုချက်အမှတ် - ပုံနှိပ်မှတ်တမ်း ၅၀၀၂၉၉၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၈၇၀၂၀၉
မျက်နှာဖုံးပန်းချီ - နန္ဒာလှိုင်
ထုတ်ဝေသူ - ဒေါ်သင်းသင်းမွန်၊ သင်းစာပေ
အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊
(၁၂)ရပ်ကွက်၊ လှည်းတန်း
ကမာရွတ်မြို့နယ်။
အတွင်းပုံနှိပ် - ဦးမျိုးမြင့်
ပွင့်သစ်ရောင်စုံပုံနှိပ်တိုက်၊ အမှတ်(၁၀၉)
(၄၉)လမ်း၊ ဗိုလ်တထောင်မြို့နယ်။
အဖုံးပုံနှိပ် - ဒေါ်မိုးမိုးအေး
ရွှေပုံနှိပ်တိုက်၊ အမှတ်(၈၈)၊ (၅၁)လမ်း၊
ရန်ကုန်မြို့။

"ထုတ်ဝေသည့်စာအုပ် ကတ်တာလောက် အညွှန်း" (CIP)

| |
|---|
| ၈၉၅.၈၃ |
| ဖိုးကျော့ |
| ပေါမန္တ၏အလှဖျက်ခွေနှင့် လက်ရွေးစင်မဂ္ဂဇင်းဝတ္ထု ရှည်များ / ဖိုးကျော့။ |
| -၊ ရန်ကုန်။ |
| သင်းစာပေ ၊ ၂၀၀၉။ |
| ၂၀၀ စာ / စင်တီ။ ၁၂×၁၈ |
| (၁) ပေါမန္တ၏အလှဖျက်ခွေနှင့် လက်ရွေးစင်မဂ္ဂဇင်းဝတ္ထုရှည်များ |


ဖိုးကျော့

# ပေါမန္တ၏ အလှဖျက်ခွေ
## နှင့်
# လက်ရွေးစင်မဂ္ဂဇင်းဝတ္ထုရှည်များ

ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ မတ်လ
တန်ဖိုး ၊ ၁၀၀၀ ကျပ်၊ အုပ်ရေ ၊ ၅၀၀

အောင်(ဒဿနိက) စီစဉ်သည်

ဖြန့်ချိရေး

**ရန်နိုင်ကြေးမုံစာပေ**

အမှတ် ၂၂၄၅/က ၊ သစ္စာ (၁)လမ်း။
(၁၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# မိုးကျော့

## လက်ရွေးစင်မဂ္ဂဇင်းဝတ္ထုရှည်များ


၁။ ပေါမန္တ၏ အလှူဖျက်နွေ

၂။ မေတ္တာစကားထာ

၃။ လွှာတွန့်လွှာစဉ်တို့၏ ပြတ်ရွှေနှိုယာမ

၄။ တံလျှပ်ပန်း အလွမ်းမြေ

၅။ ပေးဆပ်ရမည့် ကြွေး

၆။ သစ်ခါးသီးတစ်လုံး၏ ချိုမြိန်ခြင်းရသ


BURMESE CLASSIC .com

( ၁ )

## ပေါမန္တ၏အလှူဖျက်နွေ

"ဆရာ ဆေးခန်းမှာ သတိတောင်မရတဲ့ လူမမာတစ်ယောက် ရောက်နေလို့"

"ဟေ"

ဆေးခန်းစောင့် ဦးလူမောင်၏စကားကြောင့် ကျန်းမာရေးမှူးကိုကျော်ဇေယျ ရင်ထိတ်သွားသည်။

"ဇာတ်စင်ပေါ်က လော်စပီကာနဲ့တောင် အော်နိုင်းမလို့၊ နောက်မှ ဆရာက လက်ဖက်ရည်သွားသောက်ဦးမယ် ပြောသွားတာ သတိရလို့ လာခေါ်တာ"

"ဟုတ်ကဲ့"

အလိုက်သိတတ်သော ဦးလူမောင်ကို ကျေးဇူးတင်မိသည်။ ဆေးခန်းမှာ ကျန်းမာရေးမှူးကိုမတွေ့၍ ဇာတ်စင်ပေါ်က လော်စပီကာနှင့် အော်ခေါ်နေရလျှင် သူသိက္ခာကျမည်။ ထို့ကြောင့် ဦးလူမောင် စကားမဆုံးခင်ပင် သူဆတ်ခနဲ ထ လိုက်သည်။ သောက်လက်စ

www.burmeseclassic.com

www.burmeseclassic.com

လက်ဖက်ရည်ခွက်ကိုလည်း သည်အတိုင်း တစ်ဝက်တစ်ပျက်နှင့် ပစ်ထားခဲ့၏။

ပွဲခင်းနှင့် ဆေးခန်းမှာ ပေငါးရာခန့်သာကွာ၏။ ဆင်ခြေလျှော ခပ်ပြေပြေဖြစ်သည်။ ပွဲခင်းမှ ဆေးခန်းသို့ အသွားလမ်းမှာ အတက် ချည်းဖြစ်၏။ ပွဲခင်းမှာ ကွင်းပြင်မြေပြန့်ဖြစ်ပြီး ဆေးခန်းမှာ ဘုန်းတော်ကြီးကျောင်းရှေ့ရှိ တောင်ကမူပေါ်က ဇရပ်တွင်ရှိသည်။

ဆေးခန်းဟုဆိုသော်လည်း သီးသန့်ဆောက်လုပ်ထားသော အဆောက်အအုံမဟုတ်။ ဘုန်းတော်ကြီးကျောင်းရှေ့က ဇရပ် တစ်ဆောင်ကို ပြုပြင်၍ ယာယီဖွင့်လှစ်ထားသော ကျန်းမာရေး ဆေးခန်းသာဖြစ်၏။ ဤကျန်းမာရေးဆေးပေးခန်း ဖွင့်သည်မှာလည်း ခြောက်လခန့်သာရှိသေးသည်။

ထို့ကြောင့်လည်း ဆရာကိုကျော်ဇေယျသည် ယာယီဆေးခန်း လုပ်ထားသော ဇရပ်ပျက်တွင် အခင်းအကာလုပ်ပြီး လုံခြုံရေး အစောင့်တစ်ဦးဖြစ်သော ဦးလူမောင်နှင့် အတူနေကြသည်။ တစ်ဘက် မှာ ဆေးခန်းဖြစ်ပြီး တစ်ဘက်မှာ ဆရာကိုကျော်ဇေယျနှင့် ဦးလူမောင် တို့ အိပ်ခန်းဖြစ်သည်။

သူနာပြုနှင့် သားဖွားဆရာမ၊ ကျောက်ထိုးဆရာမတို့မှာ မင်းရွာရှိ သင့်တော်ရာ နီးစပ်ရာအိမ်များတွင် နေကြသည်။ ဆေးခန်း ဖွင့်ချိန်မှအပ သူတို့သည် ဆေးခန်း၌မရှိကြ။ ဆေးခန်းတွင် အမြဲ ရှိနေကြသူနှစ်ဦးမှာ လုံခြုံရေးမှူး ဦးလူမောင်နှင့် ကျန်းမာရေးမှူး ကိုကျော်ဇေယျတို့သာ ဖြစ်ကြသည်။

ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှာ နေ့၌သာ ဖွင့်သော် လည်း ယခုအခါ ပွဲတော်ရက်ရှိနေသဖြင့် ညပါ အရေးပေါ်ဖွင့်လှစ် ထားသည်။ သို့သော် အရေးပေါ်ဆေးခန်းဖွင့်ထားသည်ဟု ဆိုသော် လည်း ဆေးခန်းတွင်မူ ဆရာကိုကျော်ဇေယျနှင့် ဦးလူမောင်တို့သာ ရှိကြသည်။ သူနာပြုဆရာမကို ညအချိန်၌ တာဝန်ပို အချိန်ပို မပေးလို



သဖြင့် ကိုကျော်ဇေယျတစ်ယောက်တည်း တာဝန်ယူထားသည်။ သို့သော် မနေ့ညနေကတော့ သူနာပြုဆရာမ ခိုင်ဇင်ဝေက ပြဇာတ် ထွက်သည်အထိ ညဦးပိုင်း တာဝန်ယူထားသည်။

လူမမာဆို၍လည်း မနေ့ကတော့ ချောင်းဆိုး နှာစေးသူပင် တစ်ယောက်တလေ ပေါ်မလာကြ။ ဤအရပ် ဤဒေသက လူများ သည် ဆေးခန်းကိုလည်း များစွာ အားထားလေ့မရှိတတ်ကြသေး။ ခါးနာ၊ လုံ့ရူး စသည့် လောလောလတ်လတ် ဝေဒနာသည်များက လွဲလျှင် အဖျားရောဂါများကိုပင် များများစားစား လာပြလေ့မရှိကြ။ ထို့ကြောင့် ဆရာမကို "လူမမာဆိုတာလဲ ရှိတာမှမဟုတ်တာ ဆရာမရယ်၊ ညမလာပါနဲ့" ဟု သူက မှာလိုက်သည်။ ထို့ကြောင့် ယနေ့ ဆရာမလည်းမရှိ။ ဆရာမမရှိသောနေ့မှ သတိမရသော လူမမာတစ်ယောက်က ဆေးခန်းရောက်နေသည်ဟု ဆိုသည်။

သို့သော် အရေးမကြီး။ အကယ်၍ အရေးကြီးသော လူမမာ ရောက်လာ၍ မနိုင်မနင်းဖြစ်လျှင် ယခုသူ့ကိုလာခေါ်လာသလို ဦးလူ မောင်အား ခေါ်ခိုင်း၍ရ၏။ ကျောက်ထိုးဆရာကအစ ဆရာမများအား လုံးသည် ရွာထဲတွင်နေကြသူတွေဖြစ်သဖြင့် အခက်အခဲမရှိ။ အချိန်မရွေးခေါ်ခိုင်း၍ရ၏။ ယခုတော့ ဆရာမအားလုံးသည် ပွဲခင်းထဲ မှာ ရှိနိုင်သည်။ လိုအပ်လျှင် ဇာတ်စင်ပေါ်က အသံချဲ့စက်နှင့် ဆေးခန်းလာကြရန် ဦးလူမောင်အား ပြောခိုင်းလိုက်ရုံသာ။

ဆရာကိုကျော်ဇေယျသည် ဆေးခန်းထဲမပြေးရုံတမယ်ဝင်လာ၏။

"ဆရာလာပြီဟေ့"

ဆရာကိုကျော်ဇေယျကိုမြင်သဖြင့် အရပ်သားတစ်ယောက်က လှမ်းအော်လိုက်သည်။

လူမမာကိုဝိုင်းအုံနေကြသော မိန်းမ၊ ယောကျ်ား ကလေး သူငယ်များ၊ နှစ်ဆယ်သုံးဆယ်ခန့်မှာ ချက်ချင်းရုတ်ရုတ်သဲသဲနှင့်

www.burmeseclassic.com

www.burmeseclassic.com



နေရာဖယ်ပေးကြသည်။

''ဘာဖြစ်တာလဲဟင်''

''ဆရာမရယ် ပွဲခင်းထဲမှာ မူးလဲလို့''

''လူမမာများထိုင်ရန် ထားပေးသော ခုံတန်းလျားပေါ်တွင် မှေး ပိုက်ထားသော အမျိုးသမီးကြီးတစ်ယောက်က ဆရာကိုကျော်ဇေယျ၏ မျက်နှာကို အားကိုးတကြီးမော့ကြည့်၍ ပြော၏။

''ဩော်. . မူးတာက''

''အန်လည်းအန်တယ်ဆရာ၊ သွေးတွေလည်းပါတယ်''

သွက်လက်ချက်ချာပုံရသော ကျောင်းသူအရွယ် ကလေးမလေး တစ်ယောက်ကပါ ဝင်ပြောသည်။

''အင်း''

အန်သည် သွေးပါသည်ဆိုသဖြင့် ကိုကျော်ဇေယျလည်း စိုးရိမ် သွားသည်။

မှန်သည်။ လူမမာထိုင်ခုံတန်းလျားအောက်တွင် သွေးနှင့် အန်ဖတ်တွေကိုမြင်နေရသည်။

ဆေးခန်းရောက်သည်ထိ အန်နေသေးပုံရသည်။ လူမမာက လုံးဝစကားမပြောနိုင်။ စောစောက ဦးလူမောင်လက်ဘက်ရည်ဆိုင်မှာ ပြောသလို သတိမေ့နေပုံတော့မရ။ သတိမေ့နေသူမှာ အန်မည်မဟုတ်။ သို့သော် မျက်စိနှစ်ဖက်စလုံးကို မှိတ်ထားသည်။ ရင်ဘတ်လှိုက်ဖို နေသည်ကို မြင်ရခြင်းအားဖြင့် အလွန်မောဟိုက်နွမ်းနယ်နေကြောင်း သိသာသည်။

''ကဲ. . ကဲ. . ဒီကုတင်ပေါ် ခဏတင်လိုက်ကြပါ''

ကိုကျော်ဇေယျ၏ စကားအတိုင်းပင် လူမမာကို တွဲထူပေးမ၍ ကုတင်ပေါ်တင်ပေးကြ၏။

''ပက်လက်ထားပေးပါဗျာ''

အမျိုးသမီးကြီးတစ်ယောက်နှင့် မိန်းကလေးနှစ်ယောက်တို့က



ဝိုင်းဝန်းပြုပြင်ပေးကြသည်။

ဆရာကိုကျော်ဇေယျသည် လူမမာကို ဦးဆုံးသွေးခုန်နှုန်းတိုင်း သည်။ နားကြပ်နှင့်စမ်းသပ်ကြည့်သည်။

လူမမာအမျိုးသမီး၏ နဖူးဝင်းဝင်းမို့မို့ပေါ်တွင် ပုလဲလုံး ငယ်လေးများ တင်ထားသည့်နှယ် ချွေးသီးလေးတွေစို့ပြန်နေသည်။ အန်ထားသဖြင့် အတော်မောပန်းနေပုံရ၏။

''ဆရာမတစ်ယောက် ပွဲခင်းထဲမှာ မူးလဲတယ်ဆိုတော့ ကျွန်မဖြင့် ဘယ်သူလဲလို့ သူသူကိုး၊ ကြီးကြီးမပါဘူးလား''

နောက်မှရောက်လာသော အမျိုးသမီးက ဆိုသည်။

''မပါဘူးအဒေါ် ကျွန်မတို့နဲ့ပွဲအတူလာတာ ကြီးကြီးရွှေက မနက်ဆွမ်းဝေယျာဝစ္စရှိလို့''

စောစောပိုင်းက လူမမာအား ဂရုတစိုက်ဖေးမထားသော မိန်းမရွယ်က အမျိုးသမီးကြီးကို ပြန်ပြောသည်။

''သတိရပါတယ်နော်၊ အသက်မှန်မှန်ရှူပါဦး''

မည်သူက မည်သို့ပြောပြော ကိုကျော်ဇေယျအား ခုနမှာမူ လူမမာကလွဲပြီး တခြားလူများ၏ စကားကို နားမထောင်အား။ လူမမာကိုသာ အထူးဂရုစိုက်နေရ၏။

''သတိရပါတယ်နော် ဆရာမ''

ကိုကျော်ဇေယျ၏အမေးကို လူမမာက မျက်လုံးမဖွင့်ဘဲ ခေါင်းညိတ်ပြ၏။

''လူတွေသိပ်မအုံကြပါနဲ့၊ လူမမာက ချွေးပြန်နေပြီ''

''အေး. . ဟုတ်တယ်လေ၊ ဟော့. . ကောင်နာလေးတွေ ဖယ်ကြ ကွာ၊ လူကြီးတွေအလုပ်မဖြောင့်ဘူး၊ ဒီကလေးတွေဘဲနေရာတကာ သွားကြ၊ ကလေးတွေအားလုံးထွက်သွားကြစမ်း''

''တို့ဆရာမ တို့လာကြည့်တာတောင် မကြည့်ရဘူးတား၊ ဘာဖြစ်လို့လဲ''

www.burmeseclassic.com

www.burmeseclassic.com


ထုံးစံအတိုင်းပင် ကလေးများကလည်း ဝိုင်းအုံလာကြသဖြင့် လူကြီးတွေက နှင်ထုတ်ကြသည်။ ဤသည်ကို ကလေးအချို့က မကျေမနပ်နှင့် သူတို့ဆရာမ သူတို့လာကြည့်တာ ပြောရဆိုရမလားဟု မကြားတကြား ပြန်ပြောကြသည်။

''ဟဲ့ မဝေ၊ ကြီးကြီးဆီ လူလွှတ်မပြောခိုင်းလိုက်ဘူးလား''

''ပြောခိုင်းလိုက်ပါပြီ၊ လာပါလိမ့်မယ်''

စောစောက မိန်းမကြီးကပင် ပျာပျာသလဲ ပြောလာပြန်၏။

''ဟဲ့ ခြေမြန်လက်မြန်လူကော လွှတ်မိရဲ့လား မဝေ၊ ဦးကြီးလဲ စခန်းမှာဖြစ်မယ်၊ ဒုက္ခပဲ''

ကိုကျော်ဇေယျက ဤမိန်းမကြီးကို နည်းနည်း စိတ်တိုချင်လာသည်။ လူမမာသက်သာရေးထက် သူ့အမေကို သွားပြောရေးကပင် သူ့မှာ ပိုအရေးကြီးနေသလိုပင်။

''ဦးလူမောင်ရေ''

''ဟုတ်ကဲ့ဆရာ၊ ရေနွေးအဆင်သင့်ပါ''

ကိုကျော်ဇေယျက လူမမာကို ပထမဦးဆုံး ဆေးတစ်လုံး ထိုးပေးသည်။ ဆေးပြားနှစ်ပြားလည်း ထပ်တိုက်သည်။ ထိုအချိန်ထိ လူမမာက စကားလုံးဝမပြောသေး၊ မျက်လုံးလည်း ဖွင့်မကြည့်သေး၊ ကိုကျော်ဇေယျမှာ လူမမာ၏မျက်နှာကိုသာ စိုးရိမ်ကြီးစွာ စိုက်ကြည့်နေမိသည်။

''ဆ ‥ ဆရာမ၊ မောသေးလား''

လူမမာက မသိမသာ မျက်ခွံဖွင့်ကြည့်သည်။

''ဆရာမ အားနည်းနေလို့ပါ၊ ဘာမှ မစိုးရိမ်ပါနဲ့နော် ဆရာမ''

''ဟုတ် ‥ ဟုတ်ကဲ့ဆရာ''

လူမမာ၏ ပြန်ကြားသံကြောင့် ကိုကျော်ဇေယျ သက်မချသည်။

အမှန်မှာ ''ဘာမှမစိုးရိမ်ပါနဲ့'' ဟုသာ အားပေးစကား ဆိုလိုက်ရသော်လည်း လူမမာက အသက်ရှူမမှန်သေး၊ နှလုံးက အလွန်

အားနည်းနေပြီး ပုံမှန်ပြန်မဖြစ်သေးဟု ကျန်းမာရေးမှူးက မှတ်ချက်ချ၏။

''ကြီးကြီးရွှေလာပြီ''

''သူ့အမေလာပြီ''

လူအုပ်ထဲမှ ပြောကြဆိုကြသံတွေနှင့်အတူ အမျိုးသမီးတစ်ယောက်၏ စိုးရိမ်တကြီးမေးသံကို ကြားရသည်။

''ဟင် သ ‥ သမီး ဘယ့်နှယ်နေသေးသလဲ''

''သက်သာသွားပါပြီ ဆရာ ဆေးထိုးပေးထားတယ်''

လူအုပ်ထဲမှ တွန်းထိုးဖောက်ဝင်လာသော လူမမာ့အမေအား အမျိုးသားတစ်ယောက်က ဆီးပြောသည်။

ကိုကျော်ဇေယျကမူ မည်သူ့ကိုမှ စကားမဆိုမိသေး။ သူ၏ ဆေးပစ္စည်းများကိုသာ စနစ်တကျ ပြန်သိမ်းရင်း ယခုမှရောက်လာသော လူမမာ၏အမေကို မသိမသာ အကဲခတ်သည်။

လူမမာ၏အမေမှာ အသက်ငါးဆယ်ပင်ပြည့်ပုံမရသေး၊ ရုပ်ရည်သန့်ပြန့်သည်။ ဖြူဝင်းသောအသားနှင့် သူ၏ကိုယ်လုံးကိုယ်ထည်မှာ အချိုးကျပြေပြစ်သည်။ ငယ်ရွယ်စဉ်ကဆိုလျှင် အစ်ကိုကာလသားများ ငေးကြည့်ရမည့်ရုပ်ရည်မျိုးပင်။

''အင်း ‥ သူ့အမေလဲ မိန်းမချော မိန်းမလှပေပဲ၊ အဲဒါကြောင့် သမီးလဲ လှတာကိုး''

သူ့အမေကို အကဲခတ်ကာ ကိုကျော်ဇေယျ စိတ်ထဲက တိတ်တခိုး မှတ်ချက်ချသည်။

''သမီးရေ ‥ သူသူ့ အမေလေ သမီး။ သမီး သတိရပါတယ်နော် သမီး''

လူနာခုတင်ပေါ်တွင် မျက်လုံးမှိတ်၍ တစောင်းမှေးနေသော သမီး၏လက်တစ်ဖက်ကို ညင်ညင်သာသာဆုပ်နယ်ကာ မေး၏။

လူမမာက လူးလွန့်လာပြီး ''ဟုတ်ကဲ့အမေ'' ဟုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် မျက်လုံးကိုမူ လုံးဝဖွင့်မကြည့်။

"ဆရာ ဒါ ကျွန်မတို့ဆရာမရဲ့အမေပါ၊ ဆရာ့ကိုတော့ ကြိုးကြိုးရွှေ သိပါတယ်"

ကိုကျော်ဇေယျအနားတွင် ကူညီရင်း မတ်တပ်ရပ်နေသော ကျောင်းသူလေးတစ်ယောက်က လျှကြိုးဝင်လုပ်ပြီး မိတ်ဆက်ပေးသည်။

"ဆရာမ ခဏတော့ မေးနေပါစေဦးလား ဒေါ်ဒေါ်၊ ဘာမှ စိုးရိမ်စရာမရှိတော့ပါဘူး၊ အားနည်းလို့ပါ၊ ကျွန်တော် ဆေးထိုး ဆေးတိုက်ထားပါတယ်"

"အေးကွယ် .. ကျေးဇူးတင်လိုက်တာ၊ သမီး ပွဲထဲမှာ မူးပြီး လဲကျသွားတယ်ဆိုတော့ အဒေါ်ဖြင့် စိုးရိမ်လိုက်တာ၊ အရင်လဲ တစ်ခါ ဒီလိုပဲဖြစ်ဖူးထားတော့ ခေါင်းမီးတောက်သွားတာပေါ့၊ အဲဒီ .."

"ဪ .. အရင်ကလဲ ဒီလိုဖြစ်ဖူးလားခင်ဗျာ"

"ဖြစ်ဖူးတယ်ကွဲ့၊ ဒါပေမယ့် အဲဒီတုန်းက မြို့မှာဆိုတော့ ဆရာဝန်ကြီးကလဲကောင်း၊ အင်း .. လေ၊ မြို့မှာဆိုတော့ ဆေးဝါးလဲ စုံမှာပေါ့၊ အဲဒီတုန်းက ဆရာဝန်ကြီးက အသက်ရှုတောင် ရပ်ချင်တယ် လို့ပြောတာ"

သူ့သမီးမြို့မှာဖြစ်စဉ်တုန်းက ဆရာဝန်ကြီးတော်၍သာ အသက် ချမ်းသာရာရခဲ့ကြောင်း ပြောမိသော သူ့စကားထဲ ဆရာဝန်မဟုတ် သော ကျန်းမာရေးမှူး ကိုကျော်ဇေယျကို နှိမ်သလိုများဖြစ်သွားလေ မလားဟူသော စိုးရိမ်မှုကြောင့်ထင်သည်။ စကားထစ်သွားသေး၏။ သို့သော် ဤသည်ကို ကျန်းမာရေးမှူးကိုကျော်ဇေယျက စိတ်မခုမိ။ လူနာ၏အမေ ရဲရဲဝံ့ဝံ့ ပြောရဲဆိုရဲရှိလာအောင်သာ စကားထောက်ပေး သည်။

"ဟုတ်ကဲ့ခင်ဗျား၊ ဆရာဝန်ကြီးပြောတာ မှန်ပါတယ် ဆရာမက နှလုံးရောဂါ အဆုတ်ပါ အားနည်းနေတာ တွေ့ရပါတယ် နှလုံးအားနည်းတဲ့သူတွေဟာ ဒီလိုပဲ ရုတ်တရက် မူးဝေတတ်ပါတယ်"



"ဟုတ်မယ်ကွယ့် အဲဒါကြောင့် ဆရာဝန်ကြီးက မှာတာ၊ အခု လုပ်နေတဲ့ ကျောင်းဆရာမအလုပ်နဲ့လဲ သိပ်မသင့်တော်ဘူးတဲ့၊ ဆရာမအလုပ်ဆိုတာက ကလေးတွေကို ပြောရဆိုရ သင်ရပြရတာ သိပ်စိတ်မောစရာကောင်းတာ၊ သူ့အဖေကလဲ အဲဒီတုန်းကပဲ အလုပ် ထွက်ခိုင်းတာ အိမ်မှာ အေးအေးဆေးဆေး နားနားနေနေပြောတာ မရဘူး၊ ကျောင်းဆရာမအလုပ် သိပ်ဝါသနာပါတာ၊ ကျောင်းအုပ် ဆရာကြီးကလဲ အသင်အပြကောင်းတဲ့ဆရာမဆိုတော့ အလုပ်ထွက် သွားမှာစိုးလို့လေ၊ အိမ်ထိတောင်လာပြောတာ၊ ပြီးတော့ အင်္ဂလိပ်စာ ပြတာက သမီးမှ အသင်အပြကောင်းတယ်ဆိုတာလဲ ပြောသေးရဲ့၊ အဒေါ်ကတော့ ဒါတွေနားမလည်ပါဘူး၊ အိမ်နဲ့ကျောင်းကလည်း ဝေးတယ်၊ တစ်နေ့ တစ်နေ့ အသွားအပြန် တစ်နာရီနီးပါး ခြေကျင် လျှောက်ရတာ၊ နည်းတဲ့ခရီးလား။ စက်ဘီးနဲ့သွားပါဆိုတော့လည်း သူ့ကျောင်းသူကျောင်းသားတွေတောင် ဒီအတိုင်းသွားနေကြတာပဲ ဆိုပြီးသူ့အဖေဝယ်ပေးတဲ့စက်ဘီးကို သံညိအဟိုင်း ချောင်ထိုးထားတာ၊ အိမ်က သစ်သယ်ကားနဲ့လိုက်ပို့မယ် ဆိုတာကလဲ အလုပ်က ရှိသေးတယ် မဟုတ်လား"

ဒေါ်ရွှေအိမ်သူ ဤစကားပြောခြင်းမှာ သူ့သမီး အလယ်တန်းပြ အင်္ဂလိပ်ဆရာမဖြစ်ကြောင်း၊ သူတို့အိမ်တွင် သစ်သယ်ကားရှိကြောင်း သိစေလို၍ ပြောခြင်းဆိုတာ ကိုကျော်ဇေယျက ချက်ချင်းရိပ်မိ လိုက်သည်။

အမှန်မှာ ယခု ဒေါ်ရွှေအိမ်သူပြောမှမဟုတ်။ ဆရာမ မြဒါသူ အကြောင်းကို ယခင် သုံးလေးလလောက်ကပင် သိနေသည်။ ဤသည်မှာလည်း ထိုဆရာမကို စိတ်ဝင်စားမိ၍ဖြစ်၏။

ရှေ့ဦးသူနာပြုသင်တန်းပေးရန် ကျောင်းသားကျောင်းသူများကို သွား၍စည်းရုံးရစဉ်က ကျောင်းအုပ်ဆရာကြီးမှတစ်ဆင့် ဤမင်းရွာ အလယ်တန်းကျောင်းမှ ဆရာမမြဒါသူကို သိရသည်။ သူ့အတန်း

www.burmeseclassic.com

www.burmeseclassic.com



ထဲက ကျောင်းသူကျောင်းသား ဆယ်ယောက်ထက်မနည်း ရှေးဦးသူနာပြုသင်တန်း တက်ဖူးကြသည်။ ထို့ကြောင့်လည်း ဆရာမအမေ၏ စကားကို သူက ထောက်ခံပြောဆိုရခြင်းဖြစ်သည်။

"ဟုတ်ကဲ့ . . ဆရာမရဲ့ ဝါသနာနဲ့ စိတ်ဓာတ်ကို ကျွန်တော် သိပါတယ် ဒေါ်ဒေါ်"

"ဩော် . . ဟုတ်လား"

"ဟုတ်ကဲ့ခင်ဗျား ကျွန်တော် ဒီမင်းရွာကိုရောက်ပြီး သုံးလေးလ အကြာမှာ ရှေးဦးသူနာပြုသင်တန်းပေးတော့ ဆရာမအတန်းထဲက ကျောင်းသူကျောင်းသားတွေ အများဆုံးပါ ပါတယ်၊ သင့်တော်မယ့် သူတွေကို ဆရာမကိုယ်တိုင် ရွေးလွှတ်လိုက်တဲ့အကြောင်း ကလေးတွေက ပြောပါတယ်"

"အဲဒါတွေကြောင့် ခက်နေတာပေါ့ကွယ့်၊ ကလေးတွေကလဲ သူတို့ဆရာမမှ သူတို့ဆရာမ ဖြစ်နေကြတော့ အလုပ်မထွက်ဖြစ်တာလေ၊ ကလေးတွေအပေါ် သိပ်သံယောဇဉ်ကြီးနေတာ၊ တချို့ ကလေးတွေဆို ကျောင်းမထားနိုင်လို့ သူကထားပေးတာလဲ ရှိသေးတယ်"

"ဟုတ်ကဲ့၊ ဒါ အင်မတန်မွန်မြတ်တဲ့အလုပ်ပဲ ဒေါ်ဒေါ်ရယ်၊ ဂုဏ်ယူစရာပါ၊ ခုတော့ စိုးရိမ်စရာမရှိတော့ပါဘူး၊ အားနည်းလို့ တဒင်္ဂဖြစ်တာပါ၊ သက်သာသွားပါလိမ့်မယ်"

"ဒီလိုဆို ခု အိမ်ခေါ်သွားလို့ ရပါပြီနော်ကွယ်"

"ဟုတ်ကဲ့၊ ရပါပြီခင်ဗျား၊ မနက်ဖြန်မနက်လဲ ဒီမှာ ကျွန်တော်တို့ ရှိနေပါတယ်"

"အေးကွယ် ကျေးဇူးတင်ပါတယ်၊ သူ့အဖေကလဲ သစ်ခန်းရောက်နေတော့ လူခေါ်လွှတ်ထားတယ်၊ ဟော့ . . အေးကြည်၊ နင့်ယောက်ျားကို လှည်းဆင်ပြီး ဒီကိုလွှတ်လိုက်စမ်းကွယ်"

"ဟုတ်ကဲ့" ဟုပြောပြီး လူအုပ်ထဲမှ အမျိုးသမီးတစ်ယောက်



ထွက်သွားသည်။

ပွဲခင်းထဲတွင် ပြဇာတ်ထွက်နေပြီဖြစ်ရာ လူမမာတို့မိသားစု ပြန်သွားကြသည်နှင့်တစ်ပြိုင်နက် ဆေးခန်းထဲတွင် လူရှင်းသွားသည်။

လှည်းပေါ်တက်ခါနီးတွင် ဆရာမ မြဒါသူက "ကျေးဇူးတင်ပါတယ်နော် ဆရာ" ဟု တိုးတိုးလျလျအသံလေးနှင့် ပြောထားခဲ့သော စကားကမူ ကိုကျော်ဖေယျ၏ရင်ထဲတွင် ဂယက်ထ၍ ကျန်နေခဲ့၏။

"ဆရာ . . ပွဲခင်းထဲ သွားဦးမလား"

"ဟင့်အင်း၊ ကျွန်တော်မသွားတော့ပါဘူး၊ ဦးလှမောင် သွားချင် သွားလေ"

"ဟုတ်ကဲ့ ဆရာ" ဟုပြောပြီး ဦးလှမောင်က ထွက်သွားပြန်၏။ ဘာရယ်ဟုမသိရသော ဝေဒနာသစ်တစ်ခုက ကိုကျော်ဖေယျ၏ ရင်ထဲ ငြိတွယ်၍ ကျန်ခဲ့၏။

ဆေးခန်းရှေ့ရှိ ကမ္ဘူထိပ်မှ လက်ပံပင်ကြီး မြစ်ဆုံပေါ် ထိုင်လိုက်သည်။ သီတင်းကျွတ်လပြည့်ညက ရွှန်းရွှန်းမြမြ သာနေ၏။ ပွဲခင်းတစ်ပြင်တစ်ခွင်လုံးနှင့် ကမ်းလွန်သော ရန်ပြေသွား ကားလမ်းမကြီးကို မြင်နေရသည်။ ဆေးခန်းရှေ့ ကမ္ဘူထိပ်မှ ပွဲခင်းဘက် အကြာကြီး ငေးကြည့်နေမိသည်။ အမြင့်ကမ္ဘူထိပ်ဖြစ်သဖြင့် မြင်ကွင်းကောင်းသည်။

သာယာလိုက်သည့် ည။

သီတင်းကျွတ်လပြည့်နေ့ ည။

မင်းရွာ၏ ဆွမ်းတော်ကြီးလောင်းလှူပွဲ ည။

ကိုကျော်ဖေယျ၏ရင်ထဲ ဝေဒနာသစ်တစ်ခု မွေးဖွားလာသော ည။

**ဆေးခန်းထဲ ပြန်ဝင်လာ၏။**

**စောစောက** လူမမာအိပ်သွားသော ခုတင်ပေါ်ပြင် တက်၍ ကျောဆန့်လိုက်သည်။ နှာခေါင်းထဲ မွှေးပျံ့သင်းပြုံ့သော ရနံ့တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ သူ့ကျောခင်းအောက်မှ ခုလုခုလု တွေ့သဖြင့် ပြန်ထကာ အိပ်ရာခင်းအဝတ်ကို ဆွဲဆန့်ကြည့်မိသည်။ စံပယ်ပန်းကြွေ သုံးလေးပွင့်နှင့် ဆံထိုးတစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

ဆံထိုးကို မီးရောင်အောက်တွင် သေသေချာချာ ကြည့်မိ၏။ အေးမြသော ကြောင်မျက်ရွဲကျောက်သုံးလုံးသည် ဆံထိုးကောက်ထိပ်တွင် အပြာရောင်တွေလျှံဖိတ်နေ၏။ ဤရတနာကျောက်ပြာ သုံးလုံးကို မြင်လိုက်ရမှ မြဒါသူ၏ရုပ်သွင်က သူ့မျက်ဝန်းထဲ တိုးဝင်လာ၏။ ပြာလွင်သော မိုးကောင်းကင်အောက်မှ ဘော်သာခွာ ပုလဲရောင် လွှမ်းခြုံထားသော ညနတ်သမီးလေး။

လရောင်ထဲတွင် အပြာရောင် (ဝမ်းဆက်) ဝတ်ထားသော သူ့ရုပ်သွင်သည် အေးမြငြိမ်သက်လွန်းသည်။ မြူမှုန်တိမ်တိုက်များ ကင်းရှင်းနေသော အာကာသဟင်းလင်းပြင်၏ သဘော၊ အပူရောင်မဲ့ည၊ အေးမြတိတ်ဆိတ်သော ပုံသဏ္ဌာန်။

ကိုကျော်ဇေယျသည် မြဒါသူ ကျကျန်ခဲ့သော ဆံထိုးလေးကို နှလုံးသားနှင့်အနီးဆုံး အင်္ကျီအိတ်ထဲ ထည့်သိမ်းထားလိုက်၏။ စံပယ်ဖြူအကြွေ သုံးလေးပွင့်ကိုမူ လက်ခုပ်ထဲထည့်ကာ နက်နက်ရှိုင်းရှိုင်း နမ်းလိုက်မိသည်။

စောစောက ကျောဆန့်ဦးမည်ဟု ဝင်လာသော်လည်း သူ့ကျောမဆန့်ဖြစ်တော့။ သူသည် ကျန်းမာရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရသည်မှာ ခြောက်လခန့်သာရှိသေးသည်။ လူနာများနှင့် ပတ်သက်၍ အတွေ့အကြုံနည်းပါးသေးသည်။ အန်တာ သွေးပါတာ ဆိုလျှင် တီဘီရောဂါဖြစ်ရမည်။

အတွေးကြောင့် ကျောထဲ စိမ့်ခနဲဖြစ်သွားသည်။ မြဒါသူအတွက် ပူပန်စိတ်သည် ငယ်ထိပ်ထဲဝင်လာ၏။ တစ်ညလုံး အိပ်မပျော်တော့။

******************



ပါးလျားဖွေးလွသော ဆောင်းကြိုနှင်းမြူများက တောင်ကြားရှိ ဆေးခန်းကို လွှမ်းခြုံထားသည်။ ရွာတွင် ပွဲတော်ရှိသဖြင့် ရွာလယ်တွင် လူများ ဥဒဟို သွားလာနေကြ၏။

ကျန်းမာရေးမှူး ကိုကျော်ဇေယျ ဆေးခန်းရှေ့ ထွက်လာသည်။ နွေးထွေးသော နေရောင်ခြည်ကို မမြင်ရသေး။ မြူလားနှင်းလား ခွဲခြားမရသော ဟေမန္တ၏ အကြိုရိပ်များက ဝန်းကျင်တွင် လွင့်မျော နေသည်။

သို့သော် ညက ဆေးခန်းတွင် ကျကျန်ခဲ့သော မြဒါသူ၏ဆံထိုး ကို သွားပေးရန် ကိုကျော်ဇေယျ စိတ်စောနေသည်။ ထို့ကြောင့် လိုအပ်လျှင် ဆေးထပ်ထိုးပေးရန်၊ ဆေးတိုက်ရန်အတွက် သူ့ ဆေးသေတ္တာလေးကို စက်ဘီးနောက် ကယ်ရီယာပေါ် တင်လိုက်သည်။

ညက ပွဲကြည့်ထားသဖြင့် တခေါခေါနှင့် အိပ်မောကျနေသော ဦးလူမောင်ကိုပင် မနိုးတော့ဘဲ ကိုကျော်ဇေယျ ဆေးခန်းဇရပ် ကမူပေါ်မှ စက်ဘီးကိုတွန်းပြီး ဆင်းလာသည်။ ကမ်းလွန်သာရန်ပြေ ကားလမ်းမကိုရောက်မှ စက်ဘီးပေါ်တက်သည်။

စောသေးသည်ဟု သူ့ကိုယ်သူ မလုံမလဲဖြစ်သွားသဖြင့် ဟံတားဦးဘက် စက်ဘီးတစ်ပတ်လှည့်စီးလိုက်သေးသည်။ ဒါနှင့်လည်း တောင်ကြားဒေသ၏ နွေးထွေးသော နေရောင်ခြည်ကို မမြင်ရသေး။ ဆရာမ မြဒါသူတို့အိမ်မှာ မြောက်ပိုင်း အစွန်အဖျားတွင် ရှိသဖြင့် မှန်မှန်နင်းသွားလျှင် စက်ဘီးနှင့် ဆယ်မိနစ်လောက်သာကြာမည်။ မင်းရွာမှာ ကားလမ်းတစ်ဘက်စီတွင် တည်ထားသော ရွာတန်းရှည် ဖြစ်သဖြင့် လမ်းကတော့ ဖြောင့်နေ၏။

ရွာမြောက်ဖျားကမူပေါ်တွင် ဆောက်လုပ်ထားသော ဆရာမ မြဒါသူတို့အိမ်နားအရောက်မှာ နေပွင့်လာသည်။ တစ်ကိုယ်လုံး နွေးထွေးမှုနှင့်အတူ ရင်ခုန်သံပိုမြန်လာ၏။ စောလွန်းနေသေးသလား ဟုတွေးပြီး ရတ်တရက်ခြံထဲမဝင်ရဲသေး။ သစ်ပေါ်သောအရပ်ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com

မြဒါသူတို့အိမ်ကြီးမှာ ခန့်ညားထည်ဝါလှသည်။ သစ်ကားတစ်စီးနှစ်စီး ပိုင်ဆိုင်သူဖြစ်သဖြင့် ကုန်းတက်လမ်းမှာမူ မညီမညာရှိသည်။

''စောရင် ပိုတောင်ကျေးဇူးတင်မှာပဲ။ မြဒါသူကလည်း သူ့ဂရုစိုက်မှုနှင့် သိမှာပဲ'' ဟူသော ရဲစိတ်နှင့် ခြံထဲဝင်လိုက်သည်။ အိမ်ရှေ့တံခါး ပိတ်ထားသည်ကို မြင်ရသောအခါ ရင်ထဲတစ်မျိုး ဖြစ်သွားသည်။

''ကလိန်''

''ကလိန်''

အရဲစွန့်၍ စက်ဘီးဘဲလ်ကို နှိပ်လိုက်သည်။ အိမ်ရှေ့တံခါး ချက်ချင်းပွင့်လာ၏။ ၁၂ နှစ်အရွယ် ကောင်လေးတစ်ယောက်က သူ့ကို အံ့သြသလို ကြည့်သည်။

''ညီလေး၊ ဒါ ဆရာမ မြဒါသူတို့အိမ်မဟုတ်လား''

''ဟုတ်ပါတယ်''

''ကိုယ်က ကျန်းမာရေးမှူးပါ၊ ညက ဆရာမ''

''ဩော် ‥ မမကြီးကို ညကပဲ ဦးကြီး မြို့ကိုခေါ်သွားတယ်''

ရင်ထဲ ဟာခနဲဖြစ်သွားသည်။ ကောင်လေးကိုကြည့်ရသည့်မှာလည်း သူ့ကိုသိပုံမရ။ တက်ပါ၊ ကြွပါဟုလည်း မပြော။ ရည်ရည်မွန်မွန်လည်းမရှိသဖြင့် ခဏတွေသွားသည်။ ကောင်လေးကလည်း သူ့ကို ကြောင်ကြည့်နေ၏။

''ညီလေးက ဆရာမတို့နဲ့ ‥''

''ကျွန်တော် ဦးကြီးဆီမှာ ကားပညာသင်ပါ''

''ဩော် ‥ ဒီရွာကလား''

''မဟုတ်ပါဘူး၊ ကညင်ချောင်းကပါ''

''ဟဲ့ ‥ မောင်ဆောင်း၊ ဘယ်သူနဲ့ စကားပြောနေလဲ၊ ဩော် ‥ ညှိသည်လား၊ နင်ကလဲ လူကြီးတွေတော့မပြောဘူး၊ သစ်ကန်ထရိုက်ထင်တယ်၊ အပေါ်ကြွပါရှင်''



အသက်သုံးဆယ်ကျော်အရွယ်ခန့်ရှိ မိန်းမတစ်ယောက်က အိမ်ရှေ့ထွက်လာပြီး ဖိတ်ခေါ်၏။

''ဟုတ်ကဲ့၊ သစ်ကန်ထရိုက်မဟုတ်ပါဘူး အစ်မကြီးရယ်၊ ကျွန်တော် မင်းရွာက ဆေးမှူးပါ၊ ညက ဆရာမ ‥‥''

''ဩော် ‥ ကြွပါဆရာ၊ ကြွပါရှင်၊ ထိုင်ပါဦး၊ ဟဲ့ ‥ မောင်ဆောင်း၊ အကြော်ပါနော်''

''ဘာကြော်လဲ''

''ဘာကြော်ရမလဲဟဲ့၊ နင်တို့ညက ပွဲခင်းထဲကဝယ်လာတဲ့ အကြော်ပေါ့၊ အမယ်လေး ‥ နင့်ကိုပြောရတာလဲ နားဝေးသလား မပြောနဲ့၊ ကြီးကြီးရွှေပါပြောလိုက်၊ ထိုင်ပါ ဆရာ၊ ကျွန်မတို့ တစ်အိမ်လုံးကလေ ဆရာ့ကို တစ်ခါမှ မမြင်ဖူးကြပေမယ့် အားလုံး ကျေးဇူးတင်နေကြပါတယ်၊ ညက သူသူ ပွဲခင်းထဲမှာ မူးလဲတော့၊ အစ်မကြီးက ကျောင်းရှေ့မဏ္ဍပ်ထဲမှာ သံဃာ့ဝေယျာဝစ္စတွေ လုပ်နေတုန်းတဲ့၊ ကျွန်မတို့ ‥ အိမ်ရောက်လာမှ သိကြတာ၊ ကျေးဇူးတင်လိုက်တာ ဆရာရယ်''

''ဟုတ်ကဲ့'' ဟုပြောပြီး နောက်ရောက်လာသော အဘွားကြီး တစ်ယောက်ကို ဆရာကျော်ဖေယျ အကဲခတ်သည်။ စောစောက အမျိုးသမီး စကားက ''ကြီးကြီးရွှေပါ ပြောလိုက်'' ဟုဆိုခြင်းမှာ မြဒါသူ၏အမေ ဒေါ်ရွှေအိမ်သူဟု ထင်မိလိုက်သည်။ ယခု ရောက်လာတော့ အသက်ခြောက်ဆယ်ခန့် အဘွားကြီး။

''ဟဲ့ ‥ ဒီအတိုင်းချထားခဲ့ရလားဟ၊ သုံးဆောင်ပါဦး ဆရာလို့ ပြောရတယ်၊ နင့်တော့ မောင်ဥက္ကာနဲ့ လဲထားမှဖြစ်မယ်၊ သုံးဆောင်ပါဦးဆရာ၊ ဒါ ကျွန်မတို့အမေလေ၊ သူသူတို့အဘွားပါ၊ အမေ ဒီဆရာလေ၊ ညက သူသူ့ကို ဆေးကုပေးရတာ''

''ဩော် ‥ ကျေးဇူးတင်လိုက်တာကွယ်'' ဟူသော အဘွားကြီး၏ စကားမဆုံးခင်ပင် ‥

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .. လက်သုတ်ပဝါကော" ဟူသော အမျိုးသမီးကြီး၏ စကားက ဝင်လာပြန်သည်။ ၎င်း မောင်ဆောင်းဆိုသောကောင်လေး လာချပေးထားသော အကြော်ပန်းကန်နှင့် ရေနွေးကြမ်းလင်ဗန်းကို ရွှေ့ပေးရင်း ..

"သုံးဆောင်ပါဦး ဆရာ" ဟု ကိုကျော်ဇေယျကို ထပ်ပြော ပြန်သည်။

ထိုင်နေရသော်လည်း ကိုကျော်ဇေယျမှာ စိတ်မဖြောင့်တော့။ လိုရင်းကိုပြောမှ။ သို့မဟုတ်လျှင် ဤမိန်းမကြီးစကားပြတ်မှာ မဟုတ်တော့ဟု တွေးလိုက်စဉ် မြဒါသူ၏အဘွားဟုဆိုသော အဘွားကြီးက သူ့လက်မောင်းကို လာကိုင်ပြီး ကျေးဇူးတင်စကား တဖွဖွပြောသည်။ နောက်ဆုံး မြဒါသူတို့အဘွား ပြောသော စကားကတော့ ကိုကျော်ဇေယျ၏ရင်ကို ပိုပြီး ကြည်နူးသွားစေသည်။

"နောက်ကိုလဲ အဘွားတို့အိမ်ကို ဝင်ပါ ထွက်ပါ ဆရာလေးရယ်၊ ဆရာလေးက ကျုပ်မြေးအရွယ်ပဲ၊ ငယ်ငယ်လေးရယ်နော်၊ တော်လိုက်တာ၊ အဘွားမြေး သူသူလေ၊ ဆရာမက ပြောတယ်၊ ဆရာဝန်ဖြစ်တယ်ဆိုတာ စာ အင်မတန်တော်မှတဲ့၊ လူလေးက ငယ်ငယ်နဲ့ ဆရာဝန်ဖြစ်တယ်ဆိုတာ တော်လို့ပေါ့နော်၊ ဘယ်အရွယ်"

"ဒုက္ခပါပဲ" ဟု တွေးလိုက်၏။ မြဒါသူကိုမတွေ့ရ၍ ရင်ထဲ ဟာရသည့်အထဲ သစ်ကန်ထရိုက်အထင်ခံရ၊ ဆရာဝန် အထင်ခံရနှင့် ကိုကျော်ဇေယျမှာ မျက်နှာပူလာ၏။ ထို့ကြောင့် အရဲစွန့်၍ စကားဖြတ် ရသည်။

"ကျွန်တော် ဒီကိုလာတာ ဒီလိုပါအဘွားရယ်၊ ညက ဆရာမ မြဒါသူရဲ့ ဆံထိုးတစ်ခု ဆေးခန်းမှာ ကျကျန်ခဲ့တာ လာပေးတာပါ"

ပြောပြောဆိုဆိုနှင့်ပင် ကိုကျော်ဇေယျသည် သူ့အိတ်ထဲထည့် လာသော မြဒါသူ၏ဆံထိုးကို အဘွားကြီးလက်ထဲ လှမ်းပေးလိုက် သည်။



"ဪ .. အေးကွယ်၊ သူသူ တစ်စုံတစ်ခု ဖြစ်မှာစိုးလို့ အဘွားတို့မှာ ဘာမှ သတိမထားမိကြဘူး၊ သူသူကိုယ်တိုင်တောင် သိချင်မှသိမှာ၊ သူ့အမေကလဲ ဘယ်သတိထားမိမလဲ၊ စိုးရိမ်လို့ သူ့အဖေက ညတွင်းချင်းပဲ သစ်ကားနဲ့ မြို့ကိုခေါ်သွားတာ၊ အတော် ကြာရင် အဘွားတောင်လိုက်သွားဦးမလို့ သစ်ပို့ကားတစ်စီး မှာထား သေးတယ်၊ အဘွားက အသက်ခြောက်ဆယ်ကျော်ပြီ၊ ခေါင်းခန်းက မဟုတ်ရင် ဖုန်တွေဖုတ်တွေမိလို့ သေမှာ၊ အဲဒါကြောင့် ကျန်နေခဲ့ ရတာယ်၊ ကျေးဇူးတင်လိုက်တာ ငါ့မြေးရယ်"

"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော့်ကို ခွင့်ပြုပါ .."

"နေပါဦး ဆရာလေးရယ်၊ မနက်စာ ဒီက သုံးဆောင်သွား"

"ကျွန်တော့်ဆေးခန်းက မနက်ရှစ်နာရီဆို ဖွင့်ရလို့ပါ"

"ကြည့်စမ်းပါဦး၊ အကြော်လဲတစ်ခုမှမစားဘူး၊ စားပါဦး ဆရာလေးရယ်၊ မေမေပြောသလို ကိုယ့်ဆွေမျိုးလို သဘောထားပါ၊ နောက် သူသူပြန်ရောက်လာရင်လဲ လာလည်ပါဦး"

"ဟုတ်ကဲ့ခင်ဗျား၊ ဟုတ်ကဲ့ .. ဟုတ်ကဲ့၊ နောက်တော့ ကျွန်တော် လာလည်ပါ့မယ်၊ ခု .. ခုတော့ ဆေးခန်းဖွင့်ရဦးမှာမို့ပါ"

မြဒါသူ၏အဘွားနှင့် အဒေါ်တို့ကို အတင်းစကားဖြတ်၍ ကိုကျော်ဇေယျ အိမ်ပေါ်ကဆင်းလာသည်။ ဒါတောင် 'အကြော်တော့ စားသွားပါ'ဟု မြဒါသူ၏အဒေါ်က အတင်းလိုက်ကျွေးနေသဖြင့် ပဲကပ်ကြော်တစ်ခုကိုယူပြီး ဝါးလာရ၏။

မြဒါသူကိုမတွေ့ရသဖြင့် ရင်ထဲကမူ ဟာတာတာနှင့်။ ကောင်လေးပြောတုန်းကပင် ပြန်လှည့်လာပြီး မြဒါသူကို မြို့တို့ လိုက်ပေးရလျှင် ကောင်းသားဟုလည်း တွေးသည်။ သူ့အနေမှာ မြဒါသူ၏ပစ္စည်းကို မြဒါသူလက်ထဲ ကိုယ်တိုင်ပေးချင်၏။

သို့သော် ယခုမူ နောက်ကျသွားပြီ။ ပစ္စည်းကိုလည်း ပေးထား ခဲ့ပြီ။ မြဒါသူကို ဆေးရုံပို့ရန်ခေါ်သွားသော ကားလွန်သာမြို့မှာ

www.burmeseclassic.com

www.burmeseclassic.com



မင်းရှာနှင့် ဆယ်မိုင်ကျော်သာဝေးသဖြင့် စက်ဘီးနှင့်သွားလျှင်လည်း တစ်နာရီပင် ကြာသည့်ခရီးမဟုတ်။

မြဒါသူနှင့်ပတ်သက်သော အတွေးများသည် ကိုကျော်ဇေယျ ရင်ထဲ ပြည့်သိပ်ပါလာ၏။ မည်သို့ဆိုစေ သူ့အဘွား၊ သူ့အဒေါ်တို့၏ ပေါ်ရွှေဖိတ်ခေါ်မှုကတော့ ဝမ်းသာကြည်နူးစရာပင်။ ထို့ကြောင့် မြဒါသူပြန်ရောက်လျှင် တစ်ခေါက်တော့ သွားလည်ဦးမည်ဟု ဆုံးဖြတ် ချက်ချလာသည်။

*******************

"ဩော် ‥ ဆရာလား၊ အခန်းထဲမှာရှိပါတယ်ရှင်"

ဟူသော ဆရာမတစ်ယောက်၏ အသံကြောင့် အပေါက်ဝသို့ လှမ်းကြည့်မိသည်။ ရုတ်တရက် ရင်ထဲထိတ်ခနဲဖြစ်သွား၏။

မြဒါသူတို့အမေ။

"ထိုင်ပါအဒေါ်၊ ဟိုနေ့မနက်က ကျွန်တော်လာသေးတယ်၊ ဆရာမ ဆံထိုး ကျကျန်ခဲ့တာ"

"အေးကွယ်၊ ကျေးဇူးတင်ပါတယ်၊ သူ့အဖေက သိပ်ဖျားနေ တတ်တော့ ညတွင်းချင်းပဲ သစ်ကားနဲ့ မြို့ကိုခေါ်သွားလို့"

"ဟုတ်ကဲ့ခင်ဗျာ၊ ခု ဘယ်လိုနေပါသေးလဲခင်ဗျာ"

"သက်သာသွားပါပြီကွယ်၊ အဲဒါ ဆရာဝန်ကြီးဆီက ပေးလိုက်တဲ့ စာတွေပါ၊ ဆရာလေးဆီမှာ ဆေးထိုးဖို့လဲ မှာလိုက်သေးတယ်"

မြဒါသူတို့အမေက စာရွက်တစ်ထပ်ကြီးကို သူ့ဆီလှမ်းပေးသည်။

မြဒါသူ၏ရောဂါမှာ သူထင်ခဲ့သလို နှလုံးရောဂါမဟုတ်၊ ... သွေးလျှံသောရောဂါဖြစ်ကြောင်း ဆရာဝန်ကြီးက မှတ်ချက်ရေးထား သည်။ အားဆေးဆက်ထိုးပေးရန်လည်း အမှာပါ၏။

ဆေးမှတ်တမ်းစာရွက်တွေကို မြဒါသူတို့အမေဆီ ပြန်ပေးလိုက် သည်။



"ကျွန်တော်' ခုလိုက်ခဲ့ရမလား ဒေါ်ဒေါ်"

"မ ‥ မလိုက်၊ ဩော် ဒီလိုပါဆရာရယ်၊ အေးကွယ် ‥ ဒီလို၊ ဒီလို"

အထစ်ထစ်အငေါ့ငေါ့ဖြစ်နေသော မြဒါသူအဲမေကိုကြည့်ကာ ကိုကျော်ဇေယျမှာ ဘာပါလိမ့်ဟု စိတ်ပူသွားပြန်သည်။

"ဟုတ်ကဲ့ ပြောပါခင်ဗျာ"

ပြောပါဟုဆိုသော်လည်း မြဒါသူတို့အမေက နှုတ်ဟမလာသေး။ အနားကိုသာ ရွှေ့လာ၏။ ပြီးမှ လေသံတိုးတိုးနှင့် ကြားရုံမျှပြောသည်။

"သမီးက ဆရာလေးကို သိပ်ရှက်နေတယ်၊ အရင်က မြို့မှာ ဆေးရုံတက်ဖူးတယ်ဆိုပေမယ့် ဆရာမတွေကပဲ ဆေးထိုးပေးကြ တာကိုး"

မဆီမဆိုင်သော မြဒါသူအမေ၏စကားကြောင့် သူပင်မျက်နှာပူ သွားမိသည်။ မြဒါသူမှူးမေ့သွားသော သီတင်းကျွတ်လပြည့်နေ့ည ကိုလည်း သတိရသွားသည်။

မြဒါသူ၏အနားတွင် မိန်းမသားချည်း ဝိုင်းနေခဲ့ကြ၏။ ပုရိသ ယောကျ်ားဆို၍ သူတစ်ယောက်တည်းသာ၊ ဆေးခန်းရောက်စက သတိရပုံမပေါ်၊ ဘယ်ကဘယ်လိုဖြစ်လာကြသည်ကိုလည်း သူမသိ။ သို့သော် သူရောက်လာတော့လည်း အမြင်မတော်တရော်တာ မရှိ။ မြဒါသူကို ပွေ့ခေါ်လာကြသော အမျိုးသမီးများက သေသေသပ်သပ် နှင့် ပွေ့ပိုက်ယပ်ခပ် နာနှပ်ပေးနေကြသည်ကိုသာ တွေ့ခဲ့ရသည်။

သို့သော် မြဒါသူကတော့ "လူမမာနှင့်ဆေးဆရာ" ဟူသော အတွေးခေါင်ခေါင်နှင့် ယခုထိ သူ့ကိုရှက်ရွံ့နေပုံရသည်။

"အဲဒါ ဖြစ်နိုင်ရင် ဆရာမတစ်ယောက်ယောက်ကိုပဲ ဆေးထိုး ပေးဖို့ လွှတ်ပေးပါကွယ်၊ ဆရာဝန်ကြီးပေးလိုက်တဲ့ ဆေးတွေက အိမ်မှာ အဆင်သင့်ပါ"

"ဟုတ်ကဲ့ ရပါတယ်ခင်ဗျာ၊ ဆရာမကြီးကိုယ်တိုင် လာထိုးပေး

www.burmeseclassic.com

www.burmeseclassic.com

ပါလိမ့်မယ်''

''အေးကွယ်၊ ဆရာလေးကို ဒေါ်ဒေါ်တို့က ကျေးဇူးတင်မဆုံးပါဘူး''

''ဟုတ်ကဲ့ခင်ဗျာ၊ ရပါတယ် ညနေကျတော့ ဆရာမကြီးလာလိမ့်မယ်''

''အေးကွယ်၊ ဒေါ်ဒေါ့်ကို ခွင့်ပြုပါဦးနော်''

''ဟုတ်ကဲ့ခင်ဗျာ''

သူ့အခန်းထဲကထွက်သွားသော မြဒါသူ၏အမေ နောက်ကျောကိုငေးကြည့်ကာ ကိုကျော်ဇေယျ ငိုင်ကျန်ခဲ့၏။

ဒီအတိုင်းဆိုလျှင် မြဒါသူ၏ ညှိုးညှိုးလျှလျှ လှလှပပ မျက်နှာလေးကိုမြင်ရဖို့ မလွယ်တော့ပါလား။ မြဒါသူတို့အိမ်ကို သွားလည်ဦးမည်ဟူသော စိတ်ကူးမှာလည်း မတွေးဝံ့စရာပါလား။

သူ့အမေ၊ သူ့အဒေါ်၊ သူ့အဘွားတို့က သွက်လက်ချက်ချာပုံရသလောက် စကားနည်း၍ ဣန္ဒြေကြီးလွန်းသောဆရာမကို သူဘယ်ကဘယ်လို ချစ်ရေးဆိုခွင့်ရပါတော့မည်နည်း။

မူးမေ့သွားခဲ့သောညက သတိရလျက်နှင့် တစ်ချိန်လုံး မျက်စိမှိတ်ထားခဲ့သည်မှာလည်း သူ့ကိုရှက်၍ ဖြစ်ပေမည်။

''ဪ ဆရာမရယ်၊ ဆရာမ ကျွန်တော့်ကို ဒီလောက်ရှက်သွားရအောင်''

ဆေးမှူးကိုကျော်ဇေယျမှာ တွေးရင်းတွေးရင် ရင်ခုန်လာသည်။

သွားလည်းဒီစိတ်၊ စားလည်းဒီစိတ်ဖြစ်နေသည်။ အိပ်တော့ပိုဆိုး၏။ အိပ်တော့မည်ဟု ခုတင်ပေါ်တက်လိုက်သည်နှင့် မြဒါသူ၏ နွမ်းနွမ်းလျှလျှ မျက်နှာပုံရိပ်လှလှက သူ့နှလုံးသားထဲ ရောက်လာ၏။ လုံးဝအိပ်မရတော့။

အိမ်ကိုသွားလည်လျှင်လည်း အတွေ့ခံမည်မဟုတ်မှန်းသိသည်။ သူ့သမီးရှက်နေသည်ကို သိထားကြသဖြင့် မိဘနှင့် အိမ်သူအိမ်သား



များကလည်း လိုလိုလားလား ရှိကြမည်မဟုတ်။ ထို့ကြောင့် ဆေးသွားထိုးပေးနေရသော ဆရာမကြီးကိုသာ မေးရသည်။

''ဆရာမကြီး လူမမာ ဘယ့်နှယ့်နေသေးလဲ''

''နေကောင်းသွားပါပြီ ဆရာရယ်၊ မနက်ဖြန်ခါတောင် ကျောင်းသွားတက်တော့မယ်ပြောတယ်''

ဆရာမကြီးစကားကြောင့် သူအရမ်းဝမ်းသာသွား၏။ သို့သော်လူချင်းတစ်ခါမှ မတွေ့ရသည်ကိုတော့ ရင်ထဲကဆွေးနေ၏။

မြဒါသူ၏ ကျောင်းတက်ကျောင်းဆင်းချိန်ကို ကလေးတွေဆီမှစုံစမ်းရသည်။ စိတ်ထဲမှာ မြဒါသူကို ဘယ်လိုတွေ့ချင်နေမှန်းမသိ။ ဣန္ဒြေကြီးလွန်း၍ အကြောင်းမဲ့ အရှက်ကြီးရှက်သွားသော ဆရာမကို အကြောင်းစုံပြောပြချင်သည်။

ရှေးဦးသူနာပြုသင်တန်းပေးရန် ကျောင်းသူကျောင်းသားများကိုသွားစည်းရုံးစဉ်ကစပြီး သီတင်းကျွတ်ပွဲတော်ညထိ သူ့ရင်ထဲကဝေဒနာများကို ဆရာမသိစေချင်သည်။

ထို့ကြောင့် နံနက်ကတစ်နေ့မှာ မင်းရွာအလယ်တန်းကျောင်းနား၌ရှိ အကြော်ဆိုင်ကိုရောက်သွားသည်။ အကြော်တစ်ပွဲကို မစားချင်စားချင်နှင့် ကောက်ဝါးရင်း ရွာမြောက်ဖျား လမ်းဘက်ဆီသာ မျှော်နေမိသည်။ တချို့ဆရာမတွေက ကမ်းလွန်သာပြန်ရန်သွားသောကားလမ်းမအတိုင်း စက်ဘီးနှင့်လာကြသည်။

မြဒါသူမှာ သူ့အဖေဝယ်ပေးထားသော စက်ဘီးကို ချောင်ထိုးထားသည်ဟု သူ့အဒေါ်ကပြောဖူးသဖြင့် စက်ဘီးနှင့်လာသောဆရာမငယ်ကို သူများစွာသတိမထားမိ။ သူ့ကို နီးနီးကပ်ကပ်တွေ့သွားလျှင် ပိုရှက်ပြီး ပြန်ပြေးမှာစိုးသဖြင့် ကျောင်းနှင့် နီးနီးကပ်ကပ်အကြော်ဆိုင်မှာလည်း မထိုင်ရဲ။ ယခု တာရိုးဘေးက အကြော်ဆိုင်နှင့်ကျောင်းလမ်းမှာ နည်းနည်းလှမ်းသဖြင့် သေသေချာချာ စူးစိုက်စိုက်ကြည့်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေကျင်လာသော ကျောင်းသူကျောင်းသားများထဲ၌သာ မြဒါသ ကို ဂရုတစိုက်ရှာဖွေကြည့်မိသည်။ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများအားလုံး ကျောင်းဝင်းထဲဝင်သွားကြပြီ။ မြဒါသူကို တော့ အရိပ်အရောင်မျှ မမြင်လိုက်ရ။ နေမကောင်းပြန်ဖြစ်လို့ ကျောင်းမတက်ဘဲ နေလေသလား။

သူ့အတွေးမဆုံးခင် ကျောင်းတက်ခေါင်းလောင်းထိုးသံများကို ကြားရသည်။ ကျောင်းဝင်းထဲတွင် ပြေးလွှားဆော့ကစားနေကြသော ကျောင်းသူကျောင်းသားများ စာသင်ခန်းထဲ ပြေးဝင်သွားကြ၏။ ဆူညံနေသောအသံများ ရုတ်ချည်းတိတ်ဆိတ်သွားသည်။ ကျောင်းဝင်း ထဲမှာ လူရှင်းသွားသည်။

ရင်ထဲပိုဟာလာသည်။ မြဒါသူ၏အရိပ်အခြည်ကိုပင် မမြင်ခဲ့ရ ဘဲ ဆွေးပြီး အလယ်တန်းကျောင်းဘက်မှ ဆေးခန်းသို့ ပြန်လာရသည်။ ဆေးခန်းတွင် ဆရာမတွေစုံနေပြီ။ လူနာ သုံးလေးယောက်လည်း ရောက်နှင့်နေပြီ။ ရင်ထဲ၌ ဖောင်းကျပ်လာသည်။ မြဒါသူကျောင်းပြန် မတက်သေးပါဘူးဟူသောအတွေးနှင့် ဆရာမကြီးကို ထပ်မေးမိပြန် သည်။

''ဆရာမ လူမမာနေကောင်းသွားပြီလား''

''ရှင် ဘယ်လူနာလဲဆရာ''

''ဩြ် . . ဟိုကျောင်းဆရာမ မြ . .''

''ကျောင်းတက်နေတာ ကြာပြီပဲဆရာရဲ့၊ ဒါပေမယ့် သူ့ကြည့် ရတာ ကျွန်မတော့ သိပ်အားမရသေးဘူး၊ ဆရာဝန်ကြီးကလဲ နားနား နေနေ အနားယူနေပါဦးလို့ မှာလိုက်တယ်တဲ့၊ အဲဒါ ကလေးတွေ စာမေးပွဲနီးလို့ဆိုပြီး ကျောင်းတက်နေတယ် ပြောတာပဲ၊ သူ့အိမ်က လည်း တိုင်ကြတယ်၊ ကျွန်မလည်း ဖြောင်းဖျပြောကြည့်ပါသေးတယ် ဆရာမလေးက ကြည့်တော့သာ မလှုပ်တလှုပ်ပေ့မယ့်၊ ခေါင်းမာ ရတယ်၊ မာနလဲ ကြီးသလိုပဲ၊ ရမယ့်ပုံမပေါ်ပါဘူး၊ ဆရာတစ်ခေါက်



လောက် အိမ်သွားတွေ့ပြီး ဖြောင်းဖျပြောကြည့်ပါလား''

သူနှင့်မြဒါသူတို့အကြောင်း လုံးဝမသိသော ဆရာမကြီး၏ စကားကို ကျွန်းမာရေးမှူး ကိုကျော်ဇေယျက သက်မအကြိမ်ကြိမ် ချမိပြန်သည်။

''ဆရာဝန်ကြီးပြောတာတောင် လက်မခံတဲ့ဆရာမကို ကျွန်းမာရေးမှူးက သွားပြောရင် ဘယ်အတွေ့ခံ၊ အဲ . . ရိုက်လွှတ် မှာပေါ့ ဆရာမကြီးရယ်၊ ကျောင်းဆရာ၊ ဆရာမတွေဆိုတာ ကျွန်တော် တို့ ကျန်းမာရေးဝန်ထမ်းတွေလိုမဟုတ်ဘူး ဆရာမကြီး၊ လူမြင်သမျှ သူတို့တပည့်လေးတွေချည်း ထင်တတ်ကြတာ။ အတော်ကြာ သူ့ကို ဆရာလာလုပ်ရပ့ါမလား၊ ဘာလား ညာလားဆို''

''ဟုတ်ပါ့၊ ကျွန်မတို့ကတော့ အင်မတန် အနေ်အနာခံရ ပါတ်ရှည်ရပါလားနော်၊ အဲလေ . . သည်းခံခွင့်လွှတ်ရမယ်ဆိုတဲ့ သင်ခန်းစာတွေသင်ရတာ သင်တန်းတုန်းက သဘောမပေါက်ဘူး၊ ခု ကျေးလက်ဆင်းရတော့မှ နဖူးတွေ့ ဒူးတွေ့ ကြုံနေရပြီ၊ ခုလဲ ဟကယ်ဆို ကျောင်းတက်နေပြီပဲ၊ ဆေးခန်းကိုလာထိုးဖို့ ကောင်းတာ ပေါ့၊ ခုတော့ သူ့အိမ်သွားပြီး ဆေးထိုးပေးနေရတာ ဒေါက်တာ ရှိးကုလားတောင် ထင်ကြမယ်၊ ကျွန်မတို့မှာ''

''ဩော် . . ဒီလိုလဲဘယ်ဟုတ်ပါ့မလဲ ဆရာမကြီးရယ်၊ ဆရာဝန် ကြီးကလဲ မှာထားတော့''

''အဲဒါဆို နောက်အပတ်ကို ဆရာပဲ သွားထိုးပေးလိုက်ပါလား''

ကိုကျော်ဇေယျက ဆရာမကြီးကို မချိသွားဖြဲနှင့် ပခုံးတွန့်ပြ လိုက်ရ၏။

*******************

''ခုတလော ဆရာလဲ စက်ဘီးတစ်စီးနဲ့ ဘယ်တွေဘယ်တွေ ခြေစကြာဖြန့်နေလဲ မသိဘူး''

www.burmeseclassic.com

www.burmeseclassic.com



သူမျက်နှာကိုမြင်သည်နှင့် တစ်နေ့ကပင် ခံစားချက်ရှိထားဟန် တူသော ဆရာမကြီးက ဆီးပြောသည်။

"ဘယ်မှ မဖြစ်နိုင်ပါဘူး ဆရာမကြီးရယ်၊ ချစ်သောမြဒါသူကို သွားရှာတာဗျာ၊ ဆရာမကြီးပြောတော့ ကျောင်းတက်နေပြီဆို မတွေ့ပါလား" ဟု ရင်ထဲက အော်ပြောလိုက်ချင်သည်။

သို့သော် လူနာများနှင့် ဆရာမများရှေ့မို့ "ဆရာမ မေ့နေပြီနဲ့ တူတယ်။ ဒီလ ဒီဇင်ဘာလလေ စောစောအိပ်လို့၊ စောစောထလို့ ဂျူတီနောက်ကျကြပါစို့လေ ဟဲ ဟဲ" ဟု ရည်ရွှန်းဖတ်ရွှန်း ပြောလိုက်ရ၏။

"တောင်ခြေတက်ရမယ်တဲ့ဆရာရေ၊ စောစောကမှ စခန်းက လာပြောသွားတာ"

တောင်ခြေတက်ရမည်ဆိုသည်မှာ တောင်ခြေရှိ သစ်စခန်း၊ ဆင်စခန်းများနှင့် တောင်ခြေကရွာများကို ကျန်းမာရေးစစ်ဆေး လှည့်လည်ရခြင်းဖြစ်သည်။ ဤသည်မှာလည်း အဆန်းမဟုတ်။ နှစ်လ တစ်ခါ၊ သုံးလတစ်ခါ သွားနေကျမို့ ဆရာ-ဆရာမများအတွက် ရိုးနေလေပြီ။ သူတို့ တောင်ပေါ်တက်လျှင် လုံခြုံရေးအတွက် ရဲတပ်သားတွေလည်း ပါနေကျဖြစ်သည်။

"ဘယ်နေ့တဲ့လဲဆရာမ"

"သန်ဘက်ခါတဲ့ ဆရာရေ"

"ညှိသည့်ပါသေးလား ဆရာမ"

"ညှိသည် ဆိုမလား ‥ ညှိမြှောင် ဆိုမလား လယ်ယာက အရာရှိ တစ်ယောက်ပါမယ်တဲ့"

"တောင်ပေါ်တက်တာ လယ်ယာနဲ့ ဘာဆိုင်လဲဗျာ"

"အို ‥ ဆရာကလဲ အဲဒါကြောင့် လူပျိုကြီးဖြစ်နေတာ၊ လယ်ယာနဲ့ သစ်တောဌာန ဆိုတာ ‥"

"ဟား ‥ ဟား ‥ ဟုတ်သားပဲ"



"မနက်စာတော့ ဆည်မြောင်းက မင်္ဂလာမှာ စားကြမယ်တဲ့"

"ကောင်းသားပဲ ဆရာမ၊ ခုအပတ် ကျွန်တော်တို့ဆီက ဘယ်သူတွေ ပါမှာလဲ"

"ခုအပတ်ကတော့ အေးရီနဲ့လှလှအပတ်ပဲ ဆရာရေ့"

"ဆရာမကြီးပါလိုက်ချင်လိုက်ခဲ့ပါဦးလား၊ ဟိုအပတ်ကပွင့် နေတဲ့ ဆည်အောက်ခရမ်းခင်းတွေ ခုလောက်ဆို အနေတော်နေမှာ၊ ဆရာမမျက်စိထဲ နောက်ထပ် ဝယ်ဂျီတေဘယ်တွေလဲ အများကြီး မြင်ထားခဲ့မှာပေါ့ ဟဲ ‥ ဟဲ"

"ဟဲ ‥ ဟဲ ဆရာကတော့လုပ်ပြီ၊ ဟိုအပတ်က ပဲသီးတွေ ကျွန်မ ပိုက်ဆံပေးပြီး ဝယ်လာတာပါနော်"

"ဟုတ်ပါတယ် ‥ ဘယ်သူက ဘာပြောလို့လဲ၊ ခုလဲ ဟိုအပတ်က ပွင့်နေတဲ့ ဆည်အောက်ခရမ်းခင်းထဲဝင်ပြီး ဝယ်ဖို့ ပြောတာပါဗျာ"

"ဆော်ရီးပဲဆရာရေ၊ ပျားရည်တွေ၊ မီးတောက်တွေ အလကား ရမယ်ဆိုတာတောင် ဒီအပတ်တော့ ကန်တော့ဆွမ်းပါဘုရားပဲ၊ ဟဲ ‥ ဟဲ"

"ဟဲ ‥ ဟဲ"

"ဟဲ ‥ ဟဲ"

"ကောင်းတယ် ‥ ကောင်းတယ်၊ ဒီတစ်ခါတော့ သိပြီ"

"ဟား ‥ ဟား"

"အဲဒါကြောင့်ပြောတာပေါ့ဆရာရေ့ ‥ မြူသလိုပုံနဲ့ ကလေးကို မစနဲ့တဲ့၊ လူကိုယုံလို့ အကြွေးမချနဲ့တဲ့"

"ဟ ‥ အေးကလဲ အလာကြီးပဲ လုပ်ပါဦး ‥ ကလေးကို မစတော့"

အိမ်ထောင်သည်ဖြစ်သည့်အပြင် အသက်လည်း အကြီးဆုံး ဖြစ်သော အပြာဝတ်ဆရာမကြီးကို အားလုံးက ချစ်စနိုးနှင့် "ဟို

www.burmeseclassic.com

www.burmeseclassic.com



ကလေးမလေးကော''၊ ''ဟို ကလေးမလေးက ပြောတာပဲ''၊ ''ဟို ကလေးမလေးကော မမြင်ပါလား'' နှင့် စနေကြ ပြောနေကြ ဖြစ်လေရာ၊ ယခုလည်း ဆရာမ အေးအေးရီက ''မြူသလိုပုံနှင့် ကလေးကိုမစ.နဲ့'' ဟု ဆိုသည်။

''မြူသလိုပုံနဲ့ ကလေးကို စ.တော့ ကလေးအမိုက်အမဲမှာ ဆဲတတ်သည်တဲ့ဆရာ''

''ဟဲ့ ‥ ခွေးမလေး၊ ငါက ဆရာ့ကို ဆဲလို့လားဟဲ့''

''သဘောကိုပြောတာပါ ကလေးမလေးရယ်၊ ဟား ‥ ဟား''

''ဟဲ ‥ ဟဲ''

''ခစ် ‥ ခစ် ‥ ဟိ''

ဆရာမတွေရှိနေလျှင် ဆေးခန်းမှာ တစ်ယောက်နှင့် တစ်ယောက် နောက်ကြ ပြောင်ကြ။ လူနာရောက်လာလျှင် ဝိုင်းပန်းကူ ကုသပေးကြနှင့် ကိုကျော်ဖေယျရင်ထဲက အဆွေးဝေဒနာမှာ အနည်းငယ် သက်သာရာရသည်။

သို့သော် ‥ ဆရာမများ ပြန်သွားကြပြီး ဆေးခန်းပိတ်ပြီးသည်နှင့် ဆေးခန်းရှေ့က လက်ပံပင်မြစ်ဆုံပေါ်ထိုင်ကာ မှိုင်ပြီး တွေးပြီ။

၊ မြဒါသူ၏မျက်နှာလေးကို မြင်ရလိုမြင်ရငြား အလယ်တန်း ကျောင်းနားက အကြော်ဆိုင်မှာ မနက်တိုင်း သွားထိုင်နေခဲ့သည် မှာလည်း တစ်ပတ်မက၊ တစ်လမက ရှိပြီ။ သီတင်းကျွတ်ကျောင်း ပိတ်ရက်ပြီးကတည်းက မျှော်လင့်ကြီးစွာ စောင့်ခဲ့သည်။ သို့သော် ချစ်သောမြဒါသူကိုကား တစ်နေ့မှ အရိပ်အယောင် မတွေ့ရ မမြင်ရသေး။ သီတင်းကျွတ် တန်ဆောင်မုန်းမှာ ကျောင်းပိတ်ရက်တွေ ကလည်း များသဖြင့် သူ့ရင်ထဲ ပို.ဟာလာသည်။

ဆရာမကြီးကို မေးကြည့်တော့လည်း ကျောင်းတက်နေပါပြီ ချည်းပြော၏။ ခဏခဏလည်း မမေးရဲ။ ကျောင်းဝင်းထဲဝင်ပြီး၊ အိမ်ကို



သွားပြီး မေးဖို့မြန်းဖို့ဆိုတာကတော့ ဝေလာဝေးပင်။ ကျောင်းထဲ အိမ်ထဲ သွားမေးဖို့လည်း သူ့မှာပိုမဝံ့။

သူ့သဘောမှာ မြဒါသူကို ပထမ ဝေးဝေးက လှမ်းရိပ်ပြမည်။ မြဒါသူမြင်နိုင်သောနေရာတွင် ထိုင်နေမည်။ သည်လို လေးငါးရက်ကြာပြီးမှ မြဒါသူကို ''ဆရာမ နေကောင်းပလား ခင်ဗျာ'' ဟု သွားနှုတ်ဆက်မည်။ ပြီးမှ ရင်းနှီးအောင်လုပ်မည်။ ပြီးမှ ‥ ပြီးမှ ‥။

မြဒါသူအကြောင်းတွေးလျှင် ချက်ချင်းရင်ခုန်လာသည်။ လူ့ကကာကို ဆေးကုသပေးနေသော ကျေးလက်ကျန်းမာရေးမှူး၏ ဝေဒနာမှာ ယခုအခါ အတော်ရင့်နေလေပြီ။ သွားလည်း ဒီစိတ်၊ လာလည်း ဒီစိတ်နှင့် သူ့ဝေဒနာမှာ မြဒါသူကလွဲလျှင် ကုရာနတ္တိ ဆေးမရှိ ဖြစ်နေလေပြီ။

**********************

သစ်ကွက်တက်ကြမည့် သစ်ကားနှစ်စီးသည် စောစောစီးစီး ဆေးခန်းရှေ့လာရပ်သည်။ အသင့်စောင့်နေသော ကိုကျော်ဖေယျ ဆေးခန်းထဲကထွက်လာ၏။ ပထမကားမှ ယာဉ်မောင်းဦးတင်ဖေက

''ဆရာ ‥ ကျွန်တော့်ကားပေါ်ကြွပါ'' ဟုဆိုသည်။

ဒုတိယကား၏ ဦးခေါင်းထဲတွင် ဆရာမနှစ်ယောက်ကို လှမ်းမြင် ရသည်။

ကားခေါင်းနားအရောက်တွင် ယာဉ်မောင်း ဦးတင်ဖေ၏ ဘေးတွင် ထိုင်နေသော လယ်ယာညွှန်သည် ဦးအောင်ဝင်းမြင့်က တံခါးဖွင့်ပေးပြီး

''ကြွပါ ဆရာ'' ဟုဆိုသည်။

''ဟုတ်ကဲ့ ခင်ဗျာ'' ဟုပြောပြီး ဦးအောင်ဝင်းမြင့်ဘေးတွင် ဝင်ထိုက်လိုက်ရသည်။

ဦးအောင်ဝင်းမြင့်မှာ လူချင်းမရင်းနှီးကြသော်လည်း မျက်နှာသိ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သဖြင့် ''ဦးအောင်ဝင်းမြင့်က ဆည်တော်ကြီးဘက်တက်မယ် ထင်တယ်'' ဟု နှုတ်ဆက်လိုက်ရသည်။

''ဟုတ်တယ် ဆရာ၊ ဆရာတို့အဖွဲ့နဲ့ကြုံလို့ ဟန်ကျသွားတယ် ဗျာ၊ ကျေးဇူးပါပဲ''

ဆေးခန်းရှေ့က ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့်ထွက်လာသည်။ ရဲစခန်းရှေ့တွင် ကားရပ်ပြီး လုံခြုံရေးရဲတပ်သားနှစ်ယောက်ကို ဝင်ခေါ်ရ၏။ ကားနှစ်စီးလုံး၏ သစ်တင်ဖက်လက်ပေါ်တွင် ရဲတပ်သား နှစ်ယောက်အပြင် တောလိုက်ကြမည့် ခရီးသည်နှစ်ဆယ်ကျော်ကျော် လောက်လည်း ခရီးကြုံပါလာကြသေးသည်။

ခါတိုင်းနေ့နှင့်စာလျှင် ဤနေ့နှင်းပါးသည်။ ကမ်းလွန်သော ရန်ပြေသွား ကားလမ်းတွင်လည်း ပါးပါးလျလျသာ ဝေ့နေသည်။ မင်းတံတားမရောက်ခင်ပင် နေပွင့်လာသည်။

သစ်ကော်ကားကြီးတစ်စီး တံတားကိုဖြတ်လာနေသဖြင့် သူတို့ကားနှစ်စီးကို ဘေးကပ်ရပ်ပေးထားရသည်။ စက်ဘီးနှစ်စီးနှင့် ကျောင်းသူကျောင်းသားလေးငါးယောက်လည်း တံတားထိပ်တွင် မတ်တတ်ရပ် စောင့်ဆိုင်းနေကြသည်။

လုံချည်စိမ်း၊ အကျီစိမ်းကိုမြင်သည်နှင့် ကိုကျော်ဇေယျက မြဒါသူကို ချက်ချင်းသတိရသွားသည်။ စက်ဘီးနှင့်ရပ်နေသော ဆရာမတစ်ယောက်ကို ကားခေါင်းဘေးတံခါးပေါက်မှ ခေါင်းပြူကြည့် လိုက်ရာ ရင်ထဲ ဒိန်းခနဲမြည်ဟည်းသွား၏။ တွေ့ပြီ၊ ဆရာမ မြဒါသူ။

''ဟင်. . ဆရာမ''

ဘယ်လိုမှ နှုတ်ကိုထိန်းမရလိုက်ဘဲ ထွက်သွား၏။ မြဒါသူ ကလည်း မော်ကြည့်သည်။

''သြော် . . ဆရာ'' ဟု အံ့သြသလိုဆိုပြီး ရုတ်တရက် မျက်လွှာချပစ်လိုက်သည်။

ကိုကျော်ဇေယျမှာ ဝမ်းသာလိုက်သည့်အဖြစ်။



သစ်ကော်ကားကြီးနှစ်စီး လွန်သွားသောအခါ ကျန်းမာရေးအဖွဲ့ ကားကြီးနှစ်စီးက တံတားထဲရှေ့ဝင်သည်။ ကိုကျော်ဇေယျအကြည့်ကမူ မြဒါသူ၏ နွမ်းနွမ်းလျလျ လှလှပပ မျက်နှာမှ မခွာနိုင်သေး။

လည်စောင်းနောက်ပြန် လှည့်ကြည့်နေသောသူ့ကို ဆရာမ မြဒါသူကလည်း စိုက်ကြည့်နေသည်။ သူတို့ကားက တံတားအလယ်ထိ ရောက်သွားချိန်တွင် မတ်တပ်ရပ်ငေးကြည့်နေသော မြဒါသူအား

''သွားမယ်နော် ဆရာမ'' ဟု အော်ပြောပြီး လက်လည်း ထုတ်ပြလိုက်မိသည်။

အပြုံးကို မမြင်ရသော်လည်း ဤမျှဆိုလျှင် ဆရာမ မြဒါသူက သူ့ကို အရှက်ကြီးရှက်မနေတော့။ မေးထူး ခေါ်ပြော၍ရသောအဆင့် သည် သူ့အတွက် အလွန်ဝမ်းသာစရာကောင်းသော ဆုလာဘ်ကြီးပင်။

အမှန်က သူနှင့်မြဒါသူ လွဲနေကြခြင်းမှာ စက်ဘီးကြောင့် ဖြစ်သည်။ မြဒါသူ စက်ဘီးစီးပြီးကျောင်းမသွားတတ်ဟု သူ့အဒေါ် ပြောဖူးသောစကားကြောင့် စက်ဘီးစီးသွားသော ဆရာမများကို သူ ဂရုစိုက်မကြည့်မိခဲ့။ ယခု မြဒါသူက စက်ဘီးနှင့် ကျောင်းသွားခြင်းမှာ နားလန်ထစ အားနည်း၍လည်း ဖြစ်ပေမည်။ သို့မဟုတ် ကျန်းမာရေး အတွက်လည်း ဖြစ်နိုင်သည်။

တောင်ခြေက ''ထိန်ပင်စု'' ရောက်သောအခါ သူတို့ ကျန်းမာရေး ဆေးအဖွဲ့ကို ချထားခဲ့ပြီး သစ်တိုက်ကားနှစ်စီးက သစ်ကွက်ဘက် ဆက်ထွက်သွားသည်။ သူတို့လည်း ရွာထဲဝင်လာ ကြ၏။

ဆောင်းသမယဖြစ်သဖြင့် ဟေမန္တ၏ နှင်းမှုန်များက တောင်ခြေတွင် ဝေ့နေသည်။ ကိုကျော်ဇေယျမှာ တစ်နေ့လုံး ပျော်နေ၏။ သူ့ဆေးအဖွဲ့သားတွေနှင့် ပြောင်လိုက် နောက်လိုက်၊ ဆေးကုလိုက်နှင့် တစ်နေ့ကုန်သွားသည်။

ရွာပြန်ရောက်လျှင် မနက်ဖြန် ဆရာမကို မင်းကုန်းတံတား

www.burmeseclassic.com

www.burmeseclassic.com

ထိပ်တွင် သွားစောင့်ဦးမည်ဟု မှန်းထားသည်။ "ဆရာမ နေကောင်း သွားပြီလား" ဟု မမေးလိုက်မိသည်ကိုတော့ စိတ်မကောင်းဖြစ်မိ၏။

*********************

မိုးလင်းသည်နှင့် ရင်ခုန်လာသည်။ ဆေးအဖွဲ့နှင့် တောင်ကျွန်းရွာဘက် သွားလှည့်ရသောနေ့ကပင် မနက်ဖြန်ခါ မြဒါသူကို သွားစောင့် တွေ့မည်ဟု ဆုံးဖြတ်ချက်ချခဲ့သော်လည်း မသွားဖြစ်ခဲ့။ သိပ်စောလွန်း နေမလား၊ ကျွန်မရများ ဖြစ်နေလေမလား၊ ဆရာမက သူ့ကို လာရစ်မှန်းသိပြီး စိမ်းကားသွားလေမလားနှင့် မဝံ့မရဲဖြစ်ကာ သုံးလေး ရက်ကြာသွားသည်။ စိတ်ကသာ မြဒါသူဆီတစ်ချိန်လုံး ရောက်နေ သော်လည်း လူကား တစ်နေ့မှ မရောက်ဖြစ်သေး။

ထို့ကြောင့် ဤနေ့တော့ ဆရာမကို သွားစောင့်ဦးမည်ဟု စိတ်ကိုဆုံးဖြတ်ကာ စောစောစီးစီး ဆေးခန်းထဲက ထွက်လာသည်။ အပြင်တွင် နှင်းများသိပ်သည်းနေ၏။ သွားလာလှုပ်ရှားနေကြသူများ ပင် သိပ်မရှိကြသေး။

စက်ဘီးနှင့် အလယ်တန်းကျောင်းဘက်ကို တစ်ပတ်လှည့်ကြည့် သည်။ စောသေးသဖြင့် မည်သည့် ဆရာ၊ ဆရာမနှင့် ကျောင်းသူ ကျောင်းသားများကိုမှ မတွေ့ရ။ တစ်နေ့ကပင် ဇိတ်ကူးလာသလို မင်းကုန်းတံတားထိပ်မှာ သွားစောင့်နေမည်ဟူသော ဆုံးဖြတ်ချက် ကိုလည်း ပယ်ဖျက်လိုက်ရသည်။ တံတားထိပ်တွင် တစ်ယောက်တည်း ငုငုကြီးမတ်တပ်ရပ်စောင့်နေသည်ကို ဆရာ၊ ဆရာမများနှင့် ကျောင်းသူကျောင်းသားများ အားလုံး ရိပ်မိသွားနိုင်သည်။ ထိုအခါ ကျွန်ကြီးလွန်းသော မြဒါသူလည်း ရှက်သွားပေလိမ့်မည်။

ခရီးသွားဟန်လွှဲ လမ်းမှာတွေ့တာက ကျွန်ရမည်ဟူသော အတွေးနှင့် ကျောင်းနားက အကြော်ဆိုင်တွင် ဝင်ထိုင်သည်။ အကြော် တစ်ပွဲကို ကမန်းကတန်းစားပြီး ရေနွေးကြမ်းတစ်ခွက်ပြီးတစ်ခွက်



သောက်ကာ အခြေအနေကို စောင့်ဆိုင်းနေသည်။

မကြာမီပင် ကျောင်းသူကျောင်းသားများ တစ်ယောက်ပြီး တစ်ယောက် ရောက်လာကြသည်။ ခြေကျင်လာသော ဆရာ တစ်ယောက်နှင့် ဆရာမတစ်ယောက်ကိုလည်း လှမ်းမြင်ရသည်။ ဤလောက်အချိန်ဆိုလျှင် မြဒါသူ အိမ်ကထွက်လာလောက်ပြီဟူသော အတွေးကြောင့် အကြော်ဖိုးပေးပြီး ဆိုင်ကထွက်လာသည်။

လမ်းတွင်လွှဲနေမှာစိုးသဖြင့် စက်ဘီးကို ဖြည်းဖြည်းသာ နင်းလာ၏။ နှင်းသိပ်သည်းနေသဖြင့် လမ်းတွင်တွေ့ရသော ကျောင်းသူကျောင်းသားများနှင့် ဆရာ ဆရာမများကို သေသေချာချာ ဂရုစိုက်ပြီး ကြည့်လာသည်။ မျက်နှာချင်းဆိုင်ဖြစ်သဖြင့် မြဒါသူကို တွေ့လျှင်တော့ ချက်ချင်းမှတ်မိလွယ်သည်။

ကျောင်းဆရာ အသိတစ်ယောက်က "စောစောစီးစီး ဘယ်က ပြန်လာတာလဲဆရာ" ဟု နှုတ်ဆက်သွား၏။

"ဟိုဘက်အပိုင်းက" ဟုပြောပြီး စက်ဘီးကို အရှိန်မပျက် ဆက်နင်းလာသည်။ မင်းကုန်းတံတားထိပ်သို့သာရောက်လာ၏။ မြဒါသူကိုကား မတွေ့ရသေး။ ရင်ထဲက ပိုပြီးအခုန်မြန်လာသည်။ တံတားထိပ်တွင် ငုငုကြီးရပ်မစောင့်ရဲသဖြင့် လမ်းမကြီးအတိုင်း မြဒါသူတို့အိမ်ဘက် ဆက်ထွက်လာသည်။ လမ်းတစ်လျှောက်လုံးတွင် ကျောင်းသူကျောင်းသား၊ ဆရာ ဆရာမများကို အတွေ့စိပ်လာသည်။ ရင်ခုန်သံက ပိုမြန်လာ၏။

မြဒါသူတို့အိမ်နှင့် ပိုနီးလာသည်။ မြဒါသူကို မမြင်ရသေး။ နေရောင်ခြည်ထဲတွင် ဆောင်းနှင်းပွင့်များ ဝေနေသည်။ စက်ဘီးကို ရပ်ပြီး ခဏနားနေ၏။ ခုထိမလာသေးပါလား၊ ဒီကနေ့ မြဒါသူ ကျောင်းမှတက်ပါ့မလား ဟု တွေးမိသောအခါ ရင်ထဲ ဆွေးသွားရ ပြန်၏။

"လာမှ လာပါ့မလား" ဟူသောအတွေးနှင့် စက်ဘီးကို

www.burmeseclassic.com

www.burmeseclassic.com

ထိပ်ဖျားပြည်းမှန်မှန် နင်းလာသည်။ ကမ်းလွန်သာ ရန်ပြေသွား ဖွဲ့ဘားလမ်းမဘေးရှိ တလင်းတစ်ခုနားအရောက်တွင် မြဒါသူကို လှမ်းမြင်ရသည်။ ရုတ်ခြည်း တစ်ကိုယ်လုံး နွေးထွေးသွား၏။ မြဒါသူ ကလည်း သူ့ကို မြင်ပုံရသည်။ မြဒါသူနောက်တွင် ကျောင်းသူတစ် ယောက်ကလည်း စက်ဘီးနှင့်

စက်ဘီးကိုရပ်လိုက်သည်။ မြဒါသူ၏မျက်နှာကို ငေးကြည့်ရင်း စောင့်နေ၏။ မြဒါသူကလည်း စက်ဘီးကို အရှိန်လျှော့လိုက်သည်။

"ဆရာမ နေကောင်းသွားပြီနော်"

တစ်နေ့က မမေးလိုက်ရသောစကားကို ဤနေ့မှ မေးဖြစ်သည်။

"ဟုတ်ကဲ့"

မြဒါသူက စက်ဘီးကို ရပ်လိုက်သောအခါ သူ့မှာ ဘာဆက်ပြော ရမှန်းမသိ ဖြစ်သွားပြန်၏။

"ဆရာ့ကို ကျွန်မ ကျေး ‥ ကျေးဇူးတင်စကား လာမပြော မိတာ ခွင့် ‥"

"ကိစ္စမရှိပါဘူးဆရာမရယ်၊ ကျွန်တော်လဲ လာမလို့ပါပဲ၊ အလုပ် များတာနဲ့၊ ဒါပေမယ့် ဆရာမကြီးကို အမြဲမေးနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

ဝမ်းသာလိုက်သည်မှာ ဆိုဖွယ်ရာမရှိတော့။ ကိုကျော်ဇေယျ၏ ရင်ထဲမှာ အပျော်ငှက်ကလေးတွေက တဖျပ်ဖျပ် တောင်ပံခတ်နေ ကြသည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အတန်ကြာ နှုတ်ဆိတ်နေကြ၏။ နေကောင်း ကျန်းမာနေ၍လား၊ ပျော်နေ၍လား မသိ။ မြဒါသူ၏မျက်နှာမှာ နံနက်ခင်း၏ လန်းဆန်းမှုနှင့်အတူ လှပ ကြည်လင်နေသည်။ ယခင်ကလို နွမ်းလျလျမျက်နှာမျိုး မဟုတ်တော့။

"ကျောင်းချိန် နောက်ကျနေမှာစိုးလို့ သွားလိုက်ပါဦးမယ်နော် ဆရာ၊ အားရင် အိမ်ကိုလဲ လာလည်ပါဦးနော်"



"ဟုတ်ကဲ့ ‥ ဟုတ်ကဲ့ ဆရာမ"

သူနှင့်အတူရပ်နေသော စက်ဘီးနှင့်ကျောင်းသူလေးကလည်း ကိုကျော်ဇေယျကို

"ခွင့်ပြုပါဦး ဆရာ" ဟုပြောပြီး သူ့ဆရာမနောက် လိုက်သွား၏။

နှင်းဆီသွေးနှုတ်ခမ်းဖျားတွင် အပြုံးလေးတစ်စနှင့် နှုတ်ဆက် ထွက်ခွာသွားသော မြဒါသူကို အကြာကြီး ငေးကြည့်နေမိသည်။ သူထင်သလို နောက်ပြန်တော့ ဆရာမက လှည့်မကြည့်ခဲ့။

သို့သော် ဤနေ့မှ ကိုကျော်ဇေယျ အပျော်ကြီး ပျော်လာမိသည်။ နောက်သုံးလေးရက်ကြာလျှင် ဆရာမ မြဒါသူတို့အိမ်ကို သွားလည် နိုင်ပြီ။

ကိုကျော်ဇေယျသည် ဤလောက၌ အပျော်ဆုံးလူတစ်ယောက် နှင့် အပျော်ဆုံး နေ့တစ်နေ့ကို ပိုင်ဆိုင်ရရှိလာခဲ့ပြီ။ စက်ဘီးကို တအားနင်းပြီး လေချွန်လာလေသည်။

******************

"ဆေးတွေတော့ ရခဲ့ပါတယ်နော် ဆရာမကြီး၊ ကျွန်တော်တို့ အတွက် ဘာတွေပါသေးလဲ"

မြို့တွင် ဆေးသွားထုတ်သော ဆရာမကြီး ပြန်ရောက်လာ သဖြင့် ကိုကျော်ဇေယျက မေးသည်။

"ဆရာ့အတွက်လား၊ စပယ်ရှယ် အေအိုင်ဒီအက်စ် ပါတယ်"

"ဟဲ ‥ ဟဲ၊ ဒီကလေးမ လုပ်ပြန်ပြီ"

"မယုံလို့လား၊ ရော့ ‥ ဒီမှာ ဖတ်ကြည့်"

ဆရာမကြီးလာပေးသောစာရွက်ကို ယူဖတ်ကြည့်လိုက်သည်။

"ဟာ ‥ ကလေးမလေးပြောတာ ဟုတ်သားပဲ ဟဲ ‥ ဟဲ" ဟုပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ခံစွမ်းအားကျဆင်းမှုနှင့်ပတ်သက်သော ကျန်းမာရေး သင်တန်း သွားတက်ရမည်။ တိုင်းမြို့တွင် သင်တန်းကာလ တစ်လ ကြာမည်။

ရင်ထဲခွေးသွားသည်။ မြဒါသူတို့အိမ်ကို တစ်ခေါက်မှ မရောက် သေးသည်ကို ချက်ချင်းသတိရလိုက်သည်။

''မနက်ဖြန် မြို့အရောက်သတင်းပို့၊ သန်ဘက်ခါ သွားတော့ ဆိုပါလား။ မလွန်လွန်းဘူးလားဗျာ၊ ကျွန်တော်တို့ ကျန်းမာရေးဌာနက အမိန့်စာတွေလဲ သံကြိုးစာလို ဖြစ်လာပြီ''

''ကျွန်မတို့ဆေးခန်းက ဆေးလာထုတ်ကြမယ်ဆိုတာသိ မပို့ဘဲ ထားတာတဲ့ ဆရာရေ''

သူက မကျေမနပ်ပြောသည်ကို ဆရာမကြီးက ပြန်ပြောသည်။

''အစိုးရအမှုထမ်းဆိုတာ ထားရာနေ၊ စေရာသွားပဲဆရာရေ စေလိုရာစေတောင် သွားခဲ့ကြသေးတာပဲ၊ ခု သင်တန်းသွားရမှာက ပညာလဲတိုးမယ်၊ တီအေ၊ ဒီအေတွေလဲ ရဦးမယ်၊ ဘာလေးညာလေး ဝယ်လာပြီး မြို့မှာပြန်ရောင်းတော့ ..''

''ခင်ဗျားလို နေရာတကာ စီးပွားရေးတွက် တွက်နေတတ်တဲ့ လူအနေနဲ့တော့ ဟုတ်တာပေါ့''

''အလို .. မြတ်စွာဘုရား၊ ကျွန်မက အကောင်းပြောတာပါ ဆရာရယ်၊ ဆရာ့လို တစ်ကိုယ်ရေတစ်ကာယသာဆို သန်းရှိန်တို့က သင်တန်းချည်း သွားနေချင်စမ်းပါ့''

''ဆရာ့မှာလဲ သံယောဇဉ် ရှိနေပြီလားမှမသိတာ ဆရာမကြီး ရယ်၊ ခုတလော ခြေများနေတယ်လေ''

ဆရာမလေး ဒေါ်အေးအေး၏ စကားမှာ အမှန်ဖြစ်နေသဖြင့် ကိုကျော်ဇေယျမျက်နှာ ထူပူသွားသည်။

''သံယောဇဉ်ကတော့ မထားတာ ကောင်းတယ်နော် ဆရာ

''လုလု .. နင်ကတော့ပြောမှာပေါ့၊ ခုပဲ သံယောဇဉ်တစ်ဝိုက်



ဖြစ်နေပြန်ပြီမဟုတ်လား''

''ဟဲ့ .. ကလေးတွေ တော်ကြစမ်း၊ လူကြီးစကားပြောဖို့ မရဘူး'' ဟု ဆရာမလေးများကို ဆရာမကြီးက အော်လိုက်ပြီး

''ကဲ .. ဆရာရေ၊ လွှဲစရာရှိတာ လွှဲ၊ လုပ်စရာရှိတာ လုပ်၊ ငေးမနေနဲ့ ငိုင်မနေနဲ့ မြို့က ပါးချိုင့်ကလေးအကြောင်းလဲ သိသားနဲ့'' ဟုဆိုသည်။

မြို့နယ်ဆရာဝန်ကြီးမှာ ကျောက်ပေါက်မာသဲ့သဲ့ရှိသဖြင့် ကျန်းမာရေးဝန်ထမ်းများက ''ပါးချိုင့်ကလေးများနဲ့လူက၊ ပါးချိုင့် ကလေးများနဲ့လူလာပြီ'' စသည်ဖြင့် တင်စားပြောဆိုတတ်ကြသည်။

ဆရာမတွေနှင့် တစ်ယောက်တစ်ပေါက် နောက်ပြောင်ပြောဆို နေကြသော်လည်း ကိုကျော်ဇေယျရင်ထဲမှာ တကယ်ခွေးသွားသည်။

မြဒါသူတို့အိမ်ကို တစ်ခေါက်လောက် သွားလည်မည်ဟု မှန်းထားသော်လည်း မဝံ့မရဲဖြစ်နေသဖြင့် ယခုထိ မရောက်မိသေး။ ကမ်းလွန်သာရန်ပြေသွား ကားလမ်းမပေါ်တွင် တွေ့ဆုံရအောင် သွားလာ လှုပ်ရှားနေသဖြင့် မြဒါသူနှင့် သုံးလေးခါတော့ တွေ့ပြီးပြီ။

ယခင်က မြဒါသူ၏မျက်နှာ နွမ်းလျလျမှာ ယခု သူနှင့်တွေ့တိုင်း ရွှန်းပကြည်လင်နေသည်ကို မြင်လာရသည်။ ပြုံးပြဖော်၊ နှုတ်ဆက် ဖော်ရနေပြီ။ တစ်နေ့ကဆို သူ့ကို စက်ဘီးပေါ်မှ လက်ပင်မြှောက်ပြ သွားသေးသည်။

ထို့ကြောင့် ဒီနေ့ညတော့ သင်တန်းသွားရမည်ကို အကြောင်း ပြပြီး သွားလည် နှုတ်ဆက်ဦးမည်ဟူသော ဆုံးဖြတ်ချက်နှင့် မြဒါသူတို့ အိမ်ကို ရောက်လာခဲ့သည်။

''ကလေးတွေ စာမေးပွဲနီးလို့တဲ့ကွယ်၊ ခု ကျောင်းမှာ ဆရာ ဆရာမတွေ စုပေါင်းပြီး စာပြနေကြတာ တစ်ပတ်လောက်တောင် ရှိနေပြီ၊ ည ကိုးနာရီ ဆယ်နာရီလောက်မှ အိမ်ပြန်ရောက်မှာ ဆရာလေး တွေ့ချင်ရင် ကျောင်းကိုလိုက်သွားလိုက်ပါလား'' ဟု

www.burmeseclassic.com

www.burmeseclassic.com

မြဒါသူတို့အမေက ပြော၏။

''အရေးမကြီးပါဘူး ဒေါ်ဒေါ်၊ ကျွန်တော် တိုင်းမြို့ကို သင်တန်း တစ်လသွားရမှာမို့ ဆရာမကို လာနှုတ်ဆက်တာပါ'' ဟု ပြောပြီး ပြန်လာခဲ့ရသည်။

သို့သော် နေမရ၊ ညရှစ်နာရီလောက်တွင် အလယ်တန်းကျောင်း ဘက် တစ်ခေါက်ရောက်သွားသေး၏။ ကျောင်းခြံနားအရောက်တွင် ရင်အရှမ်းခုန်လာပြန်သဖြင့် ကျောင်းထဲမဝင်ရဲပြန်။

ကျောင်းထဲတွင် မီးတထိန်ထိန်နှင့် ဆရာ ဆရာမများ စာသင် နေတာ ကြားရသည်။ ကျောင်းခြံဝနားတွင် ၁၈ မိနစ်လောက် ယောင်တိယောင်တောင် လုပ်နေပြီး ရွာထဲပြန်ဝင်လာ၏။

သင်တန်းကပြန်လာလျှင် မြဒါသူအတွက် တိုင်းမြို့က လက် ဆောင်ပစ္စည်းတွေ ဝယ်လာရရင်ကောင်းမလားဟု တွေးကာ တစ်ညလုံး အိပ်လိုက်၊ နိုးလိုက် တွေးလိုက်၊ အိပ်ပျော်လိုက်၊ မပျော်လိုက်နှင့် မိုးသာလင်းသွားသည်။

နံနက် ခုနစ်နာရီမထိုးခင် အိပ်ရာလိပ်နှင့် အထုပ်အပိုးတွေကို ယူကာ မြို့ကားဂိတ်သို့ လာရသည်။ ရင်ထဲကမူ မြဒါသူကို သတိရ လျက် လွမ်းလျက်။

*******************

ဈေးပြန်ကားကိုပင်မစောင့်နိုင်တော့ဘဲ မင်းရွာဘက်တက်မည့် သစ်တိုက်ကားတစ်စီးပေါ် တက်လိုက်လာမိသည်။

သင်တန်းကာလ တစ်လလောက်ကို တစ်နှစ်လောက်ထင်ခဲ့ ရသော ကိုကျော်ဇေယျ၏ရင်မှာ မင်းရွာဘက်တက်မည့် ကားပေါ် ရောက်မှ ပေါ့ပါးသွားသည်။ မင်းရွာသည် သူ၏အချစ်ရှိရာ ရပ်ဝန်း ဒေသဖြစ်သဖြင့် ရင်ထဲက အပျော်ကြီးပျော်လာသည်။

မြဒါသူအတွက် လက်ဆောင်ပေးရန် ဝယ်လာသော



ကျောင်းစိမ်းလုံချည် ထိုင်းဆစ်နှင့် ဝမ်းဆက်ပါတိတ်တို့ကိုလည်း သတိရသည်။ အပျော်တွေကမူ ကိုကျော်ဇေယျရင်ထဲ ဘောင်ဘင်ခတ် လာ၏။

သူသင်တန်းတက်ရန် ထွက်ခွာလာစဉ်က စိမ်းဖန့်ညိုမှောင် နေသော ကျွန်းစိုက်ခင်း တောင်စောင်းတွင် ယခုတော့ ဝါရွှေသော ရွက်ကျင်များကို မြင်နေရ၏။ ဟေမန္တ၏ နှင်းပွင့်နှင်းစက်များ လွင့်ပြေ သွားချိန်တွင် ဂိမန္တ၏ မင်းလွင်မြူမှုန်တို့က တောင်ခြေတွင် ဝေ့ဝဲနေသည်။

ရွာတောင်ယာဟောင်းထက်မှ နွေခေါင်းလောင်း၏ ဥဩတွန်သံ များကို ကြားလိုက်ရသောအခါ ရင်ထဲဟာလာသည်။ နွေသရုပ်၏ အခင်းအကျင်းသည် အရုပ်ရှစ်မျက်နှာတို့တွင် ဝင်ရောက်နေရာယူ လာကြသည်။ ''ဒီနှစ် နွေအဝင်စောလိုက်တာ'' ဟု ရေရွတ်မိသည်။

ဂုံညင်းတောင် အဆင်းတွင် သစ်ကားကြီးက နေးကွေးလွန်းစွာ ဘီးလိမ့်ဆင်းနေသည်။ ဘေးနှစ်ဖက်ရှိ သစ်တောထဲမှ ရော်ရွက်များ ကြွေသံကိုပင် ကြားနေရသလား ထင်ရသည်။ သဲကောချောင်းတစ်ခုကို သစ်ကားကြီး ဖြတ်အကူးမှာ ဖုန်မှုန့်တွေ ပလူပျံကာ ပတ်ဝန်းကျင်မှာ အကျည်းတန် အရုပ်ဆိုးသွားသည်။ ဂီယာထိုးလိုက်သံနှင့် အော်မြည် လာသောကားသံမှာ တိရစ္ဆာန်ကြီးတစ်ကောင် မချိမဆံ့ ညည်းညူနေ သလိုပင်။

သဲကောချောင်းမှ ရုန်းတက်လာသောကားသည် ယူကလစ်နံ့ သင်းသော ရွာဝင်လမ်းကွေ့ကို ရောက်လာသည်။ လယ်စောင့်တဲ ဟောင်းများနှင့် ကောက်ရိုးပုံများသည် နွေနေ့လယ်ထဲတွင် ခြောက်သွေ့ငြိမ်ဆိတ်နေ၏။ ရိုးပြတ်တောစ လယ်ကွင်း၌မူ တံလျှပ်တို့ စတင်လှုပ်ခတ်နေကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရွာကွေ့လမ်းမှ ထွက်လာကြသော် လူတန်းကြီးကြောင့် ကားရပ်သွားသည်။ ကြေးစည်ထိုးလိုက်သံသည် ရင်ထဲကိုလာ၍ ရိုက်ခတ်သွား၏။ အသုဘပို့ လူတန်းကြီးကြောင့် ယာဉ်မောင်း ကားပေါက ဆင်းလိုက်သည်။ ကားဘေးတွင် နေရိပ်ခို၍ ဆေးလိပ်ဖွာကာ လူအုပ်ကြီးကို ငေးကြည့်နေသည်။ ကိုကျော်ဇေယျလည်း မှင်တက်မိစွာ လူတန်းကြီးကို စိုက်ကြည့်နေသည်။

ဝုန်းခနဲ တံခါးကိုကန်ဖွင့်ပြီး ကားပေါကခုန်ဆင်းလိုက်သည်။ ဘယ်ကဘယ်လို လူအုပ်ထဲရောက်သွားမှန်းမသိ။ ကျောင်းသူကျောင်းသားများနှင့် အရပ်သူအရပ်သားများ ငိုရှိုက်လာကြသံတွေမှာ ဆူညံလာသည်။ အသံတိတ်ငိုရှိုက်လာကြသူများကမူ မျက်ရည်သုတ်၍ လိုက်ပါလာကြ၏။

''ဘယ်လိုဖြစ်လို့ ဆုံးတာလဲဗျာ၊ ဆရာမ ဘယ်လိုဖြစ်လို့ ဆုံးတာလဲ''

သူက ငိုသံပါကြီးနှင့် အော်မေးသည်ကို ရုတ်တရက် မည်သူမျှ မဖြေနိုင်ကြ။ အားလုံး ကြေကွဲဆို့နင့်နေကြသည်။

အသုဘပို့ လိုက်ကြသူများထဲတွင် ဆေးခန်းက ဆရာမကြီးနှင့် အေးအေးတို့ကို မြင်ရသဖြင့် ပြေးသွားမိသည်။

''ဘယ်လိုဖြစ်လို့ ဆုံးတာလဲဟင် . . ဆရာမ''

''ကျောင်းကအပြန်မှာ သူတို့အိမ်က သစ်ကားတစ်စီး ချောက်ထဲထိုးကျသွားတာမြင်လို့ သူ့အဖေကားအထင်နဲ့ အော်လိုက်တာ၊ အဖေဆိုပြီး လဲကျသွားတယ်တဲ့၊ ဆေးခန်းတောင်မရောက်လိုက်ရှာပါဘူးဆရာရယ်၊ နေရာတင် နှလုံးသွေးရပ်ပြီး ဆုံးသွားရှာတယ်၊ ကျောင်းသူ ကျောင်းသား၊ ရွာသူ ရွာသားတွေ နှမြောလိုက်ကြတာ မြင်တဲ့ အတိုင်းပါပဲ၊ ဟီး . . ဟီး''



ဆရာမကြီးက ဟီးချငိုလိုက်သည်။ သူ့မျက်ဝန်းအိမ်ထဲမှ မျက်ရည်များသည်လည်း အတိုင်းအဆမဲ့ မြေထက်သို့ ကြွေကျသွားကြ၏။

နွေ . .      နွေ . .

အလှဖျက်သော နွေ။

ဖိုးကျော့

*(စစ်ပြန်မဂ္ဂဇင်း၊ အမှတ် (၁၄၆)၊ ၁၉၉၁၊ ဖေဖော်ဝါရီလ)*

www.burmeseclassic.com

www.burmeseclassic.com

(၂)

# မေတ္တာစကားထာ

"အစ်ကိုသာ . . ကားရပ်ဦး ကားရပ်ဦး"

မိမြူက အထိတ်တလန့် ကားရပ်ခိုင်းသည်။ ကိုထွန်းသာက ကားကို ရုတ်ခြည်းထိုးရပ်လိုက်သည်။

"မြူမြူ ဘာလဲ အိမ်လွန်လာပြီးလား"

မိမြူ၏မျက်နှာကို လှည့်ကြည့်၍ မေးသည်။

"မ . . မဟုတ်ပါဘူး"

"နို့ ဘာဖြစ်လို့လဲ"

"ဩော် . . အင်း . . အင်း ဘာ . . ဘာမှ မဖြစ်ပါဘူး"

မိမြူ၏ မျက်နှာကို တစ်ချက်စိုက်ကြည့်၍ အံ့ဩစွာနှင့်မေး၏။

"တင် . . ဘာလဲလို့"

သူ့ကိုပင်ပြန်မေးပြီး မလုံမလဲဖြစ်နေသော မိမြူအသွင်ကို မြင်ရ ပြန်၏။ ကိုထွန်းသာမှာ ပို၍ ကြောင်သွားပြန်သည်။

"မြူမြူ ဘာဖြစ်တာလဲ ဘယ်သူ့ကိုတွေ့လို့လဲ"

ရင်ထဲမှ တင်းကျပ်လာသည်။



အတုယူ၍ထိုင်လာသော မိမြူက ကားတံခါးကို ဆွဲဖွင့်၍ ကားပေါ်က ဆင်းလိုက်သည်။

"ဟော့ ဘာဖြစ်လို့လဲ"

"အို . . အစ်ကိုသာကလဲ ဘာမှမဖြစ်ပါဘူးဆိုနေ"

ဘာမှမဖြစ်ဘူးဟုဆိုသော်လည်း ကိုထွန်းသာက မိမြူ၏အပြုအမူကို သံသယဝင်သွားသည်မှာ အမှန်ပင်။

"မြူမြူ ဘယ်များ ဝင်ချင်သေးလို့လဲ"

"ဘယ်မှ မဝင်ပါဘူး"

"ဘယ်မှမဝင်ရင် ကားပေါ်ပြန်တက်လေ၊ ကိုယ် အိမ်အရောက်လိုက် ပို့ပေးမှာပေါ့"

"ဟင့်အင်း နေပါစေ၊ အစ်ကိုသာက ဝေဝေကိုလဲ လိုက်ပို့ရဦးမယ် မဟုတ်လား၊ ဝေဝေက အဆောင်မှာနေတယ်ဆို ခြောက်နာရီကျော်ရင် အဆောင်ထဲဝင်ရတော့မှာ မဟုတ်ဘူးတဲ့"

မိမြူက သူ့လက်မှနာရီကို မြှောက်ကြည့်၍ ပြော၏။

"မိမြူတို့အိမ်က ဘယ်မှာလဲ"

"ရှေ့က လမ်းကြားထဲမှာ"

"ဩော် . . ဟာမစ်တစ်လမ်း(ယခု မဟာစည်ရိပ်သာလမ်း)ထဲမှာလား"

"ဟုတ်တယ်"

ယခုမှ သူ့အိမ်တွင် ပြဿနာတစုံတခုရှိလေသလားဟူသော အတွေးကို ကိုထွန်းသာက၊ တွေးမိပုံရ၏။ သူ့ကို လိုက်ပို့သူအဖြစ်အိမ်က သိစေချင်ပုံမရ သဘောတော်အတိုင်းပါပဲဟု ခပ်ဖော့ဖော့ ပြောပြီး ဟာမစ်တစ်လမ်း(ယခု မဟာစည်ရိပ်သာလမ်း)ထိပ်တွင် မိမြူကို ချထားခဲ့၏။ ကိုထွန်းသာကားထွက်သွားမှ မိမြူက ရှည်လျားသော သက်မကို ချက်လိုက်မိသည်။

မိမြူ ကမ္ဘာအေးဘုရားလမ်းထဲမှ ဟာမစ်တစ်လမ်း(ယခု မဟာစည်ရိပ် သာလမ်း)ကြားထဲဝင်လာ၏။ ကိုထွန်းသာကားပေါ်တွင် မိမြူပါလာသည်ကို အစ်ကိုမောင်များ မြင်သွားလေသလားဟူသော စိုးရိမ်ကြောင့်ကြမှုသည် မိမြူ၏

www.burmeseclassic.com

www.burmeseclassic.com



ဟာမစ်တစ်လမ်း (ယခု မဟာစည်ရိပ်သာလမ်း)ကြားထဲ ချောကနဲ လှိမ့်ဝင်သွားမှ အစ်ကို မောင်၏ ကားကို မိမြ့က မှတ်မိလိုက်သည်။မိမြ့တို့ကား နောက်မှ ပါလာလေသလား။ ရှေ့က ဖြတ်ဝင်လာလေ သလားဆိုသည်ကိုပင် မိမြ့သတိမပြုမိ။ ဟာမစ် တစ်လမ်း(ယခု မဟာစည်ရိပ်သာလမ်း) ကြားထဲကို ရှေ့ဖြတ်ဝင် သွားတာမြင်ရမှ ကိုထွန်းသာကို ကမန်းကတန်း ကားရပ်ခိုင်းရသည်။ ကိုထွန်းသာ၏ကားပေါ်မှ မိမြ့ပါလာသည်ကို အစ်ကိုမောင်မြင်သွားပါက မည်သို့ ထင်သွားလေမည်နည်း။

အချိန်မှာ ည ခုနစ်နာရီနီးလေပြီ။ သို့သော် နွေလပေမို့ ဟာမစ်တစ်လမ်း(ယခု မဟာစည်ရိပ်သာလမ်း) ကြားထဲက အိမ်ဝင်းမြေနီ လမ်းမှာ မှောင်မည်းခြင်းမရှိသေး၊ နွေရင့်ရက်၏ မှုန်ပျပျဆည်းဆာ အလှနှင့် မြေလမ်းကလေးက ပဏာရတုန်းပင်၊ လမ်းဘေးရှိ ဓာတ် မီးတိုင်များမှ မီးပွင့်ကလေးများကတော့ လင်းနေကြလေပြီ။

မြေနီလမ်းကလေးအတိုင်း အိမ်ဘက်သို့ လျှောက်လာသည်။ သကြံန်အကြိုညနေ ထမင်းစားပွဲမှာ အရပ်ကသူသူငယ်ချင်းများကို စုစုစည်းစည်း တွေ့ခဲ့ရသဖြင့် ပျော်လာသည်။

အိမ်ကြီးနားရောက်၍ ကံကြီးကုန်းဘက်မှ ဥသြမြည်သံကို ကြားရသောအခါ စောစောပိုင်းက မိမြ့ကို အိမ်တိုင်ယာရောက် ရှာရှာဖွေဖွေ ထမင်းစားလာဖိတ်သော ကိုမောင်မောင်ကြီး၏ စကား ကိုလည်း သတိရမိပြန်သည်။

"ကိုမောင့်မောင်ကြီးတို့များ အနေစိမ်းလိုက်တာ ကြည်ကြည် ဦးတို့ဆီတောင် သုံးလေးလကြာလို့ စာတစောင်မပေးဘူးဆို၊ ဆွေမျိုးလုပ်သူတွေကတော့ တိဘက်ပေါင်း၌ ပို့ရတာနဲ့၊ လူကြုံနဲ့ အဆွေးထည်တွေ ပေးရတာနဲ့၊ ရခိုင်လုံချည် လူကြုံပါးရတာနဲ့ ပျာလောင်ခတ်နေတာပဲ၊ ဒီကတော့ ကမ်းလွန်သာဆိုတာ သတိတောင်မရဘူး မဟုတ်လား"



မိမြ့ရောက်နေသည်ကြား၍ ရှာရှာဖွေဖွေ ထမင်းစားဖိတ်သော ကိုမောင်မောင်ကြီးကို တွေ့တွေ့ချင်း မိမြ့က ပြစ်တင်စကားဆိုသည်။

"ဟင် ဇါက ရန်ကုန်ထဲရောက်နေတာ မြမြရယ်၊ အရပ်ကိုသတိရစရာ ဆိုလို့လဲ မြို့ထဲမှာ ဘာမှမရှိတာ၊ နှစ်ဆယ့်ခုနှစ်လမ်းက ဦးစံတင်တို့ ဦးထွန်းလင်းတို့ဆီရောက်မှ အရပ်ကလူတွေ တွေ့ရတတ်တာကလား။ ခုမြမြတို့ ကုက္ကိုင်းဘက်ကတော့ အရပ်ကို သတိရစရာချည်းပဲ၊ တောတွေ တောင်တွေနဲ့ ဥသြမြည်သံတော့လဲ ကြားရတယ်၊ ရန်ကုန်ထဲမှာ တစ်နှစ်နေလို့ ဥသြမြည်သံကို တစ်ခါကြားရတာမဟုတ်ဘူး။ မြမြတို့ ကုက္ကိုင်းဘက်ကတော့ တို့အရပ် သိပ်သတိရဖို့ကောင်းတာ၊ ရန်ကုန်ထဲမှာတော့ ကားသံလူသံတွေနဲ့ အရပ်ကို ဘယ်သတိရနိုင်ပါ့မလဲ ဟဲ . ဟဲ "

"ဟွန်း . . ကားသံလူသံတွေကြောင့်မဟုတ်ပါဘူး၊ ဗိုလ်ချုပ်ဈေးက အလှအပတွေကြောင့် အရပ်ကို သတိမရနိုင်တာမဟုတ်လား"

မိမြ့၏စကားကို ကိုမောင်မောင်ကြီးက အဓိပ္ပာယ်ပါပါ ပြုံးသည်။

"ဘာရယ်တာလဲ"

"သြော် . . မြမြက ဗိုလ်ချုပ်ဈေးအကြောင်းပြောတော့ ကိုကျော်ဦးကြီး ပြောတာ သတိရမိလို့ပါ"

"ဘယ်က ကိုကျော်ဦးလဲ သမ္မာန်ချောင်းက ဦးကျော်ဦးလား"

"မဟုတ်ပါဘူး ပန်းတောပြင်က မိယယ်လေးတို့ အစ်ကိုလေ"

"သြော် . . ဟုတ်လား သူက ခုဘယ်မှာလဲ"

"ကမ္ဘာအေးမှာ"

"အရပ်မှာတုန်းကတော့ သီချင်းဆိုကောင်းတယ်လို့ ပြသက်စောတို့၊ လှသက်စောတို့ ပြောသံကြားဖူးပါတယ်၊ မိမြ့တို့ထက်သူကကြီးတော့ သိပ်မရင်းနှီးဘူး၊ ရန်ကုန်မှာ အဆိုကျော်လုပ်ဖို့ ကောင်းတာပေါ့နော်"

"ဟ လုပ်ချင်တိုင်း ဖြစ်တာမှမဟုတ်တာ အနုပညာဆိုတာ

www.burmeseclassic.com



ပါရမီပါမှ ဖြစ်တာဟဲ့၊ သူက ခု စာရေးဆရာဖြစ်နေတယ်လေ''

''ဟုတ်လား၊ ဟိုနေ့ကျရင် ခေါ်ခဲ့ပါဦး တွေ့ရတာပေါ့''

''အေး . . အေး''

ရန်ကုန်မှာ အရပ်ကအသိမိတ်ဆွေ တယောက်ယောက်ကို တွေ့ပြီဆိုလျှင် ဤသို့ပင် ဟိုလူ့အကြောင်း၊ သည်လူ့အကြောင်း၊ ငယ်စဉ်ကအကြောင်း စသည်တို့ကို မေးလို့ပြောလို့ကို မပြီးတတ်ပေ။ အသိတစ်ယောက်ယောက်နှင့် စကားပြောကြပြီဆိုလျှင်လည်း စကားက ပြတ်သည်မရှိကြ။ ကျောင်းနေတုန်းက အမိအဘချင်း မသင့်မြတ်၍ မည်မျှပင် စိမ်းနေကြသော်လည်း ယခု တပြည်တရွာမှာ တွေ့ကြသောအခါ ညီရင်းအစ်ကိုထက်ပင် ခင်မင်နေကြသလို၊ ကျောင်းနေတုန်းက မည်မျှပင် ခင်မင်နေကြသော်လည်း အလုပ်နှင့် အကိုင်နှင့် သားနှင့် မယားနှင့် ဖြစ်နေကြသောအခါ တစ်ယောက်ကို တစ်ယောက် အရေးမစိုက်နိုင်ပဲ စိမ်းနေကြသည်ကိုလည်း တွေ့ရလေသည်။

အိမ်ကြီး၏ ဆင်ဝင်အောက်သို့ ရောက်သောအခါ မိဖြူ၏ ခြေလှမ်းက တုံ့ကနဲရပ်သွားသည်။ ခြေလှမ်းရပ်လိုက်သည်နှင့် တပြိုင်နက် စိတ်အတွေးတွေကလည်း ရုတ်ခြည်း လွင့်ပြယ်ကုန်တော့သည်။ အိမ်ကြီးအပေါ်မှ အစ်ကိုမောင်၏ အသံကို ကျယ်ကျယ်လောင်လောင် ကြားနေရ၏။

''ကျော်ကျော် ဖြူ ဘယ်သွားလဲ''

''ကျွန်တော် ပြန်ရောက်ကတည်းက မမဖြူကို အိမ်မှာ မတွေ့ဘူး''

''မင်း ဘယ်အချိန်ပြန်ရောက်လဲ''

''ငါးနာရီ''

''မင်းလဲ နေ့တိုင်းလျှောက်လည်နေ ဟုတ်လား''

ကျော်ကျော်က သူ့အစ်ကိုကို ဘာမှပြန်ပြောသံမကြားရ။



အစ်ကိုမောင်၏ အရေးတကြီး မေးသံမျိုးကြောင့် မိဖြူသည် အိမ်ပေါ်သို့ ချက်ချင်းမတက်သေးပဲ ဆင်ဝင်ဘေးနားက စံပယ်ရုံနားတွင် ကပ်ပြီး အစ်ကိုမောင်၏ အသံကို နားစွင့်နေ၏။

''ဒေါ်ဒေါ် ဖြူဖြူ ဘယ်သွားလဲ''

ကျော်ကျော်အနားမှ အစ်ကိုမောင်သည် ဘယ်လိုလုပ်ပြီး ဧည့်ခန်းထောင့်ရောက်သွားသည်မသိ၊ ဒေါ်လေးစိန်ကို မေးနေသံကြားရသည်။

''ဩော် . . ဖြူဖြူကိုမေးတာလား၊ ညနေ လေးနာရီလောက်ကပဲ၊ သူငယ်တစ်ယောက် လာခေါ်သွားတယ်ကွယ့်''

''ဗျာ . .''

''ညနေက သူငယ်တစ်ယောက် လာခေါ်သွားတယ်''

ပြောပြီးသားစကားကိုပင် ဒေါ်လေးစိန်က ပွဲတင်ပြန်ထပ်၏။

''ဘယ်ကတဲ့လဲ''

''ဘယ်နေမှန်းတော့ ငါလဲမသိဘူး၊ ကမ်းလွန်သာမြစ်နားတန်းက ကျောင်းနေဖက် သူငယ်ချင်းဆိုလားပဲ၊ တော်တော်ရင်းနှီးကြပုံပါပဲ''

''ဘာကိစ္စတဲ့လဲ''

''ထမင်းကျွေးမယ်ဆိုလား ပြောသွားတယ်''

''အဒေါ်က အိမ်မှာလူကြီးလုပ်နေပြီး မေးလိုက်ရင် ဘာတစ်ခုမှ မသေချာဘူး၊ ပြောတာပဲ ဆိုတာနဲ့ ပြီးနေတာ''

''ဟဲ့ . . နင်တို့ခေတ်လူငယ်တွေအကြောင်း ငါက ဘာသိရမှာလဲ အမေးအမြန်းထူတယ်လို့ နင်တို့ကပဲ ပြောသေးတယ်မဟုတ်လား''

''ထမင်းကျွေးချင်လို့ဆိုတာ မိဖြူကပြောတာလား''

ဖြူဖြူအစား မိဖြူဟုပြောလိုက်သံကြားရတော့ မိဖြူရင်ထဲ နင့်သွား၏။ မိဖြူက အစ်ကိုမောင်၏အသံကို နှုတ်ခမ်းကိုက်၍ နားထောင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်လားဒေါ်ဒေါ်"

"ဟုတ်တယ်ဟဲ့ ဘာဖြစ်လို့လဲ"

"မိုးချုပ်နေပြီပဲ"

ဒေါ်လေးစိန်အော်လိုက်သဖြင့် အစ်ကိုမောင် အသံတိုးသွားသည်။ မိဖြူကို မမေးစဖူး စစ်မေးနေသော အစ်ကိုမောင်ကို ဒေါ်လေးစိန်က အံ့ဩသွားပုံရသည်။

"ကလေးမှ မဟုတ်တာ"

ဒေါ်လေးစိန်၏ မကျေမနပ်ရေရွတ်လိုက်သံကို ကြားရသည်။

အစ်ကိုမောင် နောက်ထပ်ဘာများပြောလေဦးမည်နည်းဟု မိဖြူက နားစွင့်နေသေး၏။ အစ်ကိုမောင်၏အသံကို နောက်ထပ် လုံးဝမကြားရတော့။ ဘာသံမှမကြားရပဲ ငါးမိနစ်ခန့်ကြာမှ မိဖြူက အိမ်ပေါ်သို့တက်လာ၏။ အဝတ်ပင် မလဲခဲ့ပဲ နောက်ဘေးဘက်သို့ တန်းတန်းမတ်မတ် ဖြတ်လျှောက်လာ၏။ အစ်ကိုမောင်တို့ညီအစ်ကိုကို ထမင်းဝိုင်းတွင် တွေ့ရသည်။

"မမဖြူ ဘယ်သွားနေလဲ"

"ဘယ်သွားသွား နင့်အပူလား" ဟုသာ ပြောလိုက်ချင်သည်။ သို့သော် သူ့ညီအစ်ကိုတွေအပေါ်မှာ ဆွေမျိုးပါလား၊ တစ်နေ့မှာ သူ့အစ်ကိုနှင့် လက်ထပ်ရမယ့်သူပါလား၊ ယခု မိဖြူနေရသည် ကလည်း သူတို့အိမ်ပါလားဟူသော အသိကြောင့် မိဖြူစိတ်ကို အများကြီး လျှော့ထားလိုက်ရသည်။

"အရပ်က သူငယ်ချင်းတစ်ယောက် ထမင်းစားဖိတ်လို့ လိုက်သွားတာ"

တိုတိုပင် ပြောလိုက်၏။

"ဩော် .. စားပါဦးလား"

"ခုမှ စားပြီးလာတဲ့ဥစ္စာ"

"မသိဘူးလေ၊ သူများအိမ် ဧည့်သည်လုပ်စားရတာ ထမင်းမဝ



ဆိုလားလို့"

ကျော်အောင်က မိဖြူကို ပြုံးရိပ်နှင့် လှမ်းကြည့်၍စ၏။

ဤသည်ကို အစ်ကိုမောင်က မျက်စောင်းထိုးသည်။

"ဧည့်သည်လုပ်စားရလို့ ထမင်းမဝ ရင် မမဖြူ သေတာကြာပြီပေါ့၊ ရန်ကုန်ရောက်တာတောင် တစ်လကျော်ပြီပဲဟာ"

တမင် အရွဲ့တိုက်၍ ပြောလိုက်သည်။

"ဒီမှာတော့ မမ မဖြူက ဧည့်သည်မှမဟုတ်တာ၊ ကိုယ့်ဆွေမျိုးတွေပဲ ဟဲ .. ဟဲ"

"ဆွေမျိုးပေမယ့် တစိမ်းလိုနေရင် တစိမ်းပဲ ဘာထူးမှာလဲ"

"ဟုတ်တာပေါ့ မမဖြူရယ်။ မြိန်ရာဆွေမျိုး၊ ခင်ရာ ဟင်းကောင်း"

"ဟင်း"

သူ့ကိုနောက်ရမလားဟု မိဖြူက နှုတ်ခမ်းစူ၏။ အစ်ကိုမောင် ကလည်း မျက်နှာရဲရဲနှင့် သူ့ညီကျော်အောင်ကို မျက်စောင်းလှမ်းထိုး သည်။ ရိပ်မိသွားသည်ဟု မိဖြူထင်၏။

"ဘာဟင်းတွေနဲ့ ကျွေးလဲ မမဖြူ"

"ဟင်းတွေကတော့ စုံနေတာပဲ ကျော်ကျော်ရယ်၊ တို့အရပ်က ရေကြက်နဲ့ ကနကမာဟင်းလဲ ပါတယ်၊ စားလို့ သိပ်မြိန်တာ"

မိဖြူက သူနှင့်စကားပြောရင်း အစ်ကိုမောင်အနားမှာ လာရပ်သည်။ ခုထိ စကားတစ်ခွန်းမှ မပြောသေးသော အစ်ကိုမောင်ကို မိဖြူက တမင်အရွဲ့တိုက်ချင်စိတ် ပေါက်လာ၏။

"သင်္ကြန်အကြိုထမင်းပွဲမှာ တို့ကမ်းလွှန်သာက လူတွေ မနည်းဘူး။ သိပ်ပျော်စရာကောင်းတာ ကျော်ကျော်သာပါရင် ကိုယ့် အရပ်ကလူဖြေ့နဲ့ မိတ်ဖြစ်ရတာပေါ့"

"မမဖြူက ကြိုကြိုတင်တင်မှ ပြောမထားတာ"

"သူတို့ကလဲ ကြိုကြိုတင်တင်ဖိတ်ထားတာ မဟုတ်ပါဘူး၊ မမ

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေတယ်ကြားလို့ တမင်တကာ ရှာရှာဖွေဖွေ လာဖိတ်ကြတာ၊ ကျော်ကျော်က အိမ်မှ စောစောမပြန်တာကိုး''

''ဟုတ်တယ် မမဖြူ၊ ဒီကနေ့ အိမ်ပြန်နောက်ကျတာ ကံဆိုးတာပေ့ါ ငရုတ်ကြက်နဲ့ ကနုကမာဟင်း မစားရတာ နှစ်နှစ်ရှိပြီ၊ သိပ်စားချင်တာပေါ့၊ အရပ်ကလူတွေလာလို့ ပါလာတာထင်တယ်''

''ဟုတ်မယ်ထင်တယ်၊ မမလာတုန်းကလဲ သတိတော့ရသား ကျော်ကျော်တို့ ရန်ကုန်သားတွေက ကြိုက်မှန်းမကြိုက်မှန်းမသိလို့ ယူမလာမိတာ၊ ကျော်ကျော်တို့ကြိုက်မှန်းသိရင် ယူလာပါတယ်''

မိဖြူက အစ်ကိုမောင်ကို ရိပ်ဖမ်းသံဖမ်းလှမ်းကြည့်၍ ပြောလိုက်၏။ သို့သော် အစ်ကိုမောင်ကတော့ တခွန်းတလေပင်မပြော၊ ထမင်းကိုသာ ကုန်းလွေးနေ၏။ မိဖြူကို တမင်စိတ်လုပ်နေသည်ပဲလား တော့ မိဖြူမတွေးတတ်။

''ဘယ်နဲ့ မကြိုက်ရမှာလဲဗျာ၊ စားရခဲ့တဲ့အစာပဲ ကမ်းလွန်သာ မှာတောင် တစ်နှစ်မှာ သုံးလေးလပဲစားရတာ၊ ကနုကမာဟင်းဆို ကိုကိုလဲ သိပ်ကြိုက်ပေါ့''

သူ့အစ်ကိုမျက်နှာကို တစ်ချက်လှမ်းကြည့်၍ပြောသည်။

''မေမေ ပါပါတို့လာရင် ပါလာမှာပေါ့၊ မမ စာရေးလိုက်မယ်''

''ကျွန်တော်လဲ ကြီးကြီးတို့ဆီ စာရေးဦးမယ်။ မမဖြူတို့ ကျွန်တော်တို့ ငယ်ငယ်တုန်းက ပန်းတောပြင်သွားကြတာ မမဖြူ မှတ်မိသေးလား။ ပျားမုန့်ဖုတွေ ချက်ပြီး ဘကြီးတော်တို့က ကျွေးတာလေ''

''မှတ်မိပါတယ်''

အစ်ကိုမောင်က မိဖြူသာမဟုတ်။ သူညီ ကျော်ကျော်ကိုပါ ဖြတ်ကနဲတစ်ချက် လှမ်းကြည့်၏။ ကျော်အောင်မှာ ခေါင်းငုံ့သွားသည်။ ထမင်းဝိုင်းမှာ စကားများသည်ကို အစ်ကိုမောင်က နည်းနည်းမှ မကြိုက်ဟုဆိုသည်။



အိမ်မှ ဖြူဖွေးမရှိတုန်းကတော့ မိဖြူအား မေးလားစမ်းလား စစ်လားနှင့် မိဖြူအနားကိုရောက်တော့လည်း သူက မိဖြူကို ဘာစကားမှ မပြောပြန်။ ထမင်းကိုသာ ကုန်းလွေးနေ၏။

''ဘကြီးကော''

အစ်ကိုမောင်မကြိုက်မှန်းသိသော်လည်း ထမင်းဝိုင်းမှာ ခါတိုင်းတွေ့နေကျဖြစ်သော ဘကြီးကို မိဖြူက မေးဖြစ်အောင် မေးလိုက်သေး၏။ ဤသည်မှာလည်း အစ်ကိုမောင်ကို တမင်တကာ အရွဲ့တိုက်တာဖြစ်သည်။

''သာသနာ့ရိပ်သာက မပြန်သေးဘူး''

အစ်ကိုမောင်က သူ့ကို စကားပင်အဖက်လုပ်မပြောသောအခါ မိဖြူမှာ ပို၍မနေတတ်မဆိုတတ် ဖြစ်လာရသည်။ ထို့ကြောင့်လည်း အစ်ကိုမောင်တို့အနားမှ ဖယ်ခွာခဲ့ရပြန်၏။

မိမိအရပ်က သူငယ်ချင်းတွေ ထမင်းစားဖိတ်၍ လိုက်သွားမိသည်ကိုပင် သူ့စိတ်က မိဖြူအပေါ် အလိုမကျဖြစ်နေသလား။ အစ်ကိုမောင်သည် သူ့အား ယခုကပင် ချုပ်ချယ်သည့်သဘောပဲလား၊ ထိုအတွေးကို ဖြန့်လိုက်သည်နှင့် တပြိုင်နက် အသိခက်သော ပတ်ဝန်းကျင်၊ အသိခက်သော အစ်ကိုမောင်၊ အသိခက်သော မေမေ ပါပါ၊ အသိခက်သော ဆွေမျိုးများအကြောင်း မိဖြူစိတ်ထဲမှာ တရေးရေး မြင်လာသည်။

– ၂ –

အစ်ကိုမောင် အမေနှင့် မိဖြူအဖေက မောင်နှမ တော်စပ်ကြသည်။

ဤသည်တို့ကြောင့်လည်း မိဖြူနှင့်အစ်ကိုမောင်ကို လူကြီးတွေက နေရာချထားချင်ကြသည်။ ဆွေမျိုးချင်းဆိုတော့ ပိုမိုကြင်ကြင်နာနာရှိလေမည်လားဟူသောသဘော။ လူကြီးတွေသဘောကို အစ်ကို

www.burmeseclassic.com

www.burmeseclassic.com

မောင်ကလည်း ကြိုတင်သိထားခဲ့ပုံရ၏။ ထို့ကြောင့် မိဖြူကို သူက ခပိုက်ဝင်အိတ်ဝင် ကြင်ယာဇနီးအဖြစ် စွဲမှတ်နေသလားမသိ။ ဘကြီးထွန်းအား မိဖြူအမေကို အစ်ကိုမောင် ပြောခိုင်းသည်ဆိုသော စကားက ..

"ဘကြီး .. ကြီးကြီးကိုပြောပေးပါ။ ဖြူဖြူ သဘောတူမယ်ဆိုရင် ဖြူဖြူကို ကျွန်တော် လက်ထပ်ပါရစေလို့ ဖြူဖြူ့သဘောကိုလဲ စောစောသိချင်တယ်တဲ့"

သူ့စကားက ပိုင်ပိုင်လွန်းလှသည်။ အစ်ကိုမောင် မဆွတ်ခင်ကပင် မိဖြူကို ညွှတ်စေချင်ကြသော မေမေတို့ကလည်း အစ်ကိုမောင်ဆီက စကားကို ကြားရသောအခါ မည်မျှဝမ်းသာကြသည်မသိ။ အစ်ကိုမောင် တော်ကြောင်း၊ ရိုးသားကြောင်း၊ ပညာကြိုးစားသင်ကြောင်း၊ ချီးမွမ်းသံတွေ တအိမ်လုံး နေ့စဉ်မိုးမွှန်နေလေသည်။

သည်လိုနှင့်ပင် မိဖြူရန်ကုန်ရောက်လာခဲ့ရသည်။ အမှန်က မိဖြူကို စောစော ရန်ကုန်သို့ပို့လိုက်ကြခြင်းမှာ အစ်ကိုမောင် (မောင်ကျော်မောင်) ကို မိဖြူ သဘောကျမကျ စမ်းကြခြင်းပင်။ ထို့ကြောင့်လည်း အမေက "သန္တာဖြူ နှင့်ဘကြီးနဲ့ ရန်ကုန်ဘုရားဖူးလိုက်သွားပါလား၊ အမေတို့ သကြန်လွန်ရင် လာခဲ့မယ်" ဆိုသော စကားလောက်သာ ပြောလိုက်ကြသည်။

မိဖြူတို့ဘကြီးအရင်းဟုဆိုသော်လည်း ဦးဘအောင်မှာ ဟိုတုန်းက ၅ နှစ် ၆ နှစ်နေ၍ အရပ်ကို တစ်ခေါက်ဘောလည်တတ်သူမဟုတ်။ သည်ဘက်နှစ်များမှသာ အငြိမ်းစားရသွားပြီမို့ တစ်နှစ်တစ်ခါ နှစ်နှစ်တစ်ခါ အရပ်ကို ရောက်လာတတ်သည်။ သို့သော် မိဖြူတို့အိမ်မှာ တပတ်ပြည့်အောင် တည်းခိုသူမဟုတ်၊ စစ်တွေသွားလိုက်၊ မာန်အောင်သွားလိုက်နှင့် ငယ်စဉ်က ကျွမ်းဝင်ရင်းနှီးထားသော သူငယ်ချင်းဆီမှာသာ အနေများသည်။ ထို့ကြောင့် မိဖြူနှင့်လည်း ဘကြီးက ရင်းနှီးသူမဟုတ်။ ဘကြီးလာရင် တစ်နှစ်တလေ ပါပါလာ



ဘတ်သော အစ်ကိုမောင်၏ညီ မောင်ကျော်အောင်နှင့်သာ မိဖြူက ရင်းနှီးသည်။

အစ်ကိုမောင်မှာ ကမ်းလွန်သာဓာတ်ဖြစ်သော်လည်း မိဖြူက အစ်ကိုမောင်ကို မှတ်မှတ်ရရ တစ်ခါသာ မြင်ဖူးသည်။ ထိုစဉ်က အစ်ကိုမောင် ဆယ့်ငါးနှစ်သား၊ မိဖြူက ကိုးနှစ်သမီး၊ လူကြီးတွေက ရန်ကုန်က ဆွေမျိုးတွေလာသည်ဟုပြော၍ သိရခြင်းပင်။ အစ်ကိုမောင် သုံးနှစ်သားကပင် သူတို့မိသားစု ရန်ကုန်ပြောင်းသွားကြသည်ဟု ဆိုသည်။ အစ်ကိုမောင်အဖေက ရန်ကုန်သားစစ်စစ်၊ ထိုစဉ်က အစ်ကိုမောင်တို့ အမေအဖေတွေမှာ စီးပွားရေးကလည်း တက်တုန်း တိုက်ကြီးတာကြီး ပွဲရုံကြီးတွေနှင့်ဟု သိရသည်။ ထို့ကြောင့်ထင်သည်။ ရန်ကုန်က သူတို့မိသားစု လာလည်မည်ဆိုသော သံကြိုးစာကို ရကတည်းက မေမေ ပါပါတို့မှာ ပျာလောင်ခတ်နေကြသည်။

အစ်ကိုမောင်တို့မိသားစု မရောက်ခင် နှစ်ရက်လောက်ကပင် လှေကားကြမ်းခင်းကအစ တစ်အိမ်လုံးကို ဆေးကြောတိုက်ချွတ်ကြရသည်။ အစ်ကိုမောင်တို့မိသားစုကို လေဆိပ်တွင် သွားကြိုရန်အတွက် ပါပါသည် ကုလားစုရပ်ကိုသွားပြီး အကောင်းဆုံးမြင်းလှည်းတစ်စီးကို နှစ်ရက်သုံးရက်ကပင် ကြိုတင်မှာထားသည်။ အစ်ကိုမောင်တို့မိသားစု ရောက်လာလျှင် ချက်ကျွေးရန် ရေကြက်၊ ကနုကမာ၊ ငါးလက်ခွာ၊ သင်းပုတ်ထွန်း စသည့် ဒေသစားစရာများကိုလည်း အိမ်ပေါ်က ကြွတ်စပ်တွင် အပြည့်အကြပ် တင်ထားကြသည်။ မေမေ ပါပါတို့၏ လှုပ်ရှားမှုတွေကြောင့် ရန်ကုန်ကရောက်လာကြမည်ဆိုသော အစ်ကိုမောင်တို့ မိသားစုကို မိဖြူက ကြိုတင်တွေး၍ပင် ရွံ့ရလန့်ရမလို ဖြစ်နေမိသည်။

ရန်ကုန် ကမ်းလွန်သာ လေယာဉ်ပျံကြီးသည် တောင်ရင်း လေဆိပ်ကို နှစ်နာရီကျော်မှ ရောက်မည်ဖြစ်သော်လည်း မေမေ ပါပါ တို့မှာ မနက်ကပင် လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ ယခင်နှစ်ရက်ကပင်

www.burmeseclassic.com

www.burmeseclassic.com

ကြိုတင်မှာထားသော်လည်း ကုလားစုရပ်က မြင်းလှည်းကို ပါပါက မနက်ကတည်းကငှားစောခေါက်သွား၍ မိဖြူတို့အိမ်ရှေ့ကို ၁၂ နာရီလောက်မှာ အရောက်လာရန် သွားပြောလိုက်သေး၏။ မေမေက ရန်ကုန်ရှိ ဆွေမျိုးသဒ္ဒေးတစ်ဦး လာမည့်အကြောင်းကို အိမ်နီးပါးနားတွေအား မောင်းခတ်ထား၏။

ငှက်ကြီးတစ်ကောင်လို ဝဲပျံဆင်းလာသော လေယာဉ်ကြီးကို မိဖြူ ငေးကြည့်နေမိလေသည်။

"သမီး ..ဟို ..ဟိုမှာ ..ဟိုမှာ နင့်ဦးလေး ဒေါ်လေး အစ်ကိုတို့ လာကြပြီ"

မေမေက မိဖြူလက်တစ်ဘက်ကိုဆွဲလှုပ်၍ပြော၏။ လေယာဉ်ပေါ်မှ ဆင်းလာကြသော လူအများကြီးထဲတွင် အစ်ကိုမောင်တို့မိသားစုကို တစ်ခါမှ မမြင်ဖူးသော မိဖြူက ကြောင်ငေးကြည့်ပြီး မေမေ၏ ဆွဲခေါ်ရာသို့ ပါသွားရ၏။

"မမတို့အားလုံး နေကောင်းကြတယ်နော်"

အစ်ကိုမောင်အမေက ဦးဆုံး နှုတ်ဆက်သည်။

"ဟုတ်ကဲ့ ကျန်းကျန်းမာမာပါပဲ၊ ကြည့်စမ်း မောင်ကျော်အောင်တောင် လူပျိုကြီးဖြစ်နေမှကိုး"

"ဟော့ ကျော်ကျော် လာလေ၊ ဦးလေးဆီကို"

ပါပါက မောင်ကျော်အောင်ကို ခေါ်ယူပြီး ပွေ့ထား၏။

"လာ သန္တာ အန်တီကို သိလား"

အစ်ကိုမောင်တို့အမေက မိဖြူကို ပွေ့ဖက်ထား၏။

"သိတယ်လို့ ပြောလိုက်လေသမီး၊ ရန်ကုန်က အန်ဘီလေ"

မိဖြူက အမေသင်ပေးသည်ကို မဝံ့မရဲနှင့် ပြန်ပြောသောအခါ အစ်ကိုမောင့်အမေက 'သန္တာဖြူက သိပ်လိမ္မာတာ' ဟု ပြောပြီး ပါးကို တစ်ချက်နမ်းကာ ပွေ့ဖက်ထားသည်။

မိဖြူကို အစ်ကိုမောင်တို့အမေက စကားအများကြီးမေးမြန်း၍



မလွှတ်တမ်းပွေ့ဖက်ထားသလို အစ်ကိုမောင်၏ညီ ကျော်အောင်ကိုလည်း မေမေက ပွေ့ဖက်ထားသည်။ အစ်ကိုမောင်ကတော့ ကမ်းလွန်သာမြို့၏ လေဆိပ်ပတ်ဝန်းကျင် ဘယ်ညာကိုကြည့်ကာ ပါပါနှင့် မေးတခွန်းခေါ်တခွန်းသာ စကားပြောနေကြသည်။ ဆွေမျိုးဟုဆိုသော်လည်း အနေဝေးသော ပါပါတို့နှင့် သူက စိမ်းနေသဖြင့် စကားပြောရာတွင် ရှက်ရွံ့နေသလား၊ ပါပါပြောတာကိုလည်း လုံးစေ့ပတ်စေ့ နားမလည်၍လားမသိ၊ သူက စကားနည်းလွန်းသည်။

အစ်ကိုမောင်တို့ ကမ်းလွန်သာရောက်ပြီး တပတ်အကြာမှာ 'စည်ခြုံ' ရွာ ဘုန်းကြီးပျံပွဲသွားကြ၏။ ငှလှေပွေ့မြစ်ကို လှေနှင့်ဖြတ်ကူးရသည်။ ကမ်းလွန်သာတမြို့လုံးလူတွေ သွားကြသဖြင့် ကူတို့လှေကို စောင့်၍ပင် စီးယူရသည်။

စည်ခြုံရွာဘုန်းကြီးပျံပွဲမှာ အလွန်ပင် စည်ကားသဖြင့် ညဥ့်ပွဲဈေးတန်းလျှောက်ရသည်မှာ ပျော်စရာကြီးပင်။ လူချင်း ကွဲသွားပျောက်မသွားလေအောင် တစ်ယောက်လက်တစ်ယောက် ဆွဲဆုပ်ထားရသည်။ အစ်ကိုမောင်နှင့်မိဖြူမှာ ရင်းနှီးနေကြပြီဖြစ်သဖြင့် မိဖြူက အစ်ကိုမောင်၏ ဘောင်းဘီခါးပတ်ကွင်းထဲ လက်လျှို၍ တွဲဆွဲလိုက်ရသည်။ မိဖြူ၏ လက်တစ်ဘက်ကိုတော့ ကျော်ကျော်က မလွှတ်တမ်းဆွဲထား၏။ မေမေ ပါပါနှင့် အစ်ကိုမောင် အဖေအမေတို့မှာ ဘုန်းကြီး၊ အရပ်လူကြီးတွေနှင့် မဏ္ဍပ်ထဲမှာ စကားကောင်းနေကြသည်။

"ဖြူဖြူ ဘာလိုချင်လဲ"

ပွဲဈေးတန်းထဲလျှောက်ကြည့်ယင်း အစ်ကိုမောင်က မိဖြူကို မေး၏။

"ဖန်လက်ကောက် လိုချင်တယ်"

မိဖြူက မဆိုင်းမတွ ဖြေသောအခါ အစ်ကိုမောင်က အစ်ကို ဝယ်ပေးမယ် ပြောပြီး ဖန်လက်ကောက်နီညိုနှစ်ကွင်း ဝယ်ပေးလေသည်။ အစ်ကိုမောင် ကိုယ်တိုင် မိဖြူလက်မှာ ဝတ်ပေး၏။

www.burmeseclassic.com

www.burmeseclassic.com



''မမမှာ ရွှေလက်ကောက် ရွှေခြေချင်းတွေ ရှိတာပဲ၊ ဖန်လက်ကောက်ဘဲ ဘာလုပ်ရမှာလဲ''

''ရန်ကုန်က အစ်ကိုဝယ်ပေးသွားတာ အမှတ်တရ သိမ်းချင်လို့ပေါ့''

မိဖြူ၏အပြောကို ကျော်အောင်ရော အစ်ကိုမောင်ပါ ကျေနပ်သွားကြသည်။

''ကဲ..ဖြူဖြူ၊ အစ်ကို့ကို မုန့်တီကျွေးရမယ်နော်'' ဟု ပြောသဖြင့် မိဖြူက အစ်ကိုမောင်တို့ညီအစ်ကိုကို မုန့်တီဆိုင်ရှေ့ခေါ်လာပြီး ကျွေးရ၏။

နှစ်နေအောင် ဖျော်ပေးထားသော မန်ကျီးသီးချဉ်ရည်ပန်းကန်ကို ကျော်အောင်က ဟင်းရည်ပန်းကန်ချပေးသည်ထင်၍ ခပ်သောက်သဖြင့် မိဖြူက သည်းနေအောင် ရယ်မိသည်။ ''သောက်စားပုပ်တဲ့ကောင် ထိတာပဲ ကောင်းကယ်'' ဟု အစ်ကိုမောင်က သူ့ညီကို မာန်၏။ သို့သော် ကျော်အောင်ဆိုသော ကျော်အောင်ကတော့ မျက်နှာတချက်မပျက်။ ''ထွီ.. ချဉ်လိုက်တဲ့ မမဖြူဖြူရဲ့ ရခိုင်မုန့်တီရေ'' ဟု ရခိုင်သံလုပ်ပြောပြီး ပါးတခြမ်းလိမ်ပြသောအခါ ဆိုင်ရှိလူအကုန်တို့မှာ ကျော်အောင်ကို ''အာဂ ကလေး'' ဟု ဝိုင်းရယ်မောကြ၏။

ကမ်းလွန်သာတွင် သုံးရက်သာနေပြီး အစ်ကိုမောင်တို့ မိသားစု ရန်ကုန်ပြန်သွားကြသည်။

ဆွေမျိုးဆိုသော ခင်မင်မှု အသိစိတ်ကြောင့် ထိုစဉ်က သံယောဇဉ် နှောင်ကြိုးသည် မိဖြူရင်ထဲမှာ ငြိတွယ်ကျန်ရစ်ခဲ့လေသည်။ အစ်ကိုမောင်တို့ပြန်သွားပြီး တစ်ရက်နှစ်ရက်ထိ အစ်ကိုမောင်တို့ မိသားစုကိုသာ မိဖြူ လွမ်းနေမိလေသည်။

သို့သော် မိဖြူတို့ဆွေမျိုးတွေမှာ ခပ်စိမ်းစိမ်းနေတတ်ကြသဖြင့် နောက်ထပ် အစ်ကိုမောင်တို့မိသားစုကို တခါမှ မိဖြူထပ်မတွေ့ရတော့ပေ။



ထို့ကြောင့်လည်း ယခု ဆယ်နှစ်ကျော်ကြာသောအခါ မိဖြူမှာ အစ်ကိုမောင်ရုပ်သွင်ကိုပင် ဖြူသလား မည်းသလား မမှတ်မိတော့။ သို့သော် အစ်ကိုမောင်တို့သတင်းကိုတော့ ထိုစဉ်ကပင် နှစ်တိုင်းနှစ်တိုင်း ကြားရသည်။

အစ်ကိုမောင်တို့အမေဆုံးပါးသောနှစ်က ပါပါပင် ရန်ကုန်လိုက်သွားသေး၏။ မိဖြူက လိုက်ချင်ကြောင်းပြောသောအခါ ကျောင်းပိတ်ရက်မဟုတ်သဖြင့် ပါပါက မလိုက်ရ၊ အပျော်သွားတာမှမဟုတ်တာ၊ သမီးတို့ကျောင်းပိတ်တော့ မေမေနဲ့သွားကြမှာပေါ့နော် ဟု မေမေကလည်း မိဖြူကို နှစ်သိမ့်ထားခဲ့၏။

နှစ်ခြားလောက်တွင် အစ်ကိုမောင်တို့အဖေ နောက်ထပ်မိန်းမတစ်ယောက်ယူလိုက်သည်။ မေမေပါပါတို့ ပြစ်တင်ရှုတ်ချကြသံက ကမ်းလွန်သာရှိ ဆွေမျိုးအသိုင်းအဝိုင်းမှာ မိုးမွှန်ခဲ့သည်။ မေမေပါပါတို့နှင့် အစ်ကိုမောင်တို့မိသားစု တစိမ်းဆန်ဆန် ဖြစ်သွားကြခြင်းမှာ ဤအကြောင်းတွေလည်း ပါပေမည်။

ထို့နောက် အစ်ကိုမောင် အိမ်ကထွက်ပြေးသည်။ ထို့နောက် အစ်ကိုမောင်အဖေ နောက်မိန်းမတစ်ယောက်ယူပြန်သည်။ အစ်ကိုမောင်တို့အဖေ စီးပွားလျှော့သည်။ နောက် မယားကြီး မယားငယ်တရားဖြစ်ကြသည်။ အစ်ကိုမောင်တို့အဖေ ဆုံးသွားသည်။ အစ်ကိုမောင်တို့ပအဖေဆုံးပြီး၍ တနှစ်ကြာသည်အထိ မယားကြီးမယားငယ်တို့ တရားဆိုင်ကြတုန်းဆိုသော သတင်းကို ကြားရသည်။

အစ်ကိုမောင်တို့ညီအစ်ကို ယခုနေသော ဘကြီး ဦးဘအောင်တို့အိမ်မှာပင် နေကြသည်။ အစ်ကိုမောင်တို့အဖေဘက်မှ ဆွေမျိုးများနှင့် အမေဘက်မှ ဆွေမျိုးများက အစ်ကိုမောင်တို့ ညီအစ်ကို မောင်ကျော်မောင်နှင့် မောင်ကျော်အောင်ကို ထောက်ပံ့ကြပြီး ကျောင်းထားပေးကြသည်။ ထိုအထဲမှာ မိဖြူတို့အမေအဖေတွေလည်း ပါသည်။ သို့သော် အစ်ကိုမောင် (ကျော်မောင်) က စိတ်ကြီးသည်။

www.burmeseclassic.com

www.burmeseclassic.com

ယခုနေသော ဘကြီး ဦးဘအောင်တို့အိမ်ကလွဲလျှင် မည်သည့်ဆွေမျိုးတွေဆီက အကူအညီမှ လက်မခံခဲ့ပေ။ မိဖြူ မှတ်မှတ်ရရရှိသည်မှာ ပါပါပို့လိုက်သော မိဖြူတို့အိမ်က ငွေတစ်ထောင်ကို အစ်ကိုမောင်က ပြန်ပို့လိုက်သဖြင့် အဖေမျက်နှာပျက်နေသည်။ အမေက. ငိုသည်။

ထိုစဉ်က ရန်ကုန်မြို့ကြီးမှာရှိနေသည်ဆိုသော အစ်ကိုမောင်ကို မိဖြူမှာ သနားရမလား၊ စိတ်ဆိုးရမလား ဝေခွဲမရခဲ့၊ သို့သော် အစ်ကိုမောင်တို့ ညီအစ်ကိုတွေဆိုတာ ဟိုမှာ ဘယ်လိုများနေကြပါလိမ့်ဟူသော အတွေးကိုတော့ မိဖြူသည် မကြာမကြာ တွေးတတ်လာခဲ့သည်။ သွေးရင်းသားရင်း ဆွေမျိုးဆိုတော့လည်း သူတို့ညီအစ်ကိုတွေအတွက် ပူပန်မိသည်။

စိတ်မှန်းနှင့် တွေးကြည့်သော်လည်း ငယ်စဉ်က တစ်ခါသာမြင်ဘူးသော အစ်ကိုမောင်ဆိုသူ၏ ရုပ်သွင်ကို ဘယ်လိုမှ မှန်းမရ၊ သူ့ဆီကစာလာသည်ဟုတော့ တနှစ်မှာ တစ်ခါလောက် လူကြီးတွေပြောသံကြားဖူးသည်။ အစ်ကိုမောင်၏ စာထဲမှာ မိဖြူအကြောင်းလည်း ပါတတ်သည်။ သူ့ဆီက စာလာသည်ဆိုလျှင် မောင်ကျော်မောင်ဆီက စာလာတယ်ပေါ့ဟု မေမေ ပါပါတို့မှာ ခုန်ပေါက်မတတ် ဝမ်းသာနေကြသည်။ မောင်ကျော်မောင် ဆရာဝန်ကြီးဖြစ်တော့မယ်တဲ့ ဆိုစကားကိုလည်း ပါပါ၏ပါးစပ်ဖျားမှာ အားတက်သရော ကြားခဲ့ရသည်။

ဤသည်ကလွဲ၍ အစ်ကိုမောင်ဆိုသူအကြောင်းကို မိဖြူ ပိုမသိခဲ့သည်မှာ အမှန်ပင်။

ယခုနှစ် ဘကြီးနှင့် ရန်ကုန်ကို လိုက်ရတော့မည်ဆိုသဖြင့် မိဖြူပျော်လိုက်သည်မှာ အတိုင်းမသိခဲ့။ ရန်ကုန်ရောက်မှ တန်ခိုးကြီးဘုရားတွေ ဖူးရမည်။ ရန်ကုန်မှာ အလုပ်နှင့် အတည်တကျနေကြသော သူငယ်ချင်းတွေကို တွေ့ရမည်။ ပြီး ငယ်စဉ်က တစ်ခါသာမြင်ဖူးသော အစ်ကိုမောင်ဆိုသူကိုလည်း တွေ့ရမည်။ သည်စိတ်အသိက ဖြတ်ကနဲ လှုတ်ခတ်လာပြီဆိုလျှင် မိဖြူရင်ထဲမှာ တလှပ်လှပ်ပင်။



အစ်ကိုမောင် ဖြူသလား၊ မည်းသလား၊ မိဖြူထက် အသက်ကလည်း ခုနစ်နှစ်ရှစ်နှစ်ကြီးသူမို့ အစ်ကိုမောင်ကို ဘယ်လိုခေါ်ရမှန်းပင် မသိသေး။ သူ့အသက်ကလည်း ယခုဆိုလျှင် ၂၈–၂၉ မို့ လူကြီးတစ်ယောက်လို နေပေမည်။

အမေက မိဖြူကို အစစသင်ပေးလိုက်သည်။ အစ်ကိုမောင်အကြိုက် သိမ်သိမ်မွေ့မွေ့နေဖို့ထိုင်ဖို့ နောက်ဆုံး အစ်ကိုမောင်ကြိုက်လျှင် အစ်ကိုမောင်နှင့်မိဖြူကို လက်ထပ်ပေးဖို့အထိ ခရေစေ့တွင်းကျမှာလိုက်သည်။ သို့သော် မိဖြူစိတ်အသိမှာ ရန်ကုန်လိုက်ရမှာမို့ ပျော်သည်ကလွဲလျှင် ဘာမှ ဂရုမပြုမိခဲ့ပေ။

မင်္ဂလာဒုံသေဆိပ်ရောက်တော့ အစ်ကိုမောင်တို့ညီအစ်ကိုက မိဖြူနှင့် ဘကြီး ဦးဘအောင်တို့ကို ကားနှင့်လာကြိုကြသည်။

''ကြီးကြီးတို့တော့ မပါဘူးလား''

ကလေးသိ သိခဲ့ကြရမှ ယခု လူကြီးဖြစ်နေသော အစ်ကိုမောင်ကို မိဖြူက တွေ့တွေ့ချင်း အံ့သြရသည်။ ပြီး ရှက်ရွံ့နေမိသည်။ မိဖြူနာမည်ကလည်း အစ်ကိုမောင်စကားထဲတွင် ပါမလာသဖြင့် ဘယ်သူကိုမေးမှန်း မသိသလိုနှင့် မိဖြူက အစ်ကိုမောင်ကိုသာ တွေကြည့်၍ ငေးနေမိ၏။

''သကြန်လွန်မှ သူတို့လာကြလိမ့်မယ်ကွာ''

ဘကြီးကလည်း ဒါပဲပြောသည်။

အစ်ကိုမောင်တို့အိမ်မှာ မဖြူအပါအဝင် လူခြောက်ယောက်ရှိသည်။ အစ်ကိုမောင်တို့ညီအစ်ကိုနှင့် ဘကြီး၊ ဒေါ်လေးစိန်၊ ကူဖော်လောင်ဖက် ကရင်မလေး နော်မူစေးတို့ဖြစ်သည်။ ရောက်စတစ်ရက်နှစ်ရက်က အနေမကျသေး၍ ပျင်းနေမိသည်။ နောက်အနေကျတော့လည်း ပို၍ပျင်းလာမိသည်။

စကားပြောစရာဆို၍လည်း ကျော်အောင်ကလွဲပြီး ဘယ်နှုန်းသူမရှိ၊ နွေရာသီ ကျောင်းပိတ်ရက်ဆိုတော့ ကျော်အောင်က လုပ်အားပေး

www.burmeseclassic.com



သွားနေရသည်။ လေ့လာရေးသွားနေသည်နှင့် အိမ်မှာ သုံးရက်ပြည့်အောင် ရှိသည်မဟုတ်၊ ဘကြီးဆိုတာကလည်း မိဖြူနှင့် မရင်းနှီးသည့်အပြင် ညလမ်းလျှောက် မနက်လမ်းလျှောက်နှင့် အိမ်မကပ်၊ အိမ်မှာနေလျှင်လည်း အပေါ်ထပ်မှာ တရားစာဖတ်ယင်း အချိန်ကုန်နေသည်။

မိဖြူနှင့် သုံးလေးရက်ကြာ၍ပင် တခါမတွေ့ရ၊ အစ်ကိုမောင် ဆိုတာတော့ ပို၍ပင် အိမ်မကပ်သေး၊ လမ်းထိပ်ကဆရာမကြီး နော်လုလုနှင့် မနက်ခုနစ်ရီကျော် အလုပ်သွားသည်။ နေ့လယ် တခေါက် ထမင်းပြန်စားသည်။ ပြီး အလုပ်ပြန်သွားလိုက်သည်မှာ ည ခုနစ်နာရီကျော်မှ အိမ်ပြန်လာဖြစ်သည်။

တခါတခါ ညမှ အလုပ်သွားရသည်ဆိုပြီး မိုးလင်းမှပြန်လာ၏။ အိမ်ရောက်လျှင် အပေါ်ထပ်မှာ သိုးနေအောင်အိပ်သည်ကလည်း ရှိသည်။ တနင်္ဂနွေနေ့ဆိုတာကလည်း အစ်ကိုမောင်က အားချင်မှ အားတတ်သည်။ အလုပ်ကတော့ များသား၊ ဒေါ်လေးစိန်ဆိုတာနှင့် အိမ်ဖော်ဆိုသော ကောင်မလေးကို မိဖြူက စကားပြောရမှာ ခပ်လန့်လန့်။

အတွေးရခက်သလို အသိရလည်းခက်လှသော အစ်ကိုမောင် ကြောင့် မိဖြူမှာ ပို၍ အနေရအထိုင်ရ ကျပ်လာသည်။ ရန်ကုန်ရောက် သည့်နေ့ကစ၍ ယနေ့အထိ မိဖြူနေကောင်းလား၊ ဘယ်သွားချင်လဲ၊ ပျော်ရဲ့လား၊ ပျင်းနေလား တခွန်းမေးဖော်မရ၊ အယင်ကတွေးလာ သော အစ်ကိုမောင်အကြောင်းတွေ ယခု အစ်ကိုမောင်ကိုတွေ့ရသော အခါ အကုန်လုံး တမျှင်စီတစစီပြတ်၍ လွင့်ပျောက်ကုန်တော့သည်။ ဘယ်လိုလူမျိုးတွေနှင့် လာတွေ့နေရပါလိမ့်၊ ထမင်းဝိုင်းမှာ တပတ် တခါနှစ်ခါ ဆုံမိကြတော့လည်း ဘကြီးကသာ နေကောင်းလား၊ ပျင်းနေပလားဟု တခွန်းစနှစ်ခွန်းစ မေးဖော်ရသည်။

အစ်ကိုမောင်ဆိုတာ မိဖြူကို ဖြတ်ကနဲတစ်ချက် မျက်လုံးဝင့်



ကြည့်ရုံကလွဲပြီး ဘာမှမမေး။ သူတို့ဘဝကိုက သည်လိုပဲ နှစ်ရှည် လများ နေလာခဲ့ကြလေသလားတော့မသိပေ။

ကျော်အောင် လေ့လာရေးခရီးကပြန်လာအပြီးမှာ အတင်း ပူဆာသဖြင့် ရွှေတိဂုံဘုရားနှင့် ကမ္ဘာအေးစေတီသို့ လိုက်ပြသည်။ သူကလည်း မိဖြူတို့ဆီလာလည်တုန်းကလို သွက်သွက်လက်လက် မဟုတ်။

အိမ်ကထွက်လာတုန်းက ဘာမှမမေးသော်လည်း လမ်းရောက် လျှင် အစ်ကို့ကိုပြောခဲ့ရဲ့လား ဆိုစကားကိုတော့ လွှတ်ကနဲမေးတတ် သည်။ လူချင်းမှ မတွေ့ကြတာ ဘယ်လိုသွားပြီး သူ့အစ်ကို ကို သံတော်ဦးတင်ရမှာပါလိမ့်၊ ပြီး ကျော်အောင်နှင့်သွားတာကိုပဲ သူ့ကို ပြောနေရဦးမှာလား၊ မိဖြူကိုပင် အဖက်လုပ်မပြောသော ဆရာဝန်ကြီး ကို မိဖြူ သွားပြောရပါ့မလား၊ ကျော်အောင်ဆိုသည့် သင်းကလည်း အလိုက်ကမ်းဆိုး မသိတတ်တာ လွန်လွန်းသည်။

မိဖြူ ရန်ကုန်ရောက်သည်မှာ တလရှိပြီးဖြစ်သော်လည်း ကျော်အောင်နှင့် ခရီးကြုံလိုက်သွား၍စျေးထဲတော့ နှစ်ခါရောက်ဖူးပြီ၊ ဘလအတွင်းမှာ မိဖြူရောက်ဖူးသော ရန်ကုန်ဆိုတာက ဤမျှသာ။ နောက်ထပ် ကျော်အောင်ကို လိုက်ပို့ပါပြောလျှင် သကြံန်လွန်ပြီးရင် ကြီးကြီးတို့လာကြမှာပဲ အဲဒီအခါမှ တဝကြီးလျှောက်လည်ပေါ့ မမဖြူ ရယ်၊ ပြီး မမဖြူက ရန်ကုန်မှာနေရမယ့်လူပဲ ဖြည်းဖြည်းပေါ့ တဲ့။

''ဒါတော့ နင်ပြောမှလား'' ဟု အော်လိုက်ချင်သော်လည်း စကားပြောအဖော်မရပဲ ဘက်ပဲ့သွားမှာစိုးသဖြင့် သည်းခံလိုက်ရင်း စကားပြောဖော်ရတာကိုပဲ ကျော်အောင်အား ကျေးဇူးအထူးတင်နေရ ဦးမည်။ အစ်ကိုမောင်ကိုတော့ မိဖြူက အကြီးအကျယ်စိတ်ခုလိုက်ပြီ၊ သူ့မျက်နှာတည်တည်ကြီးကို မြင်ရလျှင် ပို၍ဒေါသဖြစ်ရသည်။ အေးစက်၍ အသက်ပင်မရှိလားထင်ရသော မျက်နှာမှာ ဓာတ်ပုံပေါ်က လူမသာများ၏မျက်နှာနှင့် ဘာမှခြားမည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းသည်ဟုဆိုရမလား၊ ကျေးဇူးပဲတင်ရမလား မတွေးတင်။ ကိုမောင်ကြီးကတော့ မိဖြူရန်ကုန်ရောက်နေသည်ကြားသဖြင့် ရှာရှာဖွေဖွေလိုက်လာပြီး ထမင်းစားဖိတ်သည်။ သကြံန်အကြို ထမင်းစားပွဲမှာ အရပ်ကသူငယ်ချင်းတွေပါ တွေ့ရမည်ဆိုတော့လည်း မိဖြူက ချက်ချင်းထလိုက်သွားမိသည်။

ဤအိမ်ကြီးထဲမှာ နေရသည်ကို ငြီးငွေ့လွန်းလှပြီမဟုတ်ပါလား၊ အစ်ကိုမောင်တို့အိမ်က သီးခြားကမ္ဘာနှင့် အတူတူပင်။ ဤလို သီးခြားကမ္ဘာမျိုးထဲမှာ ဖြစ်နိုင်လျှင် မိဖြူက တမိနစ် တဗီဇနာပင် နေချင်သူမဟုတ်။

ကိုမောင်မောင်ကြီး၏ သကြံန်အကြိုထမင်းစားပွဲမှာ ရုံးစာရေး၊ အရာရှိ၊ စစ်ဗိုလ်၊ ကုန်သည်၊ သူနာပြုသင်တန်းလာတက်နေသူ၊ ကျောင်းဆရာ၊ ကျန်းမာရေးမှူး၊ စက်ရုံအလုပ်သမား စသည်တို့နှင့် အရပ်ကသူငယ်ချင်းတွေကို လူစုံတွေ့ရသည်။

ကမ်းလွန်သာမှ ကုန်သည်ကြီးသားမို့၊ ပွဲစားကြီးသားမို့၊ ဝန်ထောက်သားမို့၊ စိန်ရွှေရတနာတိုက်ပိုင်ကြီးသားမို့ ခပ်တည်တည် နေကြသော်လည်း ရန်ကုန်၌ ကိုယ့်အရပ်ကသူငယ်ချင်းတစု ဆုံမိကြပြီ ဆိုတော့လည်း နိုင်ငံရပ်ခြား တိုင်းတပါးမှာ ဆုံဆည်းမိကြသလိုပင် တယောက်နှင့်တယောက် နောက်လိုက်ပြောင်လိုက် ကျီစယ်လိုက်နှင့် စကားပြော၍ပင် အားမရနိုင်ကြ။ လေပွေ့က ဆိပ်ကမ်းအလုပ်သမားကြီးသား ကိုသာဖံတို့လိုလူကို မြို့မဈေးထဲက စိန်ရွှေရတနာတိုက်ပိုင်ရှင်သား ကိုမောင်မောင်ကြီးတို့ကအစ ဖက်လဲတင်း ပျူပျူငှာငှာ ရှိသည်ကို မြင်ရသောအခါ မိဖြူမှာ ဝမ်းသာမဆုံး ဖြစ်မိသည်။ သူငယ်ချင်းတွေမှာ တစိတ်တဝမ်း စည်းစည်းလုံးလုံးနှင့် ပျော်နေကြသည်မှာ အားရစရာပင်။

ထမင်းစားပြီး၍ လူချင်းခွဲကြရသောအခါ မိဖြူကို ကိုထွန်းသာက လိုက်ပို့၏။ သူ့အဆက်ဆရာမလေး ဝေဝေခိုင်ကိုတော့ ဆေး



ကျောင်းတက်နေသူ ကိုစံရွှေအောင်က တမင်နောက်ပြောင်ပြီး ခေါ်သွားသည်။ ကိုထွန်းသာခမျာ ရယ်ဖြဲရယ်ဖြဲနှင့် ခံလိုက်ရပြီး နောက်တော့ မိဖြူကို ပြန်ပို့ဖို့တာဝန်ကျသည်။ သည်ကာလတွင် သူငယ်ချင်းတွေထဲမှာ ကိုယ်ပိုင်ကားစီးနိုင်သူဆို၍လည်း သူတစ်ယောက်သာ ရှိသည့်မို့ ဘယ်ပွဲမဆို မိန်းကလေးလိုက်ပို့ရေးတာဝန်မှာ သူတယောက်တည်းပိုင် လုပ်ငန်းဟု နောက်နေကြသည်။

အရပ်ကသူငယ်ချင်းတွေ စုံစုံစေ့စေ့ တွေ့ရ၍ မြူးကြွပျော်ရွှင်လာသော မိဖြူ၏စိတ်သည် အစ်ကိုမောင်တို့အိမ်ရိပ်ကို နင်းလိုက်မိပြီဆိုသည်နှင့်တပြိုင်နက် လန့်ထွက်ပြေးသွားကြသည်။ သအတွင်းမှာ မိဖြူကို တခါမှ စကားအဖက်လုပ်မပြောဖူးသော အစ်ကိုမောင်အသံကို ကြားရတော့လည်း စစ်လား ဆေးလားလုပ်ရပါမည်လားဟု စိတ်ဆိုးရမည့်အစား ကျေနပ်မိသလိုနှင့် ရင်ထဲကလည်း တလုပ်လုပ် ခုန်လာသည်။ ထို့ကြောင့်ပင်ထင်သည်။

အစ်ကိုမောင်၏အနားမှာ မိဖြူက မတ်တပ်ရပ်လျက်သား သို့သော် မိဖြူကိုမြင်ပြန်တော့လည်း သူ့ပါးစပ်က ဘာစကားမှမဟာပြန်၊ ထိုအခါ အစ်ကိုမောင်ကို မိဖြူမှာ စိတ်ထဲက မျက်ရပြန်သည်။ သွေးရင်းသားရင်း ဆွေမျိုးပဲဟူသော အသိစိတ်၏ ထိန်းချုပ်မှုကြောင့်သာ သို့မဟုတ်လျှင်တော့ အစ်ကိုမောင်ဆိုတာကို မိဖြူစိတ်ထဲမှာ မေ့လိုက်ချင်လှပြီ။

သည်နေ့ကစ၍ မနက်တိုင်းမှာ မိဖြူစိတ်ထဲ ကသိကအောက်ဖြစ်ရပြန်သည်။ မိုးလင်းပြီဆိုလျှင် နော်မူစေးက 'မမ ဒီကနေ့ ဘာဟင်းဝယ်ချက်ရမလဲ' ဆိုတာမေးရပြီ၊ သည်အိမ်ရောက်နေသော ကာလအတွင်းမှာ တခါမှ အဖက်မလုပ် မမေးဖူးသော နော်မူစေးစကားကြောင့် ပထမတရက်နှစ်ရက်မှာ မိဖြူက ကြောင်နေမိသည်။ နောက်တော့ နေ့တိုင်းနေ့တိုင်း လာမေးရမလားဟု စိတ်ပင်ဆိုးမိသည်။ 'ချက်ချင်တာချက်ပေါ့' ဟု နော်မူစေးကို အော်လွှတ်ရ၏။ "ခုမှ

www.burmeseclassic.com

www.burmeseclassic.com

အဆန်းတကြယ် အရေးလုပ်လို့''

''ဆရာက ဘာဟင်းစားချင်လဲ မမကိုမေးပြီးမှချက်ပါဆိုလို့''

သည်စကားကိုတော့ နော်မှုစေးက ရဲရဲဝံ့ဝံ့ပင် ဆိုတော်သည်။ ပြီး မိဖြူကို မသိမသာအကဲခတ်၍ အခန်းမှ လှည့်ထွက်သွားတော်သည်။ သူ့ဟန်ကလည်း တမျိုးပင်။

''ဖြူဖြူနဲ့ မောင်ကျော်မောင် စိတ်များဆိုးနေကြသလားဖြူဖြူ''

တညနေမှာ ဒေါ်လေးစိန်ကလည်း မေးခွန်းအဆန်းတွေချည်း မေးလာပြန်သည်။

''ဘာဖြစ်လို့လဲ ဒေါ်ဒေါ်''

''သြော် ..ခုတလော မောင်ကျော်မောင်က ထိတ်ကနဲဆို စိတ်တိုတတ်လွန်းနေလို့ပါ ဟိုတုန်းက''

''အစ်ကိုမောင်နဲ့ဖြူဖြူ စိတ်ဆိုးရအောင် စကားတောင်ပြောဖူးလို့လား ဒေါ်ဒေါ်ရယ်''

ထောင်းကနဲ ဒေါသထွက်သွားသဖြင့် ပြောမိလိုက်၏။

''မသိပါဘူးဟယ်၊ ဒေါ်ဒေါ်က ဖြူဖြူနဲ့များ စိတ်ကောက်နေကြသလားလို့ပါ၊ ဟိုတုန်းက ဒီသူငယ် ဒီလိုတခါမှ စိတ်မတိုတတ်ပါဘူး၊ ခုဆို ထမင်းဟင်းချက်ပြုတ်တာကအစ နည်းနည်းဆို ဆူချင် ပူချင်နေတာ''

ဒေါ်လေးစိန်မျက်လုံးအစုံက မိဖြူကို စူးစမ်းသလို စိုက်ကြည့်နေသည်။ မိဖြူမှာ ပိုရှုံစိတ်ဆိုးရသည်။ ကြည့်စမ်း သူတို့လူ စိတ်တိုနေတာကိုလည်း မိဖြူကြောင့်ဟု အပြစ်ရှာချင်နေကြသည်။ မိဖြူသူတို့အိမ်ကိုရောက်လာမှ အစ်ကိုမောင်က စိတ်တိုတတ်လာသည်။ ဆူတတ်ပူတတ်လာသည်ဆိုတော့ မိဖြူက ဂြိုဟ်ကောင်လား၊ မကောင်းဆိုးရွားလား၊ အစ်ကိုမောင်စိတ်ကို ဆူအောင်ပူအောင်လုပ်တတ်သော တန်းခိုးက မိဖြူမှာရှိသလား။ အစ်ကိုမောင်ဆိုသူကို မိဖြူ မည်သို့နားလည်ရမည်နည်း။



- ၃ -

နှစ်သစ်တဲ့ သင်္ကြန်ကျပလေး၊ ဖြစ်.ဖြစ်မယ့်
အတွင်းရန်ဘယတွေ သွေဖြောင်းနဲ့ ရေလောင်းကာ ထွေထွေ
တောင်းဆုခြွေ။

သွေးထားတဲ့ နှံ့သာများတွေ၊ ကြေးဖလားနဲ့
နံ့သာခါးရေ၊ ပျိုလက်နဲ့ ကိုယ်ထက်သာ သွန်းနေ ~၊ အား
ပက်စေ။

ကိုကျော်ဦး၏ အသံဝါကြီးက တလမ်းလုံး တကားလုံး ဘောင်ဘင်ခတ်လာသည်။ ကိုကျော်ဦး၏ အတိုင်းမသိ ပျော်ရွှင်လာပုံကို မြင်ရသောအခါ မိဖြူသည် ပန်းတောပြင်ရွာက သူ့ညီမ မိငယ်လေး မျက်နှာကို ဖြတ်ကနဲမြင်လိုက်ရသလိုပင်။ မိပစ်၊ ဖပစ်၊ ဆွေမျိုးပစ်တို့နှင့် ကိုကျော်ဦးတို့များ တပြည်တရွာမှာလာပြီး ပျော်နေလိုက်သည့်အဖြစ်။ အမိအဖ ညီအစ်ကိုမောင်နှမတွေကိုလည်း သူက လုံးဝသတိရပုံမပေါ်တော့။ 'သြော် ..မိဖြူသည်ပင် ရန်ကုန်သင်္ကြန်မှာ ရေပက်ခံထွက်၍ ပျော်နေသေးတာပဲ' သည်လိုတော့ မိဖြူက ဖြေတတ်သား။

''ဖြူပြာရွှေ၊ မှုယာတွေဝိုင်းဝန်းလို့ လည်တာပေ မောင့်
တကိုယ်ရေ၊ ရှောင်မလိုသွေ၊ ပြေးပြေးမလွတ်သေးပေ
နံဘေးက ကျီစယ်ဖော်ရွှေ အေးလှပြီကွယ် တော်လေပြောစကား
နားမဝင်နိုင်ပေ၊ မောသလား ခင်ရေ တိုင်နေ''

ကိုကျော်ဦး၏အသံအတိုတ်မှာ ကိုထွန်းသာက ဝေဝေခိုင်ကို မျက်စပစ်ပြ၍ သီချင်းဆက်လာပြန်၏။

'နံ့သာလေးက ချိုအေးဝေဝေ၊ မွှေးတောတောသင်းပျံ့သား၊
ရန့်ပါအဆင်းနဲ့ စိတ်ရင်းပျိုတွေ ပန်းကလေးလိုမွှေးစေသား၊
မေတ္တာရေ လှစ်ခါခြွေ မောင်ချစ်နှမတွေ၊ ပေ အောင်သမြေဆီ
မြန်တိုင်းဌာနေ အောင်စေမည် ကြတိုင်းပါစေ၊ နောင်အရှည်

www.burmeseclassic.com

www.burmeseclassic.com



တည် သကြိန်တိုင်းလာမယ်လေ၊ နှုတ်ဆက်လိုက်ကြပါတော့ ပေဟာယ်"

တနေ့လုံးလျှောက်လည်၍ ညနေရောက်ပြီဖြစ်သော်လည်း ကိုကျော်ဦးတို့လူသိုက်က မောပုံမရကြသေး၊ သီချင်းသံပြိုင်သီဆို၍ ပျော်နေကြတုန်းပင်။ ဆရာမလေး ဝေဝေခိုင်၊ ဇင်မေဦး၊ မိဖြူနှင့် မအေးချမ်းတို့ကတော့ ချမ်းလှပြီ။

"ဟေ့ ဒီကပြီးရင် စမ်းချောင်းကို တပတ်ကျော့ဦးကွ"

ကိုကျော်သူက ကားမောင်းသူ ကိုပန်းသာကို လှမ်းပြော၏။

"ငါတော့ ချမ်းလှပြီကွ ရန်ကုန်ထဲမှာ ကျန်နေရစ်တော့မယ်"

"ဖြူဖြူတို့တောင် မချမ်းသေးပဲ မင်းက သဲနေပြန်ပြီ"

"ဟေ့ အောင်သပြေဆီ ကျွန်တော်တို့သွန်းမယ်၊ အေးလှပြီကွယ် တော်လေ"

ကိုကျော်ဦးက အသောဝင်ဖောက်၏။

"မိဖြူတို့လဲ ချမ်းလှပါပြီ ကိုပန်းသာရယ်၊ ပြန်ရင်လဲ ပြန်ကြပါတော့"

"ဖြူဖြူတော့ ရန်ကုန်သကြိန်ကို တနေ့တည်းနဲ့ လန့်သွားပြီထင်တယ်။ ပြန်ချင်လဲပြန်ကြလေ၊ ငါးနာရီတောင် နီးပြီပဲ"

ကိုကျော်ဦးမှာ ပျော်တတ်သော်လည်း အတိုင်းအဆတော့ သိတတ်သူပင်။

"ဟေ့ကောင်ပန်းသာ၊ မင်းကတော့ သန်းခေါင်ရောက်လေ ကြိုက်လေပဲ မဟုတ်လား"

ကိုမောင်မောင်ကြီးက ဇင်မေဦးဘက် မျက်စပစ်ပြ၍ ကိုပန်းသာကိုစသည်။

"ပန်းသာလဲ လမ်းကြုံအောင် ရန်ကုန်ထဲက လှည့်ပြန်ကြတာ ပေါ့ကွာ"

ကိုကျော်ဦးကပင် အဆုံးအဖြတ်စကားကို ဝင်ဆိုသည်။



ကိုပန်းသာမှာ လမ်း ၃၀ တွင် နေသူဖြစ်၏။ ကားက တာမွေ အဝိုင်းကိုပတ်တုန်း၊ ကျောက်မြောင်းကို လှည့်ဝင်ကြဦးမည်ဟုဆိုသည်။

"ဒါ တာမွေအဝိုင်းခေါ်တယ် မမဖြူ၊ မေဒေးနေ့တို့၊ ပြည်ထောင်စုပွဲနေ့တို့လုပ်တဲ့ ကျိုက္ကဆံကွင်းဆိုတာ ဟိုဘက်မှာပေါ့၊ မြင်းပြိုင်ကွင်းဟောင်းလေ"

မိဖြူအား ကျော်အောင်က ရောက်သည့်နေရာတိုင်း၌ စုံစုံစေ့စေ့ ပြောပြတတ်သည်။ ကျော်အောင်မှာ မိဖြူခေါ်လာ၍ ယနေ့မှ ကမ်းလွန် သာကလူတွေနှင့် တွေ့ကြရသော်လည်း ဖော်ဖော်ရွှေရွှေနေတတ်သူမို့ အကုန်လုံးနှင့် ရင်းနှီးကျွမ်းဝင်လာပြီးဖြစ်သည်။

သည်လိုနှင့်ပင် ကျောက်မြောင်းရပ် ရေပက်ခံမဏ္ဍာပ်တခုသို့ ရောက်လာကြသည်။ မိဖြူတို့ အမျိုးသမီးတွေမှာ မျက်နှာသုတ်ပဝါ ခေါင်းမြီးခြုံ၍ ကားပေါ်တွင် ပုနေကြရ၏။

နို့ဆီခွက်နှင့် အသားကျိန်းလောက်အောင် စိမ်ပြေနပြေရိုက်သူ၊ ရေပိုက်နှင့် မျက်နှာတည့်တည့်ကို တမင်ပက်သူ၊ အပေါ်ကစီး၍ ရေပုံးကြီးနှင့် မှန်းနေအောင်လောင်းသူကလည်း ရှိလေသည်။ ထို့ကြောင့်လည်း မိဖြူတို့အမျိုးသမီးတွေမှာ ခေါင်းပင်မဖော်ရဲကြ။

"အမယ်လေးဗျ"

ကျော်အောင်က အထိတ်တလန့်အော်လိုက်သဖြင့် တကားလုံး လူတွေမှာ ရုတ်ရုတ်သဲသဲဖြစ်သွားကြသည်။

အမှန်မှာ ကားပေါ်မှ ပြောင်ပြနေသော ကျော်အောင်အား အမျိုးသမီးငယ်တယောက်က ဂါလံဝင်ရေပုံးနှင့် လှမ်းပက်လိုက်ရာ ရေပုံးမှာ လက်ကလွတ်ထွက်လာပြီး ကျော်အောင်ခေါင်းပေါ်လာကျ၏။ ကျော်အောင်မှာ ခေါင်းကွဲသွားလေပြီ။

ရေပက်ခံမဏ္ဍာပ်မှ လူကြီးတွေပါ ရုတ်ရုတ်သဲသဲနှင့် ပြေးထွက်လာကြပြီး ရေပုံးလွတ်ကျသော မိန်းကလေးကို ဝိုင်း၍ ကြိမ်းလိုက်မာန်လိုက်ကြသည်မှာလည်း ကျော်အောင်ကိုယ်တိုင် ကားပေါ်က

www.burmeseclassic.com

www.burmeseclassic.com



ဆင်း၍ တောင်းပန်ရသည့်အထိဖြစ်သည်။ မတော်တဆဖြစ်တာမို့ မိန်းကလေးအား အကုန်လုံးက ခွင့်လွှတ်ကြသည်။ မိန်းကလေးခမျာ မှာလည်း ရှိုးရှိုးဦးတင်ပင် တောင်းပန်ရှာသည်။ ကိုကျော်ဦးက ကျော်အောင်ခေါင်းကို သူ့စွပ်ကျယ်ဆုတ်၍ ပတ်တီးစည်းပေးသည်။

"ဆေးရုံကို မြန်မြန်ပို့မှဖြစ်မယ် ဒဏ်ရာက မနည်းဘူး"

ကိုကျော်ဦးစကားကြောင့် မိဖြူတို့က မျက်လုံးပြူးသွားကြသည်။

ကိုပန်းသာက ကားကို အပြင်းမောင်းထွက်လိုက်သည်။ သူတို့ပါ လိုက်ပို့ပါရစေဟု ဆိုသော်လည်း မဏ္ဍာပ်ထဲက လူကြီးတွေကို ကိုကျော်ဦးက တောင်းပန်လာခဲ့သည်။

ကျော်အောင်၏ ဦးခေါင်းပေါ်က ဒဏ်ရာမှာ တလက်မ ကျယ် လောက်ဟက်တက်ကြီး ကွဲသွား၏။ ရေပုံးဖင်နှင့် တအားဆောင့်မိခြင်း ပင်။ ထွက်လိုက်သည့်သွေးတွေကလည်း ကျောကုန်းတခုလုံး ချင်းချင်း နီလာသည်။

မျက်နှာတချက်မပျက်၊ စကားပြောတချက်မရပ်ပဲ လိုက်ပါလာ သော ကျော်အောင်ကို တယောက်တပေါက် ဝိုင်းဝန်းပြောကြသည်။ ဆေးရုံကြီးမှာ သူ့အစ်ကိုတစ်ယောက်လုံး ဆရာဝန်ရှိသည်ဆိုတာ သူတို့က မသိကြ။

"သိပ်လည်း မစိုးရိမ်ကြပါနဲ့ ဆေးရုံကြီးမှာ သူ့အစ်ကို ဆရာဝန် ရှိသားပဲ"

အစ်ကိုမောင်ကိုသိသော ဝေဝေက ပြော၏။

"ဟယ် ဟုတ်လား၊ ဒါကြောင့် ချာတိတ်က မျက်နှာတချက် မပျက် လိုက်လာတာကိုး"

"ဒါပေမယ့် ဂျူတီများ လဲသွားမလားမသိဘူး ဝေဝေ"

"ဂျူတီလဲချိန်က လိုပါသေးတယ် ဖြူဖြူ"

ဆရာမလေး ဝေဝေခိုင်စကားကြောင့် အကုန်သူတို့မှာ နေသာ ထိုင်သာဖြစ်သွားကြသည်။



ကျော်အောင်မှာ သူ့ခေါင်းပေါ်ကဒဏ်ရာကို လက်တဘက်နှင့် ဖိကိုင်ထားသော်လည်း သူ့မျက်နှာ ဘာမှမဖြစ်သလိုပင်။

သည်လိုနှင့်ပင် ဆေးရုံကြီးသို့ ရောက်လာကြ၏။ မကျော်အောင် အား ကိုပန်းသာက အရေးပေါ်သို့ တွဲတင်သွားသည်။ မိဖြူကလည်း နောက်က ဖေးမ၍ လိုက်ပါရင်း ..

"အစ်ကိုတို့ မိုးချုပ်နေလိမ့်မယ်။ ကျွန်တော့်အတွက်စိတ်ချပြီး ပြန်ကြပါ။ ဒီမှာ ကျွန်တော့်အစ်ကိုရှိတာပဲ အပြန်မှာ အစ်ကိုကားနဲ့ လိုက်သွားမယ် ပြန်ကြပါ"

"အေးကွ မင်းတို့ပြန်ကြ ငါက ဒီလမ်းသုံးဆယ်ထဲနေတာ အကြောင်းမဟုတ်ဘူး၊ ဖြူဖြူတို့ကလဲ အိမ်က ဆရာဝန်ရှိတော့ သူ့ကားနဲ့ သွားကြလိမ့်မယ်"

ကျော်အောင်ကရော ကိုပန်းသာကပါ ပြောသောအခါ ကိုကျော်ဦးတို့မှာ ရေပက်ခံကားနှင့်ပင် ပြန်သွားကြသည်။ အစ်ကို တစ်ယောက်လုံး ဆရာဝန်ရှိသည်ဆိုသဖြင့် ကျော်အောင်ကို စိတ်ချ ထားခဲ့ကြသည်။

အစ်ကိုမောင်ကို အရေးပေါ်မှာ တာဝန်ကျ၍တွေ့ရသည်။ ကျော်အောင်အတွက် မိဖြူရင်အေးရပြီ။ ညီ၏အသံကိုကြားသောအခါ အစ်ကိုမောင်သည် လူနာတစ်ယောက်အတွက် ဆေးစာရေးနေရာမှ ဖြတ်ကနဲတချက် မော့ကြည့်သည်။ ပြီး ဆေးရုံတင်ရမည့် အရေး တကြီး လူနာတစ်ယောက်အတွက် ဟုဆရာမကိုပြောလိုက် သည်ဆရာမကိုပြောလိုက်နှင့် အစီအစဉ်လုပ်နေသည်။ ထိုသို့အပြီးမှာ လည်း လူနာတယောက်အတွက် ဆေးစာကိုသာ ထိုင်၍ရေးနေပြန်၏။ မိဖြူက အစ်ကိုမောင်ကို အကြီးအကျယ်စိတ်ဆိုးသွားသည်။ ညီအရင်း ခေါက်ခေါက်တယောက်လုံး သွေးထွက်သံယိုဖြစ်လာတာ တောင် ထကြည့်ဖော်မရပါလား။ ဘယ်လိုနှလုံးသားပါလိမ့်။

အစ်ကိုမောင်နှင့်ယှဉ်ထိုင်နေသော ဆရာဝန်မတယောက်က

www.burmeseclassic.com

www.burmeseclassic.com



ကျော်အောင်ကိုစမ်းသပ်ကြည့်ရန် ပျာပျာသလဲ ထလိုက်သွား၏။ အစ်ကိုမောင်က စာရေးပင်မပျက်၊ မိဖြူကိုလည်း နှုတ်မဆက်၊ လှည့်မကြည့်၊ သို့သော် သူ့မျက်နှာက ညှိုးနေ၏။

အစ်ကိုမောင်နှင့်အတူ နောက်တာဝန်ကျနေသော ဆရာဝန်တယောက်က ဆေးရုံတင်ရမည့်လူနာတွေအတွက် ဆေးစာရေးပေးလိုက်၊ ဆရာမတွေကို လှမ်းပြောလိုက်၊ ဖုန်း ခဏခဏလာ၍ ကောက်ကိုင်လိုက် ပြန်ပြောလိုက်နှင့် အလုပ်ရှုပ်နေကြသည်။ သည်ကြားထဲ အိမ်ပြန်ရန် လမ်းစရိတ်ပင် ပါမလာသော အရေးပေါ် ထူထူထောင်ထောင်လူနာတွေက ပိုက်ဆံတောင်းတာလည်းရှိသည်။ အပျိုမလေးတစ်ယောက်ကမူ သူ၏လုံးကျစ်ကျစ်ကိုယ်လုံးလေးကို တွန့်လိမ်၍ . .

"ဒေါက်တာ ဖုန်းခဏ" ဟုဆို၏။

"ဩော် . . အင်း . . အင်း ပြောပါ ပြောပါ"

ပြောပါပြောပါသာဆိုသည် ဖုန်း စကားပြောပါရစေဆိုသူအား အစ်ကိုမောင်က လှည့်၍ပင်မကြည့်အား။

အိမ်မှာဆိုလျှင် ခုတလော စိတ်တိုတတ်သည်ဆိုသော အစ်ကိုမောင်ကို မိဖြူက ငေးကြည့်နေမိသည်။ ဤနေရာကျတော့လည်း သူ့စိတ်က အရှည်သားပင်။ သူ့လူနာများကလည်း စိတ်ရှည်မှုဖြစ်လိမ့်မည်ထင်သည်။

"ရှင်က ဒီမှာ ရေစိုကြီးနဲ့ ဘာကိစ္စ လာရပ်နေတာလဲ"

ဆရာမတယောက်က မိဖြူကိုအော်သည်။

"ဩော် . . ကျွန် . . ကျွန်မက လူနာရှင်ရှင့်"

အစ်ကိုမောင်က ဆရာမကို အင်္ဂလိပ်လို လှမ်းပြောလိုက်သည်။

"ဆောရီးဆရာ" ဆိုပြီး ဆရာမက လူနာအခန်းထဲ ပြန်ဝင်သွား၏။

ကိုပန်းသာ အခန်းထဲကထွက်လာသည်။

"ကျော်ကျော်ဘယ့်နှယ်နေလဲ"



"ကိစ္စမရှိပါဘူး။ ချုပ်နေကြတယ်။ ငါပြန်မယ်ဖြူဖြူ၊ ငါက ဒီနားတင်နေတာ၊ ဩော် . . ဖြူဖြူတို့အိမ်က ဆရာဝန်ဆိုတာ တွေ့ပလား"

ကိုပန်းသာစကားကြောင့် အစ်ကိုမောင်က ခေါင်းတချက်မော့ကြည့်သည်။ မိဖြူက မျက်စောင်းထိုးပြလိုက်၏။

ကိုပန်းသာပြန်သွားပြီဖြစ်သော်လည်း မိဖြူကား ဆရာဝန်အခန်းရှေ့ထောင့်မှာ ရေစိုကြီးနှင့် တောင့်တောင့်ကြီး မတ်တပ်ရပ်တုန်း၊ အစ်ကိုမောင်ကလည်း ထိုင်ပါဟု တခွန်းမပြော။ နောက်ဂျူတီလဲရန် ဆရာဝန်အသစ်တွေသာရောက်လာကြသည်။

ဆတ်ကနဲထပြီး အစ်ကိုမောင်က လူနာခန်းထဲဝင်သွားပြီး ခဏအကြာမှာပင် ပြန်ထွက်လာသည်။ သူ့ကုလားထိုင်မှာ နောက်ထပ်ဆရာဝန်တယောက် ဝင်ထိုင်နေလေပြီ။

"လာအိမ်ပြန်မယ်"

"ကျော်ကျော် ဘယ်နှယ့်နေလဲဟင် . . အစ်ကို"

"ဆေးရုံမှာထားခဲ့တယ်"

မိဖြူမှာ သူ့ကိုနောက်ထပ်စကားဆက်မေးရန်မဆိုထားနှင့် မငိုမိအောင်ပင် မနည်း သတိထားလိုက်ရသည်။

ဆေးရုံအောက်ရောက်သောအခါ အပြင်မှာ မှောင်စပြုနေလေပြီ။ လမ်းမီးတိုင်များလည်း ထိန်လင်းနေကြလေပြီ။ မောင်းလာသောကားကို အစ်ကိုမောင်က လမ်းဘေးသို့ ဝူးကနဲထိုးရပ်လိုက်သဖြင့် မိဖြူက မျက်လုံးပြူးသွားသည်။

"ရော့ ဒါဝတ် ယူ"

မိဖြူက ချမ်း၍ စိစိတုန်လာသည်ကိုမြင်သဖြင့် သူ့ကိုယ်ပေါ်က ဆရာဝန်ကုတ်အင်္ကျီရှည်ကိုချွတ်၍ နောက်သို့ပစ်ပေးသည်။ သည်လိုနှင့်ပင် အိမ်ရောက်လာကြသည်။

အစ်ကိုမောင်၏ ဆရာဝန်ကုတ်အင်္ကျီကို မိဖြူသည် ကားပေါ်

www.burmeseclassic.com

www.burmeseclassic.com



ထက်မှာပင် ချွတ်၍ လွှင့်ပစ်ထားခဲ့သည်။ ညီအရင်းတယောက်လုံး အနာတရဖြစ်လာသည်ကိုပင် မိဖြူအား ဘယ်လိုဖြစ်တာလဲ တခွန်းတစ မေးဖော်မရ။ အစ်ကိုမောင်ကို မိဖြူက အကြီးအကျယ် စိတ်ဆိုးလာသည်။

"မောင်ကျော်မောင် ကျော်ကျော်ကောကွယ်"

"ဆေးရုံတင်ထားခဲ့ရတယ်"

"ဘုရားရေ ဘာများဖြစ်ပါလိမ့်"

"လျှောက်လောင်ကြလို့နေမှာပေါ့ အဖြစ်တောင်နည်းသေးတယ်၊ နောက်စေ့တည့်တည့်မှာ နှစ်လက်မလောက် ဟက်တက်ကြီးကွဲသွားတာ"

ထမင်းစားခန်းထဲမှ အစ်ကိုမောင်အသံကို မကြေမချမ်းကြားရ၏။ ထမင်းဝိုင်းမှာ ကျော်အောင်ကိုမမြင်ရသဖြင့် ဒေါ်လေးက မေးပုံရသည်။

"ဆေးရုံတောင်တင်ထားခဲ့ရတယ်ဆိုတော့ ဒဏ်ရာကသိပ်များနေသလားဟင်။ အဒေါ်ဖြင့်ရင်ထိတ်လိုက်တာ မောင်ကျော်ရယ်။ သူ့ဦးကြီးကိုကော ဝင်ပြောခဲ့ကြရဲ့လား"

ဘကြီးမှာ သကြံန်အကြိုနေ့ကပင် သာသနာ့ရိပ်သာသွား၍ ဥပုသ်စောင့် တရားအားထုတ်နေသူမို့ အိမ်မှာမရှိပေ။ သကြံန်လွန်မှ အိမ်ပြန်လာမည်ဖြစ်သည်။

"စိုးရိမ်စရာမရှိပါဘူး၊ မှတ်လောက်အောင် တမင်ထားခဲ့တာ၊ မနက်ဖြန်ဆွမ်းပို့သွားရင် ဘကြီးကို လုံးဝမပြောကြနဲ့ တရားအားထုတ်နေတာ အနှောင့်အယှက်ဖြစ်နေအုံးမယ်"

ထမင်းစားမည်ဟု လှမ်းလာသော ခြေလှမ်းကို မိဖြူက အခန်းဝ၌ပင် ဇာမန်းကတန်းရပ်လိုက်ပြန်၏။ ထမင်းစားဖို့စိတ်လည်း မရှိတော့။ "လျှောက်လောင်ကြလို့နေမှာပေါ့" ဆိုသည်မှာ မိဖြူကို တမင်ပြောခြင်းသာ။



မိဖြူ၏ဒေါသမှာ ရင်ကွဲလုမတတ်ဖြစ်ရပြီ။ ရန်ကုန်ရောက်နေသည်မှာ တလကျော်ပြီဖြစ်သော်လည်း ဘုရားပင်တခေါက်လိုက်ပို့ရကောင်းမှန်းမသိသူက သကြံန်တွင်းမို့ မရောက်ဖူး၍ သူငယ်ချင်းတွေနှင့် လျှောက်ကြည့်တာကိုပဲ အပြစ်ရှာပြောသည်။

ဒေါသဖြစ်ရချိန် အစ်ကိုမောင်၏အသံကို ထပ်မံကြားရသည်။

"ကြီးကြီးတော့ မြန်မြန်ရောက်ရင်ကောင်းမှာပဲ၊ ဘကြီးကလဲ ဘာလို့ တခါတည်းခေါ်မလာခဲ့လဲမသိဘူး"

အံကြိတ်ထားရင်းက မိဖြူသည် တက်တချက်ကို ပြင်းပြင်းခေါက်လိုက်မိသည်။

မေမေပါပါတို့လာရင် ရန်ကုန်မှာ မိဖြူလျှောက်လောင်နေတယ်လို့ တိုင်ပြောအုံးမှာပေါ့။ တိုင်ပါစေ၊ တိုင်ပါစေ မိုးလင်းရင် မိဖြူကိုများ သူတို့အိမ်မှာ မြင်ရအုံးမယ် ထင်သလား ...။

မိဖြူသည် ခုချက်ချင်းပင် သူ့အိမ်ပေါ်ကဆင်းသွားချင်လှပြီ။ ညကြီးမင်းကြီး မကောင်းတတ်၍သာ နောက်ထပ်အစ်ကိုမောင်အသံကို မိဖြူက ဒေါသနှင့်နားစွင့်ထား၏။ သဲသဲကွဲကွဲတော့ မကြားရ။ သူ့စကား မရပ်သေးသည်ကတော့ အမှန်ပင်။

"မမ ထမင်းစားဖို့"

"မစားချင်ဘူး"

နော်မူစေးက နောက်ထပ်ဘာမှမပြောခဲ့ပဲ အခန်းဝကပြုံးကြည့်ပြီး ပြန်ထွက်သွား၏။

မိဖြူအတွက် သည်အိမ်ကြီးထဲမှာ နေနေရမည့်တည ရဲခန်းကား ရှည်လျားကြီးမားလွန်းလှဘိ။

www.burmeseclassic.com

www.burmeseclassic.com


- ၄ -

ညက မိဖြူ တညလုံးဖျားသည်။ မနက်ထိ မိဖြူ၏တကိုယ်လုံးက ခြစ်ခြစ်တောက်ပူတုန်း။ ငိုထားရသဖြင့် မျက်ခွံးတွေကလည်း မို့အစ်နေသည်။ ဗိုက်ထဲမှာအစာမရှိသောအခါ အင်အားဆိုသည်မှာလည်း အလိုလိုလျော့နည်းကုန်ခန်းနေ၏။ တကိုယ်လုံး နွမ်းလျမောပန်းနေသည်။

သို့သော် မိဖြူ၏မာနနှင့်ဒေါသမီးတောက်ကတော့ အလျှံလျှံဝေကောင်းတုန်းပင်။ ထို့ကြောင့်လည်း မနက်မိုးလင်းသည်နှင့် တပြိုင်နက် ပြန့်ကျဲနေသော အဝတ်များကို သေတ္တာထဲ လုံးထွေးပစ်ပေါက်ထည့်သည်။ အစ်ကိုမောင်တို့အိမ်ပေါ်က ခုချက်ချင်းပင်ဆင်းတော့မည်ဟူသော ဆုံးဖြတ်ချက်ပင်။ ယခုအချိန်မှာ ရန်ကုန်၌ မိဖြူအတွက် နေရာမရှားတော့။ မိမိအရပ်က သူငယ်ချင်းတွေမှာ ရန်ကုန်တမြို့လုံး ပြည့်နေကြသည်မဟုတ်ပါလား။ မိဖြူလာမည်ဆိုလျှင် အားလုံးက အဆင်သင့် ကြိုနေကြမည်ပင်။

"ဟော့"

မနက်ထမှာ ခရီးဆောင်လွယ်အိတ်ကြီးကို လက်ဆွဲ၍ အခန်းထဲက ထွက်လာသောမိဖြူနှင့် အိမ်ရှေ့ထွက်၍မျက်နှာသစ်ရာက ပြန်လာသော အစ်ကိုမောင်တို့သည် အခန်းရှေ့တွင် ပက်ပင်းဆုံမိနေကြပြန်သည်။ အစ်ကိုမောင်က မိဖြူကို အံ့ဩသွားသလို ရပ်ကြည့်၍ "ဟော" ဟု တခွန်းသာဆို၏။ သို့သော် မိဖြူ၏ခြေလှမ်းကတော့ တန့်ရပ်သွားခြင်းအလျဉ်းမရှိ။ အစ်ကိုမောင်ကို အရေးမစိုက်ဟူသော သဘောနှင့် ရှေ့သို့သာ လှမ်းထွက်လာ၏။

"စောစောစီးစီး ဘယ်သွားမှာလဲ"

အစ်ကိုမောင်က ရှက်ရွံ့နေသလို တုန်လှုပ်နေသလို မရွံ့မရဲသံနှင့် မေးသည်။



"ကမ်းလွန်သာပြန်မယ်"

ရမိရာ ပြန်ပြောလိုက်သည်။

"ဟော့ ‥ သကြီန်ရက်ကြီး လေယာဉ်ရှိလို့လား"

ငိုင်သွားပြီး မပွင့်တပွင့်ပြော၏။

"ပေလီအထူးလေယာဉ်တွေပေါလို့ ‥ ဟိုရောက် ‥"

အစ်ကိုမောင်က သူ့လက်ကြီးနှစ်ဘက်နှင့် မိဖြူကို ပိတ်ဆီးကာထားသည်။

မိဖြူက အစ်ကိုမောင်၏မျက်နှာကို စူးစူးရဲရဲ ကြည့်ပစ်လိုက်၏။ အစ်ကိုမောင်ကလည်း မိဖြူကို ကြောင်ကြည့်နေသည်။

"ဘာလို့ပြန်မှာလဲ ဖြူဖြူ"

မိဖြူက မျက်လွှာကိုချ၍ အံကိုတင်းတင်းကြိတ်ထားသည်။ ရင်ထဲက ဆို့နင့်လာသဖြင့် မျက်ရည်ဆိုသည်မှာလည်း ဆည်မရတော့။

"မ ‥ မနေချင်တော့လို့ ဒီအိမ်မှ- မနေချင်တော့လို့"

မိဖြူက တအားအော်ပစ်လိုက်သည်။

"ဒီ ‥ ဒီမှာနေရတာ မပျော်လို့လား"

အစ်ကိုမောင်က မျက်တောင်ကို တဖျပ်ဖျပ်ခတ်၍ မိဖြူကို စိုက်ကြည့်ရင်းကမေးသည်။ သူ့အကြည့်မှာ နွေခေါင်ခေါင် သဲကန္တာရထဲ၌ ပြေးနေသော တံလျှပ်သို့နှယ် ပူလောင်လွန်းပုံတည်း။

"ပျော် ‥ ပျော်မလား၊ မိဖြူကို ဘယ်လူက အဖက်လုပ်ကြလို့လဲ။ ရန်ကုန်ရောက်တာ တလကျော်ပြီ၊ ဘုရားတောင် လိုက်မပို့ကြဘူး။ မရောက်ဘူးလို့ သကြီန်မှာလျှောက်လည်ကြည့်တာကိုပဲ အပြစ်လုပ်ပြောကြဆိုကြ"

မိဖြူမှာ စကားဆုံးအောင်မပြောနိုင်တော့ပဲ ငိုသံတွေလွှမ်းလာသည်။

"အို ‥ ဖြူဖြူ သွားလာနေတာကို ဘယ်သူက အပြစ်လုပ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုမောင်အသံကလည်း လှစ်မောလာသည်။

"ဟင် .. ဘယ်သူက အပြစ်လုပ်ပြီးပြောရမှာလဲ လျှောက်လောင်နေတယ်ဆိုတာ မိဖြူကိုပြောတာပဲ၊ ခေါ်တုန်းကတော့ ခေါ်ကြပြီး ဆွေမျိုးမဟုတ်သလို ပစ်ထားကြတယ်။ တခါမှ ရန်ကုန်မရောက်ဖူးတဲ့ လူကို ဟိုဟိုသည်သည် လိုက်ပို့ကြဖို့မပြောနဲ့ စကားတောင် အဖက်လုပ် မပြောကြဘူး။ ပြီးတော့ ချုပ်ချယ်ချင်ကြသေးတယ်။ ပြန်မယ် .. ပြန်ပြန် .. ပြန်မယ်"

အရက်ရက်က အောင့်အည်းမျိုသိပ်လာခဲ့ရသော မကျေနပ်မှုဒေါသကို မိဖြူက ငိုကြီးရှိုက်မနှင့် ဖွင့်အန်ချလိုက်၏။ ရန်ကုန်ရောက်ကတည်းကပင် အစ်ကိုမောင်အား စကားပင် သုံးခွန်းပြည့်အောင် မပြောဖူးသော မိန်းကလေးက သည်တခါတော့လည်း ရဲဝံ့နေလိုက်သည့်အဖြစ်။ ငိုရှိုက်ရင်းက ပြောလိုက်သောစကားပင် မကုန်နိုင်။

"အို .. ဖြူဖြူရယ်.. ဖြူဖြူ ကိုပြောတာမဟုတ်ရပါဘူး။ ကျော်ကျော်ကိုပြောတာပါ"

အစ်ကိုမောင်က ချက်ချင်းပင် သူ့စကားကို လွှဲဖယ်သည်။ တတ်လဲတတ်နိုင်ပါဘိ၊ ပြီးရှေ့သို့ အတင်းထွက်သွားရန် ရှန်းကန်နေသော မိဖြူကို ဆီးဖက်ထားသည်။ မိဖြူလက်ထဲက လွယ်အိတ်ကြီးသည် ကြမ်းခင်းပြင်သို့ ဘုတ်ကနဲ လွတ်ကျသွား၏။ သို့သော် မိဖြူ၏ ရှိုက်နေသံကတော့ မစဲသေး။

"ကြည့်စမ်း ဖြူဖြူသိပ်ဖျားနေတယ်။ တကိုယ်လုံး ပူလိုက်တာလဲ ခြစ်ခြစ်တောက်လို့"

"ဆရာရေ .. ဆရာ"

"ဩော် .. ဆရာမ"

"ဟုတ်ကဲ့ဆရာ .. ဆရာအိပ်များပျော်နေသလားလို့ လာကြည့်တာ အလုပ်သွားဖို့ နဲနဲတောင် နောက်ကျနေပြီ"

အစ်ကိုမောင်ကားကြုံနှင့် နေ့စဉ်အလုပ်သို့စောင့်လိုက်တတ်



သော လမ်းထိပ်မှ ဆရာမကြီး နော်လုလုအသံကို အပြင်ဧည့်ခန်းမှ ကြားလိုက်ရသည်။ မိဖြူမှာ ပို၍ ငိုချင်လာ၏။

"ဟုတ် .. ဟုတ်ပါတယ်ဆရာမ၊ နဲနဲနောက်ကျနေပြီ။ ကျွန်တော့်ညီမ သိပ်ဖျားနေလို့ ဆေးခဏ ထိုးပေးသွားပါအုံး"

အစ်ကိုမောင်သည် မိဖြူလက်က လွှတ်ကျနေသော သေတ္တာကို ကမန်းကတန်းကောက်ကိုင်ကာ ဆရာမကို လှမ်းပြောလိုက်သည်။

"ဖြူဖြူ အခန်းထဲသွားစမ်း၊ ဖြူဖြူသိပ်ဖျားနေကယ်၊ ဆရာမကြီးက ဆေးထိုးပေးလိမ့်မယ်နော်"

အစ်ကိုမောင်က အခန်းထဲသွားစမ်းဆိုတော့လည်း မိဖြူက မငြင်းသာပြန်။ သူကဆရာဝန်ကြီးမဟုတ်ပါလား။ နော်မူစေးဆီက ရေနွေးဇလုံကိုတော့ သူကိုယ်တိုင် ယူလာပေးသည်။

"ညီမက ဘာလို့ ငိုနေတာလဲကွယ်။ အစ်ကိုဆရာဝန် တစ်ယောက်လုံးရှိတာပဲ အားငယ်လို့လား၊ ဘာလဲ မမေပါပါတို့ကို လွမ်းလို့လားဟင်"

မိဖြူက ဆေးထိုးပေးနေသော ဆရာမကို ဘာမှပြန်မပြော ရှိုက်၍သာနေ၏။

"အမေအဖေကိုလွမ်းလို့မဟုတ်ဘူး ဆရာမရယ် .. မနေ့က သကြန်ရေပက်ခံထွက်တာ အပူရုပ်ပြီးဖျားတယ် အဲဒါ ကျွန်တော်က ပြောမိတာနဲ့ စိတ်လုပ်ပြီး ငိုတာဗျ"

အပြင်မှ အစ်ကိုမောင် အသံကို ကြားရသောအခါ မိဖြူမှာ ပို၍ ဝမ်းနည်းလာသည်။ ယခုထိ အစ်ကိုမောင်ကို မကျေနပ်စိတ်က မိဖြူရင်ထဲမှာ ပြည့်သိပ်နေတုန်း။

"ဟုတ်သားပဲ မရောက်ဘူးလို့ လျှောက်လည်ကြည့်တာပဲ ဆရာက ဘာလို့ဆူရတာလဲနော် .. တိတ် .. တိတ် .. ညီမ .. မငိုနဲ့နော်"

"ဟုတ်ပါတယ်ဗျာ ကျွန်တော့်အပြစ်ပဲ ဆိုလိုက်ပါတော့"

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီးက မိဖြူ၏တင်ပါးကို ပွတ်ချေပေးရင်း ရယ်နေသည်။

ဆေးထိုးပေးပြီး၍ ဆရာမထွက်သွားသည်နှင့် တပြိုင်နက် အစ်ကိုမောင်၏ ခြေသံကိုကြားရသည်။ မိဖြူက မျက်နှာကို တဘက်သို့ လှည့်ထားလိုက်၏။

"ဖြူ . . ဖြူ"

အစ်ကိုမောင်က မိဖြူလက်ကို သွေးတိုးစမ်းဆုပ်ကိုင်ထားသည်။ မိဖြူက အစ်ကိုမောင်၏မျက်နှာကို လုံးဝမော့မကြည့်၊ ထူးလည်း မထူး။ ရှိုက်သံသဲ့သဲ့ကလည်း မဆိတ်ငြိမ်သေး။

"ဆေးထားခဲ့မယ်။ ဒီမှာ ရေလဲအဆင်သင့်ပဲ ခုနှစ်လုံး နေ့လည်နှစ်လုံးသောက်၊ အဖျား သိပ်ကြီးနေတယ်။ ထမင်းမစားရဘူး နော်။ စွတ်ပြုတ်ပြုတ်ပေးကြလိမ့်မယ်"

အစ်ကိုမောင်က မိဖြူ၏မျက်နှာကို အားမလိုအားမရ စိုက်ကြည့်၍ ဆို၏။

"ကဲ . . မငိုနဲ့ကွယ် တိတ် . . တိတ်၊ အဖျားပျောက်သွားရင် ဖြူဖြူသွားချင်တာတွေ အစ်ကိုမောင်အားလုံး လိုက်ပြပါမယ် ကျေနပ်ပလား၊ ဖြူဖြူကို မကြင်နာလို့မှ မဟုတ်တာ၊ အစ်ကိုမောင်မှာ အလုပ်လဲ သိပ်များတယ်။ ပြီး ဖြူဖြူကို ပြောရမှာလဲ အားနာနေလို့ ရှက်နေလို့ပဲနော် . . နော်"

တိုးတိတ်ညင်သာလွန်းသော စကားအဆုံးမှာ အစ်ကိုမောင်သည် မိဖြူအနားမှ ခွာသွားတော့သည်။

မိဖြူသည် ချက်ချင်းပင် အားပြန်၍ပြည့်လာသလို ဆက်ကနဲ ထထိုင်လိုက်၏။ ခုတင်ဘေးနားက ခုံပေါ်တွင် အစ်ကိုမောင်အသင့် ပေးထားခဲ့သော ဆေးနှစ်ပြားကို ပါးစပ်ထဲပစ်ထည့်လိုက်၏။ ပြီး အစ်ကိုမောင်ခပ်ပေးထားခဲ့သော ရေတဖန်ခွက်ကိုလည်း အကုန် မော့သောက်ပစ်လိုက်သည်။



ရင်ထဲမှ ပူလောင်ပြင်းပြလှသော မခံချိမခံသာဝေဒနာများကား သည်တခါ အားလုံး ငြိမ်းအေးသွားကြသလိုပင်။ သို့နှင့်လည်း အပြင် ဘက်က အစ်ကိုမောင်၏ အသံကိုတော့ ကျယ်ကျယ်လောင်လောင် ကြားလိုက်ရသေး၏။

"ဒေါ်ဒေါ် . . ဖြူဖြူသိပ်ဖျားနေတယ်၊ ကျွန်တော်မရှိတုန်း ဂရုစိုက်လိုက်ကြပါ။ ဟေး . . နော်မူစေး၊ ဒီကောင်မလေး ဘယ်သွား နေပြန်တာလဲဟင်။ မင်းမမဖြူအနားမှာနေနော်"

အစ်ကိုမောင်၏ စကားပြောသံမှာ တိတိပြတ်ပြတ်နှင့် ဘယ်လို မှ နားဝင်မချိုလှပေ။ သို့သော် ထိုသို့ထိုနှယ် တိတိပြတ်ပြတ်ပြော တတ်သော အစ်ကိုမောင်၏ စကားတခွန်းစ နှစ်ခွန်းစများကိုပင် မိဖြူကတော့ တလုံးချင်း သီကောက်ကုန်း၍ မေတ္တာစကားများအဖြစ် သတ်မှတ်ရပေတော့မည်။

ဖိုးကျော့

*(ဂီတပဒေသာမဂ္ဂဇင်း၊ ၁၉၈၄-ခု၊ မေလ)*

*******************

www.burmeseclassic.com

www.burmeseclassic.com

## ( ၃ )

# လွှာတွန့်လွှာခေါက်တို့၏ ပြတ်ရွှေ့နိယာမ

ကမ်းသာဆိပ်တွင် စက်ချုတ်ယှင်းနေသော ငါးမန်း (၁) တစ်စင်းသာ ကမ်းကပ်ရပ်နားနေသည်။ ရွှေပုစွန်၊ စင်ရော်နှင့် ရေနတ်သမီးတို့သည် ပင်လယ်ပြင်ထဲ ငါးဖမ်းထွက်နေကြ၏။ ထို့ကြောင့် ရိပ်သာတစ်ခုလုံး တိတ်ဆိတ်နေသည်။

ဇော်မင်းထက်သည် ကျောက်မောင်နှမဘက် သွားလည်ရန် စက်ဘီးတစ်စီးနှင့် ရိပ်သာထဲက ထွက်လာ၏။

ဝသန္တ၏ မိုးစက်မိုးပွင့်များ လွင့်ပါးနေသော ပင်လယ်ပြင်တွင် နေရောင်ခြည်က လျှမ်းလျှမ်းတောက်နေ၏။ မုတ်သုံတို့ ဆုတ်ခွာရာသီ ဖြစ်သဖြင့် လှိုင်းလေတို့လည်း ငြိမ်နေသည်။

ပင်လယ်နား ရောက်လာ၏။ ပင်လယ်ပြင်ကို တစ်ချက် လှမ်းကြည့်မိသည်။ ငါးဖမ်းထွက်နေကြသော ငါးမန်း (၂)၊ ငါးမန်း (၃) နှင့် ရေနတ်သမီး၊ ရွှေပုစွန်၊ စင်ရော်တို့ကို သဲတစ်ပွင့် မြူတစ်မှုန် မျှပင် မမြင်ရ။ ခုလောက်ဆို အားလုံး တောင်ပင်လယ်ဘက်



ရောက်နေကြပြီဟု သိလိုက်သည်။

ပလ္လင်တန်းနားရောက်လာသည်။ ကဗ္ဗီးပင်များ တေးညည်းသံ သဲ့သဲ့ကို ကြားရသည်။ ဆားငန်ဓာတ်ပါသော ပင်လယ်လေသည် ကဗ္ဗီးပင်များကို ဆော့ကစားနေသည်။ ပြာလွင်ကြည်သန့်သော မိုးကောင်းကင်ပေါ်တွင် ဖြူလွပါးလျားသော တိမ်ပဝါတစ်စနှစ်စက အဆုံးအစမရှိသော ဟင်းလင်းပြင်ထဲ လွင့်မျောနေ၏။

မိုးပေါ်မှ တိမ်ပဝါများ လွင့်မျောနေသလို ဇော်မင်းထက်၏ စိတ်သည်လည်း ဤနေ့ ပျံ့လွင့်နေသည်။ ဘာရယ်လို့မဟုတ်။ စိတ်ထဲက တစ်စုံတစ်ခုကို လွမ်းနေသလိုပင်။ လွမ်းစရာ သူ့တွင် အကောင်အထည်မရှိသောအခါ ရင်ထဲဟာလာသည်။ အမည်မဖော်ပြတတ်သော ဝေဒနာသစ်တစ်ခု ပေါ်လာသည်။

ထို့ကြောင့်လည်း ရိပ်သာထဲက ထွက်လာတုန်းက ကျောက်မောင်နှမဘက် သွားလည်မည်ဟု ထွက်လာသော ဇော်မင်းထက်သည် မမျှော်လင့်ဘဲ ငှက်ရဲကျောက်ဆောင်ဘက် ရောက်လာသည်။

စက်ခန်းအင်ဂျင်နီယာအဖြစ်နှင့် “မဟီ” ၏ ပုလဲနှင့်ငါးဌာနသို့ သူရောက်နေသည်မှာ သုံးလခန့်သာရှိသေးသည်။ စီမံကိန်းအမှိ ပင်လယ်ပြင်ကို ငါးဖမ်းထွက်နေရသဖြင့် သူက မဟီမြို့လေးကိုပင် နှံ့နှံ့စပ်စပ်မရောက်ဖူးသေး။ ထို့ကြောင့်လည်း ကျောက်မောင်နှမဘက် ဟု ထွက်လာသူသည် ငှက်ရဲကျောက်ဆောင်ဘက် ရောက်လာခြင်း ဖြစ်သည်။

ကမ်းလွန်ရေနံရှာဖွေရေးနား ရောက်သောအခါ ကျောက်မောင်နှမဘက်သို့ စက်ဘီးကို ပြန်ကွေ့လိုက်ရသည်။ ကမ်းနားလမ်း အတိုင်း မှန်မှန်နင်းလာရာ မိမိတို့ဌာန၏ သိုလှောင်ရုံရှေ့ရှိ လူတစ်ယောက်က သူ့ကို လှမ်းနှုတ်ဆက်သည်။

ထိုသူမှာ သူ့ထက်ငယ်၏။ ထိုသူကသာ “ဘယ်လဲ[illegible]ရာ” ဟု ဆိုသော်လည်း နာမည်နှင့်လူကို တွဲမမှတ်မိ။ ငါးမန်း (၁) ကလား၊

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကလား၊ သုံးကလား ခွဲခြားမရ။ မြင်ဖူးသလိုတော့ ရှိသဖြ
ဌာနက အလုပ်သမားတစ်ယောက်မှန်းသာ သူသိသည်။

''ကျောက်မောင်နှမဘက်ကိုဗျို့'' ဟု လက်ပြနှုတ်ဆက်က
ကမ်းနားလမ်းအတိုင်း သူ စက်ဘီးစီးထွက်လာသည်။

*******************

ကျောင်းလွှတ်ချိန်နှင့်ဆုံနေသဖြင့် ကျောင်းသူကျောင်းသာ
ကလေးများကို မနည်းသတိထား နင်းလာရလေ၏။

သန္တာကျောက်တန်း မီးပြတိုက်ကို လှမ်းမြင်ရချိန်တွင် သူ့ရှေ့
ခြေကျင်လျှောက်ပြီး ကမ်းနားလမ်းအတိုင်း ကျောက်မောင်နှ
ဆိပ်ကမ်းဘက် ဆင်းသွားသော ဆရာမတစ်ယောက်ကို နောက်
လှမ်းမြင်ရသည်။

အင်္ကျီဖြူ ထဘီစိမ်း၊ လက်တစ်ဖက်တွင် ကြိမ်ဆွဲခြင်းတို့
ဆရာမတစ်ယောက်ဖြစ်မှန်း သိလိုက်သည်။ ရေသူမချိုင့်ဘက်
တုံးဝင်နေသော လေကြောင့်လားမသိ၊ ထီးဆောင်းထားသည်ကိုတော့
မမြင်ရ။ လျှောက်နေသည်ကတော့ လမ်းမကြီး၏ အလယ်တည့်တည့်
တွင် –

''ကလင် ‥ ကလင်'' မြည်သွားသော စက်ဘီးဘဲလ်သံနှ
အတူ မျက်နှာဖြူဖြူကွက်ကွက်က ဇော်မင်းထက် မျက်စိထဲ ထင်းခ
ဝင်လာ၏။ တစ်ချိန်တည်းမှာပင် မိမိကိုယ်မိမိ အပြစ်တင်လိုက်မိသည်

သူတို့ဆီက အလေ့အထကို သတိရသောအခါ ဆရာမက
တောင်းပန်မှုဖြစ်တော့မည်ဟု တွေးလိုက်၏။ သူတို့ဆီကအလေ့အထ
မှာ လမ်းကျယ်ထဲ လူတွေအလယ်ကလျှောက်သွားနေလျှင် စက်ဘီးမှ
ဘေးကသွားသာသဖြင့် လျှောက်သွားနေသူကို ဘဲလ်နှိပ်၍ သတ
မပေးရ။ မိမိဘာသာမိမိ ဘေးကရှောင်ထွက်ကျော်တက်သွားရုံသာ
အထူးသဖြင့် အနန္တဂိုဏ်းဝင် ဆရာ–ဆရာမများကို ဘဲလ်တီး



လမ်းဖယ်နိုင်းလျှင် ရိုင်းရာကျသည်ဟု ၃ုသည်။

တောင်းပန်မည်ဟု ရှေ့ကပတ်ပြီး စက်ဘီးရပ်လိုက်စဉ်တွင်
စိတ်ကပြောင်းသွားပြန်သည်။ ဆရာမမှာ သူ့ထက်ပင် ငယ်ပုံရသည်။
ပြီးတော့ ဆရာမကို သူမြင်ဖူးသည်၊ တွေ့ဖူးသည်။ ဘယ်မှာမြင်ဖူးမှန်း
တွေ့ဖူးမှန်းတော့ ရုတ်တရက် တွေးမရ။

စက်ဘီးနှင့် ရှေ့ကဆီးရပ်လာသော ဇော်မင်းထက်ကို ဆရာမ
ကလည်း မျက်လုံး ဝင်းဝင်းလဲ့လဲ့နှင့် မှင်တက်မိသလို ငေးကြည့်
နေ၏။

စိတ်ဆိုးသွားသောအမူအရာ လုံးဝမရှိသဖြင့် ဇော်မင်းထက်
နှုတ်ထွက်ရဲသွားသည်။

''တောင်းပန်ပါတယ်နော် ဆရာမ၊ ကျွန်တော်က မီးပြတိုက်
ဘက် ငေးလာတော့ တိုက်မိမလိုဖြစ်သွားလို့ သတိလွှတ်ပြီး ဘဲလ်
တီးလိုက်မိတာပါ''

ဘာမှ ပြန်မပြောသေးဘဲ သူ့ကို ငေးကြည့်နေသောအခါ
ဇော်မင်းထက်က စကားထပ်ဆက်သည်။

''ဆရာမကို ကျွန်တော် မြင်ဖူးသလားလို့၊ ဘယ်မှာမြင်ဖူး
ပါလိမ့် တွေးနေတာ၊ ဆရာမကော ကျွန်တော့်ကို မြင်ဖူး တွေ့ဖူးတယ်
လို့ မထင်မိဘူးလား''

''ဟင့်အင်း ‥ မထင်မိပါဘူး ကိုဇော်မင်းချွန်ရယ်၊ ခစ် ‥ ခစ်''

''ဟာဗျာ ‥ အဲဒါကြောင့် ကျွန်တော်က မြင်ဖူးပါတယ်လို့
ပြောတာပဲ၊ ကျောင်းတုန်းကနော် ဆရာမ''

''ဟုတ်ပါ့''

''ဟဲ ‥ ဟဲ''

နှစ်ယောက်သား ရယ်မိလိုက်ကြသည်အထိ ချက်ချင်း ရင်းနှီး
ပြီးသားတော့ ဖြစ်သွားကြ၏။

သူနောက်တတ် ပြောင်တတ်သည်ကို သူငယ်ချင်းများက အတို့

www.burmeseclassic.com

www.burmeseclassic.com



အထောင်လုပ်တတ်သည်ဟူသော နာမဝိသေသနနှင့် 'ဖော်မင်းချွန်' ဟု နောက်ပြောင်ခေါ်တတ်ကြသည်။

ဤသည်ကို ယခုဆရာမက အစဖော်ပြောလိုက်တော့ သူနှင့် အနီးကပ်ဆုံး စက်မှုတက္ကသိုလ်မှ ကျောင်းနေဖက် သူငယ်ချင်း,မများဆီ စိတ်ရောက်သွား၏။ သို့သော် ထိုစိတ်ကို ပင်မတက္ကသိုလ်ဘက် ချက်ချင်းပြောင်းပြီး စိတ်ကူးရပြန်၏။ ထဘီအစိမ်းဝတ် ဆရာမနှင့် သူတို့စက်မှုတက္ကသိုလ်က ထွက်သွားသော အင်ဂျင်နီယာမကြီးများမှာ ဘုန်းကြီးနှင့်ဘီး ဖြစ်နေပြန်သည်။ ထိုအခါ ပင်မတက္ကသိုလ်မှ ရင်းနှီးသော မိန်းကလေးကျောင်းသူများကို စိတ်ကူးကြည့်ရပြန်၏။

ပင်မတက္ကသိုလ်တွင်လည်း သူနှင့်ရင်းနှီးကျွမ်းဝင်ခဲ့ရသူ မိန်းကလေး ကျောင်းသူဆို၍ တစ်ဦးတည်းသာ ရှိခဲ့သည်။ ခင်အေးသီ အညာသူမ။ သူငယ်ချင်း ရဲအောင်ကျော်၏ နှမအရင်း။ ပညာရေး တက္ကသိုလ်ကျောင်းသူ မှန်သော်လည်း ယခုဆရာမနှင့်မူ ရုပ်ရောအသံ ရော တခြားစီ။

ထိုအခါ စက်မှုတက္ကသိုလ်ဝန်းကျင်ရှိ ကြို့ကုန်းရပ်ကွက်နှင့် လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင်၊ အသုတ်ဆိုင်များက အမျိုးသမီး များကို တစ်ယောက်စီတွေးကြည့်ရသည်။ ဘယ်လိုမှတွေးမရ။ ကျောင်းက ထွက်လာသည်မှာလည်း ခြောက်နှစ်ခုနှစ်နှစ်ခန့်ရှိသည် ဖြစ်ရာ ဘယ်သူဘယ်ဝါမှန်းမသိ ဖြစ်နေ၏။

သူကသာ တွေးမရဖြစ်နေသော်လည်း ဆရာမကမူ သူ့ကိုရင်းရင်းနှီးနှီးပင်။ "အင်ဂျင်နီယာကြီးက ခုဘယ်ဌာနမှာလဲ" ဟု မေး၏။

"အဏုမြူဝါမှာလေ ဆရာမ"

"ဪ. .ပုလဲနဲ့ငါးမှာကိုး"

"ဟုတ်ကဲ့"

"ဒီပြောင်းလာတာကြာပလား"



"မကြာ သေးပါဘူးဆရာမ သုံးလကျော်ဘဲရှိပါသေးတယ်"

ဆရာမက ဘာကိုသဘောကျ၍ရယ်သည်မသိ။ ဆရာမရယ် သောအခါ ဖော်မင်းထက်မှာ မလုံမလဲဖြစ်သွား၏။

"ဆရာမ. . ဆရာမနဲ့ နာမည်ခေါ်စမ်းပါရှင်"

သက်မတစ်ချက်ကို မသက်မသာချမိလိုက်၏။

ခုမှဒုက္ခ။ နာမည်ကိုမဆိုထားနှင့်။ ဘယ်မှာတွေ့ပြီး ဘယ်မှာသိ ခဲ့ကြသည့်ကိုပင် သူသတိမရသေး။ ဘယ်လိုလုပ်နာမည်ခေါ်ပြီး ပြောဆိုဆက်ဆံရမည်နည်း။

"ကိုရဲအောင်ကျော်တော့ နိုင်ငံခြားရောက်နေတယ်ပြောတယ်။ ခင်အေးသီတော့ မြင်းခြံမှာ၊ ကိုဖော်မင်းထက်ကို အရင်က ဒီမှာ မတွေ့မိလို့ ကျွန်မလည်း အံ့သြသွားတာ"

"ဟုတ်ကဲ့. . ရန်ကုန်က ကျွန်တော်တို့သဘော်ာ ပြောင်းလာတာ သုံးလလောက်ဘဲ ရှိသေးတာကိုး"

"ဟုတ်ကဲ့"

"ဆရာ. . အဲ. . ခု ကျောက်မောင်နှမကို သွားမှာလား"

ဆရာမ ခြေလှမ်းအတိုင်း စက်ဘီးကို တွန်းရင်း ဘေးကလိုက် လာမိ၏။

"ကျောက်မောင်နှမကို မဟုတ်ဘူး၊ ဒီပါက နဒီကိုပြန်မှာ၊ ဒီပါက နဒီဇာတိလေ၊ ကျောင်းပြီးတော့ မဟီ အ. ထ. က မှာ အလုပ် ရတယ်။ ဒီပါတို့ရွာက အလယ်တန်းဘဲရှိသေးတာ၊ တွဲဘက် အထက တောင် မရှိသေးဘူး"

"ဟုတ်လား"

ဒီပါဟု သူ့ကိုသူ ပြောသော်လည်း ဖော်မင်းထက်က တွေးမရ သေး။ ဘယ်က ဒီပါ ပါလိမ့်။ ဒီနာမည် မှတ်မိလွယ်ပါတယ်။ ဘယ်မှာတွေ့ဘူးပါလိမ့်။

ကျောက်မောင်နှမ ကူးတို့ဆိပ်နားရောက်လာသည်ထိ "ဒီပါ"

www.burmeseclassic.com

www.burmeseclassic.com



ဆိုသောဆရာမကို သူတွေးမရသေး။ ဆိပ်ကမ်းနဖူးထိပ်ရှိ အဏ္ဏဝါစားသောက်ဆိုင်ရှေ့ရောက်သောအခါ အသက်လေးဆယ်ကျော်ခန့်ရှိ အမျိုးသမီးကြီးတစ်ယောက်က "ဟဲ့ . . ဒီပါမိုး ပြန်တော့မလား" ဟု နှုတ်ဆက်၏။

ဒီပါမိုးဟု သူနာမည် အပြည့်အစုံကိုလည်း ကြားရပြီး သို့သော်လည်း ဇော်မင်းထက်က တွေးမရသေး။ ခေါင်းထဲမှုနောက်လာသည်ထိ အပြေးအလွှား တွေးနေ၏။ သတိကား ယခုထိ သူ့ဦးနှောက်ထဲ ဝင်မလာသေး။ ဒီပါမိုးက "ဟုတ်ကဲ့ . . အရီးလေး" ဟု ပြန်ဖြေသည်။

"မိုးမိုး အိမ်ပြန်ရင် အရီးလေးလည်း လိုက်ချင်လို့"

"ဒီနေ့ အိမ်က ပဲ့ချိတ်လာမကြိုဘူး အရီးလေး၊ မောင်လေးက အစ်ကိုကြီးနဲ့ မြစ်ဝဘက်လိုက်သွားလို့၊ ကူးတို့နဲ့ပဲ လိုက်ရမယ်"

"အေး . . အဲဒါဆို မထူးပါဘူး အရီးလေးလည်း ဈေးထဲတစ်ခေါက်ပြန်လိုက်အုံးမယ်"

"ဟုတ်ကဲ့ . . ဟုတ်ကဲ့ အရီးလေး"

ဆရာမ ဒီပါမိုးက အဏ္ဏဝါစားသောက်ဆိုင်ဘက် အကြည့်တစ်ချက်ဝေ့ပြီးပြောသည်။

ကျောက်မောင်နှမကူးတို့ဆိပ်တွင် လူအယောက်သုံးဆယ်ခန့်ရှိနေ၏။ အဏ္ဏဝါစားသောက်ဆိုင်တွင်လည်း လူအပြည့်။ ခေတ်ပေါ်တေးတစ်ပုဒ်၏ အတိုင်းမဲ့ပေါက်ကွဲသံနှင့် လူသံတို့က ဆူညံနေသည်။

ကျောက်တုံးတွေစီခင်းထားသော ကူးတို့ဆိပ်ကမ်းပါးထိပ်ရှိ ခုံတန်းရှည်တစ်ခုပေါ်တွင် ထိုင်နေကြသော ကျောင်းသားနှစ်ယောက်နှင့် ကျောင်းသူသုံးယောက်ထဲမှ တစ်ယောက်က "ဒေါ်လေးမိုး လာထိုင်ပါ" ဟု လှမ်းခေါ်၏။

ဒီပါမိုးက "ထိုင်ကြပါကွယ်၊ အန်တီ ရန်ကုန်ကပြောင်းလာတဲ့ ညီ့သည်ကို လက်ဖက်ရည်တိုက်လိုက်ဦးမယ်" ဟုလှမ်းပြောပြီး ဘာဆက်တည်းမှာပင် "လာ ကိုဇော်မင်းထက် နို့စိမ်းစစ်စစ်နဲ့ဖျော်



ထားတဲ့ ကျွန်မတို့မဟီကလက်ဖက်ရည် သောက်ကြည့်ပါဦး" ဟု ပြောကာ အဏ္ဏဝါစားသောက်ဆိုင်ထဲခေါ်လာ၏။

ထိုအချိန်ထိလည်း ဇော်မင်းထက်မှာ ဆရာမဒီပါမိုးကို ဘယ်လို ဘယ်လိုရင်းနှီးခဲ့ကြသည်ကို တွေးမရသေး။

ဆိုင်ဝတွင် စက်ဘီးသုံးလေးစီး ထောင်ထားသည်ကိုတွေ့သဖြင့် အများနည်းတူ သူ့စက်ဘီးကို သော့ခတ်ဒေါက်ထောက်ထားခဲ့သည်။

"ကိုဇော်မင်းထက် ထိုင်လေ၊ ဘာသောက်မလဲ၊ လက်ဖက်ရည်ပဲ မဟုတ်လား"

ခေါင်းညိတ်ပြပြီး ဆိုင်ကို အကဲခတ်ကြည့်နေမိသည်။

အဏ္ဏဝါစားသောက်ဆိုင်မှာ မဟီမြို့လေးနှင့် မလိုက်အောင် အစားအသောက်စုံလင်စွာရကြောင်း ငွေသွင်းကောင်တာနစ်ဘက်တွင် ချိတ်ထောင်ထားသော ဟင်းမျိုးစုံကြော်ငြာတွေနှင့် ပြည့်နေ၏။ တရုတ်စာ၊ မြန်မာစာ၊ ကုလားစာပါမကျန် အကုန်ရသည်။

ဒီပါမိုးမေးလိုက်သည်ကို နားမထောင်လိုက်သဖြင့် "ဗျာ" ဟု နှုတ်ထွက်လိုက်စဉ် "ဒီဆိုင်ထဲဝင်လိုက်တော့ ရန်ကုန်သန်လျင် ကူးတို့ဆိပ်သတိရပြီး ရန်ကုန်က တစ်ယောက်ယောက်ကိုများ၊ အဲလေ . . အိမ်သူသက်ထားများ သတိရလွမ်းသွားလို့လား" ဟုဆိုသည်။

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော် အိမ်ထောင်မကျသေးပါဘူး" ဟု ကမန်းကတန်းပြောလိုက်ရင်းက ရင်ထဲမှာလည်း ဟာခနဲဖြစ်သွားသည်။ ဦးနှောက်ထဲမှာလည်း အလင်းရောင်တန်းတစ်ခုက ယခုမှ လက်လက်တောက်၍ ဝင်ရောက်လာ၏။

ဒီပါမိုးကို သူမှတ်မိသွားပြီ။

စိတ်ထဲမှာ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ "ဟုတ်တယ် ဒီပါခေါ် ဟုတ်တယ် . . ဟုတ်တယ်၊ ဒီပါပြောသလိုပဲ ရန်ကုန်က တစ်ယောက်ကို မဟုတ်ဘူး၊ ပျော်ပွဲစားသွားကြတဲ့ တစ်ဖွဲ့လုံးကို သတိရသွားပြီ။ အထူးသဖြင့် သန်လျင်ဘက်ကမ်းအဆင်းမှာ နင်းကြမ်းအခင်းပေါ်

www.burmeseclassic.com

www.burmeseclassic.com



ချော်လဲတဲ့ ဒီပါမိုးဆိုတဲ့ မျက်လုံးတောက်တောက်ပပနဲ့ အလှကလေး ဆရာမကို ခုတော့ ကျွန်တော်မျိုး သတိကောင်းကောင်း ရသွားပါပြီဗျာ' ဟု စိတ်ထဲ နှလုံးသားထဲက ရေရွတ်လိုက်မိသည်။

သို့သော် ထိုစဉ်က ရဲအောင်ကျော်ခေါ်၍သာ လိုက်လာရသော်လည်း ကမ်းမြှောင်ဒေသသူ ဒီပါမိုးကို များစွာသတိမထားမိခဲ့။ ရဲအောင်ကျော်နှမ ခင်အေးသီတို့မောင်နှမ မိန်းကလေးနှစ်ဆယ်ကျော်ထဲတွင် သူချော်လဲ၍သာ အမှတ်ရမိခြင်း ဖြစ်လေသည်။

ကျောင်းပြီးသည်အထိလည်း နောက်ထပ်တစ်ကြိမ်တစ်ခါမျှ ပြန်မတွေ့၊ ပြန်မဆုံခဲ့ကြ။ "မင်း ငါ့နှမ မေဂျာက အချောအလှတစ်ယောက်ယောက်ကိုမှ စိတ်မဝင်စားဘူးလား" ဟု အပြန်မှာ ရဲအောင်ကျော် မေးဖူးသောစကားကိုလည်း ယခုတော့ ကောင်းကောင်းကြီး နောင်တရတတ်နေလေပြီ။

ထိုစဉ်ကပင် ခင်အေးသီကိုသာပြောမိပါလျှင် ဒီပါမိုးနှင့်သူ ယခုဆိုလျှင် ...!

"ဟင် .. ကိုဇော်မင်းထက်" ဟူသော ဒီပါမိုး၏အမေးကြောင့် သူ့အတွေးတွေက တစ်စစီ ပြတ်ထွက်သွားပြန်သည်။ သူ့မျက်စိထဲမှာ ဒီပါမိုးသည် ကြည့်လေလှလေဖြစ်နေ၏။ ယခင်ကလည်း ဒီပါမိုး ဤသို့ပင် လှပခဲ့လေသလား။ ဤလောက် လှပခဲ့သော ဒီပါမိုးကို သူဘာကြောင့် မမှတ်မိဘဲ ဖြစ်ခဲ့ရပါလိမ့်။

စက်မှုကျောင်းသားတစ်ယောက်အပေါ် မိန်းကလေးများ ဘယ်လိုသဘောထားသည်ကိုလည်း ခင်အေးသီဆီမှတစ်ဆင့် သိနိုင်ကောင်းပါလျက်။ ဇော်မင်းထက်အတွေးတွေက ယခုမှ ဆီးမနိုင်တားမရ ဝင်လာနေသည်။

ပွဲချိတ်တစ်စီးထွက်သွားသံကို ကြားလိုက်ရသည်။

"မိုးမိုး မပြန်သေးဘူးလား" ဟု ဒီပါမိုးကို တစ်စုံတစ်ယောက်က မေးသံကြားလိုက်ရသည်။ ညနေစောင်းလာပြီဖြစ်သဖြင့် အတ္တာဝါ



စားသောက်ဆိုင်တွင် လူတွေပိုများလာ၏။

"ဒီပါတို့မဟီမှာ ခု ကမ်းလွန်ရေနံရှာဖွေရေးနဲ့ ပုလဲနဲ့ငါးလုပ်ငန်းကလဲ ဖြစ်ထွန်းလာတော့ သိပ်စည်လာတာပဲ၊ တစ်ခုတော့ရှိတယ်၊ သားရေးငါးရေးတွေကတော့ တစ်နှစ်ပြီးတစ်နှစ်၊ တစ်ရစ်ပြီးတစ်ရစ်တက်နေတာပဲ၊ ကိုဇော်မင်းထက်တို့ရွာနက လေးလက်မပုစွန်ကျားတွေနိုင်ငံခြားတင်ပို့ဖို့ဝယ်နေတော့ ဒီပါတို့ ပုစွန်ကျားမစားရတာတောင်ကြာပြီ" ဟု ပြောင်သလိုနောက်သလိုနှင့် ဆိုင်ဝမှာပြော၏။

"စိတ်ချပါဗျာ၊ ဒီပါတစ်နေ့ ပုစွန်ကျား ဘယ်နှစ်ပိဿာစားမလဲ၊ ကျွန်တော်မျိုးကြီး လာပို့ပါ့မယ်" ဟု သူကလည်း နောက်ပြော၏။

နှစ်ယောက်သား ရယ်မောပြီး ဆိုင်ထဲက ထွက်လာကြသည်။

ရေပြင်တွင် နေရောင်ခြည်များ တောက်ပဖြန့်ကြက်နေသည်။ ပင်လယ်လေနှင့် ဆောင်းဦး၏ အငွေ့အသက်ကြောင့် အေးစိမ့်စိမ့်ဖြစ်လာ၏။ ဒီပါမိုးက ဆွယ်တာအနီလေးကို ရင်စေ့လိုက်သည်။ နေရောင်ထဲက ဒီပါမိုး၏မျက်နှာမှာ ပို၍လှပလာသည်ဟု ထင်မိ၏။

ကူးတို့မော်တော်ဆိပ်ရောက်လာသည်။ ဒီပါမိုးက သူ့ကို နှုတ်ဆက်၏။ နဒီကိုလာလည်ရန်လည်း ဖိတ်သည်။

"ဒီက ကျောက်မောင်နှမကိုသွားတဲ့ မော်တော်နဲ့ဖြစ်ဖြစ်၊ နဒီကပဲ့ထောင်နဲ့ပဲဖြစ်ဖြစ် လိုက်လာရင် ဦးကျော်မိုးအိမ်ဆိပ်ပါတယ်သာပြော၊ ရပ်ပေးပါတယ်၊ လာခဲ့နော်"

"စိတ်ချ .. ဒီပါ၊ စိတ်ချ .. စိတ်ချ၊ သဘော်မထွက်ဖြစ်ရင် ဆက်ဆက်လာခဲ့ပါ့မယ်"

ဒီပါမိုး မော်တော်ဘက် ဆင်းသွား၏။

"သန်လျင်ကိုသတိရရင် ကောင်းကောင်းဆင်းနော်" ဟု သူက စသည်။

ဒီပါမိုးကရယ်ပြီး "သန်လျင်မှာ ဒီပါချော်လဲတုန်းက ခင်အေးသီတို့မောင်နှမရှိသလို၊ ခုလဲ ကိုဇော်မင်းထက် ရှိသားပဲ၊ ထူပေးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။

ဇော်မင်းထက်၏ရင်ထဲမှာ ဘယ်လိုကြည်နူးသွားမှန်းမသိ။ ဒီပါမိုး၏စကားအဆုံးမှာ ဝေဒနာအတွေးတွေ တစ်သီတစ်တန်းကြီး ပေါ်လာသည်။

ဇော်မင်းထက်သည် ဒီပါမိုး စီးနင်းလိုက်ပါသွားသော 'ခိုင်သဇင်' မော်တော်ကို အကြာကြီးငေးကြည့်၍ ရင်ထဲ အပျော်ငှက်ကလေးတွေ တဖျပ်ဖျပ် တောင်ပံခတ်နေလေသည်။

ခိုင်သဇင်မော်တော်လေး နဒီမြစ်ပေါက်ထဲဝင်သွားပြီး ပျောက်ကွယ်သွားတော့မှ သူဆိပ်ကမ်းကပြန်လာသည်။

အချိန်မှာ နေဝင်ဖျိုးဖျရှိသွားပြီ။ နဒီမြစ်တစ်ပြင်လုံးသည် ပုစွန်ဆီရောင်ထကာ လှိုင်းအိကလေးများနှင့် လှုပနေသည်။

မဟီမြို့ကလေးရှိ ပုလဲနှင့်ငါးဌာနတွင် တာဝန်ထမ်းဆောင်နေခဲ့ရသော သုံးလကျော်ကာလ၌ ဇော်မင်းထက်အတွက် ဤနေ့သည် အပျော်ဆုံးနေ့ဖြစ်သည်တင်မက သူ့တစ်သက်တာတွင်လည်း အပျော်ဆုံးနေ့ဟုဆိုက မမှားနိုင်ပေ။

ဆယ်တန်းအောင်စာရင်းထွက်သောနေ့ကနှင့်လည်းမတူ၊ စက်မှုတက္ကသိုလ်ဝင်ခွင့်ရသောနေ့ကနှင့်လည်းမတူ၊ တစ်မူထူးခြားပြီး အပျော်ကြီးပျော်နေ၏။

အပြန်လမ်းတွင် လေလေးတချွန်ချွန်နှင့် ဘယ်လိုကဘယ်လိုရိပ်သာအဆောင်ရှေ့ပြန်ရောက်လာခဲ့သည်ကိုပင် သတိမပြုမိခဲ့။

သူတစ်လမ်းလုံးတွေးလာ စဉ်းစားလာခဲ့သည်မှာ နဒီရွာသူ ဆရာမ ဒီပါမိုး၏ အကြောင်းအရာများသာ။

ဒီပါမိုးတို့ရွာမှာ အိမ်ခြေ ငါးရာကျော်ရှိပြီး အလယ်တန်းကျောင်း ရှိသည်ဟု ဆိုသော်လည်း ဘယ်လိုရွာကြီးမျိုးမှန်း အလျင်သိချင်နေသည်။ ရွာသူရွာသားတွေ၏ လူနေမှုစရိုက်နှင့်တကွ ဒီပါမိုးတို့၏ အခြေအနေကိုလည်း ချက်ချင်းပြေးကြည့်ချင်စိတ်ပေါက်



နေသည်။

ဒီပါမိုးကို ယခုတွေ့မှ အရမ်းချစ်နေမိသော်လည်း ပညာတတ်တစ်ယောက်ပီပီ ဒီပါမိုးတို့ဒေသကို သူတို့ဆီက တောရွာများနှင့် နှိုင်းကြည့်မိနေပြန်၏။ ဖုန်ထူ ဖုတ်ပေါသည့်အထဲ မြွေဆိုးများ၏ အန္တရာယ်ကို ကြောက်ရသော ရွာမျိုးလား။ လျှပ်စစ်မီးမရှိ၊ ဘာမရှိနှင့် အလွန်လူနေမှုအဆင့်အတန်း နိမ့်ကျလှသည့် ရွာမျိုးလား။ မည်သို့ဖြစ်စေ ဒီပါမိုးကိုချစ်သောစိတ်ကမူ ပျောက်ပျက်မသွား။

ယခင် သန်လျင်ဆိပ်ကမ်းတွင် ဒီပါမိုးချော်လဲစဉ်ကလည်း ဤလိုအတွေးအတွေး၊ အတွေးမာန၊ ကိုယ်ကျိုးကြည့်စိတ်တွေကြောင့် သာမန်မိန်းကလေးတစ်ယောက်ဟုသာ သဘောထားခဲ့လေသလား ဆိုသည်တို့ကို ယခု ပြန်တွေးကြည့်တော့ နောင်တရမဆုံး ဖြစ်သွားမိသည်။

ယခု ဒီပါမိုးက အထက်တန်းပြဆရာမ။ သူက လခ ခုနစ်ရာကျော်ရသော အင်ဂျင်နီယာ။ အကြောင်းပါကြလျှင် ဒီပါမိုးအတွက်လည်း ကျောင်းသွားကျောင်းလာ လွယ်ကူအောင် မဟီမြို့ထဲတွင် အိမ်ခန်းလေးတစ်ခန်း လောလောဆယ် ငှားနေမည်။ အိမ်ထောင်သည်ဖြစ်သွားလျှင် အရာရှိရိပ်သာတွင် အိမ်ခန်းရနိုင်သည်။

ဇော်မင်းထက်၏အတွေးတွေမှာ မီးခိုးမဆုံး မိုးမဆုံးဖြစ်ကာ ပို၍ ကျယ်ပြန့်လာသည်။

မဖြစ်နိုင်စရာ ဘာမှအကြောင်းမရှိ။ သူ့အပေါ် ဒီပါမိုးဆက်ဆံပုံမှာ အင်မတန် လိုလိုလားလားရှိသည်။ သူမသိတတ်ခဲ့၍သာ။ အမှန်က ဒီပါမိုးသည် ယခုမှမဟုတ်၊ ယခင် သန်လျင်ပျော်ပွဲစားခရီးမှာ တစ်ခါတည်း တွေ့ခဲ့ ကြုံခဲ့ ဆုံခဲ့ကြတုန်းကပင် သူ့အပေါ် စိတ်ဝင်စားခဲ့ပုံရသည်။ ထို့ကြောင့်သာ ယခုထိ သူ့ရုပ်ရည်ကို ကွက်ကွက်ကွင်းကွင်း မှတ်မိနေသလို သူ့အား သူငယ်ချင်းရဲအောင်ကျော်က အပျော်အပျက် တစ်ခွန်းတလေ ခေါ်တတ်သော

www.burmeseclassic.com

www.burmeseclassic.com



ဇော်မင်းချွန်' ဆိုသည်ကိုပင် ဒီပါမိုး၏ အသည်းနှလုံးကြားထဲမှာ စွဲငြိနေခဲ့ရသည် မဟုတ်ပါလား။ သူ့အပေါ် တစ်ဖက်သက် ချစ်နေခဲ့ရသူလည်း ဖြစ်နိုင်သည်မဟုတ်ပါလား။

ထို့ကြောင့်လည်း ယခု တွေ့တွေ့ချင်း သူ့အား ချက်ချင်းမှတ်မိသွားသည့်အပြင် အချစ်ရေးနှင့်ပတ်သက်သော ရေလာဖောင်းပေါ်စကားကိုလည်း ဆိုထားခဲ့သည်။ သူ့အနေမှာ ဒီပါမိုး စ,ထားခဲ့သောဖောင်းကလေးမှ အချစ်မြောင်းကြီး သွယ်ဖောက်လိုက်ရုံသာ။

ပြီးတော့ ဇော်မင်းထက်အတွက် တစ်ညလုံးအိပ်မပျော်ဖြစ်ရသော ဒီပါမိုး၏ စကားတစ်ခုမှာ ''သန်လျှင်မှာ ဒီပါချော်လဲတုန်းက ခင်အေးသီတို့မောင်နှမရှိသလို ခုလဲ ကိုဇော်မင်းထက်ရှိသားပဲ ထူပေးပေါ့'' ဆိုသော စကားပင်။

ကျောက်မောင်နှမဆိပ်ကမ်း အဆင်းမှာ တကယ်သာ ဒီပါမိုးချော်လဲဖြစ်ခဲ့လျှင်လည်း သူပြေးထူမိမှာတော့ အမှန်ပင်။

*******************

ငါးမန်း (၁) ကမ်းကပ်သောနေ့သည် ဇော်မင်းထက်အတွက် အပျော်ဆုံးနေ့ပင်။

ဒီပါမိုးနှင့် ပထမဦးဆုံး တွေ့ကြစဉ်က သူတို့ရွာကို လာလည်မည်ဟု ပြောခဲ့မှာခဲ့သော်လည်း မမျှော်လင့်ဘဲ ပင်လယ်ပြင်ကို ထွက်သွားရသဖြင့် မသွားဖြစ်ခဲ့။ 'ဒီပါတော့ မျှော်နေရှာမှာပဲ' ဟူသော အတွေးနှင့်အတူ ပထမဦးဆုံး ကမ်းနားလမ်းတွင် တွေ့ကြစဉ်က သူ့အား ငေးငေးလေး ကြည့်နေရှာသော ဒီပါမိုး၏ မျက်နှာလှလှလေးကိုလည်း ပြန်မြင်နေမိ၏။

ဒီပါမိုးကို အချိန်ပြည့် သတိရနေသလို ပင်လယ်ထွက်ရသောရက်တွေကိုလည်း အမြဲလက်ချိုးရေတွက်နေလေရာ ယနေ့ ငါးမန်း (၁) ဆိပ်ကမ်းသာကို ကပ်သောနေ့မှာ စနေနေ့မနက်ဖြစ်နေသဖြင့်



ပို၍ အဆင်ပြေသွားလေသည်။

ငါးမန်း (၁) ဆိပ်ကမ်းသာကပ်ပြီး နာရီပိုင်းအတွင်းမှာပင် ဇော်မင်းထက်သည် နဒီရွာရှိ ဒီပါမိုးဆီသွားလည်ရန် အဆင်သင့်ဖြစ်နေလေ၏။

ရေချိုး၊ အဝတ်အစားလဲပြီး ရေခဲအိတ်ထဲတွင် ဒီပါမိုးအတွက် ထည့်ယူလာသော ပုစွန်ကြားနှင့် ငါးမျိုးပေါင်းအိတ်ကိုဆွဲကာ ဇော်မင်းထက် မြို့ဘက် ထွက်လာလေသည်။

ဆိုက်ကားတစ်စီးနှင့် ကျောက်မောင်နှမဆိပ်ကမ်းဘက်လာရာ လမ်းတစ်လျှောက်လုံးတွင် လွန်ခဲ့သော လေးငါးရက်က ဒီပါမိုးနှင့် တွေ့ခဲ့ ကြုံခဲ့ ဆုံခဲ့ကြသည်များကို သတိရလာသည်။ ဒီပါမိုးနှင့် တွေ့လျှင် ပြောဆိုရမည့် ချစ်စကား ချစ်သင်္ကေတများကိုလည်း တစ်လမ်းလုံး သီကုံးဖွဲ့နွဲ့လာသည်။

ဒီပါမိုးအပေါ် ဇော်မင်းထက်ချစ်သောအချစ်သည် ဘင်္ဂလားပင်လယ်အော်ထက်ပင် နက်ရှိုင်းကျယ်ပြန့်နေလေသည်။

ဇော်မင်းထက်စီးလာသော ဆိုက်ကား ကျောက်မောင်နှမမော်တော်ဆိပ်မရောက်မီ ငါးမိနစ်ခန့်အချိန်လောက်ကမှ စထွက်သွားသော ခိုင်သဇင်ကျူးတို့မော်တော်ကို ရေလယ်ဝတွင် လှမ်းမြင်လိုက်ရသည်။

ဇော်မင်းထက်၏ရင်ထဲမှာ အဟာကြီးဟာသွား၏။ သို့သော်ကိစ္စမရှိ၊ တစ်နာရီလောက်အကြာမှာ ခိုင်သဇင်မော်တော် ပြန်လာဦးမည်ကိုသိထားနှင့်သဖြင့် အဏ္ဏဝါစားသောက်ဆိုင်ထဲ သူဝင်လာသည်။

နေ့လယ်နေ့ခင်းဖြစ်သဖြင့် ဆိုင်ထဲ လူပါးနေ၏။ သူစားပွဲနှင့် ကပ်လျက်စားပွဲတွင် သတ္တုခမောက်ကိုယ်စီဆောင်းထားကြသော ဘူမိက လူရွယ်သုံးလေးယောက်တို့ရှိနေသည်။

သူတို့သည် အစမ်းတွင်းများအကြောင်း၊ ကမ်းလွန်ရေနံအကြောင်း၊ လှိုင်းတွန့်လှိုင်းစဉ်တို့၏ ဆက်စပ်မှု၊ နိုအောင်းကျောက်လွှာ

www.burmeseclassic.com

www.burmeseclassic.com

နှင့် စိမ့်ထွက်မှုသတ္တိ၊ တွန့်ခေါက် ပြတ်ရွေ့တို့၏ ရွေ့လျားပြောင်းလဲ
ဟတ်သော နိယာမ၊ မီးတောင်နှင့် ရေနံသဘာဝဓာတ်ငွေ့တို့၏ သီဝ
မြေလျှောင်များနှင့် ပြတ်ရွေ့များ၏ မူးတွဲဖြစ်ပေါ်မှု အယူအဆ
သည့်နောက် လက်ခတ်တောင်ရှိ မီးတောင်နဂါးကျင်းနှင့်
နိုင်ငံခြားသား ပါရဂူများ၏ ထင်မြင်သုံးသပ်ချက်များ စသည်တို့ကို
ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးငြင်းခုံနေကြသည်။

ဇော်မင်းထက်သည် ကနုကမာခေါက်ဆွဲကြော်ကိုစားရင်း ဘူမိ
အင်ဂျင်နီယာများ၏ စကားကို နားထောင်နေမိသည်။

နိုင်သဖင်ကူးတို့မော်တော် ဆိုက်ကပ်သံကြားမှ ငွေရှင်းပြ
ဆိုင်ထဲကထွက်လာ၏။ ဘူမိမှ အင်ဂျင်နီယာများ၏ စကားဝိုင်းက
မဆုံးသေး။ လွှာတွန့်ပြတ်ရွေ့တို့၏ ရွေ့လျားတတ်သော နိယာမ
ဆက်ဆွေးနွေး၍ ကျန်ခဲ့ကြသည်။

BURMESE CLASSIC .com

*********************

"ဦးကျော်မိုးအိမ်ဆိပ်ပါတယ်" ဟု မိန်းမသူတစ်ယောက်
ပြောလိုက်မှ ဒီပါမိုးမှာထားခဲ့သောစကားကို သတိရမိသည်။ ဒီပါ
အကြောင်းချည်း တွေးလာမိသဖြင့် ဇော်မင်းထက်မှာ နဒီချောင်
မြစ်ပေါက်ရှိ အုန်းခြံကြီးများ၊ ဓနိခင်းများကိုပင် သတိမထား
ဖြစ်လာသည်။

ချောင်းကမ်းနဖူးတွင် ဆောက်ထားသော တံတားငယ်တစ်ခု
မော်တော်ကပ်ပေး၏။ စောစောက ဦးကျော်မိုးအိမ်ဆိပ်ပါတယ်
ပြောလိုက်သော မိန်းမသူ မော်တော်ပေါ်ကဆင်းတော့ ဇော်မင်းထ
လည်း ပုစွန်ရေခဲအိတ်ကိုဆွဲကာ လိုက်ဆင်းသည်။

မိန်းမသူမှာ အသက်လေးဆယ်ခန့် ရှိသည်။ မိန်းမသူ
ဇော်မင်းထက်အား မျက်နှာစိမ်းအဖြစ် လှည့်ကြည့်သည်။

"ဆရာမ ဒီပါမိုးတို့အိမ်ကို ဘယ်လိုသွားရလဲ အဒေါ်"



"ဪ . . ဒီပါတို့အိမ်ကိုသွားမယ့်ညီသည်လား"

"ဟုတ်ကဲ့ခင်ဗျာ"

"လာလေ . . လိုက်ခဲ့၊ အဒေါ် ဒီပါတို့ခြံနားက ဖြတ်သွားမှာ"

"ဟုတ်ကဲ့ ကျေးဇူးပဲခင်ဗျာ"

မော်တော်ထွက်ခွာသွားပြီဖြစ်သဖြင့် မိန်းမသူနောက်က သူ
လိုက်လာသည်။

"ဒီပါတို့နဲ့အသိလား၊ ဘယ်ကလာလဲ"

"ဟုတ်ကဲ့ . . ဒီပါနဲ့ ကျောင်းနေဖက်ပါ။ လာတာကတော့
မဟီကပါပဲ၊ ဒါပေမယ့် ကျွန်တော်က မဟီကိုအလုပ်နဲ့ ရန်ကုန်က
ပြောင်းလာတာမကြာသေးတော့ တစ်ခါမှ မရောက်ဖူးလို့ပါ"

"ဇာတိကတော"

မိန်းမကြီးက စပ်စုပြန်သည်။

"ရန်ကုန်ကပဲ ဆိုပါတော့"

"ဪ . . ဒီခြံပါပဲ၊ ဝင်သာသွားတော့ အဒေါ်သွားမယ်နော်"

"ဟုတ်ကဲ့ခင်ဗျာ"

မိန်းမသူပြထားခဲ့သော အုန်းခြံကြီးထဲ ဇော်မင်းထက်ဝင်လာ၏။
အုန်းခြံကြီးမှာ ကျယ်ဝန်းလွန်းသဖြင့် ဘယ်နှစ်ဧကဟု သူမခန့်မှန်း
တတ်။ နှစ်နာရီကျော်ကျော်သာ ရှိသေးသော်လည်း ခြံကြီးထဲတွင်
အုန်းပင်ရိပ်တွေနှင့် အေးစိမ့်နေသည်။

စက်လည်သံတစ်ခုကိုကြားရပြီး မကြာခင်မှာပင် အုန်းတောထဲ
က အဆောက်အအုံတစ်ခုကို လှမ်းမြင်ရသည်။ လမ်းဟု ပီပီပြင်ပြင်
မရှိသဖြင့် အုန်းပင်များကြားထဲက သူဖြတ်လာသည်။

အနားရောက်မှ စောစောကမြင်ရသော အဆောက်အအုံမှ
အုန်းဆံကြိုးစက်မှန်း သိရသည်။

စက်ရုံအပြင်ဘက်တွင် အဘိုးကြီးတစ်ယောက် အုန်းတံမြက်
စည်း သပ်ရင်းက သူ့ကိုလှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



အနားရောက်သောအခါ "မောင်မိုးကျော်တွန်း ညွှေ့သည်လား" ဟုမေး၏။

"မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်ဆရာမဒီပါမိုးနဲ့ တွေ့ချင်လို့ပါ"

"မိုးမိုးအသိကိုး၊ ကျောင်းဆရာလား။ အိမ်ကဟိုဘက်မှာ မိုးမိုးရှိပါတယ်"

"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်သွားလိုက်ပါဦးမယ်" ဟုပြောပြီး အဘိုးကြီးညွှန်ပြသောဘက်ကို အုန်းပင်များကြားမှ ဖြတ်လျှောက်လာသည်။

ငါးမိနစ်ခန့်ကြာသောအခါ အုန်းခြံထဲက နှစ်ထပ်အိမ်မည်းမည်းကြီး တစ်လုံးကို မြင်ရသည်။ အိမ်ဘက်ကို ဦးတည်လျှောက်လာရာ အိမ်ရှေ့တွင် သြဇာသီးခူးနေကြသော ဒီပါမိုးနှင့် အဘွားကြီးတစ်ယောက်ကိုလှမ်းမြင်ရသည်။

"ဒီပါ" ဟု ဇော်မင်းထက်က လှမ်းခေါ်လိုက်၏။

"ဩော် . . ကိုဇော်မင်းထက်" ဟုပြန်ထူးပြီး သူ့ဘက်သို့ ဒီပါမိုးလျှောက်လာသည်။ ဇော်မင်းထက်၏ရင်ထဲမှာ အပျော်ငှက်ကလေးတွေ ချက်ချင်း တောင်ပံခတ်လာကြပြန်၏။

"လာလည်မည်ဆိုလို့ ဒီပါက မျှော်နေတာ၊ ပေါ်လာတော်မမူဘူး"

"ငါးမန်းထွက်နေရလို့ပါ ဒီပါရယ်။ ဒီမှာ ဒီပါမစားရတာကြာပြီပြောလို့ ပုစွန်ကျားနဲ့ ငါးတွေယူလာတယ်"

ရေခဲအိတ်ကိုလှမ်းပေးရင်း ပြောရ၏။

"ဒီပါ နောက်ပြောတာပါ။ အားနာစရာကြီး"

ဒီပါမိုးက ရယ်၍ပြောသည်ကို သူကလည်းရယ်၍ "မဟုတ်တာ၊ ဘာအားနာစရာရှိလဲ" ဟု ပြန်ပြောလိုက်၏။

စောစောက သြဇာသီးခူးနေသောနေရာသို့ရောက်လာသည်။



ဒီပါမိုးက

"အမေ ဒါသမီးကျောင်းနေဖက်ပါ၊ ခု မဟီကိုအလုပ်နဲ့ ရန်ကုန်က ပြောင်းလာတာတဲ့" ဟုပြောပြီး သူ့အမေနှင့် မိတ်ဆက်ပေးသည်။

"လာ ကိုဇော်မင်းထက်၊ အိမ်ပေါ်တက်ဦး၊ ညနေထမင်းစားပြီးမှ ပြန်ရမယ်နော်"

"အားနာစရာကြီး၊ ဟဲ . . ဟဲ"

"အားမနာပါနဲ့၊ သူယူလာတဲ့ဟင်းနဲ့ သူ့ကိုချက်ကျွေးမှာပါ"

အိမ်ပေါ်ထပ် တက်လာကြသည်။

"ခဏနော်" ဟုပြောပြီး သူလက်ဆောင်ယူလာသော ပုစွန်ကျားရေခဲအိတ်ကို ဒီပါမိုးက အိမ်ကြီးနှင့် တဆက်တည်းရှိနေသော နောက်အိမ်တစ်အိမ်သို့ ယူသွားသည်။

ဇော်မင်းထက်မှာ ကြိမ်ဆက်တီတစ်ခုပေါ်ထိုင်ပြီး အိမ်၏အခြေအနေကို အကဲခတ်ကြည့်မိသည်။

အိမ်ကြီးမှာ နောက်ဘက်နှင့်ဘေးဘက်နှစ်ဖက်တွင် အဆောင်တွေ ပေါင်းကူးထားသဖြင့် သူတို့အုန်းခြံလိုပင် အဆုံးအစကို ရှာမရသလို ဖြစ်နေ၏။

ပြီး အိမ်ကြီးပေါ်က ခေတ်မှီသော အသုံးအဆောင် ပစ္စည်းပစ္စယများနှင့် ရေဒီယိုကက်ဆက်၊ တီဗွီ၊ လေးပေမီးချောင်းများ၊ မီးလုံးများကို မြင်ရသောအခါ ဒီပါမိုးနှင့် စ.တွေ့သောနေ့က ဒီပါမိုးတို့ရွာကို သူတို့ဒေသက တောရွာများနှင့်နှိုင်းပြီး စိတ်ကူးမဝံ့မရဲဖြစ်ခဲ့သည်တို့ကို သတိရမိသည်။ စိတ်ထဲ သိမ်ငယ်သလို ဖြစ်သွားသည်။

အိမ်ကြီးပေါ်မှ သံပတ်ပေးရသော ရှေးခေတ်သံစုံနာရီကြီး မြည်သံနှင့်အတူ ဒီပါမိုးသူ့အနားပြန်ရောက်လာသည်။

"မဟီမှာပျော်ရဲ့လား"

သူ့ရှေ့ကဆက်တီပေါ်ဝင်ထိုင်ရင်း ဒီပါမိုးကမေးသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



''ဟိုတုန်းက အဲ့ . ရောက်စတုန်းကတော့ သိပ်စိတ်ညစ်သွား တာပဲ၊ မိုးတွင်းဆိုတော့ လှိုင်းသံတွေကလဲဆူတော့ အိပ်တောင်မရဘူး ဒါပေမင့် ခုတော့ သိပ်ပျော်သွားပြီ ဖြစ်နိုင်ရင် တစ်သက်လုံး မဟီမှာ နေဖို့တောင် ဆုံးဖြတ်ပြီးပြီလေ။''

''တယ်ဟုတ်ပါလား၊ ခုတော့ လှိုင်းဆူသံတွေ တေးဂီတသံ ဖြစ်သွားပြီဆိုပါတော့''

ဒီပါက သူ့ကိုတစ်ချက်ဝေ့ကြည့်သည်။

''ဟုတ်တယ်ဒီပါရယ်၊ အဲဒါဘာကြောင့်လဲသိလား''

သူ့စကားအဆုံးမှာ ဒီပါလှမ်းကြည့်လိုက်သဖြင့် သူလည်း လှမ်း ကြည့်ရာ အသက်သုံးဆယ်ခန့် အမျိုးသမီးတစ်ယောက်ကို အအေးရည်လင်ဗန်းကိုင်၍ သူတို့ဘက် လာနေတာတွေ့ရသည်။

''ကဲ . . သုံးဆောင်လိုက်ပါဦးရှင့်'' ဟု ထိုအမျိုးသမီး၏ စကား အဆုံးမှာ ဒီပါမိုးက ''ဒါ ကျွန်မသူငယ်ချင်း ရန်ကုန်ကလေ ယောက်မ ကိုဇော်မင်းထက်တဲ့'' ဟု ဆိုသည်။

စပါကလင်လာတိုက်သော အမျိုးသမီး ထိုင်လိုက်သောအခါ ဒီပါမိုးက ''သူက ဒီပါ့အစ်ကိုကြီးဇနီးလေ၊ ဟင်းချက်သိပ်ကောင်းတာ ညနေကျရင် ကိုဇော်မင်းထက် သူ့လက်ရာနဲ့ ဆွေမျိုးမေ့သွားလိမ့်မယ်'' ဟု ရယ်ပြီးပြောသည်။

သူ့စိတ်ထဲကမူ ''ကိုယ်တော့ ဒီပါ့ကိုတွေ့ကတည်းက ဆွေမျိုး မေ့နေပါပြီ'' ဟု ပြောနေမိ၏။ စောစောက စကားဆက်ကို ဒီပါမိုးအား ပွင့်ပွင့်လင်းလင်း မပြောလိုက်ရသည်ကိုတော့ နှမြောနေမိသည်။

စကားဆက်ပြောနေကြရင်း ဒီပါမိုးနှင့် သူ့ယောက်မတို့က မတ်တတ်ထရပ်လိုက်သောအခါ ဇော်မင်းထက်မှာလည်း ရုတ်တရက် ထရပ်လိုက်မိသည်။

စောစောက အိမ်ရှေ့တွင် တွေ့ခဲ့ရသော ဒီပါမိုးအမေနှင့် လူရွယ်တစ်ယောက်တို့ ဧည့်ခန်းထဲဝင်လာကြ၏။



''အစ်ကိုကြီး၊ ဒါ မဟီက ပုလဲနှင့်ငါးကိုပြောင်းလာတဲ့ ဒီပါ့ သူငယ်ချင်း ကိုဇော်မင်းထက်တဲ့၊ စက်မှုအင်ဂျင်နီယာပါ''

''ဩော် . . ဟုတ်ကဲ့၊ လာလည်တာ ကျေးဇူးတင်ပါတယ်ဗျာ၊ သိရတာလဲ ဝမ်းသာပါတယ်၊ ဘကြီးကပြောလို့ စောစောက လာမလို့ ပဲ၊ စက်မှာလဲ အလုပ်သမားတွေ ပြန်ခါနီးဆိုတော့ အေးအေးဆေးဆေး စကားပြောရအောင်ဆိုပြီး စက်လွှတ်မှ လာတွေ့နိုင်တာ ခွင့်လွှတ်ပါ''

''ကိစ္စမရှိပါဘူးခင်ဗျာ''

ဒီပါ့အစ်ကိုကြီးက သူ့ရှေ့တည့်တည့်တွင် ဝင်ထိုင်သောအခါ အားလုံးပြန်ထိုင်ကြသည်။

ထိုအချိန်ကစပြီး ဇော်မင်းထက် အလွန်စကားပြောချင်နေသော မျက်နှာချင်းဆိုင်ထိုင်ပြီး မျက်လုံးချင်းစကားပြောချင်နေသော ဒီပါမိုး နှင့် စကားလုံးဝမပြောရတော့။ ဒီပါမိုးအစ်ကိုကြီးကချည်း ပြောတော့ ၏။ အလွန်စကားပြောနိုင်သူပင်။ သူပြောသော စကားတွေမှာလည်း လူတစ်ဖက်သား ပြန်ပြောရန်ပင် အချိန်မပေးသဖြင့် ဇော်မင်းထက်မှာ စိတ်ပျက်သလိုဖြစ်လာသည်။ ဤသည်ကိုသိ၍လားမပြောတတ်၊ ဒီပါမိုးက ရယ်ပြီး ''ကျွန်မအစ်ကိုကြီးက စကားသိပ်နည်းတာ ကိုဇော်မင်းထက်'' ဟုဆိုသည်ကိုပင် သူက ''ကျွန်တော်ကတော့ ကိုယ့်အိမ်လာတဲ့ ဧည့်သည်ကို ကိုယ့်ညီအစ်ကိုမောင်နှမလို သဘောထား တာပဲဗျ၊ ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်တယ်။ ဒီပါတို့ ကတော့ ဆရာမကြီးတွေ ဣန္ဒြေနဲ့ပေါ့'' ဟု ဆိုလိုက်သေးသည်။

ရင်းနှီးလွယ်သည်ကိုတော့ ဇော်မင်းထက်လည်း သဘောကျ မိ၏။

''သမီး ဧည့်သည်က မဟီပြန်မှာလား၊ ပြန်မယ်ဆိုရင် ထမင်း ကျွေးဖို့လဲ လုပ်ဦးလေ သမီး'' ဟု သူ့အမေက သတိပေးမှ ဒီပါမိုး လည်း သူနှင့် သူ့အစ်ကိုကြီးအနားက ထသည်။

ဤသည်ကိုပင် သူ့အစ်ကိုကြီးက ''အမေကလဲ အိမ်မှာ ပွဲချိုက်

www.burmeseclassic.com

www.burmeseclassic.com



ရှိသားနဲ့ မဟီများ ဘယ်အချိန်ပြန်ပြန်၊ ဘယ်ထွက်ပြေးမှာလဲ'' ဟု ပြောလိုက်သေး၏။

ညနေ ထမင်းမစားခင် ဒီပါမိုး၏အစ်ကိုကြီး မိုးကျော်ထွန်းက အတင်းအရက်တိုက်၏။ မသောက်တတ်ပါဘူးပြော၍မရ၊ အားနား ပါးနာနှင့် တစ်ခွက်တော့ သောက်လိုက်ရသည်။ ဤသည်ကို ဒီပါမိုး ကတော့ သူ့အစ်ကိုကြီးအား မျက်စောင်း တထိုးထိုးနှင့်။

*********************

မိုးချုပ်သွား၍ ကူးတို့မော်တော်ကို မမှီလိုက်သဖြင့် ဒီပါမိုးတို့ အိမ်က ပဲ့ချိတ်ကလေးနှင့် လိုက်ပို့သည်။

ကူးတို့မော်တော်နှင့် လိုက်လာတုန်းက ဒီပါမိုးတို့အုန်းခြံကြီးထဲ ဖြတ်ဝင်စီးဆင်းနေသော သဲချောင်းကို ဇော်မင်းထက်သတိမပြုမိခဲ့။ ယခု ညနေ သဲချောင်းအိမ်ဆိပ်ကို လိုက်ပို့ကြမှ ဇော်မင်းထက် အရမ်းပျော်သွားသည်။

နဒီမြစ်ပေါက်မှ စီးဝင်လာသော သဲချောင်းငယ်မှာ ဒီပါမိုးတို့ အုန်းခြံကြီးအရှေ့ဘက်အစတွင်ရှိသည်။ သဲချောင်း၏ ဘေးနှစ်ဖက် တွင် အုန်းပင်အုန်းတောကြီးတွေ အုပ်ဆိုင်းနေသဖြင့် လဆန်း တစ်ဆယ့်သုံးရက်လ၏ လဝန်းကိုပင် မမြင်ရ။ အုန်းလက်ညို့ အကြို အကြားမှ ယိုဖိတ်ပြုဆင်းလာကြသော လရောင်အစက်အပြောက် များကမူ သဲချောင်းရေပေါ်တစ်လျှောက် ပြိုးပြိုးပြောက်ပြောက် ထိုးကျ နေသည်။

သဲချောင်းထဲက ပဲ့ချိတ်အိမ်ဆိပ်မှာ ဇော်မင်းထက်၏စိတ်ထဲ ဘယ်လိုသာယာမိမှန်းမသိ။ ထို့ကြောင့် ဒီပါမိုးအား ''ဒီပါတို့အိမ်ဆိပ် လေးက သာယာလှပလိုက်တာဒီပါရယ်။ တို့ အနယ်နယ်ရောက်ဖူး ပါတယ်၊ ဒီပါတို့သဲချောင်းထဲက အိမ်ဆိပ်လောက် သာယာတာ ဘယ်မှာမှ မတွေ့ဖူးဘူး'' ဟု ပြောလိုက်သည်ကို ကြားသွားသော



ဒီပါ့အစ်ကိုကြီးက ''ဒီနေရာ သာယာတယ်ဆိုတာ ဘာဟုတ်သေးလို့ လဲဗျ။ ခင်ဗျား ကျွန်တော့်အုန်းကျွန်းကို မရောက်ဖူးသေးလို့။ နောက်အပတ် တနင်္ဂနွေမှာ သင်္ဘောမထွက်ရင် လာခဲ့ဗျာ၊ ကျွန်တော် လိုက်ပို့ပေးမယ်'' ဟု မူးမူးနှင့်ပြော၏။

ပြီးတော့ သူ့အုန်းကျွန်းတွင် အိမ်တစ်လုံးဆောက်ဦးမည်၊ ဇော်မင်းထက်ကို ခေါ်ဆောက်ခိုင်းမည်ဟု ပြောရာ သူ့ညီမ ဒီပါမိုးက ''အစ်ကိုကြီးကလဲ ကိုဇော်မင်းထက်က စက်မှုဗေဒလေ၊ ဘယ်လိုလုပ် အိမ်ဆောက်တတ်မလဲ'' ဟု ရယ်ပြီးပြော၏။

ဤသည်နှင့် သူ့အစ်ကိုကြီးက စကားမဖြတ်သေး။ ''ဟို အကောင်ကော'' ဟုဆိုပြန်သည်။ ဒီပါက ''သူလဲ ဘူမိဗေဒပဲ၊ ဘာဆိုင်လဲ၊ ဖျက်ဖို့ပဲရမှာပေါ့'' ဟု ပြောလိုက်၏။

ဒီပါမိုးအစ်ကိုကြီးပြောသော ''ဟိုအကောင်'' ဆိုသည်ကိုတော့ ဇော်မင်းထက်မသိ။ သူတို့အသိ အင်ဂျင်နီယာတစ်ယောက်ယောက် ဖြစ်မည်ဟု ထင်လိုက်သည်။

ဒီပါမိုး၏ အစ်ကိုကြီးမှာ တော်တော်မူးနေပုံရသည်။ သဲချောင်း အိမ်ဆိပ်ကိုသွားရာတွင် ဇော်မင်းထက်၏လည်ပင်းကိုဖက်ပြီး လိုက် လာ၏။ ဇော်မင်းထက်ကမူ သဘောကောင်းသော ယောက်ဖလောင်း နှင့် ဒီပါမိုးတို့မိသားစုအကြောင်းသာ တစ်လမ်းလုံးတွေးလာသည်။

အိမ်သားအားလုံးကလည်း သူ့ကို ပျူပျူငှာငှာရှိနေကြသဖြင့် ဒီပါမိုးများ ကြို့ပြောထားလေသလားဟုလည်း ဝမ်းသာရသည်။

ဒီပါမိုးတို့၏အိမ်သားတွေကိုသာ သဘောကျသည်မဟုတ်။ ဒီပါမိုးတို့ အိမ်နှင့် ပတ်ဝန်းကျင် အုန်းခြံကြီးကိုလည်း အထူးသဘော ကျမိသည်။ အထူးသဖြင့် သဲချောင်းနှင့် အိမ်ဆိပ် ပဲ့ထောင်ကလေး။

ဒီပါမိုးနှင့်သူသာ လက်ထပ်ဖြစ်လျှင် လသာညတွေမှာ ပဲ့ချိတ် လေး နှစ်ယောက်စီးပြီး နဒီချောင်းဝမှ ပင်လယ်မြင်ထိ လှေညွှန်းခံ ထွက်ရလျှင်ဟူသောစိတ်ကူးနှင့် ရင်ထဲအပျော်တွေပြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သဲချောင်းထဲက ပွဲချိတ်ပေါ် ဇော်မင်းထက်တက်လာသောအခါ ဒီပါမိုးနှင့် သူ့အစ်ကိုကြီးတို့က အိမ်ဆိပ်တံတားပေါ်မှ လက်ပြ၍ ကျန်နေခဲ့ကြ၏။ ဇော်မင်းထက်အား လိုက်ပို့သူမှာ ဒီပါမိုးတို့ အုန်းဆံကြိုးစက်မှ အလုပ်သမားတစ်ယောက်ဖြစ်သည်။

လဆန်း တစ်ဆယ့်သုံးရက်လဝန်းကို ပွဲချိတ်ပေါ်က ဇော်မင်းထက်မော့ကြည့်မိသည်။ အုန်းပင်အုန်းလက်ကြားထဲတွင် ပွဲချိတ်နှင့်အတူ လဝန်းက နဒီချောင်းမြစ်ဝအထိ ပြေးလိုက်လာသည်။ မြစ်ဝရောက်မှ ကောင်းကင်ပေါ်ကလဝန်းကို' ပီပီပြင်ပြင် မြင်ရလေသည်။

မြစ်ပြင်တစ်ခုလုံး၏ ရေတွေမှာ လရောင်ထဲတွင် ငွေမင်ရည်လောင်းထားသလို လှဲ့လှဲ့တောက်နေသည်။ ရေရှိုးလွှန်သော ကုန်းဘက်တွင်မူ ကြယ်ပွင့်ကလေးများက ရေဆင်းသောက်နေကြ၏။

ဇော်မင်းထက်အတွက် သာယာလိုက်သည့်ည။ လှပလိုက်သည့်ည။ ချစ်သူနှင့်တွေ့ခဲ့ရသော ည။ ဤညသည် ကျောက်မောင်နှမဆိပ်တွင် ဒီပါမိုးနှင့် စ၍ဆုံဆည်းခဲ့ရသော ညထက်ပင် လှပနေလေသည်။

ဇော်မင်းထက်အတွက် ဤညသည်လည်း အိပ်မပျော်သောညပင် ဖြစ်ချေဦးမည်။

* * * * * * * * * * * * * * * * * *

အထက်တန်းကျောင်းရှေ့တွင် စက်ဘီးကိုရပ်လိုက်သည်။ စာသင်နေကြသော ကလေးများ၏အသံကို ဆူညံစွာကြားရ၏။ ကျောင်းဘက်သို့ တစ်ချက်ငေးကြည့်ကာ စက်ဘီးပေါ်က ဆင်းလိုက်သည်။

အခွင့်အခါမသင့်၍ ဒီပါမိုးအား ချစ်ရေးမဆိုလိုက်ရသည်ကို တွေးကြည့်ကာ ရင်ထဲ ကတုန်ကယင်ဖြစ်လာ၏။ ''ဒီနေ့တော့



ပွင့်ပွင့်လင်းလင်းပြောကိုပြောမယ်'' ဟုဆုံးဖြတ်လာသည်။ ကမ်းနားလမ်းမှာ လူလည်းရှင်းသဖြင့် စိတ်ထဲရှိသည်ကို လွတ်လွတ်လပ်လပ် ပြောနိုင်သည်။ ဤတစ်ခါ နောက်ကျသွားမှာကို သူမလိုလားတော့။

အတွေးနှင့်အတူ အထက်တန်းကျောင်းရှေ့ရှိ သန္တာတီးဟောက်နား စက်ဘီးကိုတွန်းလာ၏။ ကျောင်းဘက်ကို လှည့်ကြည့်သည်။ စာသင်နေသံကလွဲပြီး ဘာသံမှမကြားရ။ ဒီပါမိုးက ''ဘာလာလုပ်တာလဲ''ဟုမေးလျှင် ''ဒီပါ့ကိုလာစောင့်နေတာ'' ဟု ဖြောင့်မပျိုးရမည်။

ဒီပါမိုးနှင့်တွေ့လျှင် ပြောဆိုရမည့်စကားများကို စိတ်ထဲသီကုံးကာ သန္တာတီးဟောက်ထဲ ဝင်လာသည်။ စက်ဘီးကို ဆိုင်ဝတွင် ထောင်ထားခဲ့ပြီး စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်၏။ ''ဝမ်းတီး'' ဟု လက်ညှိုးတစ်ချောင်းထောင်ပြလိုက်ပြီး ဒီပါမိုးအကြောင်း တွေးနေပြန်သည်။

စားပွဲထိုးလေးက သူ့ရှေ့လက်ဖက်ရည်လာချသည်။ ''နို့စိမ်းစစ်စစ်နဲ့ဖျော်ထားတဲ့ ကျွန်မတို့ မဟီကလက်ဖက်ရည် သောက်ကြည့်ပါဦး'' ဟူသော ဒီပါမိုး၏စကားကို ပြန်လည်ကြားယောင်မိကာ စိတ်ထဲ အပျော်ကြီးပျော်သွားလေသည်။

လက်ဖက်ရည်ကို ဖိမ်ဆွဲသောက်ရင်း အထကကျောင်းဘက် ငေးကြည့်လိုက်။ လက်ကနာရီကိုမြှောက်ကြည့်လိုက်နှင့် ဂနာမငြိမ် ဖြစ်နေ၏။ နာရီလက်တံကလေးများ၏ ရွှေ့လျားမှုသည် သူ့စိတ်ထဲ နှေးကွေးနေ၏။

ကျောင်းလွှတ်လိုက်ပြီးဖြစ်သဖြင့် ကျောင်းသူကျောင်းသားများ ကျောင်းထဲက ထွက်လာကြသည်။ ကမ်းနားလမ်းထဲရောက်သောအခါ အရပ်လေးမျက်နှာသို့ ပြန့်ကြဲသွားကြသည်။ စက်ဘီးနှင့်ကျောင်းလာသူတွေများသဖြင့် စက်ဘီးဘဲလ်သံများကလည်း ပတ်ဝန်းကျင်တွင် ညံစီသွားသည်။

ဇော်မင်းထက်၏ရင်မှာ ပို၍အခုန်မြန်လာသည်။ ဒီပါမိုး

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းထဲကထွက်အလာကိုလည်း မမိုတ်မသုန် စိုက်ကြည့်နေသည်။ ဆရာ–ဆရာမအချို့ စက်ဘီးကိုယ်စီနှင့်ထွက်လာကြသည်။ ဒီပါမိုးကိုမှ မတွေ့ရသေး။

ချက်ချင်းသတိရလိုက်သည်။ ကျောက်မောင်နှမဆိပ်နှင့် အထက်တန်းကျောင်းမှာ သိပ်မဝေးသဖြင့် ဒီပါမိုး စက်ဘီးနှင့်မလာတတ်။ ဒီပါမိုးမှာ နဒီရွာကိုပြန်ရမည့်သူဖြစ်သဖြင့် သူနှင့်စတွေ့သောနေ့ကလည်း စက်ဘီးပါမလာ။ ဒီပါမိုးကို သူ့စက်ဘီးပေါ်တင်ပြီး ကျောက်မောင်နှမဆိပ်ကို နေ့တိုင်းလိုက်ပို့ရလျှင်ဟုသော ကြည်နူးတွေးနှင့်အတူ စက်ဘီးကိုယ်စီနှင့် ထွက်သွားကြသော ဆရာမလေးများကို ငေးကြည့်နေရာမှ အထကကျောင်းဘက် အကြည့်ရောက်သွားပြန်သည်။

ကျောင်းသားကျောင်းသူတွေ ကုန်ပြီ၊ ကျောင်းဆရာ–ဆရာမတွေလည်း ကုန်ပြီ၊ ဒီပါမိုးကိုကား မတွေ့ရသေး။

"ဒီနေ့ ခွင့်များယူထားလေသလား" ဟူသောအတွေးနှင့် စောင့်ကြည့်နေသေး၏။ သုံးနာရီတစ်ဆယ့်ငါးမိနစ်ခန့်တွင် ကျောင်းလွှတ်လိုက်သည်။ သူစောင့်ကြည့်နေရင်း လေးနာရီထိုးသွား၏။

"ဒီပါမိုး အစည်းအဝေးများ ရှိနေလို့ နောက်ကျနေတာလား" ဟု စောင့်ကြည့်နေသေး၏။ လေးနာရီခွဲသွားသည်၊ လက်ဖက်ရည်ဖိုးရှင်းပြီး စက်ဘီးကိုတွန်းကာ ကျောင်းဝင်းထဲထိ ဝင်ကြည့်မိ၏။ ကျောင်းစောင့်မိသားစုဟု ထင်ရသော အိမ်ရှိ လူများကလွဲပြီး ကျောင်းဝင်းထဲတွင် မည်သူမျှမရှိတော့။

ရင်ထဲ အဟာကြီးဟာသွားသည်။ စက်ဘီးနှင့်ပြန်သွားကြသော ဆရာမတစ်ယောက်ယောက်နှင့်များ လမ်းကြုံလိုက်သွားလေသလား၊ သူပဲ မျက်စိမှောက်ပြီး မမြင်လိုက်တာလားဟု တွေးကာ ကျောင်းဝင်းထဲကထွက်လာသည်။ ကျောက်မောင်နှမဆိပ်ဘက် အပြင်းစက်ဘီးကိုနင်းလာပြီး ဆိပ်ကမ်းတွင်ရှာကြည့်၏။ ဒီပါမိုးကိုမတွေ့ရ။ နိုင်သဇင်



မော်တော်ဆိုက်ထားသည်ကိုကြည့်ကာ ပထမအခေါက်နှင့် ပါသွားလေသလားဟု တွေးပြန်သည်။

ဟိုဟိုသည်သည် လျှောက်ကြည့်ရာ ဒီပါမိုးနှင့်စတွေ့သောနေ့က ဒီပါမိုးကို နှုတ်ဆက်ကြသည်ဟုထင်သော ကျောင်းသူကျောင်းသားသုံးလေးယောက်ကို နိုင်သဇင်မော်တော်ပေါ် လှမ်းမြင်ရသည်။ ထိုအခါမှ ကျောင်းလွှတ်ချိန်အတွင်း နိုင်သဇင်မော်တော်မထွက်သေးမှန်း သိရသည်။

နဒီက အထက်တန်းကျောင်းသူကျောင်းသားလေးများကို မေးလျှင် ကောင်းမလားဟု သူတွေးနေချိန်မှာပင် နိုင်သဇင်မော်တော် ဆိပ်ကမ်းကခွာသွားလေသည်။

ဇော်မင်းထက်မှာ နဒီမြစ်ဝဘက် ထွက်ခွာသွားသော နိုင်သဇင်မော်တော်ကိုငေးကြည့်ကာ ဆိပ်ကမ်းနှုးတွင် ဆွေးကျန်ခဲ့၏။

သဘော်နားရက်မှာ မနက်ဖြန်တစ်ရက်သာကျန်တော့သဖြင့် စိတ်ထဲလေးသွားမိသည်။ မနက်ဖြန်တော့ ဒီပါမိုးကို အစောကြီး သွားစောင့်မည်ဟူသော ဆုံးဖြတ်ချက်နှင့် ၊ အဌ္ဌဝါရိပ်သာဘက် ပြန်လာရလေသည်။

*********************

ဒီပါမိုးအတွေးတွေနှင့် တစ်ညလုံးအိပ်မပျော်။ သူသွားလည်သောနေ့က တွေ့ခဲ့ရသော ဒီပါမိုး၏ အမေ၊ အစ်ကို၊ ယောက်မဆိုသူများ၏ ရုပ်သွင်ကိုလည်း တစ်ညလုံးမြင်နေမိသည်။ အထူးသဖြင့် သဘောကောင်းသော ဒီပါမိုး၏ အစ်ကိုကြီး၏ ရုပ်သွင်။

မိုးလင်းပိုင်းကျမှ မှေးခနဲအိပ်ပျော်သွား၏။ သို့သော် ကြာယ်လောက်မှမကြာလိုက်၊ သဘော်ကျင်းဘက်မှ ၆ နာရီသံခေါင်းခေါက်သံကြောင့် အိပ်ရာကနိုးလာသည်။

နဒီကလာမည့် ပထမဦးဆုံးခေါက်မော်တော်ကို ကျောက်

www.burmeseclassic.com

www.burmeseclassic.com



မောင်နှမဆိပ်တွင် သွားစောင့်ရန် ကမန်းကတန်း အိပ်ရာကထသည်။ မျက်နှာသစ်၊ အဝတ်လဲပြီးချိန်တွင် သူနှင့်တစ်ခန်းတည်းနေသူ ကျော်မောင်ကြီး နိုးလာ၏။ ခုတင်ပေါ်က သူ့ကိုလှမ်းကြည့်ကာ

"ဟေ့ကောင်၊ စောစောစီးစီး ဘယ်လဲကွ" ဟုမေး၏။

"မြို့ထဲဘက် ခဏသွားမလို့ကွ" ဟုပြောပြီး စက်ဘီးကိုဆွဲကာ အဏ္ဏဝါရိပ်သာမှ ထွက်လာလေသည်။

**********************

ဇော်မင်းထက် ကျောက်မောင်နှမဆိပ် ရောက်လာချိန်မှာ နဒီ သွားမည့်ခရီးသည်ဆို၍ တစ်ယောက်တလေမှ မသွားရသေး။ အဏ္ဏဝါ စားသောက်ဆိုင်ပင် ဖွင့်ခါစရှိသေး၏။

ဆိုင်ထဲမဝင်ဘဲ ကမ်းနှဖူးတွင်ထိုင်ကာ နဒီမြစ်ပေါက်ဘက် ငေးကြည့်နေမိ၏။

အုန်းမြစ်ချိုင်ထဲရှိ ရေပြင်ပေါ်တွင် နံနက်ထ၏ နှင်းမြူနှင်းငွေ့ များနှင့် ဝေ့ပိတ်နေသည်။ ဆောင်းဦးသမယ၏ နေရောင်ခြည်ကလည်း ကျမလာသေး။

မကြာခင် မြောက်လေနှင့်အတူ နှင်းကွဲသွားသည်။ နေရောင်ခြည်တို့ ရေပြင်ပေါ် လဲ့လဲ့တောက်လာ၏။ ဇော်မင်းထက် ငေးကြည့်နေစဉ်မှာပင် နဒီမြစ်ပေါက်ဘက်မှ မော်တော်တစ်ဂင်း ထွက်ပေါ်လာသည်။

မဟီကိုလာသော ခိုင်သဖင်ကူးတို့မော်တော်မှန်း ချက်ချင်း သိလိုက်သည်။ ဇော်မင်းထက်၏ ရင်ထဲမှာ တဒိတ်ဒိတ် ခုန်လာသည်။

ဒီပါမိုးနှင့်တွေ့၍ "ဘယ်သွားမှာလဲ" ဟုမေးလျှင် "ဒီပါ့ကို မနေ့ကကျောင်းအပြန်မှာ လာစောင့်သေးတယ်၊ မတွေ့တော့ စိတ်ထဲ တော်တော်ပူသွားတာ၊ ဒီပါနေထိုင်များမကောင်းဘူးလားထင်လို့ ခု ဒီပါ့ဆီလာတာပဲ" ဟုပြောရန် စကားလုံးတွေသီကုံးကာ ရင်တခုန်ခုန်



နှင့် ခိုင်သဖင်မော်တော်ကို လှမ်းကြည့်နေသည်။

မိနစ်နှစ်ဆယ်ခန့်တွင် ခိုင်သဖင်မော်တော်က ကျောက်မောင်နှမ ဆိပ်နားကပ်လာသည်။ ထဘီအစိမ်း အင်္ကျီအဖြူဝတ်လာမည့် ဒီပါမိုး ကို မော်တော်ပေါ်၌ လှမ်းမျှော်ရှာကြည့်မိသည်။ မတွေ့ရ။ အင်္ကျီစိမ်း၊ လုံချည်စိမ်းနှင့် လိုက်ပါလာကြသော ကျောင်းသူကျောင်းသားအုပ်ထဲ အကြည့်ရောက်သွား၏။ ဒီပါမိုးကို မတွေ့ရ။

ခိုင်သဖင်မော်တော် ဆိပ်ကမ်းတွင် ရပ်လိုက်သည်။ ရင်ထဲ ဒိန်းခနဲဖြစ်ကာ စိုးရိမ်မှုက ရင်ထဲပြည့်သွားသည်။ ဒီပါမိုး ဘာကြောင့် ကျောင်းမတက်ပါလိမ့်။ မဦးမချွတ် သူစိတ်ကူးမိခဲ့သလို တကယ်များ နေထိုင်မကောင်း ဖြစ်နေလေရော့လား။

နဒီက မဟီအထက်တန်းကျောင်းလာကြသော ကျောင်းသူ ကျောင်းသားများကို မေးကြည့်ရလျှင် ကောင်းလေမလား။ တစ်နေ့ ကလည်း ဒီပါမိုးနှင့် သူတို့တွဲပြီး အဏ္ဏဝါစားသောက်ဆိုင်ထဲ ဝင်သွား ကြသည်ကိုမြင်သော ကလေးများက သူ့ကို ဘယ်လိုထင်ကြမည်နည်း။ သူမေးလိုက်လျှင် ဒီပါမိုး၏ ဂုဏ်သိက္ခာကိုများ ထိခိုက်သွားလေမလား။

ဟိုတွေး သည်တွေး ဇော်မင်းထက် တွေးငေးနေချိန်မှာပင် ကျောင်းသူကျောင်းသားများသည် ဆိပ်ကမ်းမှ တက်သွားကြ လေသည်။ ဇော်မင်းထက်မှာ မြစ်ပေါက်ဘက် ငေးကြည့်ပြီးတွေးစုန်း။

ဆိပ်ကမ်းမှာ လူရှင်းသွားတော့မှ ပြန်ရန်သတိရသည်။ သို့သော် အဏ္ဏဝါရိပ်သာပဲပြန်ရမလား။ နဒီကိုလိုက်သွားရကောင်းလေမလားနှင့် ဆက်တွေးနေပြန်၏။ ဤနေ့မှ ဒီပါမိုးနှင့်မတွေ့လိုက်လျှင် နောက်ထပ် သဘော်တစ်ပတ်စောင့်ရဦးမည်။ နဒီကိုလိုက်သွားလျှင်လည်း ဒီပါမိုး အတွက် ဘာလက်ဆောင်မှမပါတော့ ကောင်းပါ့မလားဟု တွေးပြန်၏။

နောက်တစ်ခု သူသတိရသွားသည်မှာ ဒီပါမိုးတို့တွင် ကိုယ်ပိုင် ပဲ့ချိတ်ကလေးရှိသည်။ အိမ်သုံးထားသောပဲ့ချိတ်နှင့် ကျောင်းလာ တက်သော ဒီပါမိုးသည် ကျောက်မောင်နှမဆိပ်ကဆောင်းဘဲ ဈေး

www.burmeseclassic.com

www.burmeseclassic.com


အောက်ဆိပ်၊ သို့မဟုတ် ရုပ်ရှင်ရုံအောက်ဆိပ်ကများ ဆင်းလေသလား။ သူကိုလိုက်ပို့သောနေ့ကမူ ရုပ်ရှင်ရုံအောက်ဆိပ်တွင် ပဲ့ချိတ်ကပ်ခဲ့သည်။ ရေတက်ရေကျကိုလိုက်၍ ဒီပါမိုးတို့ ပဲ့ချိတ်ကလေးမှာ ချောင်းပေါက်မြောင်းပေါက်ထဲမှ မြို့ထဲအထိ ဝင်၍ရသည်။ တချို့ မြို့ထဲကအိမ်တချို့တွင်လည်း သူတို့ခြံထဲရှိ သဲချောင်းနားတွင် ပဲ့ချိတ်များ ချည်ထားကြသည်ကို တွေ့ရတတ်သည်။

ဒီပါမိုးသည် သူတို့အိမ်က ပဲ့ချိတ်ကလေးနှင့် မြို့ထဲထိများ ဝင်သွားလေသလား။ အချိန်မှာ ဒီရေတက်ချိန်ဖြစ်သဖြင့် ဝင်မည်ဆိုက ဝင်၍ရ၏။ ယခုလောက်ဆိုလျှင် မြို့ထဲချောင်းပေါက်တစ်ခုခုမှ ဝင်လာသော ဒီပါမိုးသည် ကျောင်းထဲများ ရောက်နေလေပြီလား။ ကျောင်းသားကျောင်းသူများကို စာများပင် ပြနေလေပြီလား။

မြစ်ပေါက်ချောင်းပေါက်တွေမှာ မဟီတစ်မြို့လုံး၏ လေးဘက်လေးတန်တွင် ရှိနေသဖြင့် ဒီပါမိုးဝင်လာမည့် မြစ်ပေါက်ချောင်းပေါက်များကို သူမှာ ဘယ်လိုလုပ် ရှာရမှန်းမသိ။ သည်တော့ နောက်ဆုံး ဤနေ့လည်း ကျောင်းဝကသွားစောင့်တာပဲ ကောင်းမည်ဟုတွေးကာ ကျောက်မောင်နှမဆိပ်မှ အဏ္ဏဝါရိပ်သာသို့ ပြန်လာသည်။

ညနေကျမှ ကျောင်းမလွှတ်မီသွားပြီး ဒီပါမိုးကိုစောင့်မည်ဟု ဆုံးဖြတ်လိုက်သည်။

********************

ဤနေ့တော့ ဇော်မင်းထက်သည် အထက်တန်းကျောင်းရှေ့က သန္တာတီးဟောက်ထဲဝင်ပြီး ဒီပါမိုးကိုမစောင့်တော့။ ကျောင်းဝင်းထဲထိ ဝင်သွားပြီး ကျောင်းကြီး၏ ထွက်ပေါက်ဝင်ပေါက်များကို လေ့လာမိသည်။ ကျောင်းဝင်းခြံကြီးမှာ အကျယ်ကြီးဖြစ်သဖြင့် သူရှေ့ကစောင့်နေစဉ် ဒီပါမိုးသည် သူတို့အိမ်ကပဲ့ချိတ်ဆိုက်ထားသော ကျောင်းနောက်ဘက်ရှိ ချောင်းပေါက်တစ်ခုခုမှ ထွက်သွားလေသလား အထင်နှင့် ကျောင်းပတ်ဝန်းကျင်ရှိ ချောင်းပေါက်မြောင်းပေါက်များကိုလည်း ရှာကြည့်မိသည်။

ကျောင်းဝင်းထဲရှိ အုန်းခြံထဲတွင် စက်ဘီးတစ်စီးကိုတွန်းပြီး ဟိုသွားသည်သွားလုပ်နေသော သူကို စာသင်ခန်းထဲမှ ကျောင်းသူကျောင်းသားများနှင့် ဆရာ–ဆရာမများလည်း မြင်နိုင်သည်။ တကယ်လို့ သူက မြစ်ပေါက်ချောင်းပေါက်တွေများ ကျောင်းဝင်းထဲ ရှိလေသလားဟု လိုက်ရှာနေသည်ကို ဒီပါမိုးသာမြင်သွားလျှင် ဘယ်လောက်ကောင်းလိုက်မလဲဟုလည်းတွေးပြီး ပျော်နေမိပြန်၏။

အထက်တန်းကျောင်းနား ဝန်းကျင်တွင် ပဲ့ချိတ်ဝင်နိုင်လောက်သော ချောင်း ပါက်မြောင်းပေါက်ဆို၍ တစ်ပေါက်တလေကိုမျှ မတွေ့ရသဖြင့် ဇော်မင်းထက်သည် ကျောင်းရှေ့သို့ ပြန်ရောက်လာပြန်သည်။

ထိုအချိန်မှာပင် ကျောင်းလွှတ်လိုက်လေရာ ကျောင်းရှေ့ အပေါက်ဝနား ရောက်နေသော သူကို ကျောင်းသူကျောင်းသားများက တိုးဝှေ့ထွက်သွားကြသည်။ ဇော်မင်းထက်ကလည်း မနေ့ကလို ဒီပါမိုးကို မတွေ့ရဘဲ လွဲမှာစိုးသဖြင့် ကျောင်းပေါက်ဝ၌ပင် ရပ်နေလိုက်သည်။

မကြာခင် ကျောင်းသူကျောင်းသားများရှင်းသွားသည်။ မနေ့ကလိုပင် ခဏအကြာမှာ ဆရာ ဆရာမများ ထွက်လာကြသည်။ ဒီပါမိုးကို မတွေ့ရ။

စိတ်ထဲ ဆောက်တည်ရာမရ ဖြစ်လာသည်။

ကျောင်းအုပ်ကြီးဟုထင်ရသော အသက်ငါးဆယ်ကျော်အရွယ် ဆရာကြီးတစ်ယောက်ပင် ကျောင်းထဲကထွက်လာပြီ။ ဇော်မင်းထက်မှာ ဆက်စောင့်နေရကောင်းမလား၊ ပြန်သွားရမလား ဆုံးဖြတ်မရ ဖြစ်နေမိ၏။

ဆရာကြီးသည် ကျောင်းဝတွင် စက်ဘီးတစ်စီးနှင့် ရပ်နေသော သူကို အကဲခတ်သလို တစ်ချက်ကြည့်၏။ ပြီး စက်ဘီးစီးကာ ပြည်တော်သာတိုက်တန်းလျားများဘက် ထွက်သွားလေသည်။

ဇော်မင်းထက်စိတ်ထဲ ပို၍ပူလောင်လာ၏။ သည်အတိုင်းဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com


နဒီက ကျောင်းသူကျောင်းသားများကို မှီအောင် ကျောက်မောင်နှမ ဆိပ်ကမ်းဘက်လိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။ ချက်ချင်းပင် ကမ်းနားလမ်းအတိုင်း စက်ဘီးကို အပြင်းစီးနှင်းလာ၏။

သည်ကြားထဲ မင်းကုန်းအလွန်တွင် ကျောင်းသူကျောင်းသား သုံးယောက်ကို "နဒီကလား" ဟုမှားပြီး မေးမိသေး၏။ ကျောင်းသူ တစ်ယောက်က "မဟုတ်ပါဘူး ကျွန်မတို့ ဗိုလ်ကုန်းကပါ" ဟု ဖြေသည်။

ကျောင်းသူလေး၏ အဖြေစကားကိုပင် ဆုံးအောင်နားမထောင် တော့ဘဲ ကျောက်မောင်နှမဆိပ်ဘက်သာ စက်ဘီးကို အပြင်းနှင်း လာ၏။ သူ့ရှေ့တွင် ကျောင်းသူကျောင်းသားများကိုတွေ့သော်လည်း မမေးရဲတော့။ ဆိပ်ကမ်းကပဲ စောင့်တော့မည်ဟု ထွက်လာခဲ့သည်။

ဆိပ်ကမ်းရောက်သောအခါ ခိုင်သဇင်ကူးတို့မော်တော်သည် ဆိပ်ကမ်းသို့ပင် မရောက်သေး။ နဒီမြစ်ဝတွင်သာ ရှိသေး၏။ ဖော်မင်းထက်သည် ဟိုဟိုသည်သည်ကြည့်ကာ နဒီကျောင်းသူ ကျောင်းသားများကို စောင့်ကြည့်နေမိသည်။

သူမျက်မှန်းတန်းမိထားသော ကျောင်းသူကျောင်းသားများ ဆိပ်ကမ်းနဖူးသို့ ရောက်လာကြသည်။ မလှမ်းမကမ်း... မလုံမလဲနှင့် သူက ကျောင်းသူ ကျောင်းသားများနား ကပ်သွား၏။

"ဆ ‥ ဆရာမ၊ ဒီပါမိုး ဒီနေ့ ကျောင်းမလာဘူးနဲ့တူတယ်"

ကျောင်းသူလေးတစ်ယောက်က သူ့ကိုမချိုမချဉ်မျက်နှာနှင့် ကြည့်ပြီး "ဟုတ်ကဲ့ရှင့်" ဟုပြောသည်။ ကျောင်းသားလေး တစ်ယောက်ကမူ သူ့ကိုတည့်တည့်ပင်ကြည့်ပြီး "ဦးက ရေနံရှာဖွေရေး ကနော်" ဟုမေး၏။

"မဟုတ်ပါဘူးကွာ၊ ငါက ပုံလဲနဲ့ငါးကပါ" ဟု ပြန်ပြောလိုက် ရ၏။ ထိုအခါမှ စောစောက မျက်နှာမချိုမချဉ်လုပ်နေသော ကျောင်းသူလေးက သူ့ကိုကြည့်ပြီး "အန်တီမိုး အသိလားဟင်" ဟု ထပ်မေးသည်။



"ဟုက်ပါတယ်၊ ဒီပါနဲ့ဦးက ကျောင်းနေဖက် သူငယ်ချင်း တွေပါ"

"ဩော် ‥ ဒီလိုဆို ဦးက ဦးအောင်ကျော်ဇံကိုလဲ သိမှာပေါ့ နော်"

"ဟင့်အင်း၊ မသိပါလား။ ဘယ်က ဦးအောင်ကျော်ဇံပါလိမ့်"

"ရေနံရှာဖွေရေးက ဘူမိဗေဒအရာရှိလေ ဦး၊ မသိဘူးလား၊ အင်ဂျင်နီယာတဲ့"

"မသိဘူးကွယ့်၊ ဦးလဲ စက်မှုအင်ဂျင်နီယာပဲ၊ ဒါပေမယ့် သမီးတို့ မပဟီကိုပြောင်းလာတာ သုံးလေးလပဲရှိသေးတော့၊ ဘူမိက လူတွေကို အစုံအစေ့မသိသေးဘူး၊ ရေနံရှာဖွေရေးက လူလဲများတော့"

"ဦးသာမသိတာ ရေနံရှာဖွေရေးက ဦးအောင်ကျော်ဇံဆိုတာ အန်တီမိုးနဲ့လက်ထပ်မယ့် အရာရှိတဲ့ဦး။ ဖိတ်စာတောင်ရိုက်နေပြီတဲ့၊ ဒီတစ်ဆယ့်ငါးရက်နေ့မှာ လက်ထပ်ကြမယ်တဲ့၊ ဒါကြောင့် အန်တီမိုး ခွင့်ဆယ်ရက်ယူထားတာ"

"အေး"

ရုတ်တရက်မူ ရင်ထဲဆို့သွားမိ၏။ သူမည်မျှကြာကြာ မှင်သက်မိ ငိုင်တွေသွားသည်မသိ။ စောစောက ရေလယ်တွင်မြင်ခဲ့ရသော ခိုင်သဇင်မော်တော် ဆိပ်ကမ်းလာကပ်သဖြင့် နဒီက ကျောင်းသူ ကျောင်းသားများ ပြေးဆင်းသွားကြမှ သူကိုယ်သူ ပြန်သတိရသည်။

သို့သော် ‥ ခိုင်သဇင်ကူတို့မော်တော်နှင့် နဒီမြစ်ဝဘက်ငေးကာ ဖော်မင်းထက်၏ ရင်ထဲမှာ ဆွေးလျက်၊ လွမ်းလျက်။

ဖိုးကျော့

*(၁၉၉၄၊ ဇွန်လ၊ စစ်ပြန်မဂ္ဂဇင်း)*

*******************

www.burmeseclassic.com

www.burmeseclassic.com

# ( ၄ )

# တံလျှပ်ပန်းအလွမ်းပြေ

"ရန်လုံ ရပ် ရပ်၊ မတ်တတ်ရပ်ပါဆို့၊ အေး၊ ဟုတ်ပြီ။ ရပ်နေ၊ မလှုပ်နဲ့။ နဖူးလက်တင်၊ တင်ဆိုနေ"

လက်ထဲကကြိမ်လုံးလေးနှင့် ရန်လုံ၏ ခြေလက်တို့ကို တို့ထိကာ သင်ပြနေမိ၏။ ဤရန်လုံမည်သော ဝံကလေး ကျွန်တော့်ဆီရောက်နေသည်မှာ သုံးလေးလလောက်ရှိပြီ။ ချောင်းခေါင်းကြီး အိုက်ထွန်းပဆီက တောင်းလာခဲ့ခြင်းဖြစ်သည်။

"ဟေး ရန်လုံ"

ခေါ်လိုက်သည်နှင့် ရန်လုံက မတ်တတ်ရပ်၏။

"လာ၊ ငှက်ပျောသီးယူလှည့်၊ ဟာ လေးဘက်ကုန်းကြီး လာနေပြန်ပြီ။ မတ်တတ်လာစမ်း"

ငှက်ပျောသီးမြင်၍ အားရဝမ်းသာ ပြေးလာသောရန်လုံအား တုတ်နှင့်တွန်းထိုး၍ မတ်တတ်ပြန်လာခိုင်းရ၏။

"အေး . . ဟုတ်ပြီ၊ ဘသား တောင့်ထားကွ၊ တောင့်ထား"



ဝံကလေး ရန်လုံနှင့် ဆော့နေရင်း နောက်က ခြေသံကြား သဖြင့် လှည့်ကြည့်လိုက်ရာ ဆင်ဝိုင်းမှ အိုက်ဇလကို တွေ့ရသည်။ အိုက်ဇလက ဝံကလေးကိုကြည့်၍ ပြုံးနေ၏။

"ဦးဇလ၊ ဘာကိစ္စလဲဗျ"

"ဝန်မင်းလာမယ်တဲ့၊ ဝန်ထောက်မင်း"

အိုက်ဇလ စကားကြောင့် ပြုံးမိသွားသည်။

ဝံဆိုသည့်စကား၊ လူဝန်၊ တိရစ္ဆာန်ဝံ အသံတူ စာလုံးကွဲ။ ယခု ကျွန်တော့်ဝံကလေး လျှောက်လာနေသည်နှင့် ဝန်မင်းလာမည် ဆိုသော စကားမှာ ရောထွေးသွားသည်။

သူတို့ဒေသမှလူများသည် သစ်ထုတ်လုပ်ရေးမှ ခရိုင်မန်နေဂျာကို အင်္ဂလိပ်ကိုလိုနီခေတ် အသုံးအနှုန်းအတိုင်း ဝန်မင်းဟုခေါ်ကြပြီး ကျွန်တော့်ကိုလည်း ဝန်ထောက်မင်းဟု ခေါ်ကြ၏။ ဘယ်လိုပြောပြော နှုတ်ကျိုးနေသဖြင့် ပြောမရ။ နောက်တော့ ပြောသူကသာ လက်လျှော့လိုက်ရ၏။

"ဘယ်တော့လာမတဲ့လဲ ဦးဇလ"

"နောက်တရက်ပါ ဝန်ထောက်မင်း"

"ဘယ်လူပြောလဲ"

"ယန္တရားက လူတွေ"

တောကို သစ်တိုက်ရန်လာသော ယန္တရားကလူများနှင့် တဆင့်မှာလိုက်ခြင်းဖြစ်ပေမည်။ နွေလတွင် ပုဂ္ဂလိက သစ်တိုက်ကားများနှင့် ယန္တရားက ကားများသည် ဥဒဟို ရှိနေကြလေသည်။

"အေး၊ အေး၊ ကောင်းပြီ ဦးဇလ။ ကျေးဇူးပါပဲ"

ဦးဇလပြန်သွားသောအခါ ဝံကလေးကို လမ်းလျှောက် 'ဆလုပေး' ဆက်သင်နေမိသည်။

******************

www.burmeseclassic.com

www.burmeseclassic.com

ခရိုင်မန်နေဂျာကြီး ဦးဘသောင်းတင်၏ကားသည် သပြေစခန်းကို ဆယ့်နှစ်နာရီခွဲမှ ရောက်လာ၏။ ကားပေါ်ထက်တွင် မပါစဖူး ပါလာသော အမျိုးသမီးငယ်ငယ်တစ်ယောက်ကို မြင်ရသဖြင့် အကြိုသွားသော ခြေလှမ်းပင် တုံ့ချင်သွားသည်။

"ဦးအေးမောင်သွင် အကောင်က အတော်တောင် ကြီးနေပြီပဲ"

ဝံကလေးကိုမြင်သည်နှင့် ဦးဘသောင်းတင်က ဝမ်းသာအားရ ပြော၏။

"ဟုတ်ကဲ့ဆရာ။ ဖော့ကောင် ရန်လုံ၊ ဝန်မင်းကို အလေးပြု လိုက်စမ်း"

"အလယ် လယ် လယ် တယ်ဟုတ်တဲ့အကောင်ပဲဗျ"

နဖူးပေါ်လက်တင်၍ ဝံကလေးအလေးပြုသည်ကို ဦးဘသောင်းတင်မှာ သဲဘောတွေ့သွားလေသည်။ ကျွန်တော်လည်း ဝံကလေးအတွက် ဂုဏ်ယူမိသည်။ ထိုစဉ် ဦးဘသောင်းတင်၏ ဝီလီဂျစ်ပေါ်မှ မိန်းမလှကလေးသည် ချက်ချင်း ဆင်းလာ၏။

"သူ ဘယ်သူပါလိမ့်၊ ဘယ်ကပါလိမ့်"

ဦးဘသောင်းတင်ကိုလည်း ချက်ချင်းမမေးရဲသေးပဲ ခေါင်းထဲ အတွေးတွေရှုပ်သွား၏။

ဦးဘသောင်းတင်၏ အိပ်ရာလိပ်နှင့် အဝတ်အစားသေတ္တာကို ရုံးလုလင်နှင့် တောလိုက်စာရေးများ ကားပေါ်မှ ဆွဲချကြသောအခါ သူမသည်လည်း သူ့အိပ်ရာလိပ်နှင့် သားရေအိတ်ကြီးကို ကားပေါ်မှ ဆွဲချသည်။

"မမလေး နေနေ၊ ကျွန်တော်တို့ သယ်လာမယ်"

"ရပါတယ်ရှင်၊ ရပါတယ်။ ကိစ္စမရှိပါဘူး"

သူ့ပစ္စည်းတွေကို မနိုင်မနင်းထမ်းပိုးပြီး ဦးဘသောင်းတင် နောက်က ဘန်ဂလိုပေါ် တက်လိုက်လာသော မိန်းကလေးကြောင့် ကျွန်တော်မှာ ခြေလှမ်းပျက်ချင်နေသည်။



"လဖိုင်လ၊ ရန်လုံကိုကြည့်ထား။ ကျွန်တော့် ဧည့်သည်တွေ ရှိတယ်။ ဗီရိုတွေပေါ် လျှောက်မဆော့စေနဲ့"

"ဟုတ်ကဲ့ ဆရာ"

"ဦးအေးမောင်သွင်နဲ့ မိတ်ဆက်ပေးရဦးမယ်"

"ဟုတ်ကဲ့ခင်ဗျာ"

ရုံးခန်းဆိုလည်းဟုတ်၊ နေအိမ်ဆိုလည်းဟုတ်သော ဗိုလ်တဲပေါ် ထိုင်မိကြသောအခါ ဦးဘသောင်းတင်က သူမနှင့် စတင်မိတ်ဆက်ပေး၏။

"ဒါ ကျွန်တော့်တူမရင်း မခင်လေးခေါ်တယ်။ တိရစ္ဆာန်ကု ဆရာဝန်လေ။ ဟောမဝါမှာ အလုပ်ရဖို့ ပြောင်းလာတာ။ အဲဒါ အလုပ်မဝင်ခင် ဒီအရပ်ဒေသကို လေ့လာရအောင်ဆိုပြီး လိုက်လာတာ"

"ဟုတ်ကဲ့ ခင်ဗျား၊ သိရတာဝမ်းသာပါတယ်"

"ဟုတ်ကဲ့ ဦးအေးမောင်သွင်အကြောင်းကတော့ အန်ကယ်က လမ်းမှာပြောပါတယ်။ ဒီသပြေမှာ အလုပ်ဝင်တာ မကြာသေးဘူးဆို"

"ဟုတ်ကဲ့ ခင်ဗျား"

စကားသွက်သော မခင်လေးကို ကျွန်တော်မသိမသာအကဲခတ်မိသည်။ အသက်မှာ နှစ်ဆယ်ကျော်လောက်သာ ရှိဦးမည်။ အသားဖြူ၍ မျက်ခုံး၊ မျက်လုံး၊ နှာတံလှ၏။ အထူးသဖြင့် ကြည်စင်သော မျက်လုံးမှာ ရိုးသား၍ ပွင့်လင်းပုံရသည်။ နှုတ်ခမ်းရဲရဲ ပါးပါးလေးသည် နှုတ်သွက်ကြောင်းကို ဖော်ပြနေလေသည်။

မခင်လေးဟူသော မိန်းမချောကလေး တစ်ယောက် အပိုပါလာ၍ ခါတိုင်းထက်အလုပ်များရသည်။ ဗိုလ်တဲတွင် အိပ်ခန်းသုံးခန်းရှိရာ ကျွန်တော့်အခန်းမှာ အလုံခြုံဆုံးဖြစ်သဖြင့် ထိုအခန်းတွင် မခင်လေးကို နေရာချပေးရ၏။ ဦးဘသောင်းတင်ကမူ လာနေကြဖြစ်သဖြင့် သူ့အိပ်နေကြ ခေါင်းရင်းခန်းတွင် အိပ်သည်။ ကျွန်တော်အခန်းကို

www.burmeseclassic.com

www.burmeseclassic.com



မခင်လေးအား ပေးလိုက်ရရာ ကျွန်တော်မှာ အစွန်ဆုံးရှိ ရုံးအဖွဲ့သားများ အခန်းသို့ ပြောင်းအိပ်ရ၏။ ရုံးအဖွဲ့သားများကမူ ခရိုင်မန်နေဂျာကြီး မပြုန်မချင်း အပြင်ရုံးခန်းထဲတွင် တန်းစီ၍ အိပ်ကြရပေမည်။

''တစ်နာရီတောင်ကျော်ပြီ၊ ဆရာလည်း ဆာလှရောပေါ့။ ရေချိုးကြဦးခင်ဗျား''

ဦးဘသောင်းတင်က မတ်တပ်ထသည်။

''တင်မောင်လုပ်ကွာ၊ ငါတို့ ရေသွားချိုးရအောင်'' ဟု သူတောလိုက်စာရေးကို ပြော၏။

သူသည်လာနေကျ။ ချောင်းထဲရေဆင်းချိုးနေကျဖြစ်၏။ သို့သော် ယခု မခင်လေးပါလာသဖြင့် ကျွန်တော်က စကားပြန်ပြင်ပြောရသည်။

''အပေါ်မှာ ချိုးလည်း ရပါတယ်။ ကျွန်တော် စီစဉ်ပြီးသားပါ ခင်ဗျား''

မခင်လေးအတွက်ပါ အဆင်ပြေလေအောင် သူတို့ရောက်စကပင် ဘန်ဂလိုပေါ်ရှိ ရေအိမ်ကို ရေဖြည့်နိုင်းထားသဖြင့် ရိပ်ဖမ်းသံဖမ်း မခင်လေးကိုပါ ကြည့်ပြောမိ၏။

''အန်ကယ် လေးလေးလည်း ချောင်းထဲဘဲ ဆင်းချိုးမယ်။ ရေကူးရတာပေါ့''

ကျွန်တော့်စကားကို ရိပ်မိ၍ မခင်လေးက ရေချိုးရန် ဗိုလ်တဲပေါ်က ဆင်းသွားသော သူ့ဦးလေးကို လှမ်းပြော၏။

''ချောင်းရေက နွေမှာ ကူးလောက်အောင်ရှိတာမဟုတ်ဘူးဟ၊ ပြီးတော့ ရေတစီးထဲမှာ အမျိုးသားတွေက အပေါ်ကချိုး၊ အမျိုးသမီးတွေက အောက်ကချိုးနဲ့ နင်တို့ မြို့သူတွေနဲ့ မဖြစ်ပါဘူး။ ဘန်ဂလိုပေါ်မှာပဲ ချိုးလိုက်ပါဟာ''

''ဗဟုသုတပေါ့၊ အန်ကယ်ရာ''

''နင်ကလဲ ဒီမှာချိုးပါဆို၊ လိုက်မလာနဲ့နော်''



သူ့ဦးလေးစကားကို နှုတ်ခမ်းတချက်စူပစ်လိုက်သော မခင်လေးကို ကြည့်ပြီး ကျွန်တော် ပြုံးမိသွား၏။

ထို့နောက် ထဘီရင်လျားနှင့် ပဝါခြုံကာ ရေချိုးခန်းထဲသို့ ဝင်သွားသော မခင်လေးကို မသိမသာ တချက်လှမ်းကြည့်၍ ရင်ထဲ နွေးသွားမိသည်။

ဦးဘသောင်းတင်နှင့် မခင်လေးတို့ ရေချိုးနေကြစဉ် နံနက်စာ အတွက် ရုံးအဖွဲ့သားတွေနှင့် ပြင်ဆင်ကြရသည်။

''မခင်လေး ရှောင်တဲ့ အသားတွေဘာတွေကော ရှိသေးလား''

နွားနောက်သားဟင်းခွက်ကို သူဘက်ရွှေ့ယင်းက မေးမိ၏။

''ခြေလေးချောင်းသားတွေထဲကလား''

''ဟုတ်ကဲ့''

''ခုတင်တို့၊ ကုလားထိုင်တို့တော့ ဖေဒင်က ဟောထားလို့ ကျွန်မရှောင်တယ်။ ဟဲ ဟဲ''

သူမ၏ ရယ်မောသံ လွင်လွင်ကို လိုက်၍ ဦးဘသောင်းတင်ရော ကျွန်တော်ပါလိုက်ရယ်မိကြသည်။

မခင်လေးသည် အရွှမ်းအသောပြောတတ်ပြီး ခင်မင်စရာကောင်းသော မိန်းကလေးပါလားဟု မှတ်ချက်ချမိ၏။

''ဦးအေးမောင်သွင်၊ ကျွန်တော်ပန်းပဲသွားလိုက်ဦးမယ်ဗျာ။ မနက်က ကျားတောင်အတက်မှာ အင်ကြင်းပင်နဲ့ တိုက်မိလို့ ကားပိန့်သွားတယ်။ သွားထုလိုက်ဦးမယ်''

နေ့လယ်စာ ထမင်းစားပြီး အိပ်ရာထဲ ဝင်နှပ်နေရာက ဘာစိတ်ကူးပေါက်သည်မသိ။ ဦးဘသောင်းတင်သည် အခန်းထဲက ထွက်လာပြီး ပြော၏။

ပန်းပဲရှိသော ယင်းကောက်မှာ သပြေစခန်းက ဘားနှင့် တစ်နာရီခရီးရှိသည်။ အင်ကြင်းနှင့် သပြေစခန်း နှစ်ခုကြားတွင် ရှိ၏။ ၎င်းပန်းဘဲဖိုမှာ သစ်ထုတ်လုပ်ရေးပိုင်ဖြစ်၏။ ဖိုင်နှစ်ယောက်နှင့်

www.burmeseclassic.com

www.burmeseclassic.com

လုပ်သားနှစ်ဆယ်ကျော်ရှိသည်။ သစ်ဆွဲသံကြိုး၊ ချိတ်၊ ဆင်ထူးကြိုး၊ ဗရဘာ၊ ချွန်း၊ လွှ၊ စူး၊ ဆောက်၊ တူ၊ ပုံခွပ်၊ ရဲဒင်း၊ ဓား၊ လှံ စသည့် ထွေရာကမာ အစုံလုပ်ရသော ပန်းဘဲဖိုဖြစ်သည်။ စခန်းနှစ်ခု အလယ်တွင် ထားရှိခြင်းမှာ လုပ်ငန်းအရ လွယ်ကူအောင်ဖြစ်လေသည်။ ဤပန်းဘဲဖိုကိုလည်း မန်နေဂျာကြီး ဦးဘသောင်းတင်ကပင် အုပ်ချုပ်ရလေသည်။

"မိုးများရွာနေဦးမလားဆရာ"

"အေးဗျာ၊ ဒီနှစ် သကြံန်လက်ဆေးမိုးတော့ မရွာသေးဘူး။ ရွာများ ရွာနေမလား"

ဦးဘသောင်းတင်က ရိုးဖျားဘက်ရှိ ကောင်းကင်ကို လှမ်းကြည့်၍ ပြော၏။ ရိုးဖျားအထက် မိုးကောင်းကင်တွင် မိုးတွေ အုံ့ဖွဲ့နေ၏။

"ဆရာ ပန်းဘဲသွားရင် ကျွန်တော်လဲ အမှာတစ်ခုပါးလိုက်ပါရစေ ဆရာ"

"ဘာလဲဗျာ"

"ရန်လုံအတွက် ချူလေးတစ်လုံး ဦးအောင်ပွင့်ကို လုပ်ခိုင်းထားတာ။ ပြီးရင် ယူလာခဲ့ပါဆရာ"

ဦးဘသောင်းတင်က အသိအမှတ်ပြုသည့် အနေဖြင့် ခေါင်းညိတ်၏။

"ဦးအေးမောင်သွင် ဒီလထဲ ပန်းပဲကိုရောက်သေးလား"

"ဟိုတလောက ရောက်ပါတယ် ဆရာ"

"သစ်ဆွဲသံကြိုးတွေ အခြေအနေ ဘယ့်နှယ်လဲ"

သူ့စကားက အလုပ်ကိစ္စဘက်ရောက်သွားသဖြင့် ဒေတီထား ဖြေရသည်။

"ဒီနှစ်တော့ လုံလုံလောက်လောက်ရှိလိမ့်မယ် ထင်ပါတယ် ဆရာ"



"ခင်ဗျား အလုပ်ကိစ္စတော့ ကျွန်တော် ယင်းကောက်က ပြန်လာမှ စကြတာပေါ့"

"ဟုတ်ကဲ့ခင်ဗျား"

ဦးဘသောင်းတင်သည် ညှိခန်းမှ မခင်လေးအခန်းဘက် တချက်လှမ်းကြည့်၏။

"ကောင်မလေးကတော့ ခရီးပန်းတာနဲ့ အိပ်ပျော်နေပြီနဲ့ တူတယ်။ သိပ်ရှုပ်တဲ့ ကောင်မကလေးဗျာ၊ နောက်မှ လိုက်လည်ပါ ရာသီရင့်နေပြီ ပြောတာမရဘူး၊ ဆင်ဝိုင်းတွေ လေ့လာချင်တယ်ဆိုပြီး အတင်းလိုက်လာတာ၊ ကျွန်တော်တို့အမျိုးထဲမှာ မိန်းကလေးက တစ်ယောက်တည်းဆိုတော့ ဝိုင်းပြီး အလိုလိုက်ထားကြလို့ သိပ်ဆိုးတာ။ သူနိုးလာရင် ကျွန်တော် ပန်းပဲ ကားသွားပြင်တယ် ပြောလိုက်ပါ"

"ဟုတ်ကဲ့ ခင်ဗျား"

ဦးဘသောင်းတင်သည် သူ့ဒရိုင်ဘာခေါ်ပြီး ပန်းပဲ ထွက်သွားလေသည်။

ဦးဘသောင်းတင် ယင်းကောက်ထွက်သွားပြီး နာရီပိုင်းအတွင်းမှာပင် မိုးစ၍ ရွာလေသည်။

သည်နေ့မိုးရွာလျှင် သူသည် နောက်တနေ့ ယင်းကောက်သွားနိုင်ဦးမည်မဟုတ်။ သပြေဓါပတ်ဝန်းကျင်တွင် သစ်ထုတ်လုပ်ရေး မြေပုံအညွှန်းအရ ချောင်းလက်တက်ပေါင်း ငါးဆယ်ကျော်ရှိသည်။ အားလုံးရိုးဖျားကို အခြေခံပြီး သပြေချောင်းထဲ စီးဝင်ကြသည်။ မိုးရွာပြီး တနာရီ နှစ်နာရီကြာလျှင် သပြေချောင်းကို ဖြတ်ကူး၍မရတော့။ ဤသည်ကို အတပ်သိသော ဦးဘသောင်းတင်သည် မိုးမရွာခင်ပင် ယင်းကောက်ကို အရောက်ထွက်သွားလေပြီ။

မခင်လေး အိပ်ရာကနိုးလာ၏။ မိုးသည် သဲသဲမဲမဲ ရွာနေသည်။

ဆံနွယ်များဖြန့်ဝေကာ အခန်းထဲက ကပိုကယိုထွက်လာသော

www.burmeseclassic.com

www.burmeseclassic.com



မခင်လေးကို ကျွန်တော် တချက်လှမ်းကြည့်လိုက်၏။ လဲ့လဲ့ကြည်နေသော မခင်လေး မျက်လုံးနှင့် သွားဆုံမိသောအခါ ရင်ထဲမှာနွေးသွားမိသည်။

"မခင်လေး၊ ကော်ဖီသောက်ပါအုံး"

"ဟုတ်ကဲ့ ရှင့်"

မခင်လေးသည် ရေအိမ်ဘက်သွားပြီး ကိုယ်လက်သန့်စင်ကာ သူ့အခန်းထဲ ပြန်ဝင်သွား၏။ မခင်လေးဝင်သွား၍ လေဟပ်ကာ တလှပ်လှပ် လှုပ်ကျန်ရစ်သော လိုက်ကာလေးကို ကျွန်တော် စက္ကန့်ပေါင်းအတော်ကြာကြာ ငေးနေမိ၏။ မိနစ်ပိုင်းအတွင်းမှာပင် လိုက်ကာလေး ပြန်လှုပ်လာပြီး မခင်လေး အခန်းထဲက ထွက်လာသည်။

ဤတခါတော့ မခင်လေးသည် ဆံပင်ဖားလျားနှင့်မဟုတ်တော့။ သူမ၏ ရှည်လျားသော ဆံနွယ်များကို တပတ်လျှို ထုံးဖွဲ့လာသည်။ မိုးပြာရောင်ဆွယ်တာတစ်ထည်ကို ထပ်ဝတ်လာ၏။ သူ့မျက်နှာတွင် အခြယ်အသ အတုအပဆို၍ ဘာမှမပါသော်လည်း နှုတ်ခမ်းရဲရဲ မျက်လုံးနက်နက် မျက်ခုံးထူထူနှင့် ကြည့်ကောင်းနေ၏။

"လာ မခင်လေး ကော်ဖီသောက်ပါအုံး"

"ဟုတ်ကဲ့"

မခင်လေးအတွက် ဓာတ်ဗူးထဲက ကော်ဖီကို ပန်းကန်ထဲ ငှဲ့ထည့်ပေးရ၏။ ကော်ဖီပန်းကန်ကို မခင်လေးဘက် ရွှေ့ပေးရင်း မခင်လေးကို နောက်ထပ်ဘာစကားဆက်ပြောရမှန်းမသိ ဖြစ်နေမိသည်။

မခင်လေးနှင့် နှစ်ယောက်သား မျက်နှာချင်းဆိုင်ထိုင်နေရသည်ကို စိတ်ထဲက ကျဉ်းကျပ်သလို၊ ကြည်နူးသလိုနှင့် ရင်ထဲက ဝေဒနာ တခု လှုပ်ခတ်နေမိသည်။ သို့သော် မခင်လေးကို ယခုထိ ဘာစကား ဆက်ပြောရမှန်း တွေးမရသေး။

တက္ကသိုလ်ကျောင်းတော်သားများသည် တက္ကသိုလ်ရောက်လျှင်



ပညာရှာ ကြင်ရာပါ စုံတစ်ကြသော်လည်း ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ် သစ်တောသိပ္ပံမှာကား ကျောင်းသူဆို၍လည်း မှုန်၍ပင် ရှုစရာမရှိဖြစ်လေရာ ကျွန်တော့်မှာ ယခုအထိ ရည်းစားသနံလည်း တခါဖူးမျှ မထားဖူးပေ။ ထို့ကြောင့် မခင်လေးကို ဘာစကား ဆက်ပြောရမှန်းမသိဖြစ်ကာ ဦးဘသောင်းတင် ယူလာသော သတင်းစာစောင်ရေ သုံးဆယ်ကျော်ကိုသာ တစောင်ပြီးတစောင် ငုံ့ဖတ်နေမိသည်။

ကျွန်တော် နှုတ်ဆိတ်နေစဉ် မခင်လေးဆီက စကားထွက်လာ၏။

"အန်ကယ်ကော ဦးအေးမောင်သွင် ..."

"ဆရာ ယင်းကောက်ကို ကားပြင်ဖို့ ထွက်သွားပါတယ် မခင်လေး"

"ယင်းကောက်"

မခင်လေးက ကျွန်တော့်မျက်နှာကို တချက်လှမ်းကြည့်၍ ရေရွတ်၏။

"ဟုတ်ပါတယ် မခင်လေး။ ယင်းကောက်ရွာမှာ ကျွန်တော်တို့ ဌာနပိုင် ပန်းပဲရှိတယ်။ အဲဒါ ကားပြင်ရအောင် ထွက်သွားတာ ပြောလိုက်ပါလို့ မှာသွားပါတယ် မခင်လေး"

"ဒီက တော်တော်ဝေးလားဟင်"

"ကားနဲ့ တနာရီလောက် ခရီးရှိပါတယ်"

"ကျွန်မက မိုးရွာလိမ့်မယ် မထင်ဘူး၊ ဒီလိုမိုးသည်းနေရင် ဆင်ပိုင်းတွေ လျှောက်ကြည့်လို့ ရပါ့မလားဟင် ..."

"နွေမိုးဆိုတော့ မနက်ဖြန်လောက်ဆို စဲသွားပါလိမ့်မယ်"

ကော်ဖီသောက်ပြီးသွားသော မခင်လေးသည် ပြတင်းပေါက်မှာ သွားရပ်ပြီး မိုးသည်းနေသော အပြင်ကို လှမ်းငေးနေ၏။

"ဒီရွာက အိမ်ခြေ ဘယ်လောက်ရှိလဲဟင်"

"အိမ်ခြေ သုံးဆယ်ကျော်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာအလုပ်တွေများ လုပ်ကြပါလဲရှင် ..."

"ဆင်လုပ်သားတွေနဲ့ သစ်ထုတ်လုပ်သားတွေ များပါတယ်"

"ဦးအေးမောင်သွင် ဒီရောက်တာ ကြာပလား"

မခင်လေးက ကျွန်တော့်ဘက်လှည့်ကြည့်၍ လေ့လာရေးလာသူ ပီပီ စစ်စစ်ပေါက်ပေါက်မေး၏။

"လာမယ့်မေလဆို တနှစ်ပြည့်မယ်ခင်ဗျာ"

"ကျောင်းဆင်းတာလဲ မကြာသေးဘူးပေါ့နော် ..."

"ဟုတ်ကဲ့။ ကျောင်းဆင်းဆင်းချင်း ဒီမှာ အလုပ်ရပါတယ်"

မခင်လေးသည် တံခါးဘောင်တွင် လက်ထောက်လိုက်၏။ လွင်ပြင်ကို နောက်ခံထားကာ တံခါးဘောင်အလယ် ပြတင်းပေါက် တည့်တည့်တွင် ရပ်နေသော မခင်လေးကို ကြည့်ရသည်မှာ ဘောင်ကွပ်ထားသော ပန်းချီကားထဲက မိန်းမချောကလေး တစ်ယောက်လား ထင်ရသည်။

"ဟေမဝါရောက်ရင် လေးလေးတို့အိမ်လဲ လာလည်ပါနော်"

"ဟုတ်ကဲ့"

နှစ်ယောက်သား စကားခဏပြတ်သွားကြသည်။

"မခင်လေးတို့ အဖေအမေတွေရော ဟေမဝါမှာပဲလား"

"ဟုတ်ကဲ့ရှင့်၊ ကံပြင်ရပ်မှာပါ"

"ဆရာရုံးနဲ့ နီးသားပဲ"

"ဟုတ်ကဲ့၊ ဦးအေးမောင်သွင်က"

"ကျွန်တော့်ဇာတိ မုံရွာကပါ"

"ဩော် ... အ"

ထိုအချိန်၌ပင် ရွာကအရပ်လူကြီးတယောက် တက်လာသဖြင့် မခင်လေး စကားရပ်သွား၏။

"လာလေ ဦးအောင်လုံ၊ ထိုင်ပါ"

"ဝန်မင်းလာတယ်ကြားလို့ပါ"



"ဟုတ်ကဲ့၊ ခုတော့ ယင်းကောက်ထွက်သွားပါတယ်"

"ဩော်၊ ဒီမိုးနဲ့ဆို မနက်ဖြန်တောင် ပြန်ရောက်ပါ့မလား"

ဤဒေသ၏ ရာသီဥတုကို သိနေသူမို့ အနီးစပ်ဆုံး စကားကို ဆို၏။

"ကိစ္စအထူးရှိလို့လား ဦးအောင်လုံ"

"မရှိပါဘူး ဝန်ထောက်မင်း။ ဟိုတလက ဝန်မင်းလာတုန်းကလဲ မတွေ့လိုက်ရလို့ပါ၊ ပြန်ပါဦးမယ်"

"ဟုတ်ကဲ့ခင်ဗျား၊ မနက်ဖြန်ခါ လာကြည့်ပါဦးနော်"

"ဟုတ်"

ဦးဘသောင်းတင်ကို တွေ့ချင်၍လာသော အရပ်လူကြီး ဦးအောင်လုံမှာ ထိုင်ပင်မထိုင်ခဲ့တော့ပဲ ပြန်ဆင်းသွား၏။

"ဆင်ဦးစီးလားဟင်"

"မဟုတ်ပါဘူး၊ ဒီရွာကလူကြီးပါ"

ကျွန်တော့်စကားကို မခင်လေးက အံ့သြသွားပုံရ၏။

သူ့စိတ်ထဲမှာ ရှမ်းဘောင်းဘီအဖားအထေးနှင့် မိုးရွာကြီးထဲ ခမောက်ဆောင်းကာ အကျီဗလာနှင့် ရောက်လာသော ရွာလူကြီးကို အံ့သြသွားပုံရလေသည်။

"အန်ကယ်၊ ဒီနေ့ပြန်မရောက်နိုင်ဘူးလို့ သူပြောတာလားဟင်"

"ဟုတ်ပါတယ် မခင်လေး၊ ဒီလို မိုးရွာနေရင် ဆရာ ဒီနေ့ ပြန်လာနိုင်မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ ဟင်"

သူက အားငယ်သွားသောလေသံနှင့် ထပ်မေး၏။

"ယင်းကောက်က သပြေချောင်းတဘက်ကမ်းမှာပဲရှိတယ်၊ မိုးရွာရင် ချောင်းရေက တော်တော်နဲ့မစဲဘူး"

"အန်ကယ့်အကြိုက် ဖြစ်သွားတာပေါ့"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com

မခင်လေးစကားကို ရုတ်တရက် အံ့သြသွားမိသည်။ မခင်လေးကလည်း သူလွှတ်ကနဲပြောလိုက်မိပြီးမှ သတိရ၍ အားတုံ့အားနာဖြစ်သွားပုံရသည်။

''ဦးအေးမောင်သွင် ဆရာပဲ၊ အန်ကယ့်အကြောင်း ဦးအေးမောင်သွင်က လေးလေးထက် ပိုသိမှာပေါ့''

မခင်လေးနှင့် စကားပြောနေရသည်မှာ တခါတခါ တစုံတခုလိုနေသလို ခံစားမိသည်။ မခင်လေးကလည်း တခါတခါ 'ကျွန်မ' ဟု ပြောသလို တခါတခါ 'လေးလေး' ဟုပြောတတ်၏။ အမှန်က ကျွန်တော်နှင့် မခင်လေးတို့မှာ နှစ်ဆယ်ကျော် အရွယ်နလေးသာရှိကြသေးသော်လည်း လုပ်ငန်းအရမူ လူကြီးများလုပ်နေကြရသဖြင့် လူကြီးတပိုင်း ကလေးတပိုင်းဖြစ်ကာ စကားပြောရာမှာလည်း ဝါကျမမှန် ကာရန်မလှ ဖြစ်သွားကြသည့်အခါလည်း ရှိ၏။

မခင်လေးက ကျွန်တော်နှုတ်ဆိတ်နေသည်ကို ပြုံးစိစိကြည့်နေ၏။

ကျွန်တော် ရိပ်မိလိုက်ပေပြီ။ ဦးဘသောင်းတင်တွင် ယင်းကောက်၌ အငယ်လေးတယောက် ရှိနေသလိုလို ယခင်ကကြားဖူးသောစကားကို ယခု မခင်လေးမေးခြင်းဖြစ်လေသည်။

''ဟင် ဦးအေးမောင်သွင် ကျွန်မပြောတာ ဟုတ်ပါတယ်နော်''

''ဘာကိုလဲ မခင်လေး''

''အန်တီကပြောဖူးတယ်။ လေးလေးတို့မှာ အန်တီလေးတယောက် ဒီမှာရှိသေးတယ်တဲ့၊ ဟုတ်တယ်မဟုတ်လား''

''ကျွန်တော် ဒီကိုရောက်တာ တနှစ်တောင်မပြည့်သေးပါဘူး မခင်လေး''

''သူ့ဆရာဘက်က ကာပြီး နှာစေးနေတယ်ဆိုပါတော့။ အမှန်အတိုင်းပြောလိုက်လို့လဲ အန်တီကို ပြန်မပြောပါဘူး။ စိတ်ချပါနော်၊ အန်တီကလဲ သိပြီးသားပါ''



''ဆရာက အေးပါတယ်''

''အန်တီကလဲ ပြောပါတယ်''

''ဘာပြောလဲ''

''မခုတ်တတ်တဲ့ကြောင်တဲ့''

နှစ်ယောက်သား အသံထွက် ရယ်မိသွားကြသည်။

မိုးကား သဲသဲမဲမဲ ရွာတုန်းပင်တည်း။

********************

ညသည် မိုးသံလေသံမှတပါး ဘာသံမှ မကြားရ။ မိုးအေးအေးနှင့် ကျွန်တော်သည် အိပ်ရာထဲကွေးကာ မခင်လေးအကြောင်း တွေးနေမိသည်။

မခင်လေးသည် ရုပ်လှသလို စကားပြောလည်း သွက်လက်သည်။ ပညာတတ်မိန်းကလေးပီပီ ပွင့်ပွင့်လင်းလင်းလည်း ဆက်ဆံတတ်သည်။ မခင်လေး၏ ပွင့်လင်းစွာ ဆက်ဆံတတ်မှုကြောင့် နေ့ဝက်သောအချိန်ကာလပိုင်းမျှပင် မခင်လေးနှင့် ကျွန်တော် ရင်းနှီးသွားကြသည်။

ဤအရပ်ဒေသ၏ အခြေအနေကို မသိသော မခင်လေးသည် သူ၏ဓာတ်ခဲသုံးရေဒီယိုလေးကိုထုတ်ပြီး မြန်မာ့အသံကို ဖမ်းသည်။ ကျွန်တော်နှင့်ရုံးအဖွဲ့သားများက တယောက်နှင့်တယောက် လက်တို့ပြီး မခင်လေးကို မြန်မာ့အသံဖမ်းမရကြောင်းမပြောပဲ နောက်ထားကြသည်။ မခင်လေးခမျာ ကြိုးစားပမ်းစားဖမ်း၏။ မခင်လေးအဖြစ်ကို ကြည့်၍ ကျွန်တော်တို့ ရယ်လိုက်ကြမှ မခင်လေး သိသွားသည်။

''ရှင်တို့တော်တော်ဆိုးတယ်၊ ဒီကလဲ သူများကို မပြောဘူး''

ကျွန်တော့်ကို ကလေးငယ်တယောက် စိတ်ကောက်သည့်ပမာ သတင်းစာလိပ်နှင့် အရှက်ပြေ မထိတထိ လှမ်းရိုက်၏။ ဤလို တောတောင်ကန္တာရထဲမှာ မခင်လေးလို ချစ်စရာကောင်းသော ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



တယောက် အနားတွင်ရှိလျှင် မည်မျှကောင်းလိုက်ပါမည်နည်း။ ယခုမူ ကျွန်တော်၏ဘဝမှာ ခြောက်သွေ့အထီးကျန်လွန်းလှသည်။ မခင်လေးတို့လို ယဉ်ရွယ်ပျူငှာ ချစ်ချင်စရာကောင်းသော မိန်းကလေးတဦးဦးနှင့် စကားတခွန်းတလေပင် မပြောရသည်မှာလည်း တနှစ်ပင် ပြည့်တော့မည်။ ကျွန်တော့်ပတ်ဝန်းကျင်၌ကား ဆင်လုပ်သား၊ သစ်လုပ်သား၊ တောခေါင်း၊ ချောင်းခေါင်း စသည့် တောတောင်ကန္တာရထဲက လူများချည်းသာ။

''အမယ်လေး ‥ လေး၊ လုပ် ‥ လုပ် ကြပါဦး''

မခင်လေး၏ အထိတ်တလန့် အော်လိုက်သံကြောင့် ကျွန်တော်သည် ချက်ချင်းခုန်ထကာ မခင်လေးအခန်းရှေ့ ရောက်သွားမိ၏။ အချိန်မှာ ညဆယ့်နှစ်နာရီရှိလေပြီ။ ဘုရားဆောင်ရှေ့ ညှော်ခန်းတွင် စီတန်းအိပ်နေကြသော ရုံးအဖွဲ့သားများမှာလည်း မခင်လေးအော်သံကြောင့် ရုတ်ခြည်းထထိုင်ကြ၏။

မခင်လေးသည် ထဘီမနိုင် လုံချည်မနိုင်နှင့် အခန်းထဲက အော်ပြီး ထွက်ပြေးလာ၏။

''မခင်လေး ဘာလဲဟင်၊ ဘာလဲ ဘာလဲ''

မခင်လေးမှာ ရုတ်တရက် ဘာစကားမှ ဆက်မပြောနိုင်သေး၊ မျက်လုံးပြူး မျက်ဆံပြူးနှင့် တဆတ်ဆတ် တုန်ယင်ကာ အကြောက်လွန်နေ၏။

''မခင်လေး ဘာလဲဟင်၊ အိပ်မက်မက်ပြီး ယောင်တာလား''

''အိပ် ‥ အိပ်မက် မက်ပြီး ယောင်တာ မဟုတ်ဘူး၊ လေးလေးကို ဘာကောင်ကြီးလဲ မသိ လာတက်လို့''

''အိမ်မြှောင်တွေ ဘာတွေ ကျတာ''

''ဘယ်ကလာ ဟုတ်ရမှာလဲ၊ လူ့လောက်ရှိတာရှင့်။ ကျွန်မကို အတင်းလာလုံးလို့၊ တော်တော့်တန်တန် ကျွန်မ ဘယ်လန့်အော်ပါ့မလဲ၊ မည်းမည်းအကောင်ကြီးရှင့်''



မခင်လေး၏စကားကြောင့် ကျွန်တော်နှင့်ရုံးအဖွဲ့သားများမှာ ချက်ချင်း မခင်လေးအခန်းထဲ ပြေးဝင်ကြည့်ကြရ၏။ ဤဗိုလ်တဲပေါ်တွင် ကျွန်တော်နေလာခဲ့သည်မှာ တနှစ်နီးပါးရှိပြီး ဘာအနှောက်အယှက်မှ မကြုံဖူး။ သရဲတစ္ဆေခြောက်တတ်သည်ဟူသော ရုံးအဖွဲ့သားများ၏ ပြောဆိုသံကိုလည်း တခါမှ မကြားဖူးသဖြင့် အံ့ဩသွားမိသည်။

မခင်လေးအိပ်ခန်းထဲရှိ မီးမှိန်ထားသော လသာမီးအိမ်လေးကို ကျွန်တော် မီးစာမြှင့်လိုက်သည်။ မခင်လေးခုတင်ပေါ်တွင် စောင်၊ အိပ်ရာခင်း၊ ခေါင်းအုံးနှစ်လုံးတို့က ဖရိုဖရဲဖြစ်နေသည်။ မခင်လေး၏ လုံချည်တပတ်နွမ်းတထည်ကိုလည်း ခုတင်ခြေရင်းတွင် ကျလျက်တွေ့ရ၏။

''ဘာမှ မရှိပါလား မခင်လေးရယ်''

ကျွန်တော်နှင့် ရုံးအဖွဲ့သားများသည် မခင်လေးအခန်းထဲကို ကျီးကန်းတောင်းမှောက် ရှာကြည့်ကြသည်။ အိပ်ခန်းထဲမှာ ဘာမှမရှိ။

''မခင်လေးက အိပ်ရာပြောင်းဆိုတော့ အိပ်မက်မြင်ပြီး ထမင်းလုံးတစ္ဆေ''

''ဟာ ‥ ဆရာ။ ဒီမှာ ‥ ဒီမှာ တွေ့ပြီ''

''အမယ်လေး ‥ ဘာ ‥ အ''

မခင်လေးအိပ်သည့် ခုတင်အောက်ငုံ့ကြည့်မိသော တင်အောင်က တွေ့ပြီဆိုသဖြင့် မခင်လေးမှာ ရုတ်တရက် လန့်အော်ကာ ကျွန်တော့်လက်မောင်းကို တအားဆုပ်ကိုင်ထား၏။

''ဟာ ‥ ရန်လုံကိုး''

ကျွန်တော့်ပါးစပ်ထဲက ရုတ်တရက် ထွက်သွား၏။

''အမယ်လေး ကျွန်မက သရဲကိုယ်ပေါ်လာတယ်ထင်လို့ လန့်လိုက်တာရှင်''

ကျွန်တော်သည် ရန်လုံအား ဆွဲထုတ်လာသော တင်အောင်ဘက် တချက်လှမ်းကြည့်ပြီး ''မခင်လေး တံခါးမပိတ်မိဘူးလား''

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်၏။

"ဘယ့်နှယ် မပိတ်ပဲ အိပ်ပါမလဲရှင်။ ပိတ်တာပေါ့။ အပြင်က ပျဉ်ထောင်ထရံကို ကုတ်ခြစ်တက်သံလိုလို ကြားကတည်းက ကျွန်မ လန့်နေတာ။ ကြောက်ကြောက်နဲ့ ခေါင်းမြီးခြုံအိပ်နေတာ။ မကြာပါဘူး။ လူကိုယ်ပေါ်တက်ပြီး လုံးတော့တာပဲ"

"ဟုတ်မယ်။ ဒီကောင် ပျဉ်ထောင်ထရံလောက်တော့ အသာလေး တက်နိုင်တယ် ဆရာ"

"တနေ့က သစ်ပင်ပေါ်တက်လို့ ကျွန်တော် ဆွဲချလာရသေးတယ်"

ရှုံးအဖွဲ့သားများက ရန်လုံ၏အခြေအနေကို တင်ပြကြ၏။

"မခင်လေး အိပ်ခန်းက ခါတိုင်း ကျွန်တော်အိပ်တာ။ ဒီကောင်ကလဲ ကျွန်တော့်ခြေရင်းမှာအိပ်ပြီး တခါတခါ ဒီလိုပဲ ကျွန်တော့်ကိုယ်ပေါ်တက်ဆော့နေကျလေ။ မခင်လေးကိုလဲ ကျွန်တော်ထင်ပြီး တက်ဆော့တာဖြစ်မယ်။ ထံခါးရှိတဲ့အိပ်ခန်းကလဲ အဲဒီတစ်ခန်းပဲရှိလို့ မခင်လေးကို ကျွန်တော့်အခန်း ပေးထားမိတာ"

"ဘယ်သိမလဲ ရှင့်။ သစ်ထုတ်လုပ်ရေးက ဘန်ဂလိုတွေမှာ သရဲခြောက်တတ်တယ်လို့ အရင်က ပြောသံကြားဖူးတော့ လန့်သွားတာပေါ့။ ဒါတောင် ကျွန်မက သရဲတို့ ဟစ္စေတို့ သိပ်အယုံအကြည်မရှိလို့ ကိုယ်ပေါ်လာတက်မှ အော်ပြေးတာ။ သူများဆို အသံကြားကတည်းက ထွက်ပြေးမိမှာပဲ"

"အားနာစရာပဲဗျာ"

"ကိစ္စမရှိပါဘူး။ လေးလေးအတွက်တော့ အတွေ့အကြုံပေါ့"

ရှုံးအဖွဲ့သားအားလုံးမှာ ရယ်ချင်ပက်ကျိဖြစ်နေကြသော်လည်း ကျွန်တော်က တည်တည်နေသဖြင့် မရယ်ရဲကြ။

"လူဖိုင်လ သံကြိုးနဲ့ချည်ထားလိုက်ကွာ။ နောက်ထပ်ဝင်နေရင် မခင်လေး အိပ်ရမှာ မဟုတ်တော့ဘူး"



"ကျွန်တော် ဟိုဘက်ခန်းမှာ သံကြိုးနဲ့ ချည်ထားလိုက်မယ် ဆရာ"

"အေး . . အေး။ တော်တော်ဆိုးတဲ့ အကောင်ကွာ"

ကျွန်တော်သည် တဖျစ်တောက်တောက်ရေရွတ်၍ ထိုညက မခင်လေးကို အမောပြေ ကော်ဖီဖျော်တိုက်ရသေးလေသည်။

**********************

ညက သဲသဲမဲမဲရွာသောမိုးကြောင့် မြူစင်သော ကောင်းကင်သည် ကြည်လင်နေ၏။ တိမ်ပဝါဖြူ အကြွင်းအကျန် တစနှစ်စသည်သာ ပြာလွင်သော မိုးကောင်းကင်တွင် တလွင့်လွင့်မျောပါနေသည်။ ကျွန်တော့်စိတ်ထဲမှာ ပဝါဖြူတိမ်ကော်ဇောကိုစီးကာ သံသရာမဆုံးနိုင်သော မိုးကောင်းကင်ခရီးကို နှင်လျှက်ရှိလေသည်။

ကျွန်တော့်မှာ တောတက်လျှင် အမြဲဝတ်ရသည့် သစ်ထုတ်လုပ်ရေး ကာကီဝတ်စုံနှင့်ဖြစ်သလို မခင်လေးမှာလည်း အပြာနုရောင် ဂျင်းဘောင်းဘီ၊ ဂျင်းအင်္ကျီ၊ ကင်းပတ်ဖိနပ်၊ လူရည်ချွန်ဦးထုပ်နှင့် ဖြစ်လာသည်။

ကျွန်တော့်ခါးတွင် အမဲလိုက်ဓားတလက် ချိတ်ပါလာသလို မခင်လေးပခုံးမှာတော့ ကင်မရာတလုံး ပါလာ၏။ ပြီး ဝက်ဝံလေးကိုလည်း သံကြိုးနှင့်ချည်ပြီး ဆွဲခေါ်လာ၏။

ခပွန့်ချောင်းနားရောက်လာကြသောအခါ ကျွန်တော်က ကျောက်တုံးတတုံးပေါ် မတ်တပ်ရပ်လိုက်သည်။ မခင်လေးကလည်း ကျွန်တော့်အနား သာရပ်သည်။

"ဒီနေရာလေးက သိပ်သာယာတာပဲနော်"

တငြိမ့်ငြိမ့် စီးဆင်းနေသော ခပွန့်ချောင်းရေကိုကြည့်ပြီး မခင်လေးက ဆိုလာ၏။

"မနေ့က မိုးနည်းနည်းပဲ ရွာသွားလို့ သာယာသလို မြင်ရတာပါ

www.burmeseclassic.com

www.burmeseclassic.com



မခင်လေး၊ မိုးတွင်းဆို ဒီချောင်းကြောင့် သိပ်စိတ်ညစ်ရတာ''

''ဘာဖြစ်လို့လဲ ဦးအေးမောင်သွင်''

''ဟာ မိုးတွင်းဆို ရေစီးသိပ်ကြမ်းတဲ့ချောင်းဗျ၊ ဒီချောင်းကို ဖြတ်ကူးပြီး အလုပ်သွားလုပ်ရတာ မလွယ်ဘူး၊ တခါတခါ ကိုယ်ကို ကြိုးတွေနဲ့ချည်ပြီး ကူးကြရတယ်''

''သစ်ထုတ်လုပ်ရေးမှာ သစ်တွေပေါ်သားပဲ၊ နွေတုန်းက တံတား ထိုးထားဖို့ကောင်းတာပေါ့''

မခင်လေး၏စကားကို ကျွန်တော်က အသံထွက်ရယ်မိသွား၏။ မခင်လေးက မလုံမလဲနှင့် ပြန်မေးသည်။

''ဘာဖြစ်လို့လဲ ဦးအေးမောင်သွင်''

''ဒီလို တောင်ကျချောင်း တခုစီသာတံတား လိုက်လိုက်ဆောက် ရယင် သစ်ထုတ်လုပ်ရေးမှာ သစ်မထုတ်လုပ်ခင် တံတားစီမံကိန်းက နှစ်ပေါင်းနှစ်ဆယ်လောက် သွားလိမ့်မယ်။

''ဘာဖြစ်လို့''

ဖြတ်ကနဲ မျက်လုံးဝင့်အကြည့်နှင့် မေး၏။

''ဘာဖြစ်လို့လည်း ဆိုတော့ ဒီခပွန်ချောင်းလို ချောင်းလေးတွေ က ကျွန်တော့်သစ်ထုတ်လုပ်ရေး ဧရိယာထဲမှာကို ငါးဆယ်ကျော် ရှိနေလို့ပဲ''

''ဟင်. . ဟုတ်လား''

''ဟုတ်ပါတယ်. . မခင်လေး၊ ကျွန်တော်တို့သစ်ထုတ်လုပ်ရေး ဆိုတာက မန်နေဂျာပဲဆိုပြီး ရုံးမှာထိုင်နေရုံနဲ့ မရဘူး၊ စာရွက်တွေ စာရင်းဇယားတွေ၊ ရှေ့ချထားရုံနဲ့မပြီးဘူး။ ကိုယ်တိုင်သစ်ကွက်တွေ၊ ဆင်ဗိုင်းတွေ လိုက်ကြည့်ရတာ''

''ပျော်စရာကြီးပေါ့''

မခင်လေး၏ ပျော်စရာကြီးပေါ့ကို ကျွန်တော်သက်မ ချမိ သွား၏။



''ပျော်နိုင်ဖို့နေနေသာသာ မခင်လေးရယ်၊ ကျွန်တော်တော့ သစ်တောဘက်လိုက်မိတာ ဒီရောက်မှ မှားမှန်းသိတော့တယ်''

''ဘာဖြစ်လို့ပါလဲရှင်၊ လေးလေးတော့ ဒီလိုတောတွေ တောင်တွေ စမ်းချောင်းတွေဖြတ်သွားနေရတာ သိပ်ပျော်တာပဲ''

''မခင်လေး ပျော်တယ်ဆိုတာ ခုလိုရာသီဥတုကောင်းတုန်း ခဏမို့ပါ။ မိုးတွင်းသစ်ထုတ်လုပ်ရတဲ့အခါ ဒီတောဒီတောင်တွေပေါ်က သစ်တလုံးချောင်းထဲရောက်ဖို့တောင် ဘယ်လောက်ခဲခဲယဉ်းယဉ်း လုပ်ကြရတယ်ဆိုတာ မခင်လေး မြင်စေချင်ပါကယ်၊ မိုးတွင်းဆို''

ကျွန်တော့်စကားကို ငေးလိုက်လာသော မခင်လေးခလုတ်တိုက် သဖြင့် စကားပြတ်သွားသည်။ ရှတ်တရက်ယိုင်သွားသော မခင်လေး လက်ကို ဖမ်းဆွဲမိလိုက်သဖြင့် ရင်ထဲကလည်းနွေးသွားမိ၏။

''ဘယ်နာသွားသေးလဲဟင်''

''မနာပါဘူး ဦးအေးမောင်သွင်''

မခင်လေးလက်ကို ကမန်းကတမ်း ပြန်လွှတ်ချလိုက်မိ၏။

''မခင်လေးကို ပြောရဦးမယ်''

''ဘာလဲ ဦးအေးမောင်သွင်''

''အဲဒါဘဲဗျ''

''ရှင်''

မခင်လေးက သဘောမပေါက်သလို ကျွန်တော့်မျက်နှာကို ငေးငေးလေးကြည့်နေ၏။

''ကျွန်တော်ကို ဦးတပ်ပြီး မခေါ်ဖို့ပါဗျာ၊ ဒီမှာက ကျွန်တော့်ကို တိုင်းဦးတပ်ပြီးခေါ်ကြတော့ တခါတခါ နေရထိုင်ရတာ စိတ်ထဲ ညှိုးကျုပ်နေတယ်။ အသက်ငယ်ငယ်လေးနဲ့ အဘိုးကြီးအခေါ်ခံနေရ သလိုပဲ၊ ခုမခင်လေးနဲ့တွေ့တော့ ကျွန်တော့်စိတ်ထဲ ကျောင်းသားဘဝ ပြန်ရောက်သွားသလို ခံစားမိလို့ပါ''

ကျွန်တော့်စကားကို မခင်လေးက သဘောကျစွာရယ်၏။

www.burmeseclassic.com

www.burmeseclassic.com

"အဟုတ်ပြောတာပါ။ ကိုယ့်ဆရာဦးဘသောင်းတင်ကယ်
ဦးတပ်ခေါ်တော့"

"အန်ကယ်ခေါ်တာက အောက်ကလူတွေ မန်နေဂျာငယ်ငယ်
မလေးမစား ဆက်ဆံကြမှာစိုးလို့ ဖြစ်ပါလိမ့်မယ်၊ ဦးအေးမောင်"

"ဟာဗျာ..မခင်လေးကလဲ ပြောယင်းပဲ လုပ်ပြန်ပြီ"

"ဟီး..ဟီး..ဘယ်လိုခေါ်စေချင်လို့လဲ"

"ဦးမပါယင် ပြီးရော့ဗျာ၊ တခြားခေါ်ချင်တာခေါ်"

"ဘကြီးတို့ အဘိုးတို့လဲ ဦးမပါဘူးနော်"

"ဦးမပါယင်ပြီးရောဗျာ၊ မခင်လေး ကြိုက်သလိုသာခေါ်ပါ"

"ဦးအေး.. ဟဲ ဟဲ အသက်ဘယ်လောက်ရှိပလဲ"

"နှစ်ဆယ့်ရှစ်လေ၊ မခင်လေးကကော"

"ကျွန်မက နှစ်ဆယ့်ခြောက်၊ ကျွန်မကိုတော့ အိမ်မှာနဲ့ ခင်
လူတွေက လေးလေးပဲ ခေါ်ကြတယ်"

"ကျွန်တော်လည်းမခင်လေးကို ခင်ပါတယ်"

"ဒါဆို လေးလေးပဲခေါ်ပေါ့"

"ကျွန်တော်ကိုလဲ"

"ဘယ်လိုခေါ်ရမလဲ"

"အေး မခင်လေး ကြိုက်သလိုခေါ်နိုင်ပါတယ်"

ကျွန်တော်စကားထစ်သွားသဖြင့် နှစ်ယောက်သားရယ်
ကြသည်။

ခပွန်ချောင်းဖျား ရောက်လာကြပြီးဖြစ်သဖြင့် ဆင်ဝိုင်းတွေ
လှမ်းမြင်နေရ၏။

ရေစီးရုံသာစီးနေသော ခပွန်ချောင်းကို ဖြတ်ကူးကြရသ

"လေးလေး ချော်ကျမယ်နော်၊ ညကမိုးရွာထား
ကျောက်တုံးတွေချော..ယ်"

"ဟုတ်ကဲ့"



ဝံလေးရန်လုံကို ကျောပိုး၍ ကျွန်တော်က ကျောက်တုံးတွေကို
တစ်တုံးပြီးတစ်တုံး ခုန်ကူးသောအခါ မခင်လေးကလည်း ကျွန်တော့်
နောက်က ခုန်ဆွခုန်ဆွနှင့် လိုက်ပါလာ၏။

"ကိုအေးမောင်သွင် ခဏ ခဏ"

"ဘာလုပ်မလို့လဲ လေးလေး"

ကျွန်တော်က ကျောက်တုံးတခုပေါ် ခုန်ကူးလိုက်ယင်း မတ်တပ်
ရပ်နေမိ၏။

မခင်လေးသည် သူလွယ်ထားသော ကင်မရာလေးကို ကမန်း
ကတန်းဖြုတ်၍ ကျွန်တော်နှင့် ရန်လုံကို ချိန်ရွယ်နေသည်။

"ကိုအေးမောင်သွင် ဟိုဘက်နေရောင်ထဲနည်းနည်း ရွှေ့လိုက်
ပါဦး"

သူ့စကားအတိုင်း ကျွန်တော်ကရွှေ့လိုက်ရ၏။

"အိုကေ..ဟုတ်ပြီ"

မခင်လေးသည် ရန်လုံအား ကုန်းပိုးသောကျွန်တော့်ကို
ဓာတ်ပုံရိုက်သည်။

"ရန်လုံကိုလဲ သပ်သပ်တစ်ပုံရိုက်ရအောင် ကိုအေးမောင်သွင်၊
အဲဒီကျောက်တုံးပေါ်မှာ ထိုင်နိုင်းပါ"

မခင်လေးစိတ်တိုင်းကျ ကျွန်တော်က ရန်လုံကိုထိုင်ခိုင်းရသည်။

"သံကြိုးနဲ့ဆိုတော့ သဘာဝနဲ့မတူဘူး။ သံကြိုးကို ဖြုတ်ယင်
ကောင်းမယ်"

ကျွန်တော်က သံကြိုးကို ဖြုတ်ရပြန်၏။

"ရေထဲကအရိပ်ပါ ပါအောင်ရိုက်မယ်နော်၊ မလှုပ်စေနဲ့၊ အေး
ဟုတ်ပြီ၊ နောက်တပုံ ရိုက်ဦးမယ်။ လေးလေးတို့ လာတုန်းကပုံလို
မတ်တပ်ကလေး လုပ်ပေးပါဦး"

သူပြောသမျှ ကျွန်တော်က လုပ်ပေးရ၏။

"ရန်လုံက သိပ်လိမ္မာတာပဲ၊ ညကတော့ သူများကို တစ္ဆေလုပ်

www.burmeseclassic.com

www.burmeseclassic.com

ခြောက်တယ် မကောင်းဘူး၊ ဘာလဲ''

မခင်လေး ဓာတ်ပုံရိုက်ပြီးသွားသဖြင့် ကျွန်တော်တို့ရှိရာသို့ ပြန်ပြေးလာပြီး ရန်လုံကို ပွေ့ယူကာစနေ၏။

''ကိုအေးမောင်သွင် လေးလေးကိုလည်း ရန်လုံနဲ့ တစ်ပုံနှစ်ပုံ တွဲရိုက်ပေးပါဦး''

မခင်လေး၏ စကားအတိုင်း ရန်လုံနှင့် မခင်လေးတို့ကို တွဲလျှက်၊ ရပ်လျှက်၊ ပွေ့ဖက်လျှက် သုံးလေးပုံ ရိုက်ပေးရလေသည်။

''လေးလေး ဟေမဝါရောက်ရင် ကူးပြီး ပေးလိုက်ပါမယ် ကိုအေးမောင်သွင်''

မခင်လေးသည် ကလေးငယ်တယောက်ကဲ့သို့ ပြုံးပျော်နေ၏။ မခင်လေးနှင့် ဤသို့တောထဲတောင်ထဲတွင် နှစ်ယောက်တွဲပြီး လျှောက်သွားနေရသည်ကို ကျွန်တော့်မှာလည်း အတိုင်းမသိ ပျော်ရွှင်နေလေသည်။ ဤသပြေစခန်းတွင် နေခဲ့ရသော တနှစ်နီးပါးကာလတွင် ဤနေ့သည် ကျွန်တော့်အတွက် မမေ့နိုင်သောနေ့ပင်တည်း။

ကျွန်တော့်အနေနှင့် ဤလိုတောတောင်ကန္တာရထဲ၌ မခင်လေးနှင့် မမျှော်လင့်ပဲ ဆုံမိကြသည်မှာ နွေလွင်ပြင်ထဲတွင် စမ်းချောင်း စမ်းရေကို တွေ့ရသကဲ့သို့ပင်တည်း။

ဆင်ဝိုင်းကိုရောက်သောအခါ မခင်လေးက ဆင်တွေကို ဓာတ်ပုံရိုက်သည်။ သူ့ကိုယ်သူ ဆင်ဦးစီးလုပ်ပြီး တပုံရိုက်ခိုင်း၏။ ပြီး ‥ ရန်လုံကို ဆင်ပေါ်တင်ပြီး တပုံရိုက်ချင်သည်ဟု ပြောပြန်သည်။

''ကဲ ‥ ဦးခွန်ကျုံး လုပ်ဗျာ၊ ဆရာကြီးဆင်ပေါ် ကျွန်တော့် ရန်လုံလေး တင်ရအောင်''

စောစောက မခင်လေးတက်စီးပြီး ဓာတ်ပုံအရိုက်ခံသွားသော ဆင်ထိန်းကြီး ဦးခွန်ကျုံးအား ကျွန်တော်က မခင်လေးအလိုကျ ပြောရသည်။

ဦးခွန်ကျုံးသည် ကျွန်တော့်မျက်နှာကိုတလှည့် မခင်လေး၏



မျက်နှာကိုတလှည့်ကြည့်ပြီး သူ့ဆင်ကြီးကို အမိန့်ပေးလိုက်၏။

''ဟဲ့ ရွှေထီး မက် မက်''

ဆင်ကြီးသည် ကိုယ်ကိုယို့လိုက်ပြီး ကျွန်တော့်ဘက်သို့ လှည့်ကြည့်နေသည်။ သူ့သခင်၏အမိန့်ကို ချက်ချင်းမလိုက်နာသေး၊ သူ့စိတ်ထဲမှာ ကျွန်တော်ဆွဲခေါ်လာသော ဝက်ဝံလေးကို မလိုတမာ ဖြစ်နေပုံရသည်။

''ဟဲ့ ရွှေထီး မက်ဆို မက်မက်''

ဦးခွန်ကျုံးက ဒုတိယအကြိမ် အမိန့်ပေးသည်။

ဆင်ကြီးသည် ဝမ်းရသံတချက်ပြုလိုက်ပြီး မဝပ်ချင်ဝပ်ချင်နှင့် လက်ချိုးချ၍ ဝပ်လိုက်၏။

မခင်လေးကလည်း ဓာတ်ပုံရိုက်ရန် အသင့်အနေအထား ရှိနေသည်။

ကျွန်တော်သည် ဝံလေးကို လက်ဆွဲပြီး ဆင်ကြီးနားကပ်သွား၏။ ရန်လုံက ဆင်ကြီးကိုကြောက်သဖြင့် ပေကတ်ကတ်လုပ်နေသည်။

''လာစမ်းရန်လုံ ဘာမှမကြောက်နဲ့၊ မင်းက ဆင်ကြီးကို စီးနိုင်ပါတယ်ကွ၊ လာစမ်းပါ''

ကျွန်တော်က ရန်လုံကို အတင်းဆွဲခေါ်၏။ ရန်လုံက ခူး ခူး ခူး ခူး အော်ကာ ပေကတ်ကတ် လုပ်နေသေးသည်။ ဦးခေါင်းမောင်း ထောင်း လုပ်နေသော ဆင်ကြီးကို ဦးခွန်ကျုံးက ချွန်းနှင့် ထောက်ထား၏။

ကျွန်တော်သည် ဝံကလေးရန်လုံအား ဆင်ဦးကင်းပေါ် တင်လိုက်သည်။

''ကဲ ‥ လေးလေး ရယ်ဒီနော်''

''ဟုတ်ကဲ့''

''ဟော့ကောင် မတ်တပ်ထရပ်စမ်း၊ ရပ်ဆို၊ အဲ ‥ ဟုတ်ပြီ ဟုတ်ပြီး ရယ်ဒီနော် လေးလေး''

www.burmeseclassic.com

www.burmeseclassic.com

ဝံကလေးသည် ကြောက်ကြောက်နှင့် ဆင်ကြီးဦးကင်းပေါ်တွင် တုန်တုန်ယင်ယင် ရပ်နေရှာ၏။

"ကဲ ‥ ဦးခွန်ကျုံး ဒီအတိုင်းဓာတ်ပုံရိုက်ရအောင် ခဏ လက်လွှတ်လိုက်ပါဦး"

ကျွန်တော့်စကားအတိုင်းပင် ဦးခွန်ကျုံးသည် ဆင်နကင်းပေါ် ထောက်ထားသောချွန်းကို လွှတ်လိုက်၏။ ကျွန်တော်ကလည်း ဝံကလေးရန်လုံ၏ သံကြိုးကို လွှတ်လိုက်သ ဉ်။

"ကဲ ‥ လေးလေး ရိုက်"

"ဟာ ‥"

"ဟယ်"

ရုတ်တရက် အာမေဋိတ်သံများ ပတ်ဝန်းကျင်ကို ပဲ့တင်ထပ်သွား၏။ မြန်ဆန်လိုက်သည့်အဖြစ်။ လျင်လျားလိုက်သည့်အဖြစ်။ မျက်တောင်တခတ် လျှပ်တပြက်အတွင်းပင် ကျွန်တော်နှင့် ဆင်ထိန်းကြီး ဦးခွန်ကျုံးတို့ လက်လွှတ်လိုက်ကြစဉ် ဆင်ကြီးက အော်ပြီး မတ်တပ်ထခုန်၏။ ရန်လုံက ကြောက်လန့်တကြားနှင့် ဆင်ပေါ်က ခုန်ချသည်။ သို့သော် မလွတ်၊ ဆင်ကြီး၏နှာမောင်းထဲ တွဲလောင်းပါသွားပြီး အနင်းခံလိုက်ရ၏။

"အာဖန် အာဖန်"

ဆင်ထိန်းကြီးသည် သူ့ဆင်ကို စိတ်ဆိုးမာန်ဆိုးနှင့် ချွန်းနှင့် လှမ်းပစ်၏။ ဆင်းကြီးသည် လေးငါးလှမ်း ရှေ့သို့ပြေး၏။

"ဟောင်နော် ဟောင်ဟောင်"

ဆင်ကြီးက နားရွက်မခတ်ပဲ ချက်ချင်း မတ်တပ်ရပ်သည်။

ကျွန်တော်သည် ဆင်နင်းထား၍ မြေပြင်တွင် ပြားချပ်နေသော ဝံကလေးကို သွေးရူးသွေးတန်းနှင့် ပြေးကောက်လိုက်၏။ မခင်လေးကမူ ကင်မရာကိုကိုင်ကာ မင်တက်မိနေတုန်း။

ကျွန်တော်သည် ဝံကလေးရန်လုံအား မြတ်မြတ်နိုးနိုး



ပွေ့ချီထားမိ၏။ ရန်လုံ၏ နား၊ နှာခေါင်း၊ ပါးစပ်တို့မှ သွေးစိမ်းရှင်ရှင်တို့သည် ကျွန်တော့်ကိုယ်ပေါ်တွင် ခြင်းခြင်းနီနေလေသည်။ ရန်လုံလေးကား အသက်မရှိတော့ပြီ။

မခင်လေးသည် မျက်စိပျက် မျက်နှာပျက်နှင့် ယခုမှ ကျွန်တော့်အနားရောက်လာ၏။ ကျွန်တော်မှာ ရုတ်တရက် မခင်လေးကို ဘာစကားဆိုရမှန်းမသိ ဖြစ်သွားသည်။

"ဖြစ်မှဖြစ်ရလေရှင် ကျွတ် ကျွတ်"

မခင်လေး၏ စုတ်သတ်သံနှင့်အတူ ထွက်ပေါ်လာသောစကားကြောင့် ကျွန်တော်မှာလည်း ရင်ဆို့သွားမိသည်။

"လေးလေး ဆတ်ဆော့လို့ ဖြစ်ရတာ၊ ကိုအေးမောင်သွင်ကို ကျွန်မဘယ်လိုတောင်းပန်ရမှန်းတောင် မသိတော့ဘူး"

"မတော်တဆဖြစ်တာပဲ လေးလေးရယ်၊ ဘယ်တတ်နိုင်ပါ့မလဲ"

ပြောသာပြောရသော်လည်း စကားသံတွေက တုန်ချင်နေသည်။

"မတော်တဆတော့ မတော်မဆပေါ့ရှင်၊ ဒါပေမယ့် လေးလေး ဆတ်ဆော့လို့ ခုလိုဖြစ်ရတာ၊ လေးလေးသာ သူ့ကိုဓာတ်ပုံမရိုက်မိရင် ရန်လုံလေးသေမှာမဟုတ်ဘူး၊ ဆင်နင်းခံရပြီး ရန်လုံသေတာ လေးလေးကြောင့်၊ လေးလေးအပြစ်ပါ"

မခင်လေးက မချိတင်ကဲ ရှိုက်သံနှင့်ပြော၏။

"တိုက်ဆိုင်မှုလို့ပဲ သဘောထားပါ လေးလေးရယ်"

ပြောသာပြောရသော်လည်း ကျွန်တော့်စိတ်ထဲကလည်း ဝံကလေးကို နှမြောနေမိသည်မှာ အမှန်ပင်။

"ကျွန်တော်တို့ကလဲ ဒီအဖြစ်မျိုးဖြစ်လာလိမ့်မယ်လို့ ဘယ်ထင်မလဲ။ ဒီဆင်ကြီးဟာ သိပ်လိမ္မာတဲ့ဆင်ပါ။ ဒီနေ့မှ ဘယ်လိုဖြစ်လဲ ဆိုတာ မပြောတတ်လောက်အောင်မါပဲဆရာ"

"ဘယ်တတ်နိုင်မလဲ ဦးခွန်ကျုံးရာ၊ သတ္တဝါတခုကံတခုဆို မှတ်လား။ သူ့အကြောင်းလို့ပဲ သဘောထားလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com

"လေးလေးတော့ တသက်လုံး စိတ်ကောင်းနိုင်တော့မှာ မဟုတ်ပါဘူး ကိုအေးမောင်သွင်၊ ဘာပဲပြောပြော ရန်လုံသေရတာ လေးလေးကြောင့်ပဲ"

မခင်လေးသည် ရှိုက်ရင်းက မျက်ရည်ကိုသုတ်၏။

"ကဲ ‥ နော်ဝမ်း၊ ဒီကောင်ကို ဟိုတောင်ကုန်းပေါ်မှာ မြှုပ်လိုက်ပါကွာ။ မင်းတို့ အရေခွံတွေဘာတွေ ခွာမယူကြနဲ့နော်။ ပြီးတော့ ခွေးအတွေမဖော်နိုင်အောင်လဲ ကျင်းနက်နက်တူးပြီးမြှုပ်၊ ဆူးခက်တွေလဲ လုံခြုံအောင် အုပ်ထားကြပါကွာ"

ဟုတ်ကဲ့ဆရာဟုပြောပြီး ကျွန်တော့်လက်ထဲက ရန်လုံအား နော်ဝမ်းက လှမ်းယူသွားသည်။ တနှစ်နီးပါး တယုတယ မွေးမြူ သင်ကြားခဲ့ရသော ဝံကလေးကို ငေးကြည့်ကာ ကျွန်တော့်ရင်ထဲမှာ ကြီးစွာကြေကွဲနေလေ၏။

ကျွန်တော်နှင့် မခင်လေးတို့ ခပွန်ဆင်ကျောင်းစခန်းမှ ပြန်လာကြသောအခါ နေအတော်စောင်းနေလေပြီ။

"ဒီအဖြစ်အပျက်တွေကို လေးလေးတော့ တသက်မေ့ရမှာ မဟုတ်တော့ပါဘူးရှင်၊ ကိုအေးမောင်သွင်ကိုလဲ ဘယ်လိုတောင်းပန် ရမှန်းတောင် မသိတော့ပါဘူး"

ခပွန်ချောင်းနား လာလမ်းက ရန်လုံနှင့်ကျွန်တော်တို့ ဓာတ်ပုံ ရိုက်ခဲ့ကြသော နေရာအရောက်မှာ မခင်လေးက အမှတ်တရစကား ဆိုလာပြန်၏။ ကျွန်တော်ကလည်း ရန်လုံကိုယ်ပေါ်မှ ပေကျံရစ်ခဲ့ သော သွေးစသွေးနတွေကို ခပွန်ချောင်းရေစီးရောက်မှ ဆေးမိလိုက်၏။

"လေးလေးကလဲဗျာ၊ ဒါပဲ ထပ်တလဲလဲပြောနေတာပဲ။ သူ့ထိုက် နဲ့သူ့ကံ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာတာ ဘယ်လုတတ်နိုင်တာ မှတ်လို့"

"လေးလေးလာမှ တိုက်ဆိုင်ရတယ်လို့ရှင်။ အန်ကယ်သိရင် လေးလေးကို ဆူဦးမယ်"



"ဆရာ့ကို ကျွန်တော်မပြောပါဘူး၊ လေးလေး၊ စိတ်ချပါ။ ရန်လုံနဲ့ကျွန်တော်တို့ တွဲရိုက်ထားကြတဲ့ဓာတ်ပုံတွေသာ ဟောမဝါ ရောက်ရင် မခင်လေး ဖြစ်အောင်ကူးပေးလိုက်ပါ"

"စိတ်ချပါရှင်"

"ဆင်ပေါ်က ရန်လုံပုံကော ရလိုက်ရဲ့လား"

"ရလိုက်ပါတယ်"

မခင်လေးက လေသံတိုးတိုးနှင့်ပြော၏။

"ဒီကျောက်ဆုံးလေးနော်၊ ရန်လုံကို လေးလေးမတ်တပ်ရပ် ဓာတ်ပုံရိုက်ခဲ့တဲ့ကျောက်တုံး"

"အင်း ဟုတ်တယ် ထင်တာပဲ"

"ဟုတ်ပါတယ်ရှင်၊ သိပ်ဟုတ်တာပေါ့။ သူ့ခြေထောက်က ပေကျံနေတဲ့ ရွှံ့စေးတွေနဲ့ ခြေရာလေးတောင်ရှိသေးတယ်"

လာလမ်းအတိုင်း မခင်လေးကို ပြန်ခေါ်လာလျှင် ရန်လုံလေး အား သတိရစရာချည်း ဖြစ်မည်စိုးသဖြင့် တဖက် လမ်းလွှဲကာ အင်ကြင်းတောက ဖြတ်ခေါ်လာရ၏။

ညက မိုးရွာသွားသဖြင့် အင်ကြင်းတောသည် သန့်စင်မွှေးပျံ့ နေသည်။ စုံခွင်မှာ ရွက်ကျင်တို့ကြွေကာ ရွက်သစ်ပုရစ်တို့ဖြင့် ဝေဆာ နေ၏။

အင်ကြင်းလွင်ကြောကို လှမ်းတက်လာကတည်းကပင် မွှေးရနံ့ တို့ ကြိုင်လှိုင်လာ၏။

"အင်ကြင်းပွင့်တွေမဟုတ်လားဟင်"

"ဟုတ်ပါတယ် လေးလေး"

"ပွင့်လိုက်တာနော်၊ တတောလုံး ဝေနေတာပဲ၊ ဟိုအဖြူပွင့်တွေ ကလဲ အင်ကြင်းပဲလား"

"ဟုတ်ပါတယ် လေးလေး"

"အင်ကြင်းစခန်းကို ကားဖြတ်လာတုန်းကတော့ ကျားတောင်

www.burmeseclassic.com

www.burmeseclassic.com



အတက်မှာ အန်ကယ်ပြလို့ အင်ကြင်းပွင့်ကို စမြင်ဖူးပါတယ်၊ ဒါပေမယ့် အနီချည်းပဲ၊ ခုလို အဖြူပွင့်တွေ လေးလေးမမြင်ခဲ့ရသလို"

"ဟုတ်ပါလိမ့်မယ်လေးလေး၊ အောက်စခန်းက အင်ကြင်းစခန်းဆိုပေမယ့် အဲဒီဘက်က အဖြူသိပ်မပေါဘူး၊ အနီပဲများတယ်"

"မွှေးလဲသိပ်မွှေးတာပဲနော်၊ တစ်တောလုံးကြိုင်နေတာပဲ"

ဒီအရပ်မှာ အင်ကြင်းပန်းတွေနဲ့ အလေကြင်းပန်းနံ့ဟာ သင်္ကြန်ရဲ့အမှတ်သင်္ကေတပေါ့ လေးလေး၊ အင်ကြင်းပွင့်ယင် သင်္ကြန်ရက်နီးပြီလေ"

"ပြည်မမှာ ပိတောက်လိုပဲပေါ့နော်"

"ဒါပေါ့"

ကိုင်းကျနေသော အင်ကြင်းပန်းတွေကို မခင်လေးက ချူးတော့ ကျွန်တော်လည်း မနေသာတော့ပဲ လိုက်ချူးပေးရ၏။

"ကိုခင်မောင်သွင် ဒီအင်ကြင်းပင်အောက်မှာ ဓာတ်ပုံတစ်ယောက် တစ်ပုံလောက်ရိုက်ရအောင်၊ အမှတ်တရပေါ့"

"ကောင်းပါ့ သ"

မခင်လေးနှင့် ကျွန်တော်အလဲအလှည့်နှင့် ဓာတ်ပုံတစ်ယောက်တစ်ပုံစီ ရိုက်ကြသည်။ အင်ကြင်းကိုင်းခက် ရွက်လက်ရိုးတံဖြူနီကြားမှ နေပြောက်ထိုးထားသော မခင်လေး၏ နုနုဖတ်ဖတ်မျက်နှာလေးကို ငေးကြည့်ကာ ကျွန်တော့်မှာ ရင်ထဲလှိုက်ဖိုနေမိသည်။

မခင်လေးလို ချစ်စရာကောင်းသော ဇနီးချောကလေးတစ်ယောက်နှင့်သာနေရလျှင် ဤတောဤတောင်ဤဒေသဤကန္တာရသည် မည်မျှခြောက်သွေ့ခြောက်သွေ့ ကျွန်တော် ပျော်မွေ့နိုင်လိမ့်မည်ဟု ထင်မိ၏။

"လေးလေး၊ အင်ကြင်းပန်းတွေ မများဘူးလား"

အင်ကြင်းပန်းတွေကို မနားတမ်းချူးနေသော မခင်လေးကို ငေးကြည့်၍ မေးမိ၏။



"ဘန်ဂလိုရောက်ရင် အင်ကြင်းပန်းတွေ ဘုရားတင်ပြီး ရန်လုံ့အတွက် ဆုတောင်းမလို့"

ရန်လုံဟူသော မခင်လေး၏စကားက ကျွန်တော့်ရင်ကို ချက်ချင်း လိုက်မောသွားစေသည်။ မခင်လေးကား ရန်လုံကိုမမေ့သေး။ ရန်လုံအတွက် မခင်လေး ကုသိုလ်ကောင်းမှုပြုလျှင် ရန်လုံ၏ အရှင်သခင်ဖြစ်သော ကျွန်တော့်မှာ ပို၍ပါသင့်၏။ ထို့ကြောင့်လည်း ကျွန်တော်သည် အပွင့်တွေဝေနေသော အင်ကြင်းတပင်ထက် ချက်ချင်း ရောက်သွားလေသည်။ မပွင့်သေးသော အဖူးအငုံကိုင်းတွေကို ဓားနှင့်လှီးဖြတ်၍ အောက်က ခေါင်းမော့နေသော မခင်လေးကို လှမ်းပေးရ၏။ မခင်လေးကလည်း ကျွန်တော်ကမ်းပေးသမျှ တကိုင်းချင်းလှမ်းယူသည်။ အင်ကြင်းပင်ပေါ်က ခါချဉ်ကိုက်၍ ပြေးဆင်းလာသော ကျွန်တော့်အား မခင်လေးသည် ခါချဉ်ကောင်တွေ ကူကောက်သပ်ချပေးသည်။

မခင်လေးနှင့် ကျွန်တော်တို့ အင်ကြင်းရက ပြန်လာကြသောအခါ နေလုံးနီနီသည် အနောက်ဘက်တောင်တန်းမြင့်များပေါ်တွင် ကွယ်လုလုမေးတင်စပြုနေလေပြီ။ ပတ္တမြားဆည်းဆာရောင်ခြည်တို့ကား တောအနှံ့တောင်အနှံ့ ပြန့်လျက်။ အင်ကြင်းပန်းတပွေ့တပိုက်နှင့် မခင်လေးကိုကြည့်ရသည်မှာလည်း ကြည့်မဝ ရှုမဝစရာ။

*******************

ထိုညက မခင်လေးသည် ရန်လုံအတွက် အင်ကြင်းပန်းကပ်၍ ဘုရားရှိခိုး ဆုတောင်း၏။ ကျွန်တော်လည်း မခင်လေးနှင့်အတူ ရန်လုံ အတွက် စိတ်ထဲက ဆုတောင်းနေမိသည်။

"ရန်လုံ ကောင်းရာသုဂတိသို့ လားပါစေ"

ဘန်ဂလိုထဲက လသာဆောင်တွင် တညနေလုံးထိုင်၍ စကားပြောမိကြ၏။ ဦးဘသောင်းတင် ဤနေ့လည်း ပြန်မရောက်နိုင်

www.burmeseclassic.com

www.burmeseclassic.com


သည်မှာ တနေ့က ရှာသွားသောမိုးကြောင့် ချောင်းရေကြီးနေ၍ ဖြစ်ကြောင်း မခင်လေးကို ရှင်းပြရသည်။

ဤဒေသ၏ ရာသီဥတုအခြေအနေကို မသိသော မခင်လေးသည် ညဆယ်နာရီထိ ရာသီဥတုအကြောင်း၊ ဒေသခံလုပ်သားပြည်သူများအကြောင်းကို မမောနိုင်မပန်းနိုင် မေးတတ်သည်။ ကျွန်တော်ကလည်း မခင်လေးမေးသမျှ ပြန်ပြောပြပြီး ညဆယ်နာရီကျော်မှ အိပ်ရာဝင်ဖြစ်ကြလေသည်။

မခင်လေးကမူ မည်သို့နေမည်မသိသော်လည်း ကျွန်တော်သည် အိပ်ရာထဲရောက်သည်နှင့်တပြိုင်နက် မခင်လေးအကြောင်းနှင့် မနေ့က မခင်လေးကြောက်ရွံ့ပြီး အခန်းထဲက ထွက်ပြေးလာရသော ရန်လုံ့တို့အကြောင်း တွေးနေမိသည်။

နောက်တနေ့တွင် ဦးဘသောင်းတင် ယင်းကောက်က ပြန်ရောက်လာသည်။

"အန်ကယ်မကောင်းဘူး၊ ဟေမဝါရောက်ရင် အန်တီနဲ့ တိုင်ပြောမယ်"

မခင်လေး နှုတ်ခမ်းစူဖြင့် သူ့ဦးလေးကို ခရီးရောက်မဆိုက် ပြစ်တင်စကားဆို၏။ မခင်လေးစကားကြောင့် ဦးဘသောင်းတင်မှာ ရုတ်တရက်မျက်နှာမထားတတ်ဖြစ်သွား၏။ ဦးဘသောင်းတင်သာမဟုတ် ကျွန်တော်ပင် မျက်နှာပူထူသွားမိသည်။ မခင်လေးစကားမှာ ယင်းတောက်က သူ့အငယ်ဆီသွားနေသည်ဟု အဓိပ္ပါယ်ရနိုင်၏။

"ဘာလဲ လေးလေးရယ်"

ဦးဘသောင်းတင်က သူ့တူမမျက်နှာကို ရယ်ကျဲကျဲနှင့်ကြည့်၍ မေး၏။

"အန်ကယ်အပြစ် အန်ကယ်သိမှာပေါ့၊ လေးလေးကို ဆင်ဝိုင်းတွေ၊ သစ်စခန်းတွေ လိုက်ပြမယ်ပြောပြီး ဒီရောက်တော့ ပစ်ထားခဲ့တာ"



"ဒီအရပ်က ရာသီဥတုအကြောင်း လေးလေးမသိပါဘူး ဦးအေးမောင်သွင် မပြောပြဘူးလား"

"ပြောပြပါတယ် ဆရာ"

ကမန်းကတန်း ပြောလိုက်ရ၏။

"မိုးရွာမယ်ဆိုတာ သိသားနဲ့၊ အန်ကယ်က ထွက်သွားတာကိုး"

"ခက်ပါလား၊ မိုးရွာမယ်ဆိုတာ သိရအောင် အန်ကယ်က မိုးလေဝသကမှ မဟုတ်ပဲ"

"ဦးအေးမောင်သွင်က လေးလေးကို လိုက်မပြဘူးလား"

"ပြပါတယ် ဆရာ"

"ဒါဆိုလဲ ပြီးတာပဲ"

"သစ်တိုက်တဲ့ စခန်းတွေမှ မရောက်သေးတာ"

မခင်လေးသည် သူ့ဦးလေးနှင့် ကျွန်တော်အား ကလေးငယ်တယောက်ပမာ နှုတ်ခမ်းစူ၍ပြော၏။

"မနက်ဖြန် လိုက်ပြပါမယ်ဗျာ၊ စိတ်ချပါ၊ ဪ . . လေးလေးကိုပြောနေရတာနဲ့ ဦးအေးမောင်သွင်မှာလိုက်တဲ့ ချူလေးပေးဖို့တောင် မေ့သွားတယ်"

ဦးဘသောင်းတင်သည် ပန်းပဲဖိုကယူလာသော ချူလေးကို အင်္ကျီအိတ်ထဲက ထုတ်ပေး၏။

ချူကလေးကို မြင်ရသောအခါ မခင်လေးနှင့် ကျွန်တော်တို့မှာ တယောက်မျက်နှာတယောက် ကြည့်ကာ သက်မပြိုင်တူချမိကြသည်။

မခင်လေးမှာ သူ့ကြောင့် ရန်လုံ့သေရသည်ဟူသော အစွဲကြောင့် ပို၍ပင် စိတ်မကောင်းဖြစ်နေလိမ့်မည် ထင်ပါသည်။

နောက်တနေ့မှာ ဦးဘသောင်းတင်နှင့် ကျွန်တော်တို့သည် မခင်လေးအား သစ်စခန်းများနှင့် သင် သတ်ထားသော သင်ကွက်များ သစ်တိုက်စခန်းများကို လိုက်ပြကြသည်။

နောက်နှစ်ရက်ကြာ၍ ဦးဘသောင်းတင်နှင့် မခင်လေးတို့

www.burmeseclassic.com

www.burmeseclassic.com



ဟေမဝါသို့ ပြန်သွားကြသောအခါ ကျွန်တော့်ရင်ထဲမှာ ဟာ၍ ကျန်ရစ်၏။

''ဪ မခင်လေး ပြန်သွားတာ ဒီနေ့ပါဆို သုံးရက်ရှိပြီ၊ လေးရက်ရှိပြီ၊ ငါးရက်ရှိပြီ'' ဟု နေ့စဉ် ရေတွက်နေမိလေသည်။

မခင်လေးပြန်သွားသောနေ့ကပင် ကျွန်တော့်ရင်ထဲ ပူလောင်နေသည်။ မခင်လေးကိုသာ တတမ်းတတဖြစ်နေမိသည်။ ဝေးကြရပြီမို့ နောက်တခါ ပြန်တွေ့ကြရပါ့မလားဟူသော အတွေးနှင့် စိတ်ထဲမှာ မခင်လေးကို အမြဲတွေးနေ၏။

မခင်လေးရှိနေစဉ်က အရာရာတိုင်းသည် ရှုမောစရာ၊ ကြည်နူးစရာ၊ ချမ်းမြေ့စရာ၊ ရွှင်လန်းစရာချည်း ဖြစ်ခဲ့သည်။ ယခုကား အရာအားလုံး ခြောက်သွေ့နေ၏။ ပျံ့ပျူးသာယာသော လောကသည် ယခုတော့ အလှမဲ့၍ ပကတိအသက်ကင်းမဲ့ကာ နွေသရုပ် နွေဒေသသည် ငြီးငွေ့ စိတ်မချမ်းမြေ့စရာချည်းဟု ထင်နေမိ၏။

အထီးကျန်ရစ်သော ကျွန်တော်သည် နွေဒေသ နွေရှုခင်းကို ငေးမောကာ ရင်ထဲမှာ အပူငွေ့ပြန်နေ၏။ မခင်လေးနှင့်ပတ်သက်၍ ရင်ထဲ တနုံ့နုံ့ ခံစားနေရ၏။ မခင်လေးနှင့် အတူတကွ သွားလာစားသောက်ဖူးကြသည်များကို ပြန်လည်သတိရကာ မိမိကိုယ်ကိုမိမိ မကျေမနပ်လည်း ဖြစ်နေမိသည်။ မခင်လေးနှင့် အတော်အတန် ရင်းနှီးခဲ့ကြပါလျက်နှင့် မခင်လေးအား ချစ်မိကြောင်း ငါဘာလို့ မပြောလိုက်မိပါလိမ့်။

ကျွန်တော်သည် ညညဆိုလျှင် မခင်လေးအကြောင်းကိုပင် လသာဆောင်ထဲတွင် တယောက်တည်းတွေးနေမိတော့သည်။ အကယ်၍ ဖြစ်နိုင်မည်ဆိုလျှင် မခင်လေးရှိရာ ဟေမဝါသို့ ချက်ချင်းလိုက်သွားချင်စိတ်ပေါက်နေ၏။ သို့သော် မခင်လေးပြန်သွားသည်မှာလည်း တလပင်မပြည့်သေး။ သည်လိုနှင့် မခင်လေးဆီက စာနှင့် ဓာတ်ပုံများကို မျှော်နေစဉ် တနေ့၌ ယန္တရားမှ လုပ်သားတယောက်



သည် စာအိတ်ကြီးတအိတ်ကို လာပေးလေသည်။ စာအိတ်ကို ကျွန်တော်ယူကြည့်ရာ အလုပ်ကိစ္စနှင့် ပတ်သက်သောစာမဟုတ်။ စာအိတ်ပေါ်တွင် ဦးအေးမောင်သွင်၊ သပြေသစ်ထုတ်လုပ်ရေးဟု ရေးထား၏။

ကျွန်တော့်ရင်ထဲတွင် ဝမ်းသာမှုဂယက်တွေက ချက်ချင်း ဘောင်ဘင်ခတ်သွား၏။ ဤစာမှာ မခင်လေးဆီကမှတပါး တခြားက မဖြစ်နိုင်ပေ။

ကျွန်တော်သည် စာအိတ်ရှည်ကြီးကို တယုတယ ရင်မှာပိုက်ကာ နေရိပ်ကျသော လသာခန်းထဲက ကုလားထိုင်တွင် အေးအေးလူလူ ထိုင်ချလိုက်၏။

ခါတိုင်းနေ့တွေမှာ အလုပ်ကပြန်လာလျှင် ချက်ချင်းရေချိုး အဝတ်လဲတတ်သော်လည်း ယနေ့ကား ရေချိုး၊ အဝတ်လဲရန်ကိုပင် သတိမရမိ။

ကြည်နူးနှစ်သိမ့်မှုအပြည့်ဖြင့် မခင်လေးပေးလိုက်သောစာအိတ်ကို ယုယုယယ ဖွင့်မိလိုက်၏။ ကျွန်တော်ကနဦးက တွေးထင်ထားသည့်အတိုင်း စာအိတ်ထဲတွင် ဓာတ်ပုံတဆယ်ကျော် ပါလာ၏။ ရန်လုံနှင့်တွဲရိုက်ထားသော ဓာတ်ပုံနှင့် ကျွန်တော်တို့ မခင်လေးကို ပုံများပင်။

ဓာတ်ပုံများအပြင် မခင်လေးဆီက စာများပါဦးမလားဟူသော အတွေးနှင့် စာအိတ်ထဲရှာကြည့်ရာ ဖိတ်စာကတ်ပြားတခုကို တွေ့ရသဖြင့် ကမန်းကတန်း ယူကြည့်လိုက်မိသည်။

ထိမ်းမြားမင်္ဂလာ ဖိတ်ကြားစာ

ရွှေဘိုမြို့၊ ဆိတ်ခွန်ရပ်နေ ဦးတင်လှ–ဒေါ်ခင်မမ(ရတနာဂေဟ)

ပွဲရုံ၏ ကဦးကည်းသောသား၊ မောင်သန်းမြင့် (M.B., B.S. Rgn.) လက်ထောက်ဆေးရုံအုပ် ဟေမဝါနှင့် ဟေမဝါမြို့ ကံပြင်စုရပ်နေ ဦးလေးမောင်–ဒေါ်သိန်းခင် (ကုန်သည်)

www.burmeseclassic.com

www.burmeseclassic.com



တို့၏သမီးကြီး၊ ပေမဝါမြို့၊ ခရိုင်မန်နေဂျာ ဦးဘသောင်းတင် (အက်စ်တီ–ဘီ)–ဒေါ်ပိုးသူ တို့၏တူမ မခင်ခင်လေး

ကျွန်တော့်ရှေ့ရှိ အရာဝတ္ထုအားလုံးသည် ချာချာလည်သွားကြပါသည်။ မခင်လေးကူးပေးလိုက်သော ဓာတ်ပုံများကိုလည်း ထုတ်မကြည့်ချင်တော့။ ယခင်ကမူ ကျွန်တော်၏ နွေလွင်ပြင်ကန္တာရထဲမှာ မခင်လေးတည်းဟူသော စမ်းချောင်းလေးသည် အမြဲစီးဆင်းနေရမည်ဟု မျှော်လင့်ထားခဲ့သည်။ ယခုမူ ထိုစမ်းချောင်းလေးကား ကွယ်ပျောက်ခန်းခြောက်သွားလေပြီ။

အမှန်မှာ ကျွန်တော့်အတွက် မခင်လေးသည် နွေလွင်ပြင်ထဲက စိမ့်စမ်းမဟုတ်တော့ပဲ နွေလွင်ပြင်ထဲက ရေတံလျှပ်ပါတကား။

မခင်လေးတည်းဟူသော တံလျှပ်ဖြစ်စဉ်တွင် ကျွန်တော်၏ဘဝတစိတ်တဒေသဖြစ်သော ဝံလေးရန်လုံသည့်ပင် တံလျှပ်ကိုရေထင်၍ အမြင်လိုက်မှားမိသော ကျွန်တော်ငမိုက်သားကြောင့် ဆုံးပါးသွားခဲ့ရခြင်းပါတကား။

ဖိုးကျော့

*(မိုးဝေမဂ္ဂဇင်း၊ ၁၉၈၄၊ အောက်တိုဘာလ)*

*********************

( ၅ )

# ပေးဆပ်ရမည့်ကြွေး

တောင်ကတုံးလေးများပေါ်တွင် ထုံးသင်္ကန်းဖြူဖြူဖွေးဖွေးနှင့် စေတီပုထိုးများမှာ မြန်မာ့ကျေးလက်၏ ရှုခင်းကို ပြသနေသလိုပင်။

ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့် ကျန်းမာရေးဆေးပေးခန်းတို့မှာ ကုန်းမြင့်ကမူလေးများပေါ်၌သာ တည်ရှိကြသည်။ ဆေးပေးခန်း၏ တောင်နှင့်မြောက်တို့တွင် ကြခင်း ညိုညိုကြီးများက မျက်စိတစ်ဆုံး မိုးတစ်ဆုံး။

ဆေးခန်းနှင့် ကားလမ်းမကြားတွင် စိမ်းလန်းသော မြေပဲခင်းများနှင့် အဖူးအညွန့်တွေဝေနေသော ပြောင်းခင်းကြီးများရှိ၏။

အမှန်က မြန်မာ့မျက်စိ၊ မြန်မာ့စိတ်ကူးနှင့်ဆိုလျှင် ခင်အေးသီတို့ဆေးခန်းမှာ မျက်စိပသာဒ အေးမြစရာ ရှုခင်းသာပင်။

သို့သော် မြို့ပြတွင် ကြီးပြင်းလာသူဖြစ်သော ခင်အေးသီမှာ ဤ 'မင်းရွာ' ၏ ဆေးခန်းသို့ ရောက်လာရသည်မှာ နှစ်လရှိပြီဖြစ်သော်လည်း ယခုထိ စိတ်အထာမကျသေး။ ဆေးခန်းဘေးရှိ

www.burmeseclassic.com

www.burmeseclassic.com



လက်ပံပင်ကြီးပေါ်မှာ တစ်နေ့လုံး ဆူညံနေကြသော ဆက်ရက်များ အော်မြည်နေကြသံကိုပင် နားထဲ ဆူညံသည်ဟု ထင်နေမိသည်။

ထို့ကြောင့် ခင်အေးသီသည် ဆေးခန်းရှေ့သို့ ထွက်လာ၏။ တောင်ကမူစောင်းရှိ နန်းလုံးကြိုင်ပင် တစ်ပင်နားအရောက်တွင် ထိုင်ချလိုက်သည်။ ကားလမ်းမဘက်ကို အဓိပ္ပါယ်မဲ့ ငေးနေသည်။ ကားလမ်းဟုဆိုသော်လည်း ကတ္တရာလမ်းမဟုတ်။ ဖုန်တထောင်းထောင်း ထ,နေသော မြေလမ်းကြမ်းသာ။

ကားလမ်းပေါ်တွင် လှည်းများက ဖုန်တထောင်းထောင်းနှင့် မောင်းနှင်သွားလာနေကြ၏။ ကားဆို၍ကား တမေ့တမောကြာမှ သစ်တိုက်ကား တစ်စီးတလေကိုသာ မြင်ရတတ်သည်။

"ဟော့ . . သူငယ်ချင်း။ မြို့ကရည်းစားကိုချည်း ထိုင်လွမ်းမနေနဲ့ဦးကွ၊ ဒီမှာ . . သတင်းစာတွေပါတယ်၊ လာကြည့်ဦး"

ခင်အေးသီကိုမြင်သဖြင့် နော်မူမူလေးက လှမ်းပြော၏။

ယခုမှ ဆေးခန်းသို့တက်လာသော နော်မူမူလေး၏ခြင်းထဲတွင် သတင်းစာ လေးငါးစောင်ကိုမြင်ရ၏။ အနည်းဆုံး ရက်လွန်၊ တစ်ပတ်လွန် သတင်းစာများမှန်းသိသည်။

"မြို့ကရည်းစားကိုလွမ်းလို့မဟုတ်ဘူးကွ၊ ကျေးလက်ရှုခင်းက လှလွန်းလို့ ကြည့်မဝဖြစ်နေတာ"

စိတ်ထဲကမပါသော်လည်း နော်မူမူလေးကို စကားလုအောင် လှမ်းပြောလိုက်ရ၏။

"အေး . . အေး . . ယုံလိုက်မယ် အားကြီးကြီး"

ဟုပြော့ရင်း နော်မူမူလေး ဆေးခန်းထဲဝင်သွား၏။

ခင်အေးသီက ကားလမ်းဘက် ငေးမြဲငေးနေသည်။

ဖုန်တထောင်းထောင်းနှင့် ဖြတ်သွားသော သစ်တိုက်ကား တစ်စီးသည် တောင်ခြေရွာဘက် ကွေ့ဝင်ကာ ပျောက်သွားလေသည်။

ခဏအကြာမှာပင် မင်းရွာမှ အထမ်းနှင့်တက်လာကြသော



လူနှစ်ယောက်၏ရုပ်သွင်သည် ခင်အေးသီ၏မြင်ကွင်းထဲ ဝင်လာ၏၊ စောင်ကြမ်းတစ်ထည်၏ အစနှစ်ဖက်ကို ဝါးလုံးတွင် တစ်စစီချည်ကာ ယောကျ်ားကြီးနှစ်ယောက်က ထမ်းတက်လာကြသည်။

အထမ်းနှင့်တက်လာကြသော လူနှစ်ယောက်ကြားထဲက စောင်ထဲတွင် လူနာတစ်ယောက်ယောက် ပါလာပြီဆိုသည်ကိုတော့ ခင်အေးသီက အတွေ့အကြုံအရ ချက်ချင်းသိလိုက်လေသည်။

ရုတ်တရက် သူ့ရင်ထဲထိတ်ခနဲဖြစ်သွားသည်။

ဤမင်းတောင် နယ်သူနယ်သားများမှာ မြို့ပြနှင့်စာလျှင် စရိုက်ကြမ်းသည်ဟု ဆိုရမည်။ တဆိတ်ရှိ သတ်ကြ၊ ပုတ်ကြ၊ ခုတ်ကြ၊ ထစ်ကြနှင့်။ သူတို့လက်သုံးစကားကတော့ . . .

"ယောကျ်ားများပီသစွာ ပြဿနာကို ဖြေရှင်းကြသည်"

ဟုဆို၏။

ထို့ကြောင့် အဖြူရောင်နယ်မြေ ဖြစ်လာသည်မှာလည်း မကြာသေး။ အလယ်တန်းကျောင်းရထားသည်မှာ သုံးနှစ်ကျော်ရှိပြီး ဖြစ်သော်လည်း ကျန်းမာရေးဆေးပေးခန်း ဖွင့်ဖြစ်သည်မှာတော့ ခြောက်လခန့်သာရှိသေးလေသည်။

အထမ်းသမားများ ဆေးခန်းနှင့်နီးလာသဖြင့် ခင်အေးသီက ဆေးခန်းထဲ ပြေးဝင်လာ၏။

"အေးသီ . . ဘာလဲဟ"

ဆေးခန်းထဲတွင် သတင်းစာအဟောင်းများကို စုဖတ်နေသော နော်မူမူလေးက ပျာပျာသလဲ ဝင်လာသော ခင်အေးသီကို လုံးဝ မကြည့်ဘဲ မေး၏။

"လူနာ နေမှာပေါ့"

"ဘယ်လူ လူနာပါလိမ့်"

"မူမူတို့လူနာနေမှာပေါ့၊ တို့လူနာဆို ဆေးခန်းဘယ်လာမှာလဲ၊ အိမ်ခေါ်မှာပေါ့ဟ"

www.burmeseclassic.com

www.burmeseclassic.com

"ဒီအရပ်က ဆေးခန်းဖွင့်ခါစဆိုတော့ တစ်ခါတစ်ခါ မွေးလူနာတွေကိုလဲ ဆေးခန်းထဲ ခေါ်လာတတ်ကြတာ မင်းမှ မတွေ့ဖူးတာ"

ဤဆေးခန်းကို သူ့ထက် တစ်လနှစ်လစော၍ ရောက်နှင့်နေသော နော်မူမူလေးက ပြန်ပြော၏။

ခင်အေးသီမှာ သားဖွားဆရာမ၊ နော်မူမူလေးက သူနာပြုဆရာမ။ ထို့ကြောင့် ခင်အေးသီက ..

"တို့လူနာဆို ဆေးခန်းဘယ်လာမှာလဲ၊ အိမ်ခေါ်မှာပေါ့"

ဟု စောစောက ပြောခြင်းဖြစ်သည်။ ယခု တစ်ခါ တစ်ခါ မွေးလူနာတွေကိုလည်း ဆေးခန်းထဲ မသိသားဆိုးရွားစွာ ခေါ်လာတတ်ကြသည်ဆိုသဖြင့် အံ့ဩသွားလေသည်။

"တို့ ဆေးခန်း စ,ဖွင့်တုန်းကဆိုရင်" ဟူသော နော်မူမူလေး၏ စကားမဆုံးခင်ပင် အထမ်းနှင့်တက်လာကြသော လူနာက ဆေးခန်းထဲရောက်လာ၏။

လူနာမှာ ဖျင်ကြမ်းအကျီလက်ရှည်၊ စစ်ဘောင်းဘီ၊ စစ်ဖိနပ်ဟောင်းများနှင့် ဖြစ်သဖြင့် သစ်တောနှင့် လမ်းလုပ်ငန်းဌာနမှ အလုပ်သမားတစ်ယောက်ယောက် ဖြစ်နိုင်သည်ဟု ခင်အေးသီတွေးလိုက်သည်။ ဤအရပ်၊ ဤဒေသတွင် စစ်ဘောင်းဘီ၊ စစ်ဖိနပ်ဟောင်း ဝတ်သူတွေမှာ ဤနှစ်ဌာနက လူများသာ ရှိလေသည်။

သို့သော် လူနာအား ထမ်းလာကြသူနှစ်ဦးမှာ ဒေသခံ ယာသမားများသာဖြစ်နေပြန်သဖြင့် စဉ်းစားရ ကျပ်သွားပြန်သည်။ လူနာ၏ဒဏ်ရာမှာ ခြေသလုံးကြွက်သားအထက်တွင် ဖြစ်ပုံရသည်။

ဘောင်းဘီရှည်ကို လိပ်ခေါက်၍ စွပ်ကျယ်ညစ်ထေးထေး တစ်ထည်နှင့် ပတ်တီးစည်းလာကြသည်။ ထည့်ထမ်းလာသော စောင်ကြမ်းနှင့် ဘောင်းဘီ၊ စစ်ဖိနပ်တို့မှာ သွေးစိမ်းတွေက လျှံကျ၍ ရဲရဲနီလာ၏။ ဒဏ်ရာအတော်များမည်ဟု ချက်ချင်းသိလိုက်သည်။

ဆေးခန်းထဲရှိ လူနာခုတင်လုပ်ထားသော ကွပ်ပျစ်ပေါ်တွင်



ချရန် နော်မူမူလေးက လှမ်းပြောလိုက်၏။ လူနာမှာ နော်မူမူလေးနှင့် တိုက်ရိုက်သက်ဆိုင်နေသော လူမမာဖြစ်သဖြင့် ခင်အေးသီက လူနာကိုသာ ငေးကြည့်နေသည်။

"ဩော် .. ဆရာမ၊ ကိုကြည်မောင် မရှိဘူးလား ခင်ဗျာ"

လူနာက ဒဏ်ရာရလာသော သူ့ခြေထောက်တစ်ဖက်ကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ထားရင်းက ဆေးမှူးကိုမေး၏။

"ဆေးမှူး ကာကွယ်ဆေးထိုးပေးဖို့ တောင်ပေါ်ရွာဘက် မနက်ကပဲ တက်သွားပါတယ်ရှင်"

နော်မူမူလေးမှာ လူနာ၏အမေးကို ပြန်သာဖြေလိုက်ရသော်လည်း၊ လူနာကို ကုသမှုပေးရန် ချက်ချင်းအလုပ်ရှုပ်သွားသည်။ ထို့ကြောင့် လူနာကို မကြည့်အားသေး။

ဒဏ်ရာများသည်ဟု ထင်ရသော်လည်း လူနာက ယခုလို မေးဖော်ရသည်ကိုပင် ခင်အေးသီကတော့ ဝမ်းသာသွားသည်။

ခင်အေးသီမှာ အခိုက်အတန့် အကူသာဖြစ်သော သားဖွားဆရာမဖြစ်သဖြင့် ဤလို အနာစိမ်းဝေဒနာရှင်များကို အတွေ့အကြုံများသူမဟုတ်။ ယခု ဝင်ရောက်ကူညီရသည်မှာလည်း ဆေးမှူးနှင့် နောက်ဆရာမတွေ မရှိကြ၍သာ။

အမှန်မှာ ဤလူနာမျိုးသည် သူနှင့် လုံးဝမဆိုင်။ သွေးကွက်ကြီးတွေကိုမြင်ရသဖြင့် ..

"လူနာ သတိမှ ရပါလေစ"

ဟုတွေးမိရာမှ လူနာက ကျန်းမာရေးမှူးကို မေးသံကြားမှ ခင်အေးသီမှာ သက်မချနိုင်တော့သည်။

နော်မူမူလေးတို့အနေနှင့် ကတော့ ရိုးနေပြီးနှင့်တူ၏။ ကျန်းမာရေးမှူး မရှိသော်လည်း သူက မျက်နှာတစ်ချက်ကလေးမှ မညို။ လူနာကို အမြန်ဆုံးကုသမှုပေးနိုင်ရန်သာ စိတ်စောဆောင်ရွက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ"

"မားခုတ်ရှတာ ဆရာမ"

"ဟော ..."

နော်မူမူလေးပျက်လုံး မသိမသာပြူးသွား၏။ ခင်အေးသီကမူ ရင်ထဲ ကတုန်ကယင်နှင့်။

လူနာကို ဆေးဝါးကုသပေးရန်အတွက် စက်ရုပ်တစ်ရုပ်လို အလုပ်ရှုပ်နေသော နော်မူမူလေး၏လက်သည် ရုတ်တရက် တုံ့ဆိုင်းသွား၏။

"မားခုတ်ကြွတဲ့လူနာဆိုရင် ရဲဌာနကို အရင်ပို့မှပေါ့ရှင့်၊ အမှု တိုင်ပြီးပလား"

လူနာကို သေသေချာချာမကြည့်အားသေးဘဲ ဆေးပုလင်း၊ ဆေးထိုးအပ်၊ ပတ်တီးလိပ်တွေနှင့် အလုပ်ရှုပ်နေသော နော်မူမူလေးက ထပ်မေးသည်။

"မဟုတ်ပါဘူးဆရာမ၊ ကိုဘာထီးက မပြောတတ်လို့ပါ၊ သစ်ပင်ခုတ်ရင်း မားရိုးကျွတ်ပြီး ခြေသလုံးပေါ်ကျလို့ မားရှသွားတာပါ"

လူမမာက ခေါင်းတစ်ချက်မော့လာပြီး ပြန်ပြော၏။

အမှန်မှာ အထမ်းသမား၏ အသံက ဝဲနေပြီး ..

"မားခုတ်ရှတာ" ဟုပြောသည်ကို နော်မူမူလေးက ..

"မားခုတ်ကြွတာ" ဟုကြားသဖြင့် ဖြစ်သည်။ မားခုတ်ရင်း ရှသည်ဟူသော သူတို့အရပ်စကားကို နော်မူမူလေးက ရုတ်တရက် နားကြားလွဲခြင်းဖြစ်သည်။ ယခု လူနာကိုယ်တိုင်က ဝင်ပြောမှ ရှင်းသွား၏။

"ရှင်တို့ တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်ပြီး ခုတ်ကြွတာတော့ မဟုတ်ဘူးနော်"

"မဟုတ်ပါဘူးခင်ဗျား၊ သစ်ပင်ခုတ်ရင်း မားရိုးကျွတ်ပြီး ရှတာပါ"



လူနာက စောစောကစကားကိုပင် ပြန်ပြောသည်။

နော်မူမူလေး၏ လှုပ်ရှားမှုနှင့်အတူ ခင်အေးသီမှာလည်း လူနာ မှတ်ပုံတင်စာအုပ်ဆီ ချက်ချင်းလက်ရောက်သွားရသည်။

"လူနာအမည်"

"အောင်ထွန်းပါ ခင်ဗျား"

"ဟင် ..."

ဟု ပါးစပ်က ရေရွတ်မိမလို ဖြစ်သွားသည်။

အောင်ထွန်း .. အောင်ထွန်းဟူသောနာမည်ကို ယခု တစ်ခါနှင့် ပါဆိုလျှင် သူ သုံးလေးခါထက်မနည်း ကြားဖူးပြီးပြီ။ လူချင်းလည်း တစ်ခါတွေ့ဖူးသည်ကို သတိရသဖြင့် အကြည့်တစ်ချက်က လူနာဆီ ရောက်သွားသည်။

ဒဏ်ရာရလာသည့်အပြင် စစ်ဘောင်းဘီ၊ စစ်ဖိနပ်၊ ဖျင်ကြမ်း အင်္ကျီနှင့်မို့သာ ရုတ်တရက် မမှတ်မိသော်လည်း နာမည်ကို ကြားလိုက်ရသောအခါတွင်တော့ ချက်ချင်းမှတ်မိသွားလေသည်။

"ဪ .. သူ .. သူကို"

******************

မင်းတောင်တွင် ကျန်းမာရေးဆေးပေးခန်းဖွင့်ရက်ကို ဒီဇင်ဘာ လေးရက်နေ့ဟု သတ်မှတ်ပြီးမှ ဇန်နဝါရီ လေးရက်ကို ပြန်ရွှေ့ ကြသည်။

အကြောင်းမှာ ကိုအောင်ထွန်းဆိုသူ ခရီးလွန်နေ၍ဟုဆို၏။

"ဒီလူတစ်ယောက်မရှိတာနဲ့ ကျန်းမာရေးဆေးပေးခန်းကို တစ်လတိတိ ရွှေ့ဆိုင်းလိုက်ရအောင် သူက ဘာကောင်မို့လဲ"

ဟု ခင်အေးသီ ဒေါသထွက်မိသည်။

ကျန်းမာရေးမှူးဖြစ်သူ ဦးကြည်မောင်ကမူ ..

"ဒီဆေးခန်းဖြစ်မြောက်အောင် သက်ဆိုင်ရာ တာဝန်ရှိသူများ၊

www.burmeseclassic.com

www.burmeseclassic.com



အဆင့်ဆင့်ထိ ကမကထပြုပြီး ဆောင်ရွက်တာက သူကိုးဗျ၊ မင်းတောင် တစ်နယ်လုံးက စိုက်ပျိုးရေးကျောင်းဆင်းလူငယ် ပညာတတ်ဆိုတာလဲ သူတစ်ယောက်ပဲရှိတာတဲ့၊ ပြီးတော့ ‥ ခု ဆေးခန်းဆောက်ထားတဲ့ မြေကလဲ သူတို့တိုးဘွားပိုင်မြေလို့ပြောတယ်၊ အဲဒီမြေကို သူ့အဖေက သိပ်လှူချင်တာမဟုတ်ဘူးတဲ့၊ အဲဒါ သူ့အဖေကို မြေလှူအောင်လဲ သူပဲဆွဲဆောင်ပြောကြားခဲ့တာတဲ့၊ အဲဒါကြောင့် ကျေးရွာအုပ်စု လူကြီးတွေကလဲ သူပြန်လာမှ ဆေးခန်းဖွင့်ပါလို့ ပြောတယ်၊ သူရှိရင် ကျေးလက်လူထုတွေအတွက်ရော၊ ဆေးခန်း အမှုထမ်းကြရမယ့် ကျွန်တော်တို့၊ ဆရာမတို့အတွက်ပါ အများကြီး အထောက်အကူပြုပါလိမ့်မယ် ဆိုတာနဲ့ ရက်ရွှေ့လိုက်ရတာပဲ ဆရာမရယ်''

ဟုဆိုသည်။

ကျန်းမာရေးဆေးပေးခန်းတစ်ခု၏ ဖွဲ့စည်းပုံဇယားထဲတွင် မိမိမှာ တစ်ဦးအပါအဝင်ဖြစ်သော်လည်း ဆေးမှူးလောက်တော့ အရေးပါသူမဟုတ်။ ထို့ကြောင့်လည်း ထိုစဉ်က ဘာမှ နောက်ထပ် မမေးမိ၊ မပြောမိခဲ့။

မင်းတောင်တွင် ကျန်းမာရေးဆေးခန်းဖွင့်သောနေ့ကလည်း အဝတ်သေတ္တာများပင် ကျန်းမာရေးဆေးအဖွဲ့နှင့် ပါသွားပြီးဖြစ်သော်လည်း သွားခါနီးမှ အမေနေမကောင်း၍ ကျန်နေခဲ့ရ၏။ ထို့ကြောင့် ဆေးခန်းဖွင့်ပြီး နှစ်လကျော်ကြာမှ ရောက်လာရသူဖြစ်သည်။

မင်းရွာရှိ ဆေးခန်းနှင့် ကမ်းလွန်သာမြို့မှာ တစ်ဆယ့်ငါးမိုင်ခန့်သာရှိသော်လည်း တောင်ပေါ်လမ်းအတက်ချည်းဖြစ်သဖြင့် သုံးလေးနာရီကြာသည်။ သည်ကြားထဲ ကားတွေကလည်း အစုတ်အပြတ်တွေကို ဖြစ်သလို ပြုပြင်သွားလာနေကြရသော ကားများချည်းဖြစ်ရာ အန္တရာယ်လည်း များသည်။ မင်းတောင်နယ်တက်သောကားတွေ ချောက်ထဲကျသံကိုလည်း တစ်နှစ်လျှင် တစ်ခါဆိုသလို ကြားကြား



နေရသည်။

ထို့ကြောင့် ခင်အေးသီ မင်းရွာဆေးပေးခန်း လိုက်သွားရမှာ စိတ်ထဲရှုံ့နေမိသည်။ မင်းရွာဆေးပေးခန်းမသွားမီ တစ်နေ့ မင်းတောင်နယ်သွား ကားဂိတ်ကို သွားကြည့်မိ၏။

မြင်ရုံကြားရုံနှင့် စိတ်ပျက်သွားမိသည်။ မင်းတောင်နယ်တက်မည့် ကားကြီးမှာ မည်သည့်အမျိုးအစားဟု မသိလောက်အောင် ပြုပြင်မှုတွေက များလွန်းနေသည်။ ဟွန်းကလွဲလျှင် အားလုံးမြည်သည်ဆိုသောကားမျိုး။ အမိုးက လုံးဝမပါ။ ဘေးနှစ်ဖက်တွင်တော့ သစ်သားတန်းတွေကို ခနော်နီခနော်နဲ့ ရိုက်ထား၏။ ကားပေါ်တွင် ဝန်စည်စလယ်အိတ်ကြီးအိတ်ငယ် အပြည့်နှင့်။ လူတွေကလည်း ငါးပိသိပ် ငါးချဉ်သိပ်။ ပြီးတော့ ဆဲကြ၊ ဆိုကြ၊ ရန်ဖြစ်ကြသံများက တစ်ကားလုံး ပွက်လောရိုက်နေ၏။

ငရုတ်အိတ်ကိုတက်နင်း၍ဆဲသံ၊ လူလူချင်းနင်းမိ၊ တိုက်မိ၍ ဆဲကြ၊ အော်ကြသံတွေကြားထဲတွင် ကားသမားများ၏ အပြောအဆိုကလည်း ကားပေါ်ရှိနေသူများကို သူတို့ကားကို အလကားတက်စီးနေကြသူများပမာ ပြောလိုက် ဆိုလိုက်ကြသည်မှာ ကြောက်စရာလန့်စရာပင်။

သို့သော် ခင်အေးသီတို့အနေမှာလည်း အစိုးရအမှုထမ်းဆိုတော့ မသွားမဖြစ်။ သည်တော့ ကားပေါ်တွင် ဖင်တစ်နေရာစာရဖို့အတွက် ကိုယ့်နည်း၊ ကိုယ့်ဟန်နှင့် ကြံဖန်ရသည်။ သူငယ်ချင်း ခင်ဖြူ၏အဖေ ဦးမြသန်းမှာ ကားသမားတွေနှင့်သိသည်ဆိုသဖြင့် အကူအညီတောင်းရသည်။ ကားဦးခေါင်းတွင် လိုက်ရရေးကို ဦးမြသန်းက ပြောပေးမည်ဟုဆိုသည်။

နံနက် ခုနစ်နာရီကျော်ကျော်မှာ ကားဂိတ်သို့ သွားကြသည်။ ကားမောင်းသူက ကားခေါင်းတွင် နေရာမရှိတော့ဟု ပြော၏။ ဦးမြသန်းက ‥

www.burmeseclassic.com

www.burmeseclassic.com



"လုပ်စမ်းပါ မောင်ဉာဏ်ရာ"

ဟုပြောသောအခါ ကားသမားက ...

"ကိုအောင်ထွန်း ပြောထားလို့ပါ ဦးလေး"

ဟုဆို၏။

ဦးမြသန်း စိတ်တိုသွားပုံရသည်။

"ဒီမှာလဲ မောင်အောင်ထွန်းတို့ မင်းရွှာဆေးပေးခန်းကို တာဝန်နဲ့သွားရတဲ့ ဆရာမပါမောင်ဉာဏ်ရာ၊ ဖြစ်နိုင်အောင် လုပ်ပေးစမ်းပါကွာ"

"ကျွန်တော် အားနာတယ် ဦးလေး၊ ကိုအောင်ထွန်း ပြောထားတာ တစ်ရက် နှစ်ရက်တောင် ရှိနေပြီ၊ မနေ့ကလဲ ဆင်ကုန်းဘုန်းကြီး အတွက် သူ့နေရာပေး .."

"မင်းတို့အောင်ထွန်းက ယောကျ်ားရင့်မကြီးပဲကွ၊ ဘယ်နေရာကလိုက်လိုက် ဖြစ်တာပဲ၊ ဒီမှာက မိန်းမသား"

"ကိုအောင်ထွန်းလာရင် ပြောကြည့် ဦးလေးရာ၊ ကျွန်တော်တော့ ဒီထက်မပြောတတ်တော့ဘူး၊ ဦးလေးတို့ဟာက ကြိုပြောထားတာလဲ မဟုတ်ဘဲနဲ့"

ကားသမားက ပစ္စည်းတစ်ခုကိုင်ပြီး ကားခေါင်းအောက် ပက်လက် အလျားတိုးဝင်သွား၏။ ဦးမြသန်းကို နောက်ထပ် လုံးဝ စကားမပြောချင်သည့်ပုံ။

"နေပါစေ ဦး၊ ပြောမနေပါနဲ့တော့၊ ကျွန်မ ဖြစ်သလိုပဲ လိုက်သွားပါ့မယ်၊ လူချည်းပဲ ပစ္စည်းပါတာမှ မဟုတ်တာ"

ကားသမားကပါ သိပ်ကျေနပ်ပုံမရသဖြင့် ခင်အေးသီက ဦးမြသန်းကို ပြောလိုက်သည်။

ဦးမြသန်းက မသိမသာ သက်ပြင်းရှိုက်လိုက်ပြီး ..

"နေပါဦး .. သမီးရယ်၊ မောင်အောင်ထွန်းက မရှိင်းပါဘူး သူလာရင် ဦးပြောပေးပါ့မယ်"



ဟု အားမလျှော့သံနှင့် ဆို၏။

ကားပေါ်မှ ရော ကားနားမှာပါ လူတွေအတော်များနေ၏။ မတ်တပ်ရပ်လိုက်ကြမည့်သူတွေနှင့် တွယ်စီးကြမည့် လူငယ်အချို့ကတော့ ကားပေါ်မတက်ကြသေး။

"ရပါတယ် ဦး၊ ကျွန်မ ကားပေါ်တက်တော့မယ်၊ ပြန်သာပြန်တော့"

ခင်အေးသီက စိတ်မြန်လက်မြန်နှင့် ကားပေါ်အတင်း တွယ်တက်သွားတော့ ဦးမြသန်းမှာ သက်ပြင်းချပြီး ကျန်ခဲ့သည်။

ခင်အေးသီကို အရှယ်ကောင်းတွေ စုထိုင်နေကြသော တောင်ပေါ်သူတွေနား ခင်အေးသီက တိုးထိုင်လိုက်တော့၏။

"အမယ်လေး .. လေး .. ကျုပ် .. ပစ္စည်းတွေတော့ ကျိုးကုန်ပါပြီတော်"

ဟု မိန်းမကြီးတစ်ယောက်က ထအော်သည်။

ခင်အေးသီမှာ လန့်ဖျပ်ပြီး ကမန်းကတန်း မတ်တပ်ထရပ်လိုက်ရသည်။

ရယ်သူက ရယ်ကြသလို၊ မဲ့သူက မဲ့ကြ၏။ တချို့ကမူ ဤခရီးသွားနေ လာနေကျမို့ ရိုးနေပြီးနှင့်တူ၏။ ထို့ကြောင့် အော်ကြ၊ ဟစ်ကြ၊ ဆဲကြ၊ ဆိုကြသည့်ထဲ ရယ်နိုင်ပြုံးနိုင်ကြသေး၏။

ခင်အေးသီသည် အံကိုတင်းတင်းကြိတ်ကာ ဖြစ်လိုရာဖြစ်စေတော့။ သုံးလေးနာရီခရီးကို မတ်တပ်ပင် လိုက်တော့မည်ဟု ဆုံးဖြတ်ကာ လုံးဝပြန်မထိုင်တော့။ ကားဘေးက သစ်သားတန်းတစ်ခုကို ဖွဲ့နှင့် မြဲမြဲဆုပ်ကိုင်ထား၏။

ကားပေါ်တွင် ခရီးသည်များနှင့် ပြည့်ကျပ်နေပြီ။ အောက်သို့ငုံ ညှော်လိုက်ပို့သူအနည်းငယ်နှင့် ကားဒရိုင်ဘာ၊ ကားစပယ်ယာတို့က မတ်တပ်ရပ်နေကြသည်။

ခင်အေးသီကိုလိုက်ပို့သော သူငယ်ချင်း ခင်မြအေး ဦးမြသန်း

www.burmeseclassic.com

www.burmeseclassic.com



ကို ညွှန်ပို့သူများထဲ လှမ်းကြည့်မိသည်။ မရှိတော့။ စိတ်ပျက်သွားသော ဦးမြသန်းပြန်သွားပြီဟု နားလည်လိုက်၏။

"ဟော့ . . မင်းတို့ကားက ခုထိ မထွက်သေးဘူးလားကွ၊ ကြို့ပင် ရောက်ရင်လဲ ထမင်းစည်သောက် နားကြဦးမှာ"

လူကြီးတစ်ယောက်က ကားပေါ်မှ မကျေမနပ်နှင့် စ,ပြောသည်။

""ဟုတ်တယ်လေဗျာ၊ သက်သက် အချိန်ပုပ်အောင်လုပ်နေ ကြတာ"

"ပြောမနေပါနဲ့တော့ ဦးလေးရာ၊ ဒီခရီးမှာ သူတို့သဘော ပေါ့ဗျာ၊ အတော်ကြာ ကြားသွားလို့ ကားပေါ်က ဆွဲချနေပါဦးမယ်"

ကားပေါ်ကလူများ အော်ဟစ်ပြောဆိုနေကြသည်ကို ကားသမား များကမူ လုံးဝမကြားဟန်ပြုနေကြ၏။ အေးအေးလူလူနှင့် ကွမ်းဝါး မပျက်၊ ဆေးလိပ်ဖွာမပျက်ပင်။

ထိုစဉ် ကားပေါ်ရောက်နေသူ လူငယ်တစ်ဦးက . . .

"ကိုအောင်ထွန်းမလာသေးလို့နဲ့တူတယ်ဗျ"

ဟုပြော၏။

"ကိုအောင်ထွန်းဆိုတာ ဒီကားကိုမောင်းမယ့် သူငယ်လား"

ဟု အဘိုးကြီးတစ်ယောက်က မအူမလည်နှင့် မေး၏။

"ကားသမား အသိ နေမှာပေါ့"

ဟု နောက်တစ်ယောက်က ရိုးသားစွာ ဆိုသည်။

"လာပြီ . . လာပြီ"

ဟု ကားအောက်က လူငယ်တစ်ယောက်ပြောသံကြောင့် ခင်အေးသီ လူကြားထဲမှ ကားအောက်ဘက်သို့ လှမ်းကြည့်မိသည်။

အိတ်ကြီးတစ်လုံးကိုလွယ်ပြီး ကားဂိတ်ဘက် လာနေသော လူရွယ်တစ်ဦးကို မြင်လိုက်ရသည်။ ကားပေါ်တွင် လူတွေများနေသဖြင့် သူ့ရုပ်ကိုမူ သဲသဲကွဲကွဲမမြင်ရ။ ကားသမားတွေနှင့် စကားခဏရပ်ပြော



နေကြသည်ဟု ထင်ရသော်လည်း ဘာပြောနေကြမှန်းမသိ။

ကိုအောင်ထွန်းဆိုသူက ချက်ချင်း ပြန်သွားသည်။ ကားစပယ်ယာက ကားပေါ်ရှိလူအုပ်ထဲ ခေါင်းပြူလာပြီး . .

"မင်းရွာဆေးပေးခန်းကို သွားမယ့်ဆရာမ ကားခေါင်းကို ကြွပါခင်ဗျာ"

ဟုလာပြော၏။

ခင်အေးသီ ချက်ချင်း ကားပေါ်ကခုန်ဆင်းလိုက်၏။ စပယ်ယာက . .

"လာပါ ဆရာမ"

ဟုပြောပြီး ကားခေါင်းရှိ ယာဉ်မောင်းဘေးကနေရာကို တံခါးလိုက်ဖွင့် ပေးသည်။

စောစောက နေရာမရသဖြင့် လူအုပ်ထဲ ညပ်နေခဲ့ရသော ခင်အေးသီမှာ ယခုမှ အသက်ဝဝရှူနိုင်တော့သည်။ ကားနောက်ပိုင်းမှာတုန်းက လူနံ့ ချွေးနံ့ တွေနှင့် မွန်းကျပ်ကာ အသက်ပင် ဝဝမရှူရဲခဲ့။ ယခုလို စပယ်ယာက ကြိုကြို ဆိုဆို လာလုပ်တော့လည်း ဘဝမြင့်ချင်သလိုပင် ဖြစ်မိသွားသည်။

သို့သော် ခင်အေးသီ ကားခေါင်းထဲရောက်၍ အသက်ဝဝပင်မရှူရသေး ပြဿနာက အကြီးအကျယ်တက်တော့၏။

ယာဉ်မောင်း မောင်ညာကျော်ဆိုသူက . .

"အားနာတယ်နော် ဆရာမ၊ ကိုအောင်ထွန်းက ကြိုပြီးပြောထားတဲ့လူ ဆိုတော့"

တုသောစကားပင် မဆုံးသေး လူကြီးတစ်ယောက်သည် ဒေါနှင့်မောနှင့် ကားခေါင်းနား ရှူးရှူးရှဲရှဲ ပြေးလာပြီး . .

"မင်းတို့လုပ်တဲ့ အကျင့်တွေက တော်တော်ကောင်းကြတယ် ဟုတ်လား၊ ငါ့အဘွား အသက်ခြောက်ဆယ်ကျော်ကြီး ဆေးရုံက ဆင်းလာရလို့ ကား ခေါင်းပေါ် ခဏတင်ပြီး ခေါ်သွားကြပါ

www.burmeseclassic.com

www.burmeseclassic.com



ငွေပိုပေးပါမယ် ပြောတုန်းကတော့ အရေးကြီးတဲ့ ဘီဘီအိုင် (ဗွီအိုင်ပီ) လူကြီးတစ်ယောက် လိုက်မယ်ဆိုကွ၊ ခုကျတော့ ကောင်မလေးတစ်ယောက်၊ ဒါအရေးကြီးတဲ့ လူကြီးလား၊ မင်းတို့ ကားသမားတွေ အကျင့်က . .

" ဟုတ်တယ်"

" ဟုတ်တယ်"

" မှန်၏ "

" မှန်၏ "

ကားပေါ်ရှိ လူငယ်တွေက လူကြီး၏စကားကို ဝိုင်း၍ထောက်ခံအော်ဟစ်ကြသည်။

ခင်အေးသီမှာ ရှက်ရှက်နှင့် တံခါးကို ဝုန်းခနဲဆွဲဖွင့်ပြီး ကားခေါင်းပေါ်က ခုန်ဆင်းလိုက်၏။

ခင်အေးသီက ရုတ်တရက် ခုန်ဆင်းလိုက်သဖြင့် ကားဒရိုင်ဘာအား ဆဲဆိုနေသူ လူကြီး၏စကားမှာ ရပ်သွားသည်။

"ဒီမှာဦး၊ ကျွန်မဟာ မင်းရွာဆေးခန်းကို တာဝန်နဲ့သွားရမယ့် ကျန်းမာရေးဝန်ထမ်းတစ်ဦးပါ၊ ကျွန်မ ကားခေါင်းထဲမှာ နေရတာလဲ ကိုအောင်ထွန်းဆိုတဲ့သူက မလိုက်ဖြစ်လို့ပါ၊ အရေးကြီးတဲ့ ဗွီအိုင်ပီတစ်ယောက်လဲ မဟုတ်ပါဘူး၊ ဦးရဲ့အဘွား လူမမာကားပေါ်ပါနေမှန်း မသိလို့ပါရှင်၊ ကျွန်မတောင်းပန်းပါတယ်"

"ကလေးမကို ဦးအပြစ်မတင်ပါဘူး၊ ဒီကောင်တွေ ဒီလိုပဲလုပ်နေကြတာကို ဦးဒေါသ . . "

"ခင်ဗျာတလဲ ဘာမှန်းမသိဘဲ ကျုပ်တို့ကို အပြစ်ပြောဖို့ပဲ ကြည့်နေကြတာ "

ဟု ဒရိုင်ဘာက ပြောသည်ကို ခင်အေးသီက လက်ကာပြလိုက်၏။

"ဦးမောင်ညာဏ်ရှင်၊ ဦးပြောတဲ့ လူမမာအဘွားကို ကားခေါင်းထဲ

"အမေနာမည် ဦးဘအောင်ပါ ခင်ဗျား"



တင်သွားလိုက်ပါရှင်၊ အသက်ကြီးတဲ့ လူမမာဆိုတာက ဦးပြောသလို အရေးကြီးပါတယ်၊ ကျွန်မ နောက်ကပဲ လိုက်ပါရစေ၊ ကဲ . . ဦးအဘွားကို ခေါ်ရအောင် လာပါ၊ ဦးလဲ ဦးမောင်ညာဏ်တို့ကို ဘယ်လိုမှ အပြစ်မမြင်ပါနဲ့၊ ကဲ . . လာ . . လာပါ"

ဤတစ်ခါတော့ ယာဉ်မောင်း ကိုမောင်ညာဏ်ဆိုသူကပါ ကားပေါ်ကဆင်းပြီး ဆေးရုံဆင်းစ လူမမာ အဘွားကြီးကို ကားခေါင်းထဲ တွဲပို့ကြရ၏။

ဆေးရုံကဆင်းလာသည်ဆိုသော အဘွားအိုမှာ ဘုရားတ တတ နှင့် ကားခေါင်းထဲ ရောက်သွားရသည်။

ပြဿနာမျိုးစုံနှင့် ကားနောက်ပိုင်း လူအုပ်ထဲပြန်ရောက်လာသော ခင်အေးသီကို ထိုအခါမှ ကားပေါ်ရှိလူတိုင်းက ဝိုင်းကြည့်ကြ၏။ ခင်အေးသီမှာ အရှက်သည်းသော မျက်နှာနှင့် ခေါင်းငုံ့ထားမိသည်။

မင်းရွာဆေးပေးခန်းကိုသွားမည့် ကျန်းမာရေးအမှုထမ်းတစ်ဦးမှန်းသိသွားကြ၍လားမသိ၊ ဤတစ်ခါတော့ ကျပ်ညပ်နေသည့်ကြားထဲကပင် ခင်အေးသီကိုလိုလိုလားလား လေးလေးစားစား နေရာလေးကျဲ့ယို့ပေးကြ၏။

ခင်အေးသီမှာ တစ်လမ်းလုံး ဘယ်လိုမျက်နှာထားရမှန်းမသိ၊ မင်းရွာ ဘေးဂိတ်ကိုရောက်မှ ကားပေါ်က အလျင်စလို ခုန်းချလာခဲ့ရ၏။

သည်လိုနှင့် ခင်အေးသီ မင်းရွာဆေးပေးခန်းသို့ ရောက်လာရလေသည်။

ယခုအခါ ကိုအောင်ထွန်းဆိုသူနှင့် တြုံပြိုင်ပြီး ဆေးမှူး ဦးကြည်မောင် လည်းမရှိ၊ ဘာပြဿနာများ ပေါ်လာပြန်ဦးမည်နည်းဟုပင် တွေးမိလိုက်၏။

သူ့ကိုလှမ်းကြည့်ပြီး "အဝအမည်" ဟုမေးလိုက်စဉ်

www.burmeseclassic.com

www.burmeseclassic.com



ဦးဘအောင် . . .

ဤတစ်ခါမှ ခင်အေးသီမှာ ပို၍တုန်လှုပ်သွားမိသည်။

ငယ်စဉ်က ဘွားဘွားတို့ မေမေနှင့် ကြုံခဲ့ရသော မင်းတောင်က ဦးဘအောင်ဆိုသူမှာ ဤကိုအောင်ထွန်း၏ အဖေပါလား။

ခင်အေးသီတို့အဖေနှင့် အကြီးအကျယ် ပြဿနာဖြစ်ခဲ့ကြသည်ဆိုသော မင်းတောင်က ဦးဘအောင်ဆိုလျှင်တော့ . .

မြသလား၊ မည်းသလားပင် တစ်ခါမျှ မမြင်ဖူးသေးသော ဦးဘအောင်ဆိုသူဆီ ခင်အေးသီ၏စိတ်က ချက်ချင်းရောက်သွားဖြစ်သည်။

* * * * * * * * * * * * *

ဘယ်လိုမှ မေ့မနိုင်သော နေ့တစ်ည။

အမေသည် သဲချောင်းများ ကြက်သွန်သွားစိုက်ရာမှ ပြန်လာ၏။ အမေ ထိုင်ပင်မထိုင်ရသေး၊ အဖေ အူယားဖားယားပြေးလာသည်။ ခုနှစ်နှစ်သမီးခ သာရှိသေးသော ခင်အေးသီနှင့် အဖေ၏အမေအဘွားတို့က အဖေ့ကို ငေးကြည့်နေကြသည်။

"တော်က ဘယ်လိုဖြစ်လာတာတုံး"

အမေက မေး၏။

"ဖြစ်လာတာတော့ မမေးနဲ့အေးရင်၊ လောလောဆယ် ငါရှောင်နေမှဖြစ်မယ်"

"တင် . . ဘာ၊ ဘာဖြစ်လို့လဲ"

"ဦးဘအောင်က သူ့လယ် သူ့ကိုင်းတွေကိုလုပ်တဲ့ ကိုင်းသမားလယ်သမားတွေကို သီးစားခမပေးဖို့ စည်းရုံးနေတယ်ဆိုတာ ဟုတ်သလားလို့ ကျွန်တော့်ကိုခေါ်မေးတယ်၊ ကျွန်တော်က လုံးဝမပေး



ကြဖို့ ကျုပ်ကပြောတာမဟုတ်ဘူး။ ခါတိုင်းနှစ်တွေလိုတော့ ကျုပ်တို့ မပေးနိုင်ဘူး၊ ဒီနှစ် မိုးခေါင်ရေရှား ဘယ်လောက်ဖြစ်တယ်ဆိုတာ ဦးအသိပါလို့ပြောတော့ မင်း လူလည်လုပ်တယ်၊ သီးစားတိုက်ဖို့ ခေါင်းဆောင်တာ မင်းပဲ ဆိုတာကစပြီး ကျွန်တော်နဲ့ စကားများကြတယ်၊ ကျွန်တော်လဲ စိတ်ဆိုးပြီး ခွေးပြောဝက်ပြော ပြောပစ်ခဲ့တယ်၊ ဒီနှစ်အခြေအနေ . ."

"ခက်လိုက်တာသားရယ်၊ ကိုယ်နှိုက်က ဦးဘအောင်ရဲ့ ကိုင်းတွေကို လုပ်နေရတာ၊ ဘာလို့ ကန္တကောစ ပြောရတာလဲ။ ဒုက္ခပါပဲ၊ ဦးဘအောင်အကြောင်းလဲ သိသားနဲ့"

အဘွား၏ စကားမဆုံးခင် အမေက ငိုသည်။

"ငိုမနေနဲ့ အေးရင်၊ ဒီကောင်ကြီး ငါတို့ကို ခေါင်းပုံဖြတ်လာတာကြာပြီ၊ အဖေတို့အမေတို့ တစ်သက်ပဲ၊ ငါမခံနိုင်တော့ဘူး။ ဖြစ်ချင်ရာဖြစ်တော့"

မင်းတောင် နယ်တပိုက်တွင် ဦးဘအောင်ဆိုသူမှာ ပစ္စည်းဥစ္စာ ချမ်းသာသလို မိုက်ဂုဏ်လည်းရှိသည်။ တစ်နယ်လုံးတွင် ဩဇာတိက္ကမ ကြီးသလို အာဏာသားတွေလည်း မွေးထားသည်ဟုဆို၏။

ထို့ကြောင့် ဦးဘအောင်၏ရန်ကိုကြောက်ကာ ထမင်းစားပြီးသည်နှင့် အဖေအိမ်ကထွက်သွားလေသည်။

သည်အတိုင်းဆိုလျှင် ဦးဘအောင်၏လယ်တွေ ကိုင်းတွေကို နောက်နှစ်လုပ်ရတော့မည်မဟုတ်။ မည်သို့ လုပ်ကိုင်စားသောက်ကြတော့မည်နည်းဟု အမေနှင့် အဘွားတို့က တအီးအီး ငိုနေကြသည်။

ခင်အေးသီလည်း လူကြီးများနည်းတူ ရောငိုမိလေသည်။

ညနေစာ ထမင်းစားပြီး ဘယ်လောက်မှမကြာ အဖေ၏နာမည်ကို အိမ်ရှေ့မှလူတစ်ယောက်ခေါ်သံ ကြားရသည်။

အမေနှင့် အဘွားက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ရုတ်တရက် ဘာမှပြန်မပြောဝံ့ကြ။ ထိတ်ထိတ်ပျာပျာဖြစ်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုသောင်းမြင့် မရှိဘူးလားဗျို့"

"ရှိပါတယ်၊ အဲ ‥ မောင်သောင်းမြင့်တော့ မရှိပါဘူးကွယ်၊ အမေရှိပါတယ်၊ ဘယ်သူတွေလဲကွယ့်၊ ဘာကိစ္စလဲ၊ ဝင်ကြပါဦးလား"

အဘွားဓါ်စကားပင်မဆုံး၊ လူတစ်ယောက် အိမ်ထဲဝင်လာ၏။

"ကိုသောင်းမြင့်ဘယ်သွားလဲ အမေကြီး"

"ဦးဘအောင်ခေါ်လို့ဆိုပြီး နေ့ခင်းကပဲထွက်သွားတာ ခုထိပြန်မလာသေးဘူးကွယ့်၊ တစ်စုံတစ်ခုခိုင်းထားတာ ဖြစ်ပါလိမ့်မယ်"

ပြန်သွားပြီဗျ၊ ကျွန်တော်တို့ကိုပြောတော့ အိမ်ကစောင့်နေမယ်၊ လာခဲ့ကြပါမှာထားလို့"

ဆီမီးခွက် မှိတ်တုတ်မှိတ်တုတ်အလင်းရောင်ထဲတွင် ရုပ်ရည်နှင့် အသက်အရွယ်ကို မခန့်မှန်းတတ်သော လူကြီးတစ်ယောက်သည် ပြောပြောဆိုဆိုနှင့် အိမ်ခန်းထဲတန်းဝင်သွားသည်။

အမေနှင့်အဘွားမှာ ဘာမှပြန်မပြောရဲကြ။

အိမ်နားဝန်းကျင်တွင် လက်နှိပ်ဓာတ်မီးရောင်များ ဝင်းခနဲ လက်ခနဲ ရှပ်ယှက်ခတ်နေကြသည်ကို မြင်ရခြင်းအားဖြင့် အာဂန္တုဧည့်သည်တွေမှာ သုံးလေးယောက်တော့ရှိမည်ဟု ခန့်မှန်းရသည်။

အိမ်ထဲဝင်သွားသူသည် လက်နှိပ်ဓာတ်မီးနှင့် တစ်အိမ်လုံး မွှေနှောက်ထိုးရှာပြီး အိမ်နောက်ဘက်ရောက်အသွားမှာ အဘွားက

"ဘာကိစ္စလဲ သားတို့ရယ်၊ အရေးကြီးလို့လား"

ဟု တုန်တုန်ယင်ယင် မေးလိုက်၏။

ဘာမှ ပြန်မပြောကြ။

"သားတို့က ဘယ်ကလဲ၊ မောင်သောင်းမြင့်လာရင် အမေ ဘာပြောလိုက်ရမလဲ"

"ကျွန်တော်တို့ ဒီရွာအနောက်ပိုင်းကပါ။ ဦးဘအောင်ရဲ့ လယ်တွေကိုင်းတွေကို ကိုသောင်းမြင့်နဲ့ အတူလုပ်ကြတဲ့ လယ်ကျွန်ကိုင်းကျွန်တွေပါ၊ သီးစားခကိစ္စ ကိုသောင်းမြင့်နဲ့ တိုင်ပင်စရာရှိလို့



လာကြတာပါဗျာ၊ ခု ဒီလူဘယ်သွားနေလဲ၊ သေသေချာချာ ချိန်းထားတာ"

"မပြောတတ်ပါဘူးကွယ်၊ ဦးဘအောင် ခေါ်လို့သွားတယ်"

အဘွား၏ စကားမဆုံးခင်မှာပင် ထိုလူကြီး အိမ်ပေါ်ကပြန်ဆင်းသွား၏။

"ဒီလူဗျာ ‥ သေသေချာချာ ချိန်းထားလျက်နဲ့"

ဟူသောစကားကိုတော့ အိမ်ရှေ့အမှောင်ထဲက ကြားလိုက်ရသည်။

"သမီးသိလား၊ ခုခေတ်လူငယ်တွေ အမေတော့မသိဘူး၊ ဪ ‥ ဘယ်လူ့သားတွေလဲတောင် မမေးမိလိုက်ဘူး"

"အနောက်ပိုင်းကလူတွေလို့ ပြောတာပဲအမေရယ်၊ သမီးလဲ မသိပါဘူး၊ သူတို့ကြည့်ရတာ ကိုသောင်းကို တစ်စုံတစ်ခု ရန်ရှာမယ့်ပုံပါအမေ"

"ညညယောကျ်ားကလေးလဲ နိုင်ငံရေးယောင်ယောင်၊ ဘာယောင်ယောင်နဲ့ ဒုက္ခပါပဲကွယ်၊ အမေ စိတ်ညစ်လိုက်တာ"

အမေကမူ ဘာမှပြန်မပြောတော့ပဲ ရှိုက်နေ၏။

မိုးလင်းပိုင်းတွင် အဖေ့ကိုပြန်တွေ့ရသည်။ သို့သော် ခဏသာ။

အဘွားနှင့်အမေတို့က ညကအဖြစ်အပျက်တွေကိုပြောပြတော့ အဖေက ဘာမှန်ပြန်မပြောဘဲ ခဏငိုင်နေ၏။

"မြို့ကိုဆင်းဦးမယ်" ဟုပြောပြီး အဖေအိမ်က ဆင်းသွားပြန်သည်။ အမေနှင့် အဘွားကိုမူ အဖေက ဘာပြောခဲ့သည်မသိ။

"အဲဒါပဲကောင်းပါတယ်သားရယ်၊ ဆင်းရဲတာကို အမေ မကြောက်ပါဘူး၊ စိတ်ချမ်းချမ်းသာသာနဲ့ အသက်အန္တရာယ်မရှိတဲ့ အရပ်မှာနေရတာ ပိုကောင်းပါတယ်၊ ဒီမင်းတောင်နယ်မှာတုံးက မင်းကြားစိုးကြား နေရတာ၊ တရားဥပဒေဆိုတာကလဲ သူတို့လက်ထဲမှာပဲရှိတာ"

www.burmeseclassic.com

www.burmeseclassic.com



အဘွားပြောသောစကားတွေကို ခင်အေးသီ ကောင်းကောင်း နားမလည်သော်လည်း ဤအရပ်ကနေပြီး တစ်ရပ်တစ်ကျေးကို ပြောင်းကြရတော့မည်ဆိုသည်ကိုတော့ နားလည်လိုက်မိသည်။

******************

ကမ်းလွန်သာ၏ မြို့စွန်မြို့ဖျားက ရပ်ကွက်တစ်ကွက်၏ အစွန် အဖျားကျသော အခန်းကျဉ်းတစ်ခုထဲ နေခဲ့ရသည်။

အဖေက စပါးစက်တွင် ကူလီထမ်းသည်။ အမေကလည်း ထို စပါးစက်တွင်ပင် စပါးသယ်သည်။ အဘွားနှင့်ခင်အေးသီက အခန်းထဲ နေကြရ၏။

အဖေအမေတို့က ခင်အေးသီကို လောကဓာတ်ကျောင်း ထားပေးကြသည်။ ခင်အေးသီတို့အတန်းမှာ ခင်အေးသီက အသက် အကြီးဆုံး။ သို့သော် ရှက်ရမှန်းမသိ။ ကလေးတွေအားလုံးထက် စာတော်သဖြင့် ဆရာ၊ ဆရာမတွေကလည်း အရေးပေးကြသည်။ တံမြက်စည်းလှည်း၊ သောက်ရေခပ် အလုပ်ကို ခင်အေးသီ သန့်သန့် ရှင်းရှင်း၊ သပ်သပ်ရပ်ရပ် လုပ်တတ်သဖြင့် ဆရာ၊ ဆရာမတွေက ချစ်ကြသည်။

စပါးစက်နားတွင် အဖေတို့ အိမ်တစ်လုံးရသောနှစ်မှာ ခင်အေးသီ လေးတန်းအောင်သည်။ ထိုနေ့က အဖေ၏စကားသံမှာ ဝမ်းသာအားရရှိလှသည်။

''တို့ ဦးဘအောင်ကို ကျေးဇူးတင်ရမယ်၊ ဦးဘအောင်ကြောင့် မြို့ကိုရောက်လာရပြီး ခု သမီးငယ် လေးတန်းအောင်ပြီ၊ မင်းရွာမှာ နေရင် စာတောင်တတ်မှာမဟုတ်ဘူး။ သမီးကို ဘီအေ အိုင်အေ အောင်အောင် အဖေတို့ကျောင်းထားပေးမယ်၊ သမီး စာကြိုးစား သင်နော်၊ ခု အဖေက လေးတန်းတောင်မအောင်လို့ တာလီစာရေးပဲ ရတယ်၊ သမီးလို လေးတန်းအောင်ရင် စာရေးကြီးတောင် ဖြစ်နိုင်



တယ်ကွယ်''

အဖေ၏စကားကို အလုံးစုံနားမလည်သော်လည်း ယခုအခါ အဖေက စပါးစက်တွင် စပါးထမ်းကူလီမဟုတ်တော့ ဆိုတာတော့ နားလည်လိုက်သည်။

အဖေ့စကားကို မြေဝယ်မကျ နားထောင်ခဲ့သော ခင်အေးသီ ခုနစ်တန်းအောင်သောနှစ်မှာ တိုင်းပြည်၌ မင်းပြောင်းမင်းလွဲ ဖြစ်သည်။ တော်လှန်ရေးကောင်စီတက်လာသည်။ အဘွားဆုံးသည်။

ကမ်းလွန်သာ၏ တစ်ကျောင်းတည်းသာရှိသော အထက်တန်း ကျောင်းသို့ ခင်အေးသီပြောင်းပြီး ကျောင်းတက်ရသည်။ အဖေ့မှာ စပါးစက်တွင် လူကြီးဖြစ်လာသော်လည်း ကျန်းမာရေးက တစ်နေ့ရွှေ တစ်နေ့ငွေဆိုသလို ဖြစ်လာသည်။

သို့သော် အိမ်မကပ်ရ။ တောနယ်တွေပါဆင်းရသည်။ ယခင်က ခြေဦးပင်မလှည့်ဖူးသော မင်းတောင်နယ်က မိမိတို့မင်းရွာကိုပင် ရောက်ခဲ့ကြောင်း ခရီးကအပြန်မှာ ပြောပြတတ်သည်။

ဤသို့ ခရီးထွက်ရင်းပင် တောင်ပြို့ရွာ၌ ရုတ်တရက် အဖေ ဆုံးပါးသွားခဲ့လေသည်။ အမေနှင့်ခင်အေးသီက လိုက်ပြီးသင်္ဂြိုဟ်ကြ ရသည်။ အဖေဆုံးပါးသွားတော့ ခင်အေးသီ အကြီးအကျယ် စိတ်ဓာတ်ကျမိသည်။ ကျောင်းသာဆက်နေရသော်လည်း ကျောင်းစာ ထဲ စိတ်ကမရောက်နိုင်တော့။ ရှေ့လျှောက်ပြီး သမီးအမိနှစ်ယောက် ဘဝခရီးကို ဘယ်လိုလျှောက်ကြရမည်နည်းဟူသော အတွေးက စိတ်ထဲအချိန်ပြည့် စိုးမိုးနေခဲ့သည်။

အမေကမူ . . .

''သမီး ကျောင်းသာဆက်တက်၊ အမေ စပါးစက်မှာ ဈေး ရောင်းပြီး သမီးကို ကျောင်းထားပေးမယ်''

ဟုပြောသော်လည်း ကိုယ့်ဘဝ ကိုယ့်အကြောင်း ကိုယ်သိသာ ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် သားဖွားနှင့် သူနာပြုဆရာမလောင်းများ လျှောက်လွှာခေါ်ရာတွင် ဝင်လျှောက်ပြီး သားဖွားဆရာမသင်တန်း လိုက်သွားရသည်။ အမေကမူ ကမ်းလွန်သာမှာ တစ်ယောက်တည်း ကျန်ခဲ့ရ၏။

သင်တန်းပြီးတော့ မိမိအရပ်ကို မိမိလျှောက်ယူကာ မင်းရွာ ကျန်းမာရေးဆေးပေးခန်းသို့ ပြောင်းလာရ၏။ ယခု မင်းရွာ ဆေးပေးခန်းတွင် ရောက်နေသည်မှာ သုံးလလောက်သာ ရှိသေး၏။

*********************

"အသက်" ဟူသောအမေးကို အသံအက်အက်နှင့် မေးမိလိုက်၏။

"နှစ်ဆယ့်ခြောက်နှစ်ပါ ဆရာမ"

"ကဲလာ ခဲ့ အေး၊ ကိုယ့်ကို ကူပါဦး"

ဟု နော်မူမူလေး၏ အပြောမဆုံးခင်ပင် သူ၏ဒဏ်ရာကို ကူညီကိုင်တွယ်ပေးရသည်။

"နာလိုက်တာ ဆရာမရယ်၊ အစိမ်းကြီး ချုပ်တာလားဗျ၊ ဟဲ .. ဟဲ"

မျက်နှာကရှုံ့မဲ့နေသော်လည်း သူ့စကားကတော့ ခပ်ရွှင်ရွှင်ပင်။

"အစိမ်းမချုပ်လို့ ရှင့်ကို မီးဖုတ်ပြီးမှတော့ ဘယ်သူက ချုပ်နေရဦးမှာလဲရှင်"

နော်မူမူလေးကလည်း ဆတ်ဆတ်ထိမခံ ပြန်ပြောလိုက်၏။

သူ့ကိုထမ်းခေါ်လာသူနှစ်ယောက်ကမူ ပြုံးရမလို၊ ရယ်ရမလိုနှင့် မတ်တတ်ရပ်စောင့်နေကြ၏။

"ဟီး .. ဟီး .. တချို့ဆရာဝန်တွေပြောတော့ သေတဲ့လူကို ရင်ခွဲပြီ၊ အသည်း ကလီစာတွေထုတ်၊ အမယ်လေး .. လေး .. နာလိုက်တာဗျာ၊ ပြန်ချုပ်ရတယ် ကြားဖူးလို့ပါ ဆရာမ"



သူ့ခြေသလုံးကို ကိုင်ဆုပ်ပေးထားသော ခင်အေးသီကို မော့ကြည့်ပြီး ပြော၏။

"ရှင်ကလဲ အသည်း ကလီစာတွေထုတ်ပြီး ပြန်ချုပ်ခံချင်လို့လား၊ လုပ်ပေးပါ့မယ်၊ မပူပါ ..."

"ဟာ .. ဆ .. ဆရာမ .. တကယ်တော့ မလုပ်လိုက်ပါနဲ့ဗျာ၊ ခု .. ခုတောင် အီး .. တော် .. တော်တော်နာတယ်ဗျ"

အံကြိတ်သံနှင့် မျက်ရည်ပိုးပိုးပေါက်ပေါက်ကျပြီး ပြော၏။ ခင်အေးသီပါးစပ်ထဲက ခွိခနဲ အသံထွက်သွားမိသည်ကို သူက မျက်နှာ ရှုံ့မဲ့ပြီး လည်တစောင်းလှည့်ကြည့်၏။

"ရှင် .. ယောက်ျားမဟုတ်ဘူးလား၊ ဒါလေးများ ထွန့်ထွန့်ကို လူးနေတာပဲ၊ မရှက်ဘူးလား"

"အမေတို့ပြောတော့ ငယ်ငယ်ကမဲ ရှက်ကြောပြတ်ထားတယ် ဆိုလားလို့၊ ဒါတော့ ဒီဆရာမက ပိုသိမှာ"

ခင်အေးသီကိုကြည့်ပြီး ပြော၏။

"ရှင်ကတော့ တကယ်ပဲ ရှက်ကြောပြတ်လာတာ"

ဟူသော နော်မူမူလေး၏ စကားမဆုံးခင်ပင် ...

"အဆင်ထွန်း မားထိလို့ဆိုကွ"

ဟု အပြင်က လူကြီးတစ်ယောက်မေးသံကို ကြားလိုက်ရ၏။

"ဩော် .. ဦးလေးလှ ဟုတ်တယ်ဗျ"

ဦးလေးလှဆိုသူက လှမ်းမေးရင်း ခုတင်နား ရောက်လာသည်။

"အေး .. ငါကြားလို့ လိုက်လာတာ၊ များတယ် ပြောတယ်၊ ခု ဘယ့်နှယ်နေလဲ"

"ဦးလေးလှ ကာကွယ်ရေးလုပ်စားနေတုန်းက သေနတ်မှန်တာနဲ့စာရင် အပုံကြီး သက်သာပါတယ်"

"ခွေးကောင်လေး"

ဟုပြောပြီး ဦးလေးလှဆိုသူက သူ့ခေါင်းကို တစ်ချက်ထုသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ မတ်တတ်ထရပ်လိုက်၏။

"အား" ဟုအော်ပြီး ပြန်ထိုင်ချလိုက်သည်။

"တံကောက်ခွက်နားမှာဆိုတော့ ချက်ချင်းဘယ်ထလို့ရမလဲရှင့်၊ နာနေမှာပေါ့"

"ဟုတ်တယ်ဗျ၊ နာတော့ တော်တော်နာတယ်၊ အကြောတွေဘာတွေတော့ မပြတ်ပါဘူးနော် ဆရာမ"

"တစ်ကြောတော့ ပြတ်သွားတယ်ရှင့်"

"ဟင်"

ဦးလေးလှဆိုသူက စိုးရိမ်သွားပုံရသည်။ ရုတ်ခြည်း မျက်နှာညှိုးသွားပြီး ..

"ဖနောင့်ကြောကြီးတော့ မဟုတ်ပါဘူးနော် ဆရာမ"

ဟု ကမန်းကတန်းမေး၏။

"ဖနောင့်ကြောမဟုတ်ဘူး ဦးရယ်၊ ရက်ကြော .. ရက်ကြော"

နော်မူ ူလေးစကားအဆုံးမှာ အားလုံးပိုင်းရယ်ကြသည်။

မရယ်နိုင်သူက ခင်အေးသီ။

ဒဏ်ရာကိုချုပ်တုန်းက နာလွန်း၍ မျက်ရည်ပိုးပိုးပေါက်ပေါက်ကျရသည့်ကြားထဲကပင် အရွှန်းအနောက်တွေ ပြောနိုင်သေး၏။ ဘယ်လိုလူပါလိမ့်။

ခင်အေးသီအတွေးမဆုံးမီပင် သူဒဏ်ရာရသည့်ကြား၍ ရွာကတက်လိုက်လာကြသူတွေမှာ မနည်း။ ကျန်းမာရေးဆေးခန်းတစ်ခုလုံးပြည့်နေ၏။

ရွာသူတစ်ယောက်က "ဆေးခန်းမှာ လူတွေများလိုက်တာ" ဟု ပြောသည်ကို သူက "အေးဗျာ .. ကျွန်တော်သေတဲ့အခါလဲ ဒီလိုပဲ လူများများနဲ့သေရရင် သိပ်ပျော်စရာကောင်းမှာပဲ" ဟု ပြောလိုက်သေး၏။

"ဟဲ့ .. မဆိုကောင်း ဆိုကောင်း ကလေးရယ်"



ဟုပြောသော အဒေါ်ကြီးတစ်ယောက်၏စကားနှင့် နော်မူမူလေး၏ "သေကြည့်လိုက်ပါလား" ဟူသောစကားမှာ ပြိုင်တူဖြစ်သွားကြသဖြင့် ဝိုင်းရယ်ကြဖြစ်သည်။

ဤတစ်ခါလည်း ခင်အေးသီမှာ မရယ်နိုင်။ သူ့ကိုတွေ့ကတည်းက အဖေ၏ရုပ်ပုံလွှာနှင့် အကြောင်းအရာ အဖြစ်အပျက်တွေကို တသီတတွေးကြီး တွေးမိကာ ရင်ထဲတင်းကျပ်နေမိလေသည်။

*******************

မေးသင့် မမေးသင့် ဆန်စပ်ပေါင်းများစွာ တွေးပြီးမှ မေးရ၏။

"မူမူနဲ့သူ .. သူနဲ့ တော်တော်ရင်းနှီးလားဟင်"

"ဘယ်သူနဲ့လဲ"

"ခုနကလူနာ၊ ဟို .. ကိုအောင်ထွန်းဆိုတာလေ"

နော်မူမူလေးက တခစ်ခစ်ရယ်ပြီး ..

"နို့ကလားလား။ ဟဲ .. ဟဲ သူက သိပ်ရင်းနှီးဖို့လွယ်တဲ့လူကွ၊ ဆေးခန်းဖွင့်တဲ့နေ့က တို့ကိုတွေ့တွေ့ချင်း အတည်ပေါက်နဲ့နောက်လို့ကြောင်တောင်သွားတယ်၊ နောက်မှ သူနောက်နေမှန်းသိရတာ၊ သဘော အင်မတန်ကောင်းပါတယ်၊ သူက တို့ကို ရင်းရင်းနှီးနှီးဖြစ်အောင် နောက်လိုက်ပြောင်လိုက် နေတာက မင်းတောင်ရဲ့ ရာဇဝင်ကြွေးကို ဆပ်နေတာပါတဲ့၊ တစ်ချိန်က သူတို့နယ်ဟာ အင်မတန်နာမည်ဆိုးခဲ့တယ်၊ အဲဒါကြောင့် ဆရာမတွေစိတ်ထဲ တစ်မျိုးဖြစ်နေမှာစိုးလို့ မင်းတောင်နယ်မှာ သဘောထားကြီးတဲ့လူ၊ သဘောထားကောင်းတဲ့လူ၊ ပရဟိတစိတ်ရှိတဲ့သူတွေလဲရှိတယ်ဆိုတာ ကျွန်တော်တို့ လူငယ်တွေက ပြသအနစ်နာခံပြီး သမိုင်းကြွေးကို ဆပ်ကြရမယ်တဲ့၊ ဆေးခန်းဖွင့်တဲ့နေ့က သူပြောတာ"

"အရင်က နာမည်ဆိုးတာမဟုတ်ပါဘူး မူမူရယ် သူ့အဖေက ဆိုးခဲ့တာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်ထဲက ပြောမိလိုက်သည်။

"သူက မင်းတောင်နယ်မှာဆို တစ်ဦးတည်းသော ဘွဲ့ရပညာတတ်ကွ၊ ဒါပေမယ့် အစိုးရအလုပ် ဝင်မလုပ်သေးဘူး၊ လစာနည်းနည်းနဲ့ သူတို့မင်းတောင်ဒေသကိုလာပြီး အမှုထမ်းကြတဲ့ အမှုထမ်းတွေကို အင်မတန် လေးစားပါတယ်တဲ့၊ အဲဒါကြောင့် သူတတ်နိုင်တဲ့ အကူအညီကိုလဲ ပေးပါရစေတဲ့၊ အဲဒီလို ကူညီနိုင်အောင်လဲ ခု တစ်ဖက်က စီးပွားရေးလုပ်နေပါတယ်တဲ့"

"သူက ဘာစီးပွားရေးလုပ်လဲ"

"နွားမွေးပြီး ချက်နို့ဆီရောင်းတယ်၊ ဆေးခန်းဖွင့်တဲ့နေ့တာလာသမျှ ညီ့သည်တွေကို နို့ထမင်းကျွေးတယ်၊ လက်ဖက်ရည်တိုက်တယ်၊ သူကသာ ရက်ရောနေတာ သူ့အမေအဖေတွေကတော့ ပစ္စည်းရှိသလောက် အင်မတန် ကပ်စေးနဲ့တယ်တဲ့၊ သူက ကျောင်းသူကျောင်းသားလေးတွေကို ညကျရင် အိမ်ကအောက်လင်းဓာတ်မီးယူထွန်းပြီးစာပြတာကို သူ့အဖေက ဆီကုန်တယ်၊ မီးစာဝယ်ရတယ်၊ ဆူတယ်ဆိုပြီး အိမ်ကမောင်းထုတ်လို့ ဇရပ်မှာပြသေးတယ်တဲ့၊ သူ့အဖေကတော့ တကယ့် အတ္တသမား အတုံးအခဲကြီးတဲ့။

"သူက တို့ကိုသာ တရင်းတနှီးနေတာမဟုတ်ဘူးကွ၊ ကျောင်းဆရာ၊ ဆရာမတွေနဲ့လဲ အင်မတန်ရင်းနှီးတယ်၊ အဲဒီလိုရင်းနှီးရင်းကပဲ၊ ဆရာလေး ကိုကျော်သူက သူတို့အိမ်ကို ဝင်ထွက်သွားလာရင်းသူ့နှမလေးနဲ့ငြိပြီး မိုးဦးကပဲ မင်္ဂလာဆောင်ပေးလိုက်ရတယ်၊ အဲဒါကိုလဲ သူ့အဖေက သူ့ကြောင့် ဘာမဟုတ်တဲ့ မူလတန်းပြဆရာလေးနဲ့ သူ့သမီးကိုပေးစားရတယ်ဆိုပြီး ကိုအောင်ထွန်းကို မကျေနပ်ဘူးတဲ့၊ မကျေနပ်ဆုံးကတော့ နွားမွေးပြီး နို့ရောင်းတာတဲ့၊ မင်းကို ငါပညာသင်ပေးတာ နွားမွေးဖို့၊ နို့ရောင်းဖို့မဟုတ်ဘူး၊ နွားမွေးတယ်၊ နို့ရောင်းတယ်ဆိုတာ ကုလားတွေလုပ်တာတဲ့၊ နွားမွေးပြီး နို့ရောင်းမယ်ဆိုရင် ငါ့အိမ်မနေနဲ့၊ ငါသိက္ခာကျတယ်ဆိုပြီး အိမ်ကနှင်ချထားလို့



ခု သူ့နွားခြံထဲ နေတာတဲ့၊ အဲဒါကြောင့် သူ့ကိုခင်တဲ့ ရွာသူရွာသားတွေက သူ့အဖေကို အရွဲ့တိုက်ပြီး သူ့ကို တို့ 'နို့ကုလား' လို့ခေါ်ကြတယ်၊ ခုတော့ သူ့ကိုတို့လဲ နို့ကုလားလို့ခေါ်ကြရင် မကောင်းဘူးလား"

နော်မူမူလေး၏စကားကို ကြားရသောအခါ စိတ်ထဲတစ်မျိုးကြီးဖြစ်သွားမိသည်။ သိမ်ငယ်သွားရသလိုပင်။ တခြား ဆရာ၊ ဆရာမတွေကိုသာ သူက ရင်းနှီးကျွမ်းဝင်အောင် နေတတ်သော်လည်း မိမိ၏ဇာစ်မြစ်ကိုသိလျှင် သူ ရင်းနှီးနိုင်ပါ့မလား။

သူ့အဖေ ဦးဘအောင်၏ ရန်ဘက်ဖြစ်သူ ဦးသောင်းမြင့်ဒေါ်အေးရင်၏ သမီးဟု သူ့ကိုသိလျှင် မည်သို့သဘောထားလေမည်နည်း။

အတိတ်အကြောင်းကိုတွေးကာ ခင်အေးသီသည် မိမိတို့နေခဲ့ရသော ရွာအရှေ့ပိုင်းဘက် လှမ်းကြည့်ကာ ငေးငေးလေး ဖြစ်သွားမိသည်။

အတိတ်ကအရိပ်များကို ခင်အေးသီ၏အာရုံထဲ ပြန်မြင်နေရ၏။ ထိုအခါ ရင်ထဲမှာ လှိုက်လာမိသည်။

တောင်ခြေတွင် မြူခိုးတို့ ဝေ့နေသည်။ ဆောင်းပန်းချီကားချပ်မှာ မှုန်ဝါးနေပြီ။ မကြာခင် နွေ၏သရုပ်တို့ ပီပြင်စွန်းထင်းလာပေဦးမည်။

ခင်အေးသီ၏ အတိတ်ကို မသိသော နော်မူမူအေးကမူ ..

"အေး .. မင်းကလဲ အချိန်ရှိသရွေ့ မြို့ကရည်းစားပဲ လွမ်းနေဘာပဲ၊ ကဲ .. ပြန်ကြမယ်လေ"

ဟုပြောလိုက်မှ အတိတ်ကအတွေးတွေက တစ်စစီ လွင့်ပြယ်သွားလေသည်။

*******************

www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့်ရယ်တော့မသိ။ သူနှင့်နောက်ထပ်တွေ့ရမှာ စိတ်ထ တစ်မျိုးကြီးဖြစ်နေသည်။

ထို့ကြောင့် ဆေးခန်းကိုပင် အချိန်မှန် မရောက်ဖြစ်ခဲ့။ ကိုယ်ဝန် ဆောင်များသီချည်း လှည့်နေမိ၏။

ဆေးခန်းကို သူဆေးတော့လာထိုးရဦးမှာပဲ။ ဒဏ်ရာက တံကောက်ခွက်နားမှာဆိုတော့ တော်တော်နှင့်လမ်းလျှောက်နိုင်မှာ မဟုတ်သေးဘူး။ သူ့အဖေနဲ့ ငါ့အဖေတို့က ငြိုးသူရန်ဘက်တွေ ဖြစ်ခဲ့ ကြတယ်ဆိုတော့ ငါ့ကို သူအာဃာတများ ထားလေမလား။

ဒေါ်မူမူလေးပြောစကားအရဆိုရင်တော့ သူဟာ သဘောထား ကြီးသူ၊ စိတ်ကောင်းရှိသူ၊ ပရဟိတစိတ်ကြီးမားသူ၊ သူတို့ရွာ သူတို့ နယ်ကို အင်မတန်ချစ်သူ၊ နယ်မြေဖွံ့ဖြိုးရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးကို လိုလားသူ၊ သူ့အဖေတို့ခေတ်က နာမည်ဆိုးခဲ့သော သူတို့နယ်၏ ရာဇဝင်ကြွေးကိုပင် ဆပ်မည့်သူဟု ဆို၏။

သည်လိုဆိုလျှင် ငါတို့မိသားစုအပေါ် မတရားနိုင့်ထက်စီးနင်း လုပ်ခဲ့တဲ့ ရာဇဝင်ကြွေးကိုကော သူဆပ်မတဲ့လား။ အဖေကတော့ ငါလေးတန်းအောင်တဲ့နှစ်မှာ သူ့အဖေအပေါ် အာဃာတမထားတဲ့ အပြင် ကျေးဇူးတင်ကြောင်းပင် ပြောဖူးခဲ့သည်။ ကြုံတဲ့အခါ သည် အကြောင်း သူ့ကိုငါပြောပြရလျှင် . . .

''ဟာ . . အိုး . . ဆရာမလေး''

''ဟောတော့် . . ကန်တော့်နော် အဒေါ်ကြီး၊ ကန်ဘော့ . . ကန်တော့၊ ဘယ်နာသွားသေးလဲ၊ ထ . . ထ''

တိုက်မိလိုက်ကြသည်မှာ နှစ်ယောက်စလုံး ဖင်ထိုင်လျက်ကို ကျ၏။ ခင်အေးသီကသာ ရှက်ရှက်နှင့် ရုတ်တရက်ပြန်ထနိုင် သော်လည်း ထင်းစည်းရွက်လာသောအဒေါ်ကြီးမှာ ချက်ချင်း ပြန်မထနိုင်။ ခေါင်းက ထင်းစင်းလည်း လွတ်ကျသွား၏။

ခင်အေးသီက လက်မောင်းကို ကမန်းကတန်း ဆွဲထူပြီး



ထင်းစည်းကိုလည်း ခေါင်းပေါ်ပြန်တင်ပေးလိုက်ရ၏။ နှုတ်ကလည်း ထပ်၍ တောင်းပန်ရသည်။ အဒေါ်ကြီးက ''ကိစ္စမရှိပါဘူး'' ဟု ပြောသွားသော်လည်း ခင်အေးသီမှာမူ ရှက်သွားမိသည်။

''ငါ သူ့အကြောင်း ဘာလို့ဒီလောက်ထိ တွေးနေရပါလိမ့်'' ဟု ကိုယ့်ကိုပြန်ဆည်ကာ ရွာလယ်လမ်းမအတိုင်း ဆက်လျှောက်လာရ ၏။ မြခြလုမ်းတစ်ဆယ်ပင်မကြာသေးဟုထင်၏။ နောက်က လူတစ် ယောက်မေးသံကို ကြားရသည်။

''ဆရာမလေးကို ဘယ်မှာတွေ့လိုက်ကြလဲဗျ။ ဒီဘက်အပိုင်း ထွက်သွားတယ်ပြောလို့''

''ဩော် . . အေး . . ဟုတ်တယ်ဟဲ့၊ ရှေ့ဘက်မှာ လိုက်သွား လိုက်သွား။ ခုနကပဲ မြင်လိုက်ပါတယ်''

ခင်အေးသီက အရေးတကြီးမေးလူနာ လာခေါ်သည်အထင်နှင့် မတ်တတ်ရပ်စောင့်နေမိ၏။

ခင်အေးသီကိုမြင်သည်နှင့် 'ဩော် ဆရာမ' ဆို၏။ လူနှင့် နာမည်ကို တွဲမသိသော်လည်း မျက်နှာမြင်ဖူးသော အရပ်သားလူငယ် တစ်ယောက်။

''ဘာကိစ္စပါလိမ့်ရှင်''

''ဆရာမတို့အိမ်မှာ မြို့ကဧည့်သည်တွေ ရောက်နေကြလို့ တွေ့ရင် ပြောလိုက်ပါ မှာလိုက်လို့ပါ''

''ဩော် . . ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်''

မြို့ကဧည့်သည်ဆိုသဖြင့် ရင်ထဲထိတ်သွားမိသည်။ အမေများ နေထိုင်မကောင်းဖြစ်နေ၍ လာခေါ်ကြတာလားဟူသော အတွေးနှင့် အတူ ခင်အေးသီ၏ခြေလှမ်းတွေက သွက်လက်နေသည်။

ခင်အေးသီမှာ မင်းရွာရောက်ကတည်းကပင် မြို့ကိုတစ်ခေါက် သာ ပြန်ဖြစ်သေး၏။ ထိုစဉ်ကတော့ အမေမှာ ကျန်းကျန်းမာမာပင်။

ထမင်းလုံခပေးစားပြီး ဆရာမနှစ်ယောက် စုနေကြသော

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့အရောက်မှာ . . .

"ဟေး . . သူငယ်ချင်း၊ မင်းကို တို့ ဆေးခန်းမှာ သွားရှာကြသေးတယ်၊ ဆေးခန်းမှာမတွေ့လို့ အိမ်လိုက်လာကြတာ"

ဟု ခင်ဖြူက ဆီးပြောတော့။ မောကျောင်နှင့် ခင်ဖြူ့အဖေတို့ကတော့ ခင်အေးသီကို ပြုံးပြပြီး နှုတ်ဆက်နေကြသည်။

"ဦးတို့ ရောက်နေတာ ကြာပြီလား"

"မကြာသေးပါဘူး သမီးရယ်၊ ခုနလေးတင်ပါ၊ မင်းရှာမှာ ပျော်ရဲ့လား"

"ပျော်တယ် ပျင်းတယ် မဟုတ်ပါဘူးဦးရယ်၊ သူ့ဆန္ဒစားရဲ့မှ ဆိုသလိုပါပဲ၊ ဟဲ . . ဟဲ . . ခု ဦးတို့ ဒီကို တမင်လာကြ . ."

"မင်းဆီတော့ မင်းအမေကလဲ အပြန်မှာ ဝင်ကြည့်ခဲ့ကြပါဦး ပြောလို့ တမင်ပဲ‌ပေါ့၊ အဖေတို့ဇာတိက ပန်းတောမြင်ရွာလေ၊ အဖေ့ အစ်ကိုကြီးတစ်ယောက်က အမေ့ကိုခေါ်လို့ သွားတွေ့ကြတာ၊ ကိုယ်နဲ့ မောကျောင်ကတော့ အလည်သက်သက်နဲ့ မင်းကိုလဲ တွေ့ချင်လို့"

သူ့အဖေစကားမဆုံးခင်ပင် ခင်ဖြူက ဝင်ပြောတော့။

"အမေတော့ နေကောင်းပါတယ်နော်"

"နေကောင်းပါတယ်ကွယ်၊ သမီးတို့အမေက သမီးနေရထိုင်ရတာ အဆင်ပြေ့မပြေ ဖြစ်အောင်ဝင်တွေ့ခဲ့ကြပါမှာလို့လေ၊ ဟိုတုန်းက ဦးတို့ သမီးတို့အမေနယ်က အင်မတန် နာမည်ဆိုးတာကိုး၊ အဲဒါကြောင့်"သမီးအမေက စိတ်မချတာ၊ အမှန်ကတော့ ဓရိုက်ကြမ်းတယ်ဆိုပေမင့် လူတွေက ရိုးသားကြပါတယ်၊ ဒီလိုက်လာတဲ့နေ့ကကားစီးရတာ သမီးအဆင်ပြေရဲ့လား။ အဲဒီနေ့က မောင်အောင်ထွန်းကို လမ်းမှာတွေ့လိုက်လို့ ဦးမှာလိုက်သေးတယ်"

ခင်ဖြူ၏အဖေ့စကားက ခင်အေးသီ၏နှလုံးသားထဲ ရှတ်ခြည်းလှုပ်ခတ်သွားတော့။

ထိုနေ့ကအဖြစ်အပျက်ကိုလည်း၊ ချက်ချင်းမျက်စိထဲ ပြန်မြင်



လာတော့။

အထုပ်အပိုးတွေနှင့် မင်းရှာလိုက်ရန်ကားဂိတ်သို့လာသောကိုအောင်ထွန်းသည် သူ့အတွက်ငဲ့ပြီး ပြန်သွားသည်ကို ယခု ခင်ဖြူတို့အဖေပြောမှ သိရလေသည်။

နော်မူမူလေးပြောပြချက်နှင့် ဆက်စပ်တွေးမိသောအခါ သူ့အပေါ် ပိုပြီး အထင်ကြီးလေးစားသွားမိသည်။ သူ့အဖေကသာ အတ္တကြီးသော်လည်း သူကား ပရဟိတစိတ် အပြည့်ရှိသူပါကလား။

"အမေကြီးဆီ ဘာမှာလိုက်မလဲ သမီး"

"ဟာ . . ဦးတို့က ဒီနေ့ပဲ ပြန်ကြတော့မလို့လား။ တစ်ညတလေ နေသွားကြပါဦးလား"

"မနေတော့ဘူးသမီးရယ်၊ ဒီရာသီက အလုပ်များသာ။ သမီးအမေကို မင်းရွာမှာ ပျော်နေပါပြီ၊ မြို့တောင် ပြန်မတက်ချင်တော့ဘူးလို့ ပြောလိုက်ပါ့မယ်"

"ဟဲ . . ဟဲ မြို့ကိုတစ်ခေါက် ပြန်ဖြစ်သေးတယ်ဦးရယ်၊ ခဏလေးမို့ ဦးတို့ခင်ဖြူတို့အိမ် မဝင်ဖြစ်ခဲ့တာပါ"

"ဟုတ်ပါတယ်၊ သမီးအမေကပြောပါတယ်"

ဟု ခင်ဖြူ့အဖေကပြောတော့။

ခင်ဖြူတို့အဖေကို ကားဂိတ်လိုက်ပို့ရသည်။ ခင်ဖြူတို့က ကြက်ကားကြီးနှင့် ကြပုံပေါ်ထိုင်ပြီး လိုက်သွားကြတာမြင်တော့ ခင်အေးသီမှာ ရင်ထဲဟာပြီး ကျန်ရစ်သည်။

ခင်အေးသီမှာ မြို့နှင့် အမေ့ကို လွမ်းတုန်း။

********************

www.burmeseclassic.com

www.burmeseclassic.com

ခင်အေးသီ ဆေးပေးခန်းထဲဝင်ဝင်ချင်း နော်မူမူလေးက မချိုမချဉ်မျက်နှာနှင့် 'လာဦး၊ လာဦး' ဟု မေးထိုးခေါ်၏။

"ဘာလဲဟင် မူမူ"

"ထိုင်စမ်းပါဦး၊ မနေ့ကယူလာတဲ့ သတင်းစာထဲ အေး နာရေးကြော်ငြာပါလို့၊ ဟဲ . . ဟဲ"

"သေတော့မယ်၊ ဖယ်စမ်းပါဦး"

"တကယ်ပါဆို၊ တို့မေးစရာရှိလို့ပါဟ"

နော်မူမူလေးက အတင်းဆွဲထား၏။

"ဘာလဲ၊ ပြော"

မပြောသေး၊ ခင်အေးသီမျက်နှာကို စိုက်ကြည့်ပြီး ရယ်နေသေး၏။ ပြီးမှ . .

"တို့ နီကုလားက အေးကို နေ့တိုင်းမေးတယ်၊ ဟိုဆရာမလေးကော မမြင်ပါလားတဲ့၊ ဘယ်ဆရာမလေးလဲဆိုတော့ မခင်အေးသီတဲ့၊ သူက အေးနာမည်တွေဘာတွေသိလို့တော့၊ ကဲ . . ပြောစမ်း၊ အဲဒါ ဘယ်လိုအဆက်အသွယ်ရှိကြတယ်ဆိုတာ ပြောနိုးကီးစမ်း၊ ပြောနိုးကီးစမ်း"

"ဘာပြောရမလဲ၊ သူ့မှ အေး မသိတာ"

"အမယ် . . အမယ် . . ညည်းကသာ မသိတာ၊ သူကတော့ ညည်းအကြောင်း အကုန်သိ၊ တို့တောင် ခင်အေးသီဟာ ဒီရွာသူပါလားဆိုတာ ကိုအောင်ထွန်းပြောမှ သိရပါ့တော်"

ရုတ်တရက်မှ ငေးငေးငိုင်ငိုင် ဖြစ်သွားမိ၏။ ဤသည်ကိုပင် နော်မူမူလေးက . . .

"အေးနဲ့ကိုယ်က အခင်မင်ဆုံး သူငယ်ချင်းတွေပါ အေးရာ၊ အေး ဒီရွာသူဆိုတာ အေး ကိုယ့်ကို တစ်ခါမှ မပြောဖူးပါဘူး၊ တစ်နေ့က ကိုအောင်ထွန်းပြောမှ သိရတာ၊ သူက ဆေးခန်းလာတိုင်း အေးကိုမေးတော့ ဒီလောက်တောင် ဘာလို့မေးနေရတာလဲရှင့်လို့



တို့ပြောလိုက်တယ်၊ သူက ကိုယ့်အရပ်သူမို့ မေးတာပါဗျာတဲ့၊ ရှက်ရှက်နဲ့ ပြောတဲ့ပုံပဲတော်၊ ခင့်အေးသီက သားဖွားဆရာမဆိုတော့ ဆေးခန်းထက် ရွာထဲမှာပဲ အနေများတယ်၊ ညနေပိုင်းအားရင်တော့ လာတတ်ပါတယ် ပြောလို့သားမသိဘူး၊ သူ ညနေပိုင်း ဆေးလာလာ ထည့်နေတာ သုံးလေးရက် ရှိနေပြီ၊ မဟုတ်ခါမှလွဲရော၊ တို့အထင် တော့ အေးနဲ့ဆုံရအောင် တမင် ညနေပိုင်းမှလာတယ် ထင်တာပဲ၊ ဟုတ်တယ် မဟုတ်လား"

"မဟုတ်တာ၊ အေးကိုတွေ့ချင်ရင် အိမ်လာလဲ တွေ့တဲ့ဥစ္စာ"

"အိမ်မှာ အေးတစ်ယောက်တည်းနေတာမှ မဟုတ်တာ"

"ဆေးပေးခန်းမှာကော အေး တစ်ယောက်တည်းမို့လား"

"ဩော် . . ဆေးပေးခန်းဆိုတော့ အနာဆေးထည့်ဖို့လာတယ် ပေါ့ဟာ၊ အကြောင်းပြ ကောင်းတယ်လေ၊ တို့ကို မှန်မှန်ပြောစမ်းပါ"

နော်မူမူလေးက မယုံသင်္ကာအကြည့်နှင့် အစ်မေးနေမှန်း ခင်အေးသီ သိသဖြင့် တည်တည်ပင်ပြောလိုက်၏။

"ဘာကို မှန်မှန်ပြောရမှာလဲ"

နော်မူမူလေးက 'ဟာ . . ဟာ' ဟု ရယ်သည်။

"ဘာမှန်သလဲတော့မသိဘူး၊ တစ်ခုခုတော့ မှန်ကိုမှန်ရမယ်"

"အေးက ဒီရွာသူဆိုပေမင့် ဒီရွာမှာမွေးတယ်ဆိုတာ အမေပြောမှ သိရတာပါမူမူရယ်၊ ကိုယ်က ကမ်းလွန်သာမှာ ကြီးခဲ့တာပါ"

ပြောသာပြောရသော်လည်း ရင်ထဲကမကောင်းသည်မှာတော့ အမှန်ပင်။

သူ ငါ့ကို တကယ်စိတ်ဝင်စားနေလေသလား ဟူသော အတွေးကြောင့် ရင်ခုန်လာမိသည်။

"တကယ်ပြောတာပါ အေးရယ်၊ သူ့ကိုကြည့်ရတာ အေးကို တော်တော်စိတ်ဝင်စားနေတဲ့ပုံပဲကွ၊ မင်းကကော သူ့ကိုစိတ်မဝင်စားဘူးလားဟင်၊ ကိုယ် အကောင်းမေးတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"မဝင်စားပါဘူး။ ကိုယ့်မှာ မြို့မှာရှိတယ်လေ"

"ခွေးမ . . အဲဒါကြောင့် မှိုင်မှိုင်နေတာကိုး။ ငါမေးတော့ ကျေးလက်ရွှင်းက လုလို့ပါတဲ့၊ ကဲ . . ခုတော့ ပေါ်ပြီ၊ ပြောစမ်းပါဦး၊ မင်းလူက ဘာလုပ်လဲ"

"ကျောင်းဆရာလေ"

စိတ်ထဲ တွေ့ကရာပြောလိုက်မိသည်ကို ရယ်ချင်သဖြင့် တခစ်ခစ်အသံထွက်သွားမိသည်။ ဤသည်ကိုပင် နော်မူမူလေးက တကယ် ထင်သွားပြီး . .

"အိမ်း . . တို့ နီကုလားတစ်ယောက်တော့ အေးအကြောင်း သိရင် သိပ်ဆွေးသွားမယ်ထင်တယ်၊ ဒုက္ခပါပဲ"

ဟု ဆို၏။

"ဒါဆိုလဲ မင်း ကြိုက်လိုက်ပါလား"

"အမယ်လေး . . ငါ့ကိုသာ သူကြိုက်မယ်ဆိုရင် လုပ်လိုက်လေ ကြာသလားလို့ပေါ့ကွာ၊ ဟီး . . ဟီး . . အဲဒါ မင်းနဲ့က တစ်ရွာတည်း တစ်ရပ်တည်းသားဆို ငါ့ကိုအောင်သွယ်ပေးပါလားဟယ်၊ ကျေးဇူး မမေ့ပါဘူး"

နော်မူမူလေး နောက်ပြောနေမှန်းသိသဖြင့် ခင်အေးသီ ရယ်နေလိုက်သည်။

"ကိုယ်နဲ့မတွေ့တာကြာပြီ၊ သူ့အနာ ဘယ့်နှယ်နေသေးလဲဟင်"

"သူ့အနာကတော့ သက်သာသွားပါပြီကွယ်၊ ဒါပေမယ့် ချိုင်းထောက်ကြီးနဲ့ လာလာဆေးထည့်နေရတာ မြင်တော့ ကိုယ် ဘယ် စိတ်ချမ်းသာပါ့မလဲနော်၊ ဟဲ . . ဟဲ . . ဖြစ်နိုင်ရင် အိမ်သွားပြီး ဟော့ . . တော့်"

နော်မူမူလေးမှာ မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ဆေးခန်းတံခါး ဝဘက် ကြည့်ပြီး စကားပြတ်သွားရာ ခင်အေးသီလည်း လှည့်ကြည့် မိလိုက်၏။



တံခါးဝတွင် ချိုင်းထောက်ကြီးနှင့် ထီးထီးကြီးရပ်နေသော သူ့ကို မြင်လိုက်ရသည်။

"ဘာတွေလဲ ဆရာမ"

ဟုပြောပြီး ဆေးခန်းထဲဝင်လာသည်။

"ရှင်တော့ အသက်ရှည်ဦးမယ် ကိုအောင်ထွန်း"

"ကျွန်တော့်အတင်းတွေ ပြောနေကြလို့လား"

"ဟဲ . . ဟဲ . . အတင်းမဟုတ်ဘူးရှင့်၊ သတင်း . . သတင်း"

လှနာခုတင်လုပ်ထားသော ကွပ်ပျစ်ပေါ် လာထိုင်ပြီး . .

"ဘာ သတင်းပါလိမ့်ဗျာ၊ လုပ်စမ်းပါဦး"

ဟု ဆို၏။

"ဒီ . . ဒီက ခင်အေးသီက ရှင့်အကြောင်းမေးနေ . ."

"ဟာ . . မူမူ . . ခွေးမ"

ခင်အေးသီမှာ ရှက်ရှက်နှင့် တစ်ကိုယ်လုံးမွှန်ထူသွားကာ နော်မူမူလေးကို ဆိတ်ဆွဲလိုက်မိသည်။

"မဟုတ်ဘူးလား။ ခုမှ ဘာလာ လူကိုဆိတ်ရတာတုံး။ စောစော က သူ့အနာဘယ့်နှယ်နေသေးလဲ မေးပြီးတော့"

"တော်ကွာ . . တော်"

ဟု အော်လိုက်ကာ ခင်အေးသီမှာ ဆေးမှူး ဦးကြည်မောင် အခန်းထဲ ပြေးဝင်လိုက်ရ၏။ ဆက်နေလျှင် နော်မူမူလေးပါးစပ်နှင့် မလွယ်ပေ။

"ဆရာမက သိပ်နောက်တာပဲဗျာ၊ ဟိုဆရာမ . ."

"ဒီ နောက်တာလား၊ ရှင်ပဲ သူ့ကို တမေးတည်း မေးနေ ပြီးတော့"

နော်မူမူလေးက အတည်ပေါက်နှင့် သူ့ကိုဟောက်၏။

"ဪ . . မေးတယ်ဆိုတာ ကျွန်တော် ဒဏ်ရာရတုန်းက ကူညီကုသပေးတဲ့ ကျေးဇူးတရား . ."

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုအောင်ထွန်း၊ ကျွန်မက ကရင်နော်၊ နင်ကျေးဇူး တင်တာ ငါသိပါတယ် ဆိုရင်ကော"

နှစ်ယောက်စလုံး ရယ်လိုက်ကြသံကို ကြားရသည်။

ခင်အေးသီမှာ ဆေးမှူးဆီ၌ ဆေးထုတ်ပြီးသည်ထိ အခန်းထဲက မထွက်ဝံ့တော့။ ခင်အေးသီရှက်သွားမှန်းသိသော သူကလည်း ဆေးထည့်ပြီးသည်နှင့် ချက်ချင်း ပြန်သွား၏။

ဆေးမှူးအခန်း ပြတင်းမှ လှမ်းကြည့်၍ သူပြန်သွားသည်ကို မြင်မှ အပြင်သို့ ထွက်လာရသည်။

စိတ်ဆိုး၍မရသူ နော်မူမူလေးက ..

"ဒီလောက်တောင် ငါ့ကို ညာချင်တဲ့မိန်းမ၊ ကဲ့ .. မှတ်ပြီ မဟုတ်လား"

ဟု ပြောသေး၏။

"မူမူ .. မင်း မကောင်းဘူးကွာ"

ဟုပြောပြီး ခင်အေးသီလည်း ဆေးခန်းထဲက လစ်လာခဲ့ရလေသည်။

သူနှင့်ပတ်သက်သော အတွေးတွေကမူ ..

********************

မီးဖွားနေသော အမျိုးသမီးတစ်ယောက်ကို သွားကြည့်ပြီး ပြန်အလာတွင် သူနှင့်လမ်းမှာဆုံမိသည်။

"ဟိုနေ့က ဆရာမ နော်မူမူလေးပြောလို့သိရတော့ ကျွန်တော် ဘယ်လိုဝမ်းသာသွားမှန်းမသိဘူး"

"ဘာကိုလဲရှင်"

"ဪ .. ဆရာမက ကျွန်တော့်ကို တမေးတည်း မေးနေတယ် ပြောလို့"



"မမေးပါဘူး၊ မမေးပါဘူး"

ရှက်ရှက်နှင့် ကမန်းကတန်းပြောပြီး ငိမ်အိမ်ဘက်လျှောက်လာရာ သူလည်း နောက်က ပါလာသည်။

"ဆရာမက မမေးပေမင့် ကျွန်တော်ကတော့ ဆရာမအကြောင်း အမြဲတမ်းမေးပါတယ်"

"ဘာလို့ဒီလောက်တောင် မေးနေရတာလဲ"

"ချစ်လို့"

"ဟင်"

ရှက်သဖြင့် ဘာပြန်ပြောရမှန်း မသိဖြစ်သွားစဉ် သူက

"တကယ်ပါ ဆရာမရယ်၊ အပြောင်အပြက်ပြောနေတာ မဟုတ်ပါဘူး၊ ဆရာမ ဒီအရပ်ကို ရောက်လာကတည်းကဘဲ ဆရာမဒီအရပ်က လူတွေအပေါ် ထားရှိတဲ့ စေတနာ၊ မေတ္တာတွေကို ကျွန်တော်တို့ အားလုံးက အသိအမှတ် ပြုပြီးသားပါ၊ ကျေးလက်နေ လူထုတွေကလည်း ကိုယ့်အရပ်သူဆရာမကို ပိုပြီးခင်မင်လေးစား အားထားကြပါတယ်။ ဆရာမသိတဲ့အတိုင်းပါပဲ ဟိုတုန်းကဆို ဘယ်ကိုယ်ဝန်ဆောင်မှ ဆေးခန်းက သားဖွားဆရာမနဲ့ သားသမီး မွေးဖွားကြရမှန်း မသိကြပါဘူး။ ဆရာမ စည်းရုံးရေးကောင်းတာနဲ့ အားလုံးလိုလို သဘောပေါက်နားလည်မှု ရှိလာကြတာ ဆရာမအသိပါပဲ"

ခင်အေးသီမှာ တတွတ်တွတ်ပြောနေသော သူ့ကိုဘာပြန်ပြောရမှန်း မသိသေးဘဲ နှုတ်ဆိတ်၍သာ နေလိုက်မိ၏။

"ကျွန်တော်လည်း ကျွန်တော်တို့အရပ်ကို သိပ်တိုးတက်စေချင်ပါတယ်၊ အဲဒါကြောင့်လဲ ကိုယ်တတ်နိုင်သလောက် ကြိုးစားခဲ့တယ်၊ ဆရာမ မှတ်မိဦးမှာပါ ဒီဆေးခန်း ဖြစ်မြောက်ရေးအတွက် ကျွန်တော် ဘယ်လောက်ကြိုးစားခဲ့ရသလဲဆိုတာ ဆေးမှူး ကိုကြည်မောင်ကိုသာ မေးကြည့်ပါတော့၊ ဆရာမတို့ ဆေးအမှုထမ်းတွေထဲမှာ ကိုယ့်အရပ်သူ တစ်ယောက် ပါလာတယ်ဆိုတော့ ကျွန်တော်ပိုအားတက်မိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကယ်သူဆိုတာကော ကိုအောင်ထွန်းသိပါသလားရှင်"

"ဟာ.. ဘယ့်နှယ်ပြောပါလိမ့်၊ သိပ်သိတာပေါ့ဆရာမရယ်၊ ဆရာမက ကျွန်တော်အဖေနဲ့ ပတ်သက်လို့စိတ်နာမယ်ဆိုလဲ နာစရာပါပဲ တစ်ချိန်တုန်းက ကျွန်တော်အဖေဟာ ဆရာမတို့ မိသားစု အပေါ်မှာ အတော်အကြင်နာကင်းမဲ့ခဲ့တာပဲ"

"ကျွန်မတို့ မိသားစုအပေါ်မှာသာ မဟုတ်ပါဘူး။ ကိုအောင်ထွန်းတို့ အဖေဟာ တစ်ရွာလုံး၊ တစ်နယ်လုံးသားတွေအပေါ်မှာလဲ.."

"ဟုတ်ပါတယ် ဆရာမရယ်၊ အဲဒါကြောင့်လဲ အဖေ့ရဲ့ရာဇဝင်ကြွေးကိုဆပ်ချင်လို့ ကျွန်တော်ခု ကြိုးစားနေတာပါ၊ အဲဒါ ဒီအရပ်သူအရပ်သားများပိုပြီး ယုံကြည်ကိုးစားမှု ဖြစ်လာအောင် ဆရာမနဲ့ ကျွန်တော် လက်ထပ်လိုက်ကြမှ ဖြစ်မယ်"

"ရှင်.. ဘာဆိုင်လို့လဲ"

"ဟာ.. သိပ်ဆိုင်တာပေါ့ ဆရာမရယ်၊ ဟိုအချိန်တုန်းကဆို ဆရာမအဖေနဲ့ ကျွန်တော်အဖေက ရန်သူတွေဖြစ်ခဲ့ကြတယ် မဟုတ်လား။ ရန်သူတွေဖြစ်ခဲ့ကြတဲ့လူနှစ်ယောက်ရဲ့ သားသမီးနှစ်ယောက်က ခုတော့တစ်ယောက်နဲ့တစ်ယောက် အရမ်းချစ်ကြပြီး ကျေးလက်ပြုပြင်ရေးကို.."

"ဘယ်သူက ရှင့်ကိုချစ်တယ်လို့ ပြောသေးလို့လဲ"

"ဟုတ်ပါတယ်၊ ကျွန်တော်ဝမ်းသာလွန်းလို့ စကားပြောလောကြီးသွားတာ ခွင့်လွှတ်ပါ။ ခုဆရာမကို ကျွန်တော်ထပ်ပြီး ပြောပါရစေ ဆရာမနဲ့ ကျွန်တော်တို့အတူလက်တွဲပြီး ကိုယ့်အရပ် ကိုယ့်ဒေသနဲ့ ကျေးလက်ဖွံ့ဖြိုးရေးကို ပူးပေါင်းဆောင်ရွက်ကြပါစို့"

မျက်နှာကို ငုံ့ကြည့်ပြီး ကိုအောင်ထွန်းကပြော၏။

ခင်အေးသီမှာ မျှော်လင့်ထားသောစကားပင် ဖြစ်သော်လည်း ရင်ခုန်နေမိသည်။ သူ့ကို ဘာပြန်ပြောရမှန်းမသိ ဖြစ်နေမိ၏။ ဤသည်



ကိုပင် ကိုအောင်ထွန်းအပေါ်၌ ခင်အေးသီ၏နှလုံးသားက တိမ်းညွတ်ပြီးသားဖြစ်သွားသည်။

ခင်အေးသီ တုံ့ဆိုင်းသောလုပ်နေသည်ကို အားမလိုအားမရဖြစ်နေသော ကိုအောင်ထွန်းကမူ..

"ဟာ.. ဆရာမ၊ ကျွန်တော်ကိုချစ်ပါတယ်နော်"

ဟု ထပ်ပြောပြီး ခင်အေးသီ၏ လက်တစ်ဖက်ကို မိမိရရ ဆုပ်ကိုင်လိုက်လေ၏။

ခင်အေးသီမှာ တစ်ကိုယ်လုံးပူထူသွားမိသော်လည်း ကိုအောင်ထွန်း ဆုပ်ကိုင်လာသော လက်ကိုမူ မရုန်းဖယ်မိ။ ကိုအောင်ထွန်း၏ မျက်နှာကိုသာ ရွှန်းရွှန်းစားစား မော့ကြည့်လျက်။

ဖိုးကျော့

(ရှုပ်ရှင်အောင်လံမဂ္ဂဇင်း၊ ၁၉၉၀-ခုနှစ်၊ နိုဝင်ဘာလ)

********************

www.burmeseclassic.com

www.burmeseclassic.com

# ( ၆ )

# သစ်ခါးသီးတစ်လုံး၏ ချိုမြိန်ခြင်းရသ

"ပေါ်–ပေါလု"

နှလုံးသားတံခါးကိုမူ အသိစိတ်နှင့် အံကြိတ်ပိတ်ထားနိုင်ခဲ့သည်။ နှုတ်တံခါးကမူ မလုံ၊ ဆို့နင့်ကြေကွဲစွာ ထွက်သွားမိ၏။

မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေမိကြသည်။ စက္ကန့်ပေါင်းများစွာ ကြာပြီးမှ –

"ပေါလု၊ နင် . . . နင် ငါ့ကို သိပ်မုန်းသွားပြီလား"

နှုတ်က တီးတိုးမေးသံသည် နှလုံးသားမှာ ပဲ့တင်ရိုက်ခတ်သွားသည်။ ကျယ်လောင်ရှည်သွားမှု၏ အဝိုင်းအဆသည် သောင်းထိုက်က ကြားလောက်အောင် ပေါက်ကွဲနေသည်။

အကြည့်ကိုရုတ်ခြည်းလွှဲပစ်ပြီး ပေါလုပြော၏။

"နင့် . . နင့်ကို ငါမမုန်းပါဘူး ဘော်ဘော်ရယ်။ ငါ . . ငါ မုန်းတာက"

ဘော်ဘော် ရိုက်ကြီးတငင် ငိုချလိုက်မိသည်။



အံကြိတ်ပြီး ပေါလု ခြံထဲကထွက်သွား၏။ ခြံထဲတွင် နှင်းမကွဲတတ်သေး။ စိုစွတ်ထိုင်းမှိုင်းသော ဆောင်းသရုပ်က ရွာ၏ဝန်းကျင်ပိုပြင်နေသည်။ ပေါလုကို ဘော်ဘော် အကြည့်တဆုံး ငေးနေသည်။ နှင်းမှုန်ထဲက အသွားလမ်းတွင် ပေါလု နစ်မြုပ်ပျောက်ကွယ်သွားသည်။

"ဟင် . . ဘော်ဘော်၊ နင် ဦးသြကို လက်ထပ်လိုက်တော့မယ် ဆိုပါတော့၊ နင် ဦးသြကိုယူဖို့ ခေါင်းညိတ်လိုက်ပြီပေါ့။ နင့်အမေ အဖေတို့စကားနဲ့ ဦးသြစကားကို နင်နားထောင်လိုက်ပြီပေါ့။ နင် ငါ့ကို မချစ်တော့ဘူးပေါ့။ နင်ငါ့အချစ်ကို သစ္စာဖောက်သွားပြီပေါ့"

ပခုံးကို နာနာကျင်ကျင် ဆုပ်ကိုင်ပြီး တစ်စုံတစ်ခုကို ဒေါသတကြီး မေးလာလိမ့်မည်ဟု တွေးထင်ခဲ့သည်။ ထို့ကြောင့်လည်း သူ့အိမ်ကထွက်လာသည်ကို လှမ်းကြည့်ပြီး၊ လူသွားလမ်းဘေးတွင် တမင် စောင့်နေခဲ့ခြင်းဖြစ်သည်။

ထင်ထားခဲ့သော စကားစုထဲက တစ်ခုခုကိုမှမမေးဘဲ ထွက်သွားတော့ ရင်ထဲဖိုပြီး ခံစားရသည်။ မမေးရဲ၊ မမေးဝံ့၍လား၊ တမင်ညှင်းဆဲရေးကျူးမှာမို့၍လား၊ တွေးမရ။ ရင်ထဲမှာ တင်းကျပ်နေတာပဲသိသည်။

စမ်းနားရှိ ကျွဲကောပင်ကြီးများရှိရာသို့ လျှောက်လာမိသည်။ စမ်းချောင်း၏ တေးဆိုနေသံကို မိုးတွင်းကလို မကြားရတော့၊ စမ်းရေများသည် နွေမရောက်သေးဘဲနှင့် ခြောက်ခန်းကုန်ကြပြီလားဟုပင် မဖြစ်နိုင်တာကို တွေးမိသည်။

ဘော်ဘော်ဘဝမှာ မဖြစ်နိုင်ဘူးထင်တာတွေ ဖြစ်နေလို့ပါ။ တစ်ယောက်နှင့်တစ်ယောက် ဝေးကွာသွားစရာအကြောင်း မရှိ။ ခွဲခွာကြရမှာလည်းမရှိဟု ထင်ခဲ့သည်ပဲ။

ခြေသံကြားသည်။ နောက်သို့လှည့်ကြည့်မိ၏။ ဦးသြကိုတွေ့ရသည်။ ပေါလုနှင့်သူတို့ ခြံအဝတွင် မတ်တပ်ရပ် စကားပြောနေကြ

www.burmeseclassic.com

www.burmeseclassic.com

သည်ကိုမြင်၍လား၊ စောင့်ကြည့်နေ၍လား ဝေခွဲမရ။ မနက် ဝေလီဝေလင်းတွင် ဦးညြ နေ့စဉ် ခြံတစ်ပတ်လျှောက်ပြီး သစ်သီးကြည့် သစ်ကိုင်းချိုင် လုပ်တတ်သည်ကို သတိရသည်။ ဦးညြလက်ထဲက ဓားသည် ပေါ်လုနှလုံးသားကို ခုတ်ဖြတ်ပစ်နိုင်သလား။ ဘော်ဘော်၏ အသည်းနှလုံးကို ပါးပါးမွှန်းလှီးတော့မှာလား။

မျက်ရေစီးကြောင်းများကို ကမန်းကတန်း သုတ်ပစ်လိုက်၏။ စိတ်ကိုထိန်းသည်။ မရ၊ စမ်းနားက ရေပင်သို့ အပြေးကလေး သွားသည်။ ရေပင်က ရေနှင့် မျက်နှာကို ဆေးကြောပစ်လိုက်ရသည်။

"ဘော်ဘော် ဒီမှာ မျက်နှာသစ်တယ်"

ခေါင်းညိတ်ပြလိုက်သည်။

"မချမ်းဘူးလား"

ခေါင်းယမ်းပြသည်။

ရှည်လျားသော သက်မ.ချသံ တစ်ခုကို နားထဲ ကျယ်လောင်စွာ ကြားလိုက်ရသည်။ မငံ့မရဲ မယိမ်းသာ အကြည့်ဝေ့သည်။ ဦးညြမျက်နှာ ညှိုးနေသည်။ ဤတစ်ခါ ဘော်ဘော်က ပင်ပန်းကြီးစွာ သက်မချသည်။

နှင်းဆွတ်ထားသော တော်တန်းဘက် ဦးညြ ငေးကြည့် နေသည်။

"ဘော်ဘော် သစ်သီးကောက်တော့မလိုလား" ဦးညြ၏မျက်ဝန်း ထဲမှ မျက်ရည်များကြောင့် လန့်သွားသည်။ ကမန်းကတန်း ခေါင်းညိတ်ပြလိုက်ရသည်။

"စောပါသေးတယ် ဘော်ဘော်ရယ်" ဟုပြောပြီး အိမ်ဘက် ထွက်သွားသည်။

မှန်ပါသည်။ ရွာထဲမှ နေ့စဉ်လိုလို သစ်သီးလာကောက်ကြ သူများပင် တစ်ယောက်မှ မရောက်လာကြသေး။ သို့သော် အိမ်ထဲ ပြန်မဝင်ချင်။ ခြံထဲမှာပင် ချမ်းချမ်းစီးစီး နေချင်သည်။ ပေါ်လုနှင့် သစ်သီးအတူကောက်ခဲ့ကြသည်ကို တွေးနေသည်။

✱✱✱✱✱✱✱✱✱✱✱✱✱✱✱✱✱✱✱



သစ်သီးကောက် သစ်သီးခူးကြသူတွေထဲတွင် ဦးညြ၏ခြံထဲ နေကြသူ၊ နေခွင့်ရခဲ့ကြသူဆို၍ ပေါ်လုနှင့် ဘော်ဘော်တို့ မိသားစု နှစ်စုသာရှိသည်။

ခြံကြီးမှာ ဧကပေါင်းများစွာကျယ်သလောက် တစ်နှစ်တစ်နှစ် လျှင် သစ်သီးထွက် ပိုသာချိန်မှာလည်း ထောင်သောင်းချီနေသည်။ ထို့ကြောင့် ဦးညြခြံထဲကွင် သစ်သီးကောက်၊ သစ်သီးခူးသူများမှာ ဘော်ဘော်နှင့် ပေါ်လုတို့မိသားစုအပြင် ရွာထဲကလည်း လေးငါး ခြောက်ယောက် ငှားထားရသည်။

ပေါ်လုနှင့် ဘော်ဘော်တို့မိဘများမှာ ဦးညြ၏ ယောက်ခမများ လက်ထက်ကပင် ခြံရှင်း၊ ခြံစောင့်၊ သစ်သီးကောက်၊ သစ်သီးခူး သစ်သီးပို့ သစ်သီးသယ် လုပ်လာခဲ့ကြသည်မှာ ပေါ်လုတို့၊ ဘော်ဘော် တို့တစ်သက်ဖြစ်သည်။ ဦးညြ ဤခြံထဲမရောက်ခင်ကပင် ဖြစ်သည်။

ဦးညြသည် သူ့ထက်အသက်ဆယ်နှစ်ကျော်ကြီးသော ဤခြံ ပိုင်ရှင်သမီး ဒေါ်အေးပန်နှင့် အိမ်ထောင်ကျခဲ့သည်။ တစ်ချိန်က ဦးညြသည်လည်း ဤခြံတွင် မောင်ညြဘဝနှင့် သစ်သီးခူး၊ သစ်သီးပို့ သမား ဖြစ်ခဲ့သည်။

နှစ်ပရိစ္ဆေဒကြာလာတော့ ခြံပိုင်ရှင်ကြီးများ တစ်ယောက်ပြီး တစ်ယောက် ဤခြံကိုစွန့်ခွာသွားကြသည်။ ဤနှစ်မှာ ဦးညြ၏ဇနီး အသက်ငါးဆယ်ကျော်အရွယ် ဒေါ်အေးပန်ကတစ်ခါ ဤခြံကို စွန့်ခွာ သွားခဲ့ပြန်သည်။ ခြံပိုင်ရှင် ဦးညြမှာ အထီးကျန်စွာ တစ်ယောက်တည်း ကျန်ခဲ့သည်။

သားသမီး မထွန်းကားသော ဒေါ်အေးပန်က ပေါ်လုနှင့် ဘော်ဘော်တို့ကို သားသမီးအဖြစ် အမွေစားအမွေခံ မွေးစားမည်ဟု ပြောခဲ့သည်။ အခေါ်အပြောတွင်လည်း "သားတို့၊ သမီးတို့" ဟု သုံးနှုန်းပြောဆိုခဲ့သည်။ သားပေါ်လု၊ သမီးဘော်ဘော်။

ထို့ကြောင့်လည်း၊ ဤခြံနှင့်ပတ်သက်လျှင် သစ်သီးခူး၊ သစ်သီး

www.burmeseclassic.com

www.burmeseclassic.com

ဆွတ်ရာ၌ ဘော်ဘော့်လက်၊ ဘော်ဘော့်ခြေဟု ဆိုနိုင်သည်။ သစ်သီးသယ်၊ သစ်သီးပို့ရာမှာတော့ ပေါလု၏ အစီအမံ၊ အခန့်အခွဲ။ ဦးသြ ဆိုသည်မှာ ဒေါ်အေးပန်နှင့် ဘော်ဘော်၊ ပေါလုတို့၏ ဆန္ဒ အတိုင်းသာ။

ခုတော့ ...

ခုတော့ ဘော်ဘော်က ဦးသြကို လက်ဆက်ရမည်တဲ့။ မိုးဦးက ဆုံးပါးသွားသော ဒေါ်အေးပန်နေရာကို ဘော်ဘော် ဝင်ယူရမည်တဲ့။

သည်စကား မေမေပြောတုန်းက ဖေဖေလည်း အနားမှာ ရှိသည်။ ဘော်ဘော် အဖေ့မျက်နှာဆီ အကြည့်တစ်ချက်ရောက်၏။ ဖေဖေ၏မျက်နှာက ပကတိ မထုံတက်သေး။ အမေ၏မျက်နှာကတော့ ဝင်းဝင်းပပရှိသည်။

"အသက်နည်းနည်းကြီးတာကလွဲရင် မောင်သြဟာ လူကောင်း တစ်ယောက်ဆိုတာတော့ သမီးလဲ အသိပဲ။ အေးပန်နှင့် မောင်သြတို့ အိမ်ထောင်ပြုကြတုန်းကလဲ မောင်သြဟာ အသက်နှစ်ဆယ်ဝန်းကျင်ပဲ ရှိသေးတာ၊ အေးပန်က သုံးဆယ့်ခြောက်နှစ်။

"မုဆိုးမလား၊ တစ်ခုလပ်ဆိုလားအမေ"

အထိတ်တလန့်မေးလိုက်စဉ် အမေက "မဟုတ် ပါဘူး ဟယ် ... အပျိုကြီးပါ၊ အလကား မလိုသူတွေက အမနာပ ပြောကြတာ" ဟု ဆိုသည်။

ဤခြံကြီးသည် အစဉ်အလာအရ ကျိန်စာမိလာသော ခြံကြီး များလားဟု တွေးလိုက်မိသည်။ ဦးသြသည် ဒေါ်အေးပန်အတွက် အဖြည့်အဆည်းခံ ဖြစ်ခဲ့ရသည်။ ယခုတော့ ဘော်ဘော်က ...

မျက်ရည် ပိုးပိုးပေါက်ပေါက်ကျလာသည်ကိုမြင်တော့ အမေ့ လျှာက ခလုတ်ကံသင်း တိုက်သွားသည်။ "အမေက အဖြစ်ကို ပြောပြတာ၊ သမီး မောင်သြကိုလက်ထပ်လိုက်ရင် သမီးဘဝ တစ်ခုလုံး မကဘူး၊ အမေတို့ မိသားစု ဘဝတစ်ခုလုံး ပြည့်စုံသွားမယ်၊ ဒါကို



သမီး ထည့်တွက်ကြည့်ပါဦး" ဟု ဆိုသည်။

မိသားစုဘဝအတွက် သူ စတေးခံရမည်ဆိုသော အမေ့စကား ကြောင့် ရင်ထဲ စစ်ခနဲ နာကျင်သွားသည်။ အမေ့ကို ဒေါသနှင့် ဆတ်ခနဲ လှည့်ကြည့်လိုက်သောအခါ "အဖေက သမီးသဘောမတူ တာကိုတော့၊ အဖေတို့ အတင်းဖွတ်မလုပ်ပါဘူးကွယ်၊ ခုဟာက မောင်သြပြောလာလို့ အဖေတို့က သမီးသဘောကို မေးကြည့်တာပါ" ဟု အသံနင့်နင့်နှင့်ဆိုသည်။

အဖေ့ကို ဘော်ဘော် သနားသွားသည်။

အဖေသည် သားသမီး၊ သားမယားအပေါ်၌သာမဟုတ်၊ မည်သူ့ တစ်ဦးတစ်ယောက်အပေါ်မှာမှ နိုင်ထက်စီးနင်းမလုပ်တတ်။ နိုင်လို မင်းထက် မပြုကျင့်တတ်။ ထို့ကြောင့်လည်း ခြံရှင်၊ သစ်သီးကောက် သည့်ကလေးများကအစ အဖေ့ကို ခင်ကြသည်။ ချစ်ကြသည်။ အဖေ နှင့် သစ်သီးအတူခူးကြသည်ကို ပျော်ကြသည်။ ထိုနေ့က "သမီး စဉ်းစားပေါ့" ဟုပြောပြီး အမေက စကားဖြတ်သည်။ မှန်သည် တော်တော်စဉ်းစားရမည်။

*********************

ဘော်ဘော်တို့၊ ပေါလုတို့ဆိုတာ ဦးသြနှင့် ဒေါ်အေးပန်တို့ လက်ပေါ်တွင် ကြီးလာကြသူတွေ၊ အဝတ်အထည် အစားအသောက်က အစ မိဘဝယ်ကျွေးတာထက် ဘော်ဘော်နှင့် ပေါလုတို့ကို ဒေါ်အေးပန် နှင့် ဦးသြတို့ ဝယ်ပေး၊ ဝယ်ကျွေးတာကများသည်။

နွေဦးပေါက်၍ ပွဲတော်ရက်ရောက်တိုင်း ဒေါ်အေးပန်နှင့် ဦးသြ တို့သည် ဘော်ဘော်နှင့် ပေါလုတို့ကို တစ်ယောက်တစ်ဘက်စီ လက်ဆွဲ ပြီး ဘုရားပွဲလျှောက်ခဲ့ကြသည်။ သစ်သီးပို့ရင်း ဘုတာရုံ၌သာ ဟိုဖူး၊ သိဖူးကြသော ခြံပိုင်ရှင်တစ်ချို့ကမေးလျှင် အတည်ပေါက်နှင့် ...

"သားလေး၊ ဒါက သမီး၊ ဘော်ဘော်နဲ့ ပေါလု" ဟု ရယ်မော

www.burmeseclassic.com

ပြောဆိုတတ်ကြသည်။

ဘော်ဘော်နှင့်ပေါလုတို့ကလည်း ငယ်စဉ်ကပင် ပစ္စည်းတစ်ခုခု လိုချင်လျှင် မိဘအရင်းများကို ပူဆာရမည့်အစား ဦးညြနှင့် ဒေါ်အေးပန်တို့ကိုသာ ချွဲ၍ ပူဆာခဲ့ကြ၏။ သူတို့နှစ်ယောက် ပူဆာတိုင်းလည်း ဒေါ်အေးပန်က မဆိုင်းမတွ ဝယ်ပေးခဲ့သည်ချည်းသာ။

ကျေးဇူးကား အများကြီးပင်။ ဘော်ဘော်နှင့်ပေါလုတို့တွင်မက မိသားစုနှစ်စုလုံး၏ ကျေးဇူးရှင်ဟုဆိုကလည်း မမှားပေ။

ထို့ကြောင့်လည်း ဦးညြနှင့်ဒေါ်အေးပန်တို့ အပေါ်တွင် ဘော်ဘော်နှင့်ပေါလုတို့မှာ မိဘသဖွယ် အားကိုးချစ်ခင်ခဲ့ကြသည်။ ရှိသေကိုင်းညွှတ်ခဲ့ကြသည်။ သို့သော် ယခုတော့ . . .

ဒေါ်အေးပန် ဘာကြောင့်များ ဆုံးပါးသွား ရပါလိမ့်၊ ဒေါ်အေးပန်သာ ယခုထိရှိနေခဲ့လျှင် ဤပြဿနာမှာ ဘယ်လိုမှ ပေါ်လာနိုင်စရာမရှိပေ။

ဒေါ်အေးပန်ကို သတိရကာ ဘော်ဘော် ရှိုက်ကြီးတငင် ငိုချလိုက်သည်။

********************

သစ်သီးရွေးနေကြချိန်တွင် ပေါလု အိမ်ရှေ့က ဖြတ်သွားသည်။ ရွာက ပြန်လာပြီဟု သိလိုက်၏။ တစ်မနက်လုံး ရွာထဲက သစ်သီးလာကောက်သူတွေနှင့် ပြောင်လိုက်၊ နောက်လိုက် နေခဲ့ရသဖြင့် မေ့ပျောက်သက်သာနေသော ဝေဒနာသည် ပေါလုကိုမြင်တော့ ရုတ်ချည်း ပေါ်လာသည်။

အိမ်ကြီးရှေ့ မဝင်ခဲ့ဘဲ ခြံအစပ်ရှိ သူတို့အိမ်ဘက် ဆက်လျှောက်သွားသော ပေါလုကို စောင့်ကြည့်နေသော ဦးညြက လှမ်းခေါ်သည်။

ပေါလု နှေးနှေးကွေးကွေး လျှောက်လာသည်။ ဘော်ဘော်နှင့်



www.burmeseclassic.com

သစ်သီးရွေးနေကြသူတွေကို နောက်ခိုင်းသည်။ မျက်နှာမှာ ဦးညြရှိရာဘက် မူထား၏။ သို့သော် ဦးညြမျက်နှာကို သူမကြည့်၊ ခေါင်းငုံ့ထား၏။

ပေါလုကိုကြည့်ပြီး ဘော်ဘော် ငိုချင်လာသည်။

''သစ်သီးပို့ဖို့ လှည်းဘယ်နှစီးရလဲ ပေါလု''

''ကျွန်တော် လှည်းသွားဆင့်တာမဟုတ်ဘူး ဦးဦးညြ''

''ဟေ . . .''

ဦးညြ အံ့ဩသွားပုံရသည်။

ပေါလုကိုမကြည့်ဘဲ ဘော်ဘော့်ကိုလှမ်းကြည့်နေသည်ဟု ခံစားလိုက်ရသည်။

သူထုံးစံအတိုင်း အသိရခက်လှသောမျက်နှာ အေးတိအေးစက်နှင့် ဦးညြ သက်မ,ချလိမ့်မည်။ ထွက်လာသော စကားသံကလည်း လူတစ်ဘက်သား ခန့်မှန်းရခက်လှသည်။

''ရွာထဲ မနက်ကပင် မင်းထွက်သွားတော့၊ ငါက ခါတိုင်းလို သစ်သီးလှည်း သွားဆင့်တယ်ထင်လို့ . . . နို့ ရွာထဲကို မင်း . . .''

''ညနေကျတော့ သွားရှာထားလိုက်ပါ့မယ်''

''နောက်ကျနေမှာ စိုးလို့လေကွာ''

''ရပါတယ်''

ဦးညြက ပေါလုကို စေ့စေ့ကြည့်နေသည်။ ပေါလုက လုံးဝမော့မကြည့်။ ဦးညြဆီမှ နောက်ထပ် ထွက်လာမည့် စကားသံကိုသာ စောင့်နေသည်။

တိတ်ဆိတ်သွားမှုသည် ချောက်ချားစရာကောင်းသည်ဟု ဘော်ဘော်ထင်လိုက်၏။

အဂ္ဂုံးခုံကို မြင်နေ၊ ကြားနေရတော့လည်း ရင်ထဲ တင်းကျပ်လာသည်။ တစ်ယောက်နှင့်တစ်ယောက် အေးစက်စက်နိုင်နေကြသည်။ ယခင်ကအပြောအဆို၊ အသံနေအသံထားတွေမှ ဟုတ်ကြသေးရဲ့လား

www.burmeseclassic.com

www.burmeseclassic.com



ဟု ဘော်ဘော်မှာ ရင်တမမနှင့် နားစွင့်နေရသည်။

သည်ကြားထဲ အစသန့်၊ အနောက်သန်သလို ပေါလု၊ ဦးညြ၊ ဘော်ဘော်တို့ သုံးပွင့်ဆိုင်ပြဿနာကို လုံးဝမသိသေး၊ မကြားသေးသော ခင်ဝိုင်းက ခါတိုင်းလိုပင်။

"ဟုတ်ပ၊ တစ်မနက်လုံး သူ့ရွှေမျက်နှာတော်ကို မဖူးမျှော်ရတော့ ဒီခမျာ သစ်သီးအရွေးတောင် မဖြောင့်ပါဘူးတော်၊ အကြီးအသေးများထည့်လို့ ခဏ ခဏ ပြောနေရတာ" ဟု နောက်သည်။

ဘော်ဘော်၏မျက်စောင်းကိုလည်း "ဟီ ဟီ" ဟု အသံနှင့် ပြန်၍တုံ့ပြန်စဉ် "အေး ...အေး" ဟူသော ဦးညြ၏အသံကို ဘော်ဘော့်မှာ မိုးချုန်းသံပမာ ကြားလိုက်ရသည်။

ပေါလု ချက်ချင်း သူ့တို့အိမ်ရှိရာ ခြံအစပ်ဘက် ထွက်သွားသည်။

အသိအမှတ်ပြုသောအနေပင် တစ်ချက်လှည့်မကြည့်သွားသည်ကိုတော့ ဘော်ဘော် ယူကျုံးမရဖြစ်မိသည်။

ပေါလု ငါ့ကိုပါ စိတ်နာသွားပြီလား။

ဖြတ်သွားပြီလား။

********************

ဘယ်အချိန်ကပင် ရောက်နေမှန်းမသိ၊ အခန်းထဲကထွက်လာစဉ် ဦးညြကို အပြင်ဧည့်ခန်းတွင် ထိုင်၍ တွေ့ရသည်။ ခါတိုင်းနေ့တွေလို "ထမင်းစားတော့မလား ဦးဦးညြ" ဟု မမေးမိ။ စိတ်ထဲပို၍ အနေကျုံ့သွားသည်။

ဦးညြ၏အကြည့် အရွေ့အလျားက ဘော်ဘော့်ကို အကဲခတ်နေမှန်း သိသာသည်။ ခါတိုင်းနေ့တွေလို "ဘော်ဘော်ရယ် .. ထမင်းစားမယ် ဟေ့" ဟုမဆို။ နှလုံးသားဝေဒနာကိုယ်စီနှင့် နှုတ်ဆိတ်နေကြသည်။



ဦးညြ ဘော်ဘော်တို့အိမ်မှာ ညမနက် ထမင်းလာစားနေခဲ့သည်မှာ ကြာပြီပဲ။ ကြာဆို ဒေါ်အေးပန်ဆုံးသောနေ့ကပင် ဖြစ်သည်။ တစ်ယောက်တည်း ဝေါင်စင်းစင်းနေရသော အထီးကျန်ဘဝကို ဦးညြလည်း စိတ်ပျက် ငြီးငွေ့နေပုံရသည်။ ဘော်ဘော်နှင့်ဦးညြတို့ ပြဿနာသည် ဤက စသည်။ ဘော်ဘော်တို့အိမ်တွင် ဦးညြ ညမနက် ထမင်းစားရန်ကို အမေက စီစဉ်ပေးထားသည်။

ခြံထဲကတက်လာသော အမေက အကဲခတ်မိသွားသည်။

"မောင်ညြကို ထမင်းခူးခပ်ပေးဦးလေ သမီး" ဟုဆိုသည်။ မီးဖိုထဲဝင်လာရသော်လည်း ဦးညြ၏အရိပ်က ပါလာသည်။ စိတ်ကပိုပြီးတင်းကျပ်လာ၏။

"ထမင်းခူးပြီးပြီ အမေ" ဟု လှမ်းပြောလိုက်သည်။

တစ်ဆင့်ခံပြောလိုက်ရသောစကားမှာ အားလုံးအတွက် ဆန်းနေသည်။ ခါတိုင်းဆိုလျှင် "ဦးဦးညြ ထမင်းခူးပြီးပြီ၊ ထမင်းစားမယ်" ဟု တိုက်ရိုက်ပြောနေ၊ ခေါ်နေကျ။ ခုတော့ ဦးညြကို တိုက်ရိုက်ပြောရခေါ်ရမှာ နှလုံးသားက လက်မခံဖြစ်နေသည်။

"မမြင့်တို့ကော မစားကြသေးဘူးလား" ဟူသော အမေ့ကို မေးသံနှင့်အတူ ထမင်းစားဆောင်သို့ ဝင်လာသော ဦးညြ၏ခြေသံကို ကြားရသည်။

"ဘော်ဘော်နဲ့ မောင်ညြတို့ စားနှင့်ကြ၊ ကျွန်မ သူ့အဖေ တက်အလာကို စောင့်ဦးမယ်" ဟူသော အမေ့အသံကိုကြားရသည်။ ခါတိုင်းအသံမဟုတ်ဟု ထင်မိ၏။

အနားကိုရောက်လာ၏။

"ဘော်ဘော်ကော မစားသေးဘူးလား"

"ဟုတ် ... ဟုတ်ကဲ့"

မျက်နှာကိုမကြည့်ဘဲ ပြောလိုက်ရသည်။ အသံက ဆို့နင့်နင့်ဖြစ်သွား၏ ...။

www.burmeseclassic.com

www.burmeseclassic.com



"ငါ ခြံထဲ ပြန်ဆင်းလိုက်ဦးမယ်" ဟူသော အမေ့အသံကြောင့် စိတ်ထဲ ပိုကျဉ်းကျပ်သွားသည်။ ထမင်းစားဆောင်ထဲ အတူနေရမှာကို လိပ်ပြာမသန့်ဖြစ်နေသည်။ ဦးသြရှိနေလျှင် နှလုံးသားကို လက်ကြမ်းကြီးနှင့် ဖျစ်ထားသလို အသက်ရှူမဝ ဖြစ်နေမိသည်။

အပြင်ထွက်ရန် ခြေလှမ်းပြင်လိုက်စဉ် "ဘော်ဘော်" ဟု ခေါ်လိုက်သံက နှလုံးသားထဲ စူးဝင်လာ၏။

အကြည့်ချင်းဆုံမိသွားသော စက္ကန့်ပိုင်းကိုပင် ဘော်ဘော်က မျက်နှာလွှဲပစ်လိုက်သည်။

"မအေးမြင့်က ဘော်ဘော့်ကို ဘာပြောလဲ"

နှလုံးသားပြဿနာကိုမေးပြီ ဟူသောအသိကြောင့် ချက်ချင်း ရင်ခုန်သံ မြည်ဟည်းလာသည်။

ဘယ်လိုပြန်ဖြေရမှန်းမသိ ဖြစ်သွားစဉ် "ဟင် ... ဘော်ဘော်" ဟု မဝံ့မရဲ ထပ်မေးသည်။

မသိမသာ အံကြိတ်ထားလိုက်သည်။

"ဦးဦးသြကပြောတယ်လို့ မေမေက ပြောတယ်"

"မမြင့်က ဦးဦးသြကိုပြောတယ်၊ မမအေး ... အဲ ... မအေးပန် ဆုံးသွားတော့ ဆေးပေးမီးယူ တစ်စုံတစ်ဦး လိုတယ်ပေါ့ ကွယ်"

"ဦးဦးသြအတွက် ပေါ်လုတို့၊ သမီးတို့ ရှိနေတာပဲ"

"အေး ... အဲဒါ ဦးဦးသြလဲ စဉ်းစားနေပါတယ်"

ထမင်းစားနေရင်းက သက်ပြင်းရှိုက်သံနှင့် ပြောစကားက ဘော်ဘော့်နှလုံးသားကို လာထိသည်။

"အမေကပြောတော့ ဦးဦးသြက စ ပြောတာတဲ့"

မပြောစဖူး၊ မမာစဖူး အသံမာသွားသည်။ ပမ်းနည်းသွားသလို ခံစားရသည်။

ကျေးဇူးရှင်ဆိုတာ နားလည်သည်။ ကျေးဇူးရှိသည်ကိုလည်း



သိသည်။ မသိတာက နှလုံးသား၊ လက်မခံနိုင်တာက စိတ်အသိတရား

ထမင်း ဘားပြီး တိတ်တိတ်ဆိတ်ဆိတ်ပင် ဦးသြထသွားသည်။ ဘော်ဘော့်ရင်ထဲမှာ နှလုံးသား ဒဏ်ရာဒဏ်ချက်တွေနှင့် ငိုရှိုက်၍ ကျန်ခဲ့သည်။

********************

"ငါ့နှလုံးသားကို မင်းယူသွား ...

မင်းအချစ်က ဒါပဲလား၊

ဒါပေမယ့်မင်းကို ငါမနာကြည်းနိုင် ပါဟား ...၊

မင်း ငါ့ ကို သစ္စာဖောက်သွားပြီလား ..."

"ပေါ်လု"

တအားအော်ပစ်လိုက်သည်။

ဂစ်တာတီးသံရပ်သွားသည်။ လရောင်စွန်းထင်နေသော ဘော်ဘော့်မျက်နှာမှ မျက်ရည်စများကို မြင်ရသည်။ စမ်းချောင်းလေး ကို ဖြတ်ထိုးထားသော တံတားပေါ်မှ ပြေးဆင်းလာသည်။

"ဘော်ဘော်"

အသံကတိုးညှင်းသည်။ တစ်ယောက်ကိုတစ်ယောက် စိန်းစိန်း ဝါးဝါး ကြည့်နေကြသည်။

"ပေါ်လု၊ နင် ငါ့ကို သက်သက်ညှဉ်းဆဲနေတာလား"

"ငါ့ရင်ထဲ သိပ်ခံစားနေရလို့ပါဟာ၊ နင်လာမယ်မှန်းလဲ ငါမထင် ...တာလို့ပါ"

ရေထဲက လရိပ်ကို ငုံ့ကြည့်ပြီး ရင်ဆို့သွားသည်။

ရှိုက်သံနှင့်အတူ မျက်ရေစမ်းချောင်းက ဒလဟော စီးဆင်း လာ၏။

"ငါ့ရင်ထဲလဲ ..."

စကားမဆက်နိုင်ဘဲ ရှိုက်လိုက်သည်။ ခေါင်းငုံ့ထားသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ပေါလု သူ့ကို မမှိတ်မသုန် စိုက်ကြည့်နေတာ နှလုံးသားထဲမှာ မြင်နေရသည်။

အံကြိတ်၊ အားတင်း၍ စကားဆက်၏။

"ဦး ... ဦးသြက နင့်ကို ပြောခိုင်းလိုက်လို့"

"ဘာတဲ့လဲ"

"မနက်ဖြန်မနက် မြင်းလှည်း အဆင်သင့်လုပ်လာခဲ့ပါတဲ့"

"ဘာလုပ်ဖို့လဲ"

"သူ ... သူ မြို့ကိုဆင်းချင်လို့ နေမှာပေါ့"

"ဘာကိစ္စ"

ခေါင်းယမ်းပြလိုက်သည်။ မျက်ဝန်းထဲမှ မျက်ရည်စတို့ ဖိတ်ဖိတ်စဉ်စဉ်ဖြစ်သွား၏။

"ငါမလုပ်နိုင်ဘူး"

"ဟင် ..."

"ငါ ဒီမှာလဲ မနေတော့ဘူး။ ဒီခြံမှာလဲ မလုပ်တော့ဘူး၊ သစ်ခုတ်လိုက်ဖို့ ငါ မနက်ကပဲ သွားပြောထားခဲ့ပြီ"

ဘာဆက်ပြောရမှန်းမသိ။ ဝမ်းနည်း ယူကျုံးမရတာကလွဲပြီး နှုတ်တံခါးက ပိတ်နေသည်။

"ပေါလု"

စိုက်ကြည့်နေသည်။ နှုတ်က ဟမလာ။

"နင်တို့ ငါတို့အတွက် သူက ကျေးဇူးရှိပါတယ်"

"တော် ... နင်ဒီစကား ငါ့လာမပြောနဲ့၊ ငါမကြားချင်ဘူး"

ပေါလု ငိုရှိုက်လိုက်သည်။

"နင် ဘယ်လောက်ခံစားနေရတယ်ဆိုတာ ငါ သိ ... သိပါတယ်၊ ငါလဲ အရမ်းခံစားနေရတယ်ဆိုတာ နင် သိလားဟင် ... ပေါလု၊ နင်သိလား"

"အေးပါဟာ၊ မငိုပါနဲ့တော့၊ ငါ ... ငါ လာခဲ့ပါ့မယ်"



"မငိုပါနဲ့တော့" ဟုဆိုသော်လည်း သူက ငိုပြောသည်။

"ငါ သိပ်ဆွေးရတယ်ဟာ ... ငါ သိပ်ဆွေးရတယ်" ဟု အော်ညည်းနေစဉ် ဘော်ဘော်က အသံတိတ်ငိုကာ ထွက်ပြေးလာခဲ့သည်။

*******************

"ဘော်ဘော်"

အိမ်ရှေ့က ခေါ်သံကြောင့် လှမ်းကြည့်မိသည်။

ပေါလုကို မာလကာပင်များကြားထဲတွင် မတ်တပ်ရပ်၍ တွေ့ရ၏။ ဘော်ဘော်မှာ မငိုမိအောင် အံကြိတ်ထားရသည်။ မျက်ဝန်းအိမ်ထဲတွင် မျက်ရည်များ ချက်ချင်းပြည့်လာ၏။

"ဘာလဲဟင် ... ပေါလု"

"ဦး ဦးသြ၊ မြို့ကိုဆင်းမလို့၊ ဘော်ဘော့်ကို ခေါ်ခိုင်းလိုက်လို့"

ပေါလု၏အသံမှာ အားတင်းပြောရသော အသံပါလားဟု နားလည်လိုက်၏။ ရင်ထဲ သောကတွေပြည့်လာသည်။

သစ်သီးပို့ရက်မဟုတ်ဘဲနှင့် ဦးသြ မြို့ကို ဘာသွားလုပ်မလဲဟု တွေးမိသည်။ မနေ့က ပေါလုကို မြင်းလှည်းဆင်ပြီးလာဖို့ ဘော်ဘော့်ကို ပြောခိုင်းသည်။ သည်မနက်မှာတော့ ပေါလုက ဦးသြခေါ်ခိုင်း၍ မြို့ကို လိုက်ရန် လာခေါ်သည်။

ဘော်ဘော့်မှာ မတွေးတတ်အောင် ဖြစ်သွားသည်။

"သစ်သီးပို့လဲမဟုတ်ဘဲနဲ့ မြို့ကို ငါဘာလိုက်လုပ်ရမှာလဲ ပေါလု"

"ဒါတော့ ငါမသိဘူး၊ ဦးဦးသြက ပြောခိုင်းလို့ လာပြောရတာ ငါသွားမယ်ဟာ၊ နင်လိုက်လာခဲ့"

အလျင်စလိုပင်ပြောပြီး ပေါလု နောက်ခိုင်းထွက်သွား၏။

အိမ်ရှေ့တွင်ရပ်ထားသော ဦးသြ၏ မြင်းလှည်းကို လှမ်းမြင်နေ

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ မလှမ်းချင်လှမ်းချင် လျှောက်လှမ်းလာသော ဘော်ဘော်ကို ဦးညြက ရပ်စောင့်ကြည့်နေ၏။ အကြည့်ချင်းဆုံမိမှာစိုး၍ ခေါင်းငုံ၍ လျှောက်လာရသည်။

"ဘော်ဘော် တက်၊ ဦးတို့ မြို့ဆင်းကြမယ်"

ဦးညြ၏အသံမှာ စိတ်လှုပ်ရှားမှုနှင့် ကြေကြေကွဲကွဲ ဖြစ်နေသလား ထင်မိလိုက်သည်။

လှည်းပေါ်တက်လိုက်သည်။ မြင်းလှည်းမောင်းသူနေရာတွင် တိတ်တိတ်ဆိတ်ဆိတ်ထိုင်နေသော ပေါ်လုကို မြင်ရ၏။ ပေါ်လုက နောက်သို့ လုံးဝလှည့်မကြည့်။ ပေါ်လုရင်ထဲ မည်မျှ ခံစားနေရသည်ကို သိနေသော ဘော်ဘော်၏ရင်ထဲမှာလည်း ဝမ်းနည်း ဆွေးမြည့်နေရသည်။

ဦးညြက ပေါ်လုနား ကပ်ထိုင်သည်။ ဘော်ဘော်ဘက် လုံးဝ လှည့်မကြည့်။ စကားလည်း လုံးဝမပြော၊ ဘော်ဘော်မှာ အနေကျပ်လာသည်။

သစ်သီးပို့ရက်မဟုတ်ဘဲ ယခင်က မြို့ဆင်းရသော အခေါက်များကို သတိရနေသည်။

ဒေါ်အေးပန်ရှိစဉ်က အိမ်တွင် အလှူလုပ်ရန် မြို့ကို ပစ္စည်းဝယ်ဆင်းရမည်ဆိုလျှင် အလွန်ပျော်ကြသည်။ ပေါ်လု၏ သီချင်းသံကိုလည်း တစ်လမ်းလုံး ကြားရတတ်သည်။ ပေါ်လုမှာ အသံဝါကြီးနှင့် သီချင်းဆိုလည်း ကောင်းသည်။ ရပ်ကြီးသူ သီချင်းကို အော်ကြီး ဟစ်ကျယ်ဆို၍ ကြုံသမျှ တွေ့သမျှ လှည်းပေါ်က မိန်းကလေးများကို စသည်။ ထိုအခါ ဘော်ဘော်က ပေါ်လုကို မျက်စောင်းထိုး၏။ ပေါ်လုကမူ အံ့ရယ်မပျက်။ သီချင်းဆိုမပျက်။ ယခုမူ သုံးယောက်သားမှာ တစ်ယောက်မှ နှုတ်မဟကြ။ စကားမပြောမိကြ၊ နှုတ်ဆိတ်၍သာ လိုက်ပါလာကြ၏။

ဈေးလမ်းကွေ့အရောက်မှာ ဦးညြက "ဈေးထဲမောင်းပါကွယ်"



ဟု ပေါ်လုကိုပြောသည်။ အထည်တန်းအဆုံးတွင် လှည်းရပ်မိုင်းသည်။ ဦးညြအရင်ဆုံး လှည်းပေါ်က ခုန်ဆင်း၏။ "လာကြ" ဟုပြောပြီး ဈေးသမ်တလင်းပေါ် လှမ်းတက်သွားသည်။

ပေါ်လုနှင့် ဘော်ဘော်တို့မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး မျက်ရည်ဝဲနေကြ၏။

"ကဲ ... လာကြလေကွယ်"

ဦးညြက လှည့်ကြည့်ပြီးမှ လှမ်းခေါ်သည်။

"လိုက်သွား" ဟူသော သဘောနှင့် ပေါ်လုက မေးဆတ်ပြ၏။

"ဦးဦးညြ၊ လှည်းနဲ့ ကျွန်တော် ဒီမှာကျန်ခဲ့ ..."

"လာပါသားရယ်၊ ဒီဈေးတိုင်မှာ လှည်းကို ချည်ထားခဲ့ပါ"

"သားရယ်" ဟူသော ဦးညြ၏ အသုံးအနှုန်းကို ပေါ်လုက အံ့ညြသွားသလို ပခုံးတစ်ချက် တွန့်သည်။ လှည်းပေါ်ကဆင်းပြီး လှည်းကြိုးကို ဈေးဆိုင်တွင် ချည်ပြီးသည်အထိ ဦးညြက စိတ်ရှည်လက်ရှည် စောင့်နေသည်။

ပေါ်လု ဈေးခုံ သမံတလင်းပေါ်တက်လာ၏။ ဦးညြက ဈေးထဲဝင်သွားသည်။ ဦးညြနောက်မှာ ဘော်ဘော်က လိုက်လာရ၏။ ပေါ်လုကတော့ နောက်ဆုံးမှ ခေါင်းငိုက်စိုက်ချပြီး လိုက်လာသည်။

မွေ့ရာတွေ၊ ဂွမ်းလိပ် ဂွမ်းကပ်တွေ၊ ခေါင်းအုံးတွေ၊ စောင်တွေ ရောင်းသော ဆိုင်တစ်ဆိုင်ရှေ့အရောက်တွင် ဦးညြရပ်လိုက်၏။ ဘော်ဘော်နှင့် ပေါ်လုတို့မှာလည်း တိုင်ပင်ထားသလို ပြိုင်တူ ရပ်လိုက်မိကြသည်။

အကောင်းဆုံး ခေါက်မွေ့ရာကြီးတစ်လိပ်နှင့် ဂွမ်းကပ်တွေ၊ ခေါင်းအုံးတွေ၊ အိပ်ရာခင်းတွေကို ဆွဲထုတ်ကာ ဦးညြက ဈေးမေးနေ၏။ ပေါ်လုနှင့် ဘော်ဘော်တို့မှာ ကျောက်ရုပ်နှစ်ရုပ်ပမာ ဦးညြ၏ နောက်မှာ မတုန်မလှုပ် ရပ်နေကြသည်။

"ကဲ ... တွက်ကြည့်ပါဦး၊ ဒါတွေ အားလုံးယူမယ်"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဦးညြိဟာ သူရှေးထားသော ပစ္စည်းများကို လက်နှင့်ပုတ်ပြပြီးဆိုင်ရှင်ကို ပြောလိုက်၏။ ထိုစဉ် သစ်သီးဖို့ရင်း ဘူတာရုံတွင် ပတ်တိုင်ဆုံမိကြသော နုတ်တောင်ရွာက ဦးဘသိုင် ရောက်လာပြီး ဦးညြိကို နုတ်ဆက်သည်။

" ဟာ . . မောင်ညြိကြီးပါလားကွ၊ တော့ချာ . . . မင်္ဂလာခန်းဝင်ပစ္စည်းတွေ လာဝယ်တယ်"

"တဲ . . တဲ ၊ ဟုတ်တဲ့ ဘကြီးဆိုင်"

"ဟယ် . . . တို့ လုံးဝတောင် မကြားမိသေးဘူး။ ကြည့်စမ်းဘယ်က အမျိုးသမီးလဲကွ၊ သတို့သမီးကော ပါမလာဘူးလား။ ခန်းဝင်ပစ္စည်းဆိုတာ သတို့သမီးအကြိုက် ဝယ်ရ . . . "

" တော့ . . . တိုး . . . တိုး။ သတို့သားနဲ့ သတို့သမီးက ဒီမှာလေ ဘကြီးဆိုင်၊ ကျွန်တော်သား ပေါ်လုံနဲ့ သမီးလေး ဘော်ဘော်လေ"

"တော . . . "

" ဟင် . . . "

ပေါ်လုနှင့် ဘော်ဘော်တို့မှာ မယုံနိုင်လောက်စွာ အံ့ဩမှုနှင့်အတူ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိလိုက်ကြသည်။

မိုးကျော့

(လုံမလေး အမျိုးသမီးမဂ္ဂဇင်း၊ ၁၉၉၁ - ခုနှစ်၊ စက်တင်ဘာလ)

* * * * * * * * * * * * * *

"စာရေးဆရာ(မိုးကျော့)၏ ထုတ်ဝေပြီးသော စာအုပ်များ"

၁။ မြေသိမဲ့ သွေးရဲရဲ - (ပ၊ ဒု)ကြိမ်
၂။ အောင်ပွဲသို့ ချီရာဝယ်၊ အမျိုးသားစာပေဆုရစာအုပ်(ပ၊ဒု၊တ)ကြိမ်
၃။ လွှမ်းလေပြီးသောအခါ - (ပ၊ ဒု)ကြိမ်
၄။ ချစ်ပြီးရစ်ချည်+ပြီးမာန်လျှော့မြေ
၅။ ဝမ်းရေးထက်ပင် ခက်ပါသည် - (ပ၊ ဒု)ကြိမ်
၆။ နှမ်းရုပ်ထီးဖြူ လုယူမယ်မြင်သည်
၇။ အမှောင်လမ်းက သူတို့အမြန်
၈။ ဆင်လုပ်သား - (ပ၊ ဒု)ကြိမ်
၉။ မျှော်ရသူတို့ ဗျာပါဝေ - (ပ၊ ဒု)ကြိမ်
၁၀။ မြန်မပြောချင်ဘူး
၁၁။ အလွမ်းကန္တာ တောကန္တာ - (ပ၊ ဒု)ကြိမ်
၁၂။ ဆင်မိုးလုံးနှင့် နောက်ဆုံးအဖြေ - (ပ၊ ဒု)ကြိမ်
၁၃။ သမုဒယ ဤပင်လယ် - (ပ၊ ဒု)ကြိမ်
၁၄။ ဆောင်းရက်ရှည်တဲ့ နွေအေသ (ပ၊ ဒု)ကြိမ်
၁၅။ အင်တွဲပွဲ့လျှက် အရှာထွက် - (စာပေဗိမာန် ဝတ္ထုရှည်ဆုရစာအုပ်) (ပ၊ ဒု)ကြိမ်
၁၆။ သေရွာပြန်တို့၏ အတ္ထုပ္ပတ္တိခရီး - (စာပေဗိမာန် ဝတ္ထုရှည်ဆုရစာအုပ်) (ပ၊ ဒု)ကြိမ်
၁၇။ ကမ္ဘာ့စိမ်း - (စာပေဗိမာန် ဝတ္ထုရှည်ဆုရစာအုပ်) (ပ၊ ဒု)ကြိမ်
၁၈။ မြန်မာ့မုဆိုး - (စာပေဗိမာန် ဝတ္ထုရှည်ဆုရစာအုပ်) (ပ၊ ဒု)ကြိမ်

www.burmeseclassic.com